
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြု အမှတ် ၈၆၁/၉၃(၁၂)
မျက်နှာဖုံးခွင့်ပြုအမှတ် ၆၆၉/၉၄(၉)

ပထမအကြိမ်
[redacted] ၁၉၉၅

တန်ဖိုး ကျပ်သုံးဆယ်တိတိ
အုပ်ရေ ၅၀၀ အုပ်
မျက်နှာဖုံးပန်းချီ မောင်အေးကို
ကာလာခွဲ ဦးသန်းအောင်

မျက်နှာဖုံးရိုက် ဦးကျော်စိန် (မြ၀၂၉၀၉)
ကျောက်စိမ်းအော့ဖ်ဆက်
၀၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်မမ (၀၂၁၄၃)
အောင်ဥက္ကလာ ပုံနှိပ်တိုက်
အမှတ် ၀၄၁၊ အခန်း ၄၊
၃၇ လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ မောင်နိုင်းဆွေ (မြ၀၉၈၃)
ပန်းလက်ဆောင်စာပေ
၅၁၆/ခ၊ ပုလဲ ၄ လမ်း၊ ၄-ရပ်ကွက်၊
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

# ထွန်းလင်း (မြန်မာပြန်)

'မုန်တိုင်းကြမ်းကြမ္မုံး သွေးလမ်းနိုးနိုး'

## THE CONNECTOR

by Tony Williamson

(ဘာသာပြန် အသစ်စက်စက်)

www.burmeseclassic.com

www.burmeseclassic.com

ဘင်္ဂါလီသားစာဆို မှ မှုးဖွင့်သော
အနုပညာ ပန်းပွင့်များတို့သည်
အမည်ဆန်းသစ်သော်လည်း ပဒုမ္မာ
ရွှေကြာပန်းကဲ့သို့ တင့်တယ်လှပ
ဆန်းကြယ်ကြမည် ဖြစ်ပါသည်။

## ပြည်သူ့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ပြည်သူ့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ပြည်သူ့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ပြည်သူ့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုကျင့် ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထွန်းလင်း (မြန်မာပြန်)

# မုန်းတိုင်းကြမ်းကြမ်း

# သွေးလမ်းနီနီ

THE CONNECTOR

BY. TONY WILLIAMSON

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်)

မက်သီဘင်က တေးသွားမရှိဘဲ လေကိုချွန်နေရင်း လေ့ယာဉ်ကို ချိုးကွေ့လိုက်သည်။ အရှိန်ပြင်းပြင်းနှင့် ခပ်ကြမ်းကြမ်း ကွေ့ခြင်းဖြစ်သည်။ သူ့ ဟင်နရီအား လှည့်ကြည့်သည်။ ဟင်နရီက စိတ်မသက်သာသလိုသာ ပြန်ပြုံးပြသည်။

မက်သီဘင်က မောင်းတံကို ရှေ့သို့တွန်းလိုက်သည်။စက်သံသာ တိုးသွားသည်။ ဖွေးဆွတ်စွာ တောက်ပြောင်နေသည့် လေဆိပ်အထက် ပေတစ်ထောင်ခန့်တွင် လေယာဉ်သည် တွဲလွဲခိုမလို ဖြစ်နေသည်။ အရှိန်လျော့သွားသည်နှင့်အမျှ လေယာဉ်ဦးက စိုက်လာသည်။

မက်သီဘင်က မောင်းတံကို လှုပ်ရှားရန်မကြိုးစား၊ ဒိုင်ခွက်

www.burmeseclassic.com

www.burmeseclassic.com

...သလို ကြည့်နေသည်။ ဒိုင်ခွက်တို့မှ ...ပုံးကလေးများက စတင်လှုပ်လာသည်။ အချက်ပေးသံက ထပ်မြည်လာသည်။

ဟင်နရီမှာ ဒိုင်ခွက်များကို ကြောက်ရွံ့မှု မယုံကြည်နိုင်မှုတို့ဖြင့် အသက်မရှူဘဲ ကြည့်နေမိသည်။

လေယာဉ်ဦးကို ပြန်ထောင်လိုက်သောအခါ လေထုဖိအားကြောင့် အခေါင်ပံတို့ တဖျပ်ဖျပ်တုန်နေသည်။ လေယာဉ်က တစ်စက္ကန့်လျှင် ပေ(၅၀)နှုန်း နိမ့်ကျနေခဲ့ခြင်း ဖြစ်သည်။ လေယာဉ်ပြေးလမ်းနှင့် ဗိုက်နီးလာသည်။ ဟင်နရီက တုန်ကြေနေသည့် လက်ကိုင်ပဝါကိုထုတ်၍ မျက်နှာမှ ချွေးများကို သုတ်သည်။ မက်သီဘင်အား တောင်းပန်ဟန်နှင့် ကြည့်သည်။ သူ မက်သီဘင်ကိုပြောရန် ပါးစပ်ပြင်လိုက်သည်။ သို့သော် မက်သီဘင်က မောင်းတံကိုဆွဲ၍ ဦးကိုမော့လိုက်ရာ အချက်ပေးမီးလုံးတို့မှာ တစ်ခုပြီးတစ်ခု ငြိမ်းကုန်သည်။

'လေယာဉ်က မဆိုးလှပါဘူး'

မက်သီဘင်က ခပ်ပေါ့ပေါ့ပင် မှတ်ချက်ချသည်။

'ဒါပေမယ့် အရှိန်ပြန်တင်ရင် နည်းနည်းတုန်ချင်တယ်'

ဟင်နရီမှာ ခေါင်းသာညိတ်နိုင်သည်။ တံတွေးကို မျိုချသည်။ မက်သီဘင်က လေယာဉ်အား ဆင်းရန်အခနအထားသို့ ပြောင်းသည်။

'ချာလီက မျှော်စင်ကိုခေါ်တယ်၊ ဆင်းဖို့လမ်းရှင်းပြီလား'

တစ်ဖက်မှ အဖြေမရမီမှာပင် မက်သီဘင်က ဆင်းရန် အနားရှာစက်တံတို ဆွဲချသည်။ မောင်းတံကို ရှေ့သို့ တဖြည်း



ဖြည်း တွန်းသည်။ လေယာဉ်ပြေးလမ်းပေါ်သို့ လေယာဉ်မှ အချက်ပြမီးအစိမ်းနှင့် အနီရောင်တို့ ဟပ်သွားသည်။

ဟင်နရီမျက်နှာမှာ အတော်ပင် စိတ်သက်သာရာ ရသွားကြောင်း သိသာလှသည်။ မက်သီဘင်က စက်ရှိန်ကိုသပ်၍ နောက်ပြန်စက်အားကို ယူသည်။ ယခုမှ ဟင်နရီမှာ လေယာဉ်စတက်ချိန်က စတင်ခံစားခဲ့ရသောစိတ်ကျဉ်းကျပ်မှုတို့ ပျောက်သွားရတော့သည်။

'ကပ္ပတိန်မက်သီဘင်'

ဟင်နရီက ခပ်ဆတ်ဆတ်ခေါ်လိုက်သည်။

'ကျွန်တော်တို့ လေယာဉ်စမ်းသပ်ဖို့အတွက် ပုံမှန်မောင်းနှင်မှု မဟုတ်တာအတွက် ဘယ်လိုမှ ကျေနပ်စရာမရှိဘူးဗျား ခင်ဗျား ရဲ့ လုပ်ရပ်ဟာ ကျွန်တော်တို့ ခွင့်ပြုနိုင်တာထက်ကို ဘောင်ကျော်သွားတယ်၊ နောက်ပြီး ...'

ဟင်နရီက စကားကိုဖြတ်လိုက်သည်။ နှုတ်ခမ်းကို တင်းတင်းစေ့လိုက်သည်။

ပုံမှန်လုံခြုံရေးအတွက် လုပ်ထုံးလုပ်နည်း အဆင့်ဆင့်တွေကို လုပ်ဖို့ တောင်းဆိုရပါလိမ့်မယ်'

မက်သီဘင်က ဘာမျှပြန်မပြော။ ပြေးလမ်းထိပ်တွင် လေယာဉ်ကိုရပ်ကာ တစ်ဖက်သို့ ကွေ့မောင်းသည်။ လေယာဉ်ရုံရှေ့တွင် သွားရပ်လိုက်သည်။ ဟင်နရီက မက်သီဘင်အား အံကြိတ်၍ မျက်လုံးပြူးကာ စိုက်ကြည့်နေသည်။

'ဒါပဲလား သူငယ်ချင်း'

www.burmeseclassic.com

www.burmeseclassic.com



မက်သီဘင်က စိတ်မပါသလိုမေးသည်။ ဟင်နရီက ခပ်ထန်ထန်ပြောရန် ကြံပြီးမှ ခေါင်းသာညိတ်သည်။

'ဒါဆိုရင်လဲ လေယာဉ်ပေါ်ကဆင်းပေတော့၊ ဒီနွားကြီးကို ပြန်စစ်ဆေးရဦးမယ်၊ ခုညလုပ်နိုင်ဖို့ လူတစ်ယောက် ရှာရမယ်'

'အဓိပ္ပာယ်မရှိလိုက်တာဗျာ၊ ဒီလေယာဉ်ကို အကောင်းဆုံး အဆင့်ရှိအောင် မွမ်းမံပြီးသားပါဗျာ၊ လေယာဉ် မှတ်တမ်းကော အင်ဂျင်နီယာမှတ်တမ်းပါ ရှိတယ်'

'ခင်ဗျားပြောတဲ့ ယောက်ဟာတွေကို မလိုချင်ဘူး၊ ညာဘက်စက်က အသံနည်းနည်းမြည်နေတယ်၊ ဟိုက်ဒရောလစ်တွေက အားပျော့တယ်၊ ပဲ့ထိန်းရွက်ကလဲ မာနေတယ်၊ လှုပ်ရှားရတာ မချောင်ဘူး၊ လိုအပ်တဲ့ စာရွက်စာတမ်းတွေမှာ လက်မှတ်ထိုးရရင်တော့ ခုညပဲ ဒါတွေပြီးအောင်လုပ်ပေတော့'

ဟင်နရီက ဆယ်စက္ကန့်မျှစဉ်းစားနေသေးသည်။ ထို့နောက်မှ ခပ်ဘင်းတင်း ပြုံး၍ ဆတ်ခနဲ ခေါင်းညိတ်သည်။

'ကောင်းပါပြီ ကပ္ပတိန် ကျွန်တော် စီစဉ်လိုက်ပါ့မယ်'

'ဒါမှပေါ့ဗျာ၊ ကဲ ခင်ဗျားဆင်းရင် ကျွန်တော် တစ်နာရီလောက် တက်မောင်းကြည့်လိုက်ဦးမယ်'

'ဟင်နရီက ဆင်ခြေပေးရန် ကြံသည်။ ထို့နောက် သက်ပြင်းချကာ ခေါင်းညိတ်သည်။ ပုံစံစာရွက်ကို ဖောင်တိန်နှင့်အတူ မက်သီဘင်ကို လှမ်းပေးသည်။

'လက်မှတ်ထိုးမယ် မဟုတ်လား'



'ဒါပေါ့ သူငယ်ချင်းရာ ကျွန်တော် ပြန်ရောက်ရင်တော့ စက်ပြင်သမားတစ်ယောက် ရှိနေစေရမယ်နော်'

ဟင်နရီခေါင်းညိတ်သည်။ မက်သီဘင်က ပုံစံတွင်လက်မှတ်ထိုးပေးလိုက်သည်။ ဟင်နရီက လက်ဆွဲအိတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်၍ ထရပ်သည်။ နောက်ခန်းသို့ လျှောက်သွားသည်။ လေယာဉ်ပေါ်မှ ဟင်နရီဆင်းသွားပြီးကာမှ မက်သီဘင်က ပြေးလမ်းထိပ်သို့ ပြန်မောင်းလာသည်။

'ချာလီမှ မျှော်စင်၊ ပျံတက်ဖို့ လမ်းရှင်းပြီးပြီလား'

'ခင်ဗျားအတွက် ပျံသန်းရေး အစီအစဉ် ကျွန်တော်တို့ မထားပါဘူး'

မျှော်စင်က ပြန်ပြောသည်။

'မှန်ပါတယ် သူငယ်ချင်း၊ ကျွန်တော်က လေယာဉ် အခြေအနေကို စစ်ဆေးကြည့်နေတာပါ၊ ရေဒီယိုနဲ့ ဆက်သွယ်နေပါမယ်'

ကွပ်ကဲရေးမှူးက လမ်းရှင်းကြောင်း သတင်းပို့ချိန်ဝယ် မက်သီဘင်က မဲ့ပြုံး ပြုံးသည်။ စက်ရှိန်ကို မြှင့်၍ ပြေးလမ်းမှ ထွက်လိုက်သည်။

သားရေလက်တင် ကုလားထိုင်ကြီးပေါ်မှ ကိုရီအဖွဲ့ အောက်ရှိ လွင်ပြင်များ၊ ရေလှောင်ကန်များကို မြင်နေရသည်။ အမြင့်မှ ဆိုလျှင် သဲပြင်တို့က ပို၍ အညိုရင့်ရောင် ပြောင်းနေသည်။ လေယာဉ်သည် အတ်ထလာတ်စ် တောင်တန်းပေါ်မှ ဖြတ်ကျော်ခဲ့သည်။ ဆာဟာရ သဲကန္တာရအတွင်းပိုင်းသို့ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဦးတည်ရာ အရပ်ကိုတော့ ဝါနာက စိတ်ဝင်စားပုံ သိပ်မပေါ်။ သူ့အား ရိုက်ကာက အသေးစိတ် ပြောပြီးသား ဖြစ်မည်ဟု ဝါနာမှတ်ယူလိုက်သည်။

တောင်ဘက်တွင် အိုအေစစ်ကလေးတစ်ခု မြင်ကွင်းထဲသို့ ဝင်လာသည်။ သုံးမြောင့်ပုံ စိမ်းလန်းသည့် မြေကွက်ကျယ်ကျယ်တွင် အဆောက်အအုံကလေးတစ်ခုပါ ရှိနေသည်။ သူမြင်တွေ့ခဲ့သမျှတွင် အကြီးဆုံးဖြစ်၏။ အယ်ရိုကီယာမြို့ဟု ကိုရီ မှတ်ယူမိသည်။

မက်သီဘင်သည် လေယာဉ်အား အရှေ့ဘက်သို့ ကွေ့ပါမူ လစ်ဗျားသို့ ဦးတည်ပြီး ဖြစ်မည်။ အနောက်ဘက်သို့ ကွေ့ပါမူ မော်ရိုကိုသို့ ဖြစ်မည်မှာ ပိုသေချာသည်။ ခေတ္တမျှ အကြာတွင် လေယာဉ်က ညာသို့ကွေ့သွားသည်။ အနောက်သို့ ဦးတည်ခြင်းဖြစ်သည်။ လေယာဉ်ကလည်း ချက်ချင်းလိုလို အောက်သို့ ထိုးဆင်းစ ပြုနေသည်။

'ဒီနေရာမှာ ဆင်းမယ်လို့တော့ မပြောနဲ့ ကိုယ့်လူ'

မက်သီဘင်က အတည်ပေါက်နှင့် ပြောသည်။

'ဒီမှာဆင်းမယ်လို့ကို ပြောရမှာပဲလေ၊ ဒီလိုမှမဟုတ်ရင် ကျွန်တော်တို့အတွက် အချိန်တွေ သိပ်ကုန်သွားလိမ့်မယ်'

ရိုက်ကာက အသက်မပါစွာ ပြောလာသည်။

တစီစီမြည်နေသည့် စက်သံက အရှိန်လျော့၍ အသံအစ်အုပ် ဖြစ်လာသည်။ လေယာဉ်ဘီးချသံကိုပါ ဆက်တိုက် ကြားရသည်။ မက်သီဘင်၏ ရယ်သံက ထွက်နေသည့် အသံက ပေါ်ထွက်လာသည်။



'ကျွန်တော်သာဆိုရင်တော့ ထိုင်ခုံခါးပတ်တွေ ပတ်ပြီး ပျော်စရာအတွေးလေးတွေ တွေးနေတော့မှာပဲဗျ…ဟဲ ဟဲ ဟဲ'

မက်သီဘင်က လှောင်သလိုလို ပြောလိုက်သည်။

ဝါနာက လေယာဉ်ဦးခန်းဆီသို့ ဒေါသနှင့် ဖျတ်ခနဲကြည့်လိုက်သည်။ ပြီး ထိုင်ခုံခါးပတ် ပတ်သည်။ ဤကျော့မန်သည့် ဒေသတွင် လေယာဉ်ဆင်းမည်ကို သိပ်သဘောမတွေ့နိုင် ကြောင်း ကိုရီ သိကာ ပြုံးစေ့စေ့ ဖြစ်သွားသည်။

'ဒီမြင်ကွင်းကိုတော့ သွားကြည့်ဦးမှာပဲ'

ကိုရီက ပြောပြောဆိုဆို ထရပ်သည်။ ထို့နောက် လေယာဉ် ခန်းထဲသို့ လျှောက်သွားသည်။

ရိုက်ကာက တားမည်ပြုပြီးမှ စိတ်မသက်သာသလို တစ် ချက်ကြည့်၍ ထိုင်ခုံခါးပတ်ကို ပတ်သည်။

လေယာဉ်ဦးခန်းထဲသို့ ကိုရီ ဝင်လာပြီး ဘေးထိုင်ခုံသို့ ဝင် ထိုင်စဉ် မက်သီဘင်က ကိုရီကို တစ်ချက် လှည့်ကြည့်သည်။ ဖြည်းဖြည်းနီးလာသည့် လွင်တီးခေါင်ပြင်သို့ မေးဆတ်ပြ သည်။

'လေယာဉ်ပြေးလမ်း လုပ်ဖို့ကတော့ သောက်ကျိုးနဲ့ ဆင်းမယ့်နေရာပဲဗျို့'

ကိုရီက ခေါင်းညိတ်သည်။

'ဘယ်ပညာရှင်ရဲ့ စိတ်ကူးလဲဗျာ'

ကိုရီက မေးလိုက်ခြင်းဖြစ်သည်။

'ကမ္ဘာစစ်အတွင်းက ဖောက်ခဲ့တာပဲဗျ၊ ရိုက်ကာရဲ့အဆိုအရ

www.burmeseclassic.com

www.burmeseclassic.com



တော့ လူတွေပစ်ထားတာ အနှစ် ၃၀ လောက်ရှိပြီတဲ့၊ ကုလွှား အုတ်သွေတောင် မသိတဲ့နေရာတဲ့'

'ခင်ဗျားက ဒီလမ်းကို ဂျက်လေယာဉ်နဲ့ ဆင်းမယ်ပေါ့ ဟုတ်လား'

မက်သီဘင်က ပခုံးတွန့်ကာ စပ်ဖြဲဖြဲလုပ်ပြသည်။

'ဒီအတွက် ရိုက်ကာက ငွေပေးထားတာပဲ၊ ပူစရာရှိရင် သူပဲ ပူပါစေတဲ့ဗျာ'

မက်သီဘင်က လေယာဉ်မောင်းသည့်အလုပ်ကို ပြန်ဂရုစိုက် လိုက်သည်။ ကျောက်တုံးများပြည့်နေသည့် လွင်ပြင်ကို ကြည့် ကာ သက်ပြင်းချသည်။ သဲပြင်ပေါ်တွင် မီးခိုးရောင်ပြေးလမ်း တစ်ခုကိုသာ တွေ့ရသည်။

ပြေးလမ်း၏အစအဖြစ် ခပ်မည်းမည်း တဲကလေးတစ်လုံးကို တွေ့ရသည်။ တစ်ဘက် အဆုံးတွင် ထရပ်ကား တစ်စီးနှင့် ပုံသဏ္ဍာန် ကို တွေ့ရပြန်သည်။ ပြေးလမ်းမှာ 'ဘက်စနာ' ကဲ့သို့ လေယာဉ်အသေးစားများအတွက်ပင် ဆင်းရန်လုံလောက်သည့် အနေအထားမရှိဟု ကိုရီ ထင်မိသည်။

မက်သီဘင်အား မေးခွန်းထုတ်ပုံမျိုးဖြင့် တစ်ချက် လှမ်း ကြည့်လိုက်သည်။

မက်သီဘင်က မောင်းတံကို ရှေ့သို့ သက်သက်သာသာ တွန်းရှေ့သည်။ လွင်ပြင်ပေါ်တွင် လေယာဉ်က အရှိန်လျော့ သည်နှင့် မျောပါသွားသည်။ ပြီးတော့ ဝိုန်းခနဲ ဆောင့်ကျ သွားသည်။ ရှေ့သို့ အရှိန်ဖြင့်ပြေးဆင်းသွားပြန်သည်။ မက်သီ



ဘင်က ခပ်တိုးတိုးရယ်၍ စက်ကို ပြောင်းပြန် ပြန်လည်စေ သည်။ ပြီးတော့ ဘရိတ်ကို ဖမ်းသည်။

လေယာဉ်တစ်ခုလုံး တုန်ခါအောင် အသံက မြည်လာ သည်။ လေယာဉ်ဘီးတာယာတို့ တကျွိကျွိ မြည်ကုန်သည်။ ပြေးလမ်းရှိ ချိုင့်များကို ဖြတ်သန်းပြေးလွှားရင်း ကိုရီတို့မှာ လေယာဉ်ပေါ်၌ ခုန်ဆွ ခုန်ဆွ ဖြစ်နေသည်။ ထရပ်ကားက သူတို့ဆီသို့ စိုးရိမ်ဘကြီး ပြေးလာနေပုံရသည်။ မက်သီဘင်က ပြေးလမ်းတည့်တည့်ပေါ်တွင် လေယာဉ်ရှိနေစေရန် ထိန်းထား သည်။

ပြေးလမ်းတစ်ဝက်မျှ အရောက်တွင် ကိုရီမှာ သူတို့၏ စင် ဆင်ရေး တစ်ခုလုံးကို မေ့ပစ်လိုက်သည်။ အရေးပေါ် ထွက် ပေါက်ကိုသာ ရှာကြည့်မိသည်။ သို့သော် ပေါင် (၃၇၅၀) အလေးချိန်ရှိ စက်နှစ်လုံး၏ နောက်ပြန်အရှိန်သတ်မှုက လေ ယာဉ်တစ်ခုလုံးကို တုန်ခါစေကာ ပြေးလမ်းအဆုံး ကျောက် တုံးကျောက်ဆောင်များနှင့် ပေ ၅၀ အကွာမှာရပ်သွားတော့ သည်။

သူတို့က ထရပ်ကားကို တစ်မိနစ်မျှ ငေးကြည့်နေပြီးမှ မက် သီဘင်က ခပ်တိုးတိုး ဘိုရားတသည်။

'ဂျက်ဘိုဂျက် လေယာဉ်ကြီးတစ်စင်းကိုတော့ ခင်ဗျား ဒီကို ဆင်းဖို့ကြိုးစားရင် ခင်ဗျားဦးနှောက်မှာ ချေးပဲရှိဖို့ ဖြစ်တယ်' ကိုရီက မှတ်ချက်ချလိုက်သည်။

မက်သီဘင်က စပ်ဖြဲဖြဲလုပ်နေသည်။ ရေမလေယာဉ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကားလမ်းအတိုင်း ဆင်းသက်ရမည့် အခါတွေးကြောင့် မျက်[..]များကတော့ သဘောကျစွာ တောက်ပြောင်လျက်ရှိသည်။

'ပျော်စရာတော့ တော်တော်ကောင်းမှာပဲ'

မက်သီဘင်က သူ့ဘာသာသူ ပြောလိုက်သည်။

'ကျွန်တော့်အတွက်တော့ ပျော်စရာကောင်းမှာ မဟု[တ်]ဘူး မက်သီဘင်၊ ပျော်စရာရှာရင်တော့ တခြားနည်းကိုပဲ ရှာ[..]တော့မယ်'

ကိုရီက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

ထိုစဉ် သူတို့နောက်တံခါးဝသို့ ရှိုက်ကာရောက်လာသည်[။] မျက်လုံးသေးသေး မည်းမည်းကလေးများက မက်သီဘင်အ[ား]ထွင်းဖောက်လုမတတ် ကြည့်နေသည်။

'ကဲ... ဘယ်လိုလဲ...'

ရှိုက်ကာက မက်သီဘင်ကို မေးလိုက်သည်။

'ဂျက်ဘိုဂျက်က ပရက်နဲ့ဝှစ်ဘနီ စက်ကြီးတွေကို အချိန်[..]ပြောင်းပြန်လည်ပတ်နိုင်မယ်ဆိုရင် ဖြစ်ပါတယ်၊ ဒီလို ဆင်း[..]အချိန်မှာ အရှိန်နှုန်းက ဘစ်ရာပဲရှိတော့မယ်'

ကိုရီက မက်သီဘင်အား မကျေမနပ် ကြည့်လိုက်သည်[။]

'ခုပဲ ပြေးလမ်းဆုံးခါနီးပြီဆိုတာ ခင်ဗျား သတိပြုမိရဲ့လ[ား]'

မက်သီဘင်က ရယ်ကျဲကျဲလုပ်ပြသည်။ ပြီးတော့ မေးဆ[..]ပြသည်။

'သဲဖြူးထားတဲ့ မိုင်ဘစ်စိတ်လောက် အလိုမှာ ဘီးကို[..]တင်လိုက်ရင် ရပ်သွားပါလိမ့်မယ်'

'မီးလောင်နိုင်တာ ဘာတော့ ထည့်မတွက်တော့ဘူးလား'



ရှိုက်ကာက မေးသည်။ သူ စိတ်ကျဉ်းကြပ်နေပုံက အထင်း[သ]ား ပေါ်နေသည်။

မက်သီဘင်က ပခုံးတွန့်လိုက်သည်။

'လော စာဆိုခဲ့တာကို သတိပြုမယ်၊ ဘိုရင်း ၇၄၇ ရဲ့ ကုန်[..]င်ဝမ်းဟာ အောက်ကနေခံထားမှာမို့လို့ မီးလောင်နိုင်စရာ[..]မရှိဘူး'

ရှိုက်ကာက မက်သီဘင်အား အတန်ကြာ စိုက်ကြည့်နေ[သ]ည်။

စိတ်ကျေနပ်သလို ခေါင်းညိတ်လိုက်သည်။

'သဲဖြူးထားဖို့က မိုင်တစ်စိတ်လောက်ပဲ ဆိုတာ သေချာ[..]ယ်နော်'

'ဟုတ်တယ်၊ အဲဒီနေရာကို ဆေးအဖြူနဲ့ အမှတ်အသား[..]ထားရင် ပိုပြီးတော့ အဆင်ပြေလိမ့်မယ်'

မက်သီဘင်က ပြန်ဖြေလိုက်သည်။

ကိုရီက ရှိုက်ကာနှင့် မက်သီဘင်အား အံ့အားသင့်သလို[ကြ]ည့်နေသည်။

'အဲဒီလို စတန့်လုပ်လို့ရမယ်လို့ ခင်ဗျားတို့ နှစ်ယောက်က[..]ယ်ပဲသင်နေသလားဗျ'

ကိုရီက မေးလိုက်သည်။

'ဖြစ်နိုင်တယ်လို့ မက်သီဘင်က ပြောရင် ဖြစ်နိုင်မှာပဲ'

[ရှိုက်]ကာက ထိုမျှသာ ဖြေသည်။

'ခင်ဗျားတို့ပြောနေတာ ကမ္ဘာပေါ်မှာရှိတဲ့ အကြီးဆုံး[..]ည်းကြီး၊ ပစ္စည်းကြီးတစ်ခုရဲ့ အကြောင်းနော်၊ ဖြစ်လာနိုင်

www.burmeseclassic.com

www.burmeseclassic.com



တာက ဟောဟိုနေရာမှာ၊ သောက်ကျိုးနဲ့ တွင်းကြီးတ[...] ဖြစ်သွားမှာပဲ သေချာတယ်’

ကိုရီက ရှေ့ရှိ သဲကန္တာရကြီးဆီသို့ လက်ညှိုးထိုး ပြလိုက်သည်။

မက်သီဘင်က ခိုးခိုးခစ်ခစ်ရယ်သည်။

‘ဖြစ်နိုင်စရာ မရှိပါဘူးလေ၊ သဲပြင်ပျော့ပျော့မှာ ဝမ်းဗိုက်နဲ့ လျှောဆင်းရင် စက်ဘီးစီးသလို ငြိမ့်သွားမှာပါပဲ’

‘ကဲ...ဒီအတိုင်းပဲ လုပ်မယ်’

ရိုက်ကာက ဆုံးဖြတ်ချက် ပေးလိုက်သည်။

မက်သီဘင်က ထရပ်သည်။ ကိုရီအား တစ်ချက်ပြုံးကြ[...] ကာ ရိုက်ကာနောက်မှလိုက်သွားသည်။

ကိုရီ ထိုင်လျက်ကျန်ရစ်သည်။ ဤအဖြစ်မျိုး ထပ်မ[...] ပါစေနှင့်ဟု ဆုတောင်းနေမိသည်။ ရိုက်ကာတို့အဖွဲ့ ရောမ[...] ဆိပ်မှ မခွာစေရ၊ ရွှေလေယာဉ်ကြီးကို သူတို့ မထိမကိုင်[...] ကိုရီကျိတ်၍ ဆုံးဖြတ်လိုက်သည်။

သို့သော် တွေးတော စဉ်းစားစရာတွေကတော့ အလွန်[...] သည်။ ရောမမြို့၏ ကီယိုနာဒိုဒါဗင်စီလေဆိပ်သည် ကမ္ဘာ[...] တွင် အကြီးမားဆုံးနှင့် လေယာဉ်အဆင်းအတက် အများ[...] လေဆိပ်များထဲတွင် တစ်ခုအပါအဝင် ဖြစ်သည်။ ထို အ[...] ရိုက်ကာ၏ နောက်ဆုံးအဆင့် အစီအစဉ် အသေးစိတ်ကို [...] မသိရသေး။ လေဆိပ်တွင် ရိုက်ကာတို့အား သူမထိန်းနိုင်ပ[...] ပေါင်တစ်သန်း အလေးချိန်ရှိ လေယာဉ်ကြီးကို မိန်းမလျှာ[...]



လူတစ်ဦးမောင်း၍ တစ်နာရီ မိုင်တစ်ရာနှုန်းနှင့် သဲကန္တာရထဲ ထိုးဆင်းသည်ကို လိုက်ဖမ်းသွားရပေဦးမည်။

ထိုအဖြစ်ကတော့ ဒိုင်ယာဂါက ရေတံခွန်ကြီးပေါ်မှ စက္ကူအိတ်တစ်လုံး စွပ်၍ ရေစီးအတိုင်းလိုက်သွားခြင်းမျိုးနှယ် သာဖြစ်ပေလိမ့်မည်။

ဖြူဖွေးနေသည့် ဂျက်လေယာဉ်မှာ ပူပြင်းသော နေရောင်ခြည်ထဲဝယ် တောက်ပြောင်လျှပ်နေသည်။ အပူချိန်က(၁၁၅) ဒီဂရီမျှရှိသည်။ ရိုက်ကာနှင့် ဝါနာတို့က မက်သီဘင်အား စိတ်မရှည်စွာ စောင့်ကြည့်နေသည်။ အာရပ်လေးဦးအား ပြေးလမ်းကို မည်သို့ လုပ်ရမည်ဖြစ်ကြောင်း မက်သီဘင်က ရှင်းပြရမည် ဖြစ်သည်။

အာရပ်တို့မှာ စိတ်အားထက်သန်စွာ ရှင်နှင်ပျူပျူနှင့် ထရပ်ကားပေါ်မှ ဆင်းလာခဲ့ကြသည်။ သို့သော် မက်သီဘင်၏ ရှင်းပြချက်ကို ကြားလိုက်ရသည့်အခါ သိပ်မကြည်တော့။ မက်သီဘင်က အာရပ်တို့အား ပီသသည့် အာရပ်ဘာသာစကားဖြင့် ရှင်းပြနေသည်။ ခြေဟန်လက်ဟန်နှင့် ပြောလိုက် ညည်းရုံးသည့် အပြုံးကို ပြုံးလိုက်နှင့် ဖြစ်သည်။

‘အာရပ်တွေက သိပ်မကြည်သူးဗျ’

မက်သီဘင်က ရိုက်ကာထံ ပြန်လာကာ ရှင်းပြသည်။

‘သူတို့ကို လေယာဉ်ပြေးလမ်းချင်းဖြိုပဲ လွှတ်လိုက်တာတဲ့ ဒါကိုပဲ လုပ်နိုင်မယ်တဲ့’

‘ဒီတော့ သူတို့က ဘယ်လောက်ပိုလိုချင်နေသလဲ’

ရိုက်ကာက ပြန်မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



‘သူတို့ စိတ်ဝင်စားတာကတော့ သေချာတယ်၊ သူတို့ ပြေးလမ်းကို နှစ်ရက်လုံးလုံး ရှင်းခဲ့ရတာမို့ အိမ်ပြန်ပြီး ဆေးခြောက်ရှူဖို့နဲ့ ကိုကာကိုလာ သောက်ချင်တာပဲ သိတော့တယ်တဲ့’

ရိုက်ကာက အုပ်စုဖွဲ့ကာ ရပ်နေသည့် အာရပ်များကို ကြည့်လိုက်သည်။

‘သူတို့မှာ ပစ္စည်းပစ္စယတွေကော ပါရဲ့လား’

‘ထရပ်ကားပေါ်မှာ ပါတယ်’

‘ဒါဆိုရင် ပြောတဲ့အတိုင်း ဆက်ခိုင်းလိုက်၊ မနက်ဖြန်ပြီးရင် လုပ်အားခ နှစ်ဆပေးမယ်’

ရိုက်ကာက ပြောလိုက်သည်။

မက်သီဘင်က ရိုက်ကာအား အကဲခတ်သလို ကြည့်လိုက်သည်။

‘ဆေးခြောက်တစ်ပေါင်က သူတို့စိတ်ကိုပြောင်းချင်ပြောင်းနိုင်မယ်၊ ပြောတဲ့အတိုင်းတော့ လုပ်ပါ့မလား မသိဘူး’

‘ပြောလိုက်ဗျာ၊ ခိုင်းတဲ့အတိုင်းမလုပ်ရင် ဝါနာက သူတို့ကားကို မီးရှို့ပြီး လူတွေကိုလဲ မသေရုံတမည် ရိုက်မယ်လို့’

မက်သီဘင်က မျက်တောင် ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ပြုံးကာ အာရပ်များဘက်သို့ ပြန်လျှောက်သွားသည်။ တစ်မိနစ်မျှသာ ပြောအပြီးတွင် အာရပ်များ၏မျက်နှာ၌ ကြောက်ရွံ့မှု ပေါ်လာသည်။ အလုပ်ကို စရန်ပြင်တော့သည်။

မက်သီဘင်က စီးကရက်တစ်လိပ်ကို မီးညှိရင်း ရိုက်ကာထံသို့ ပြန်လာသည်။ ခေါင်းတစ်ချက် ညိတ်ပြသည်။



‘သူတို့လုပ်ကြလိမ့်မယ်၊ သူတို့နဲ့အတူ တစ်ယောက်တော့ ရှိနေမှ ဖြစ်မယ်’

ရိုက်ကာက ကိုရီအား တစ်ချက်ကြည့်ကာ ဝါနာအား လှည့်ကြည့်သည်။

‘ခင်ဗျားပဲ နေခဲ့စေချင်တယ် ဝါနာ’

ဝါနာက မျက်နှာသား ထည်တည်နှင့်ပင် ခေါင်းညိတ်သည်။ ရိုက်ကာက ဝါနာအား ပိုက်ဆံတစ်ထပ်ပေးကာ နဖူးမှ ချွေးသုတ်ရင်း လေယာဉ်ဆီသို့ လှည့်ပြန်သည်။ သူတို့က အချိန်မဖြုန်းဘဲ လေအေးစက်ရှိရာ လေယာဉ်ပေါ်သို့ အမြန်ဆုံး တက်ကြသည်။ မက်သီဘင်ကလည်း ချက်ချင်းပင် စက်နှိုး၍ ပြေးလမ်းထိပ်သို့ နေရာရွှေ့သည်။

ကိုရီက ရိုက်ကာ၏ဘေးတွင်ထိုင်ရင်း ဝါနာနှင့်ရိုက်ကာတို့ အကြည့်ချင်းဖလှယ်ပုံ၏ အဓိပ္ပာယ်ကို တွေးနေသည်။ အာရပ်လေးဦးအဖို့ ဤအလုပ်ကို လက်ခံမိခြင်းသည် အမှားကြီး မှားပြီဟု ကိုရီ ရိပ်မိလိုက်သည်။

စက်သံက ပိုကျယ်လာကာ လေယာဉ်ကိုယ်ထည် တုန်လာသည်။ မက်သီဘင်က ဘရိတ်ကိုလွှတ်သည်။ လေယာဉ်ကား ပြေးလမ်းပေါ်တွင် ဆောင့်ကာ ပြေးတော့သည်။ ပြေးလမ်း မဆုံးမီ လေထဲသို့ လေယာဉ်က ထိုးတက်သွားသည်။ အောက်တွင် ထရပ်ကားနှင့် နေရောင်နောက်ခံ ဝါနာအား သေးငယ်စွာ လှမ်းမြင်ရလျက်ရှိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဝါနာသည် လေထဲသို့ လွင့်မျော မောင်းနှင်သွားသော လေယာဉ်ကြီးအား နောက်ပိုင်းမှနေ၍ စူးစူးစိုက်စိုက် ကြည့်နေသည်။ မကြာမီ လေယာဉ်ကြီးသည် ဝေး၍ဝေး၍ သွားပြီးနောက် နောက်ဆုံး၌ ပျောက်ကွယ်သွားလေသည်။

လေယာဉ်ကြီး ပျောက်ကွယ်သွားသည်နှင့် ဝါနာသည် ကောက်ကျစ်စွာ တစ်ချက်ပြုံးလိုက်သည်။ သူ့ပခုံးတွင် လွယ်ထားသော မောင်းပြန်သေနတ်ကို လက်ထဲသို့ ပြောင်း၍ ထောင်ကိုင်ရင်း အာရပ်များဘက်သို့ ငဲ့ကြည့်ကာ သူတို့ဆီသို့ လှမ်းချင်းလျှောက်သွားသည်။ ယခုတော့ အဆုံးအစ မမြင်နိုင်သော သဲကန္တာရကြီးထဲတွင် သူနှင့် အာရပ် လေးယောက်မှတစ်ပါး မည်သူမျှ မရှိတော့ပေ။ သည်ကိစ္စကို သူ တစ်ယောက်တည်း တာဝန်ယူ၍ ပြီးဆုံးအောင် လုပ်ရတော့မည်။

အာရပ်လေးယောက်က သူ လျှောက်သည်ကို စိုက်ကြည့်နေသည်။ သူက အာရပ်တို့ရှေ့တွင် မောင်းပြန်သေနတ်ကိုင်လျက် မတ်တတ်ရပ်လိုက်သည်။ (၁၃၅) ဒီဂရီမျှ ပူပြင်းသော သဲကန္တာရထဲတွင် အလုပ်လုပ်နေသည်မှာ အတော်မလွယ်သောကိစ္စ ဖြစ်သည်။

'ကဲ မင်းတို့ အလုပ်စတော့'



ဝါနာက အမိန့်ပေးလိုက်သည်။ အာရပ်လေးယောက်က သူတို့အချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်သည်။

'ဒီကိစ္စက မလွယ်ဘူး'

'ဝါနာအတွက် မလွယ်ဘူးဆိုတာ မရှိဘူး'

ဝါနာက [illegible] ပြန်ပြောလိုက်သည်။

အာရပ်[illegible] ဝါနာ၏ စကားအဓိပ္ပာယ်ကို ရိပ်မိသွားသည်။ သူနှင့် စကားပြိုင်ပြောနေ၍ အချည်းနှီးပင် ဖြစ်ကြောင်း သဘောပေါက်သွားကြသည်။ သူတို့ အချိန်ဆွဲမနေကြတော့။ လုပ်ငန်းစဖို့ ပြင်လိုက်ကြသည်။

ထရပ်ကားဆီသို့ ပြန်လျှောက်သွားကြသည်။ ထရပ်ကားပေါ်မှ ရွက်ဖျင်ထည်ကြီးတစ်ခုကို အောက်သို့ သယ်ချသည်။ သူတို့၏ ကျွမ်းကျင်မှုကြောင့် မကြာမီမှာပင် လေယာဉ်ပြေးလမ်းထိပ်၌ ရွက်ဖျင်တဲကြီးတစ်ခု ဆောက်ပြီးသွားသည်။

ဝါနာ သူတို့ကို သမ်ချက်ကြည့်ပြီး ပခုံးတစ်ချက် တွန့်လိုက်သည်။

သူတို့လုပ်တာ မှန်သည်။ အပူချိန် (၁၃၅)ဒီဂရီရှိသော နေပူကျဲကျဲအောက်တွင် တစ်ခါတစ်ရံ နားနေဖို့အတွက် အရိပ်တစ်ခုတော့ ဖန်တီးဖို့လိုသည်။ ဝါနာ လက်ခံလိုက်သည်။

မကြာမီ အာရပ်များ ထရပ်ကားများပေါ်တက်၍ မောင်းထွက်ရန် ကြိုးစားလိုက်သည်။

ဝါနာ မျက်မှောင်ကြုတ်လိုက်သည်။ ဒီကောင်တွေ ဘာအကြံနှင့် လုပ်တာလဲဟု သူ စဉ်းစားလိုက်သည်။ ဝါနာ

www.burmeseclassic.com

www.burmeseclassic.com



အလျှင်အမြန် ထရပ်ကားများဆီသို့ ပြေးသွားသည်။ သူအနားရောက်ချိန်တွင် ကားစက်နှိုးသွားပြီး ထရပ်ကားများဘီးလိမ့်စပြုနေသည်ကို တွေ့ရသည်။

ဝါနာက သူ့လက်ထဲမှာရှိသော မောင်းပြန်သေနတ်ကို မိုးပေါ်သို့မထောင်၍ တစ်ချက်ဆွဲလိုက်သည်။

'ဒက် ဒက် ဒက် ဒက်'

'မင်းတို့ ဒါဘာလုပ်တာလဲ၊ အားလုံးရပ်လိုက်'

ဝါနာက အသံကုန်ဟစ်အော်၍ ပြောလိုက်သည်။ အာရပ်တွေက သူ့ကို [illegible]သလို အပြုံးများဖြင့် ပြန်ကြည့်သည်။

'ခင်ဗျား ရူးနေသလား၊ လေယာဉ်ပြေးလမ်းကို ပေနှစ်ဆယ်လောက် ထပ်ချဲ့ဖို့ ဟိုလွင်ပြင်က ကျောက်တုံးတွေကို ပခုံးနဲ့သယ်ရမှာလား'

အာရပ်တွေက ပြန်ပြောရင်း ကားများကို မောင်းထွက်လိုက်သည်။

သူ အစိုးရိမ်လွန်သွားကြောင်း ဝါနာ သူ့ကိုယ်သူ သိလိုက်သည်။ နဖူးကစီးကျလာသော ချွေးများကို လက်ဝါးနှင့် သပ်ချကာ သူတို့ထွက်သွားရာဆီသို့လိုက်ကြည့်နေသည်။ သို့နောက် ရှက်ဖျင်တဲထဲဝင်ကာ မသက်မသာထိုင်ချလိုက်သည်။

ယခုနေ သူတို့မောင်းပြေးလျှင်လည်း သူ ဘာမျှ တတ်နိုင်မည် မဟုတ်။ သို့သော် သူတို့ ရမည်မဟုတ်မှန်းတော့ တွက်မိသည်။ သူတို့ သည်နေရာက လွတ်မြောက် သွားသော်လည်း ရှိုက်ကာ၏လက်ကတော့ လွတ်ဖို့မလွယ်မှန်း သူတို့ သိပါလိမ့်



မည်။ ဝါနာက စိတ်မသက်မသာတွေးရင်း ရေဘူးထဲမှ ရေကို တစ်ငုံမျှ မော့သောက်လိုက်သည်။

အာရပ်တွေက သူတို့အလုပ်ကို သူတို့ကျွမ်းကျင်စွာ လုပ်နေသည်။

ကျောက်ခဲအတုံးကြီး ကြီးများကို သယ်၍ လေယာဉ်ပြေးလမ်းအဟောင်းဘေးမှ စီ၍ ခင်းသွားသည်။ လမ်းများမှာ သဲဆွဲသာဖြင့် အလေးချိန်ဖြင့် ကားဘီးလိမ့်ရသည်က မလွယ်ကူမှန်း ဝါနာ ရိပ်မိသည်။ သို့သော် သူ မနေနိုင်တော့။ ရှက်ဖျင်တဲမှထွက်ကာ သူတို့ဆီသို့ လျှောက်လာသည်။

'မင်း ဒီလိုလုပ်နေလို့ အချိန်ဖင့်မယ်၊ အချိန်လျှော့ထည့်ပြီး မြန်မြန်မောင်း'

'အလေးချိန် လျှော့ထည့်ပြီး မြန်မြန် မောင်းတာပေါ့ ဟုတ်တာပေါ့၊ အခေါက်ရေပိုမောင်းရလို့ ဓာတ်ဆီမလောက်တော့ ခင်ဗျားဘိုးအေဓာတ်ဆီက ဘယ်က ထုတ်ရမှာလဲ'

အာရပ်တစ်ယောက်က သူ့ကို ပြန်ပက်သည်။

ဝါနာ ဘာမျှမပြောသာသဖြင့် အံကိုသာ တင်းတင်းကြိတ်ရင်း ထိုအာရပ်ကို မျက်လုံးအပြူးသားနှင့် ပြန်ကြည့်နေသည်။

'မင်းတို့ ဒီ ကျောက်ခဲတွေ အတုံးလိုက်ကြီး ခင်းနေလို့ လေယာဉ်က ဘယ်လိုလုပ်ဆင်းနိုင်မလဲ'

ဝါနာက အသံခပ်မာမာနှင့် ဆက်ပြောလိုက်သည်။

အာရပ်က သူ့ကို မထီတထိကြည့်ရင်း ပြောလိုက်သည်။

'ခင်ဗျား တော်တော် ဦးနှောက်နည်းတဲ့လူပဲ၊ ခင်ဗျားကို ဒီမှာထားခဲ့မယ့်အစား မက်သီဘင်ကို ထားခဲ့ရမှာ၊ ရှိုက်ကာ

www.burmeseclassic.com

www.burmeseclassic.com



ညီသွားတယ်၊ အကောင်းဆုံးကတော့ ခင်ဗျား ပါးစပ်ပိတ်ပြီး ဟိုရှက်ဖျင်တဲထဲမှာ သွားပြန်နေပေါ့၊ ကျုပ်တို့အလုပ် ကျုပ်တို့ နားလည်တယ်'

အာရပ်က ပြောပြောဆိုဆို သူ့ကို ကျောခိုင်းကာ ကားပေါ် ပြန်တက်သွားသည်။

'အေး မင်းတို့ပြောသလို ဟုတ်ချင်ဟုတ် မဟုတ်ရင် ငါနဲ့ တွေ့မယ်'

ဝါနာက လှမ်းအော်ပြောလိုက်သည်။

ဝါနာသည် အာရပ်ကို တော်တော်စိတ်ဆိုးနေပြီ၊ အသေသတ်ချင်စိတ် ပေါက်နေသည်။ သို့သော် သတ်၍ မဖြစ်သေး။ သည်လုပ်ငန်းမှာ သူမရှိ၍ မဖြစ်ပေ။ တစ်ယောက်လျော့သွားလျှင် လုပ်ငန်းတွင်ကျယ်မှုပါ တစ်ယောက်စာ လျော့သွားမည် ဖြစ်သည်။

ဝါနာ ဒေါသတကြီးနှင့် ရှက်ဖျင်တဲသို့ ပြန်လျှောက်လာသည်။ သူတို့လုပ်နေသည်ကို ထိုင်ကြည့်နေခြင်းသာအကောင်းဆုံးဟု သူနားလည်လိုက်သည်။ သူပြောတဲ့အတိုင်း မဟုတ်ရင်တော့ သူနှင့် တောင်းတောင်းတွေ့မည်ဟု ဝါနာ တစ်ကိုယ်တည်း ကြိမ်းဝါးလိုက်သည်။

ထရပ်ကားများသည် တစ်ခေါက်ပြီး တစ်ခေါက်၊ တစ်ခေါက်ပြီး တစ်ခေါက် ဘယ်နှစ်ခေါက်မှန်း ဝါနာ မမှတ်မိတော့။ အခေါက်ပေါင်းများစွာပင် လွင်ပြင်နှင့် ပြေးလမ်းကြားတွင် လှုပ်ရှားသွားလာနေသည်။ ပင်ပန်းမှုနှင့် တောက်ပ



သော နေပူရှိန်ကြောင့် ဝါနာ သေနတ်ပိုက်ရင်း ခေတ္တ ငိုက်မျဉ်းသွားမိသည်။

ခြေသံလိုလိုထင်၍ သူ မျက်လုံးများကို ပြန်ဖွင့်ကြည့်လိုက်သော အာရပ်လေးယောက် ရှက်ဖျင်တဲဆီ ဝင်လာသည်ကို သူတွေ့လိုက်ရသဖြင့် ဝါနာ ပြူးပြူးပျာပျာဖြစ်ကာ သေနတ်နှင့် ချိန်လိုက်သည်။

'မင်းတို့ ဘာလာလုပ်တာလဲ'

ဝါနာက ခပ်ငေါက်ငေါက် မေးလိုက်သည်။

အာရပ်ကြီးက ဝါနာကို မခိုးမခန့် ပြန်ကြည့်သည်။

'ခင်ဗျား အိမ်မှာကော လန့်နိုးလာတာလား၊ လူတွေဟာ အစာ စားမှ အလုပ် လုပ်နိုင်မယ်ဆိုတာ ခင်ဗျား မသိဘူးလား'

အာရပ်က ပြောပြောဆိုဆို ရှက်ဖျင်တဲထောင့်တစ်နေရာသို့ သွားကာ ခြေစုံလက်ပစ် ထိုင်လိုက်သည်။ သူ့အဖော်များက သူ့ဘေးတွင် ဝိုင်းထိုင်လိုက်သည်။ ပြီးနောက် သူတို့ အိတ်ထဲတွင်ပါလာသော ရေဘူးများနှင့် အသားဘူးများကို ဖောက်ကာ စားနေကြသည်။

သူတို့ကိုမြင်မှ ဝါနာ သတိရသည်။ သူသည်း ဆာနေပါကောလား။ လုပ်ငန်းအတွက် စိတ်စောနေ၍သာ စားရမှန်း မသိဘဲ မေ့နေခြင်းဖြစ်သည်။ သူလည်း သူ့အိတ်ထဲတွင်ပါလာသော အသားဘူးကို ဖောက်စားကာ စီးကရက် တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်သည်။ မျက်လုံးများက စင်းလာသည်။ သူ တစ်မှေးမှ မမှေးရသေးပေ။ သည်အာရပ်တွေကို သူ မယုံ

www.burmeseclassic.com

ပေ။ လေးယောက်နှင့်တစ်ယောက် အချိန်မရွေး သူ့ကိုလုပ်ကြနိုင်သည်။

ယခုမှ သူ၏သူရဲကောင်းဆန်မှုကို နောင်တရမိသည်။ သူနှင့် နောက်ထပ် အဖော်တစ်ယောက်လောက် ထားခဲ့ဖို့ ရိုက်ကာကို ပြောလိုက်ဖို့ကောင်းသည်။ သူနှင့် အဖော်သွားခဲ့မည်ဆိုလျှင် ဘယ်သူ့ကိုထားခဲ့မည်နည်း။ မက်သီဘင်လား။ ကိုရီလား။

မက်သီဘင်ကတော့ လေယာဉ်မောင်းဖို့ တာဝန် ယူထားရသူဆိုတော့ မဖြစ်။

ကိုရီလား...

ကိုရီလည်း မဖြစ်သေးပေ။ သည် အမေရိကန်ကောင်ကို ဝါနာ သိပ်စိတ်မချချင်။ ပြီး သူလုပ်မည့်လုပ်ပုံကလည်း ဘယ်သူမျှ မသိမှ ကောင်းမည်ဖြစ်သည်။ သည်အလုပ်ကို သူနှင့် ရိုက်ကာသာ နှစ်ယောက်တည်း သိသည်။

အင်း ဒီမှာ သူတစ်ယောက်တည်းရှိနေတာပင် ကောင်းပါသည်ဟု သူ့ဘာသာ တစ်ကိုယ်တည်း မှတ်ချက်ချသည်။ သို့သော် သည်လုပ်ငန်း မပြီးမချင်းတော့ သည်အာရပ်ကောင်တွေကို သတိထားရပေမည်။

စားသောက် အပန်းဖြေပြီးနောက် အာရပ်လေးယောက် တဲအပြင်သို့ပြန်ထွက်သွားကာ သူတို့လုပ်ငန်းကို ဆက်နေသည်။ အတန်ကြာသောအခါ ဝါနာ သွားကြည့်သည်။ ကျောက်ခဲကြီးများကို ထုရိုက်၍ ကျောက်စရစ်ခဲငယ်လေးများလောက် ဖြစ်လာတော့မှ သည်နေရာသို့ သယ်လာပြီး ထပ်ဖို့ခြင်း ဖြစ်



ကြောင်း တွေ့ရသည်။ ဝါနာ ကျေနပ်သွားသည်။ ရွက်ဖျင်တဲသို့ ပြန်လျှောက်လာသည်။

မကြာမီ မှောင်စပြုလာသည်။ ထရပ်များ သူရှိရာဘက်သို့ မောင်းလာသံကြားရသဖြင့် သူ ထွက်ကြည့်လိုက်သည်။ မကြာမီ တဲနားသို့ ကားနှစ်စီးစလုံး ထိုးရပ်ကာ အာရပ်တွေ ဆင်းလာသည်။

'မနက်ဖြန် အပြီးလုပ်မယ်'

အာရပ်ကြီးက လှမ်းပြောသည်။ 'အေး မနက်ဖြန် မင်းတို့ သေနေစေမယ့်နေ့ပဲ' ဟု ဝါနာက စိတ်ထဲမှ ကြိမ်းဝါးလိုက်သည်။

သဲကန္တာရထဲတွင် ရုတ်တရက် မှောင်အတိကျသွားသည်။ တစ်နေ့လုံး မှုပြင်းနေသော်လည်း ညရောက်သည်နှင့် အအေးဓာတ်က လွှမ်းမိုးလာသည်။

မှောင်ထဲတွင်ပင် စမ်း၍ အစားအသောက်များကို စားကြပြီးနောက် စီးကရက်ကိုယ်စီဖြင့် ပက်လက်လှန်ကာ မှိန်းနေလိုက်ကြသည်။

တိတ်ဆိတ်သော ညအမှောင်သည် စိတ်ချောက်ချားဖွယ် ကောင်းလှသည်။

'မနက်ဖြန်ပြီးမှာ သေချာလား'

ဝါနာက မှောင်ထဲနေ၍ လှမ်းမေးလိုက်ရင်း စီးကရက်မီး ထိုးခြေလိုက်သည်။ မှောင်ထဲတွင် တစ်ယောက်ကို တစ်ယောက် မမြင်ရပေ။ စီးကရက်မီးရောင်မှတစ်ပါး အခြား

www.burmeseclassic.com



ဘာအလင်းရောင်မှ မရှိပေ။ တိုဆိတ်မှုကို မလိုလားသော ဝါနာက အကဲစမ်းသည့်အနေဖြင့် စကားစကြည့်ခြင်း ဖြစ်သည်။

ထို့နောက် မှောင်ထဲမှာပင် စမ်း၍ နေရာပြောင်းလိုက်သည်။

'ရိုက်ကာက-ပြောသွားပြီးပြီ၊ ရိုက်ကာက ပြီးအောင်လုပ်ဆို ပြီးအောင်လုပ်ရမှာပေါ့'

အမှောင်ထဲက အသံကစ်သံက ပြန်ပြောသည်။ ဟို အာရပ်ပဲ ဖြစ်ရမည်ဟု ဝါနာတွက်လိုက်သည်။ သူနေရာပြောင်းသွားသည်ကို မသိစေလို၍ ဝါနာ ငြိမ်နေလိုက်သည်။ အားလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။

ဝါနာက သူ၏မောင်းပြန်သေနတ်အား ရင်ဘတ်ပေါ်တင်ရင်း ငြိမ်နေသည်။ သည်ဘစ်ညဘာကို အမြန်ဆုံး လွန်မြောက်မှ ဖြစ်မည်။ သူ စိတ်မသက်မသာဖြင့် သက်ပြင်း တစ်ချက် ချလိုက်သည်။ သည်စစ်ဆင်ရေးပြီးဆုံးလျှင် သူ့ အတွက်ရရှိမည့် ဝေစုကို ဝါနာစဉ်းစားရင်း စိတ်ကူးယဉ်မိသွားသည်။

ပြီးနောက်....

ဝါနာ မေးခနဲ အိပ်ပျော်သွားသည်။ သူ အလန့်တကြား မျက်လုံးဖွင့်ကြည့်လိုက်ချိန်တွင် သူ စိုးရိမ်ပူပန်ခဲ့သော တစ်ညတာကို လွန်မြောက်သွားပြီးနောက် နောက်တစ်နေ့နံနက်သို့ ကူးပြောင်းသွားသည်ကို တွေ့လိုက်ရသည်။

ယခုမှ ဝါနာ သက်ပြင်းချနိုင်တော့သည်။ သည်တစ်ည ကုန်လျှင်တော့ သူ လုပ်ငန်းတာဝန်တစ်ခု ပြီးဆုံးပြီဟု ဝါနာ တွက်နေသည်။



သူတို့လုပ်နေသောလုပ်ငန်းကို ဝါနာ အနားကပ်၍အသေးစိတ် လေ့လာသည်။ အားလုံး စေ့စေ့စပ်စပ် သေသေချာချာ ရှိသည်။ လုပ်ငန်းတွင်ကျွမ်းသည်ကို တွေ့ရသည်။ သည်အာရပ်တွေ ဘာကျိနိုဘာကျိနက်များပုံတော့ မရ။ လုပ်ငန်းမြန်မြန်ပြီးရန်သာ အာရုံစိုက်နေပုံ ရသည်။

ဝါနာ စိတ်သက်သာရာရသွားသည်။ မကြာမီ ပြေးလမ်း တစ်ခုလုံး ပြီးသွားသည်ကို တွေ့ရသည်။

ထို့နောက် ခေတ္တနားကြကာ နေ့လယ်စာ စားကြသည်။ ပြေးလမ်းအဆုံး မိုင်တစ်စိတ်လောက်ကို သဲဖြူးရန်သာ ကျန်တော့သည်။ သဲဖြူးပြီးသည်နှင့် ထုံးမှုန့်ဖြူဖြူများ ဖြန့်ခင်းရဦးမည်။ ဒါဆိုလျှင်တော့ အားလုံး လုပ်ငန်းလက်စသတ်သွားပြီ။

မကြာမီ အာရပ်တို့ ရွက်ဖျင်တဲထဲမှ ပြန်ထွက်သွားကြသည်။ ပြေးလမ်းအဆုံး မြေပြင်ကိုညှိ၍ သဲဖြူးနေကြသည်။ နာရီဝက်တော်ကြာအောင် မှုလုပ်ကြပြီးနောက် ရွက်ဖျင်တဲသို့ သူတို့ ပြန်လာပြီး ထုံးပုံများယူကာ ပြန်ထွက်သွားကြသည်။

ထုံးဖြူးပြီးလျှင်တော့ ပြီးပြီ။

မိုင်တစ်စိတ်ဆိုသည်မှာ ပေအားဖြင့် ၁၃၂၀ ပေ အရှည်ရှိသည်။ ထရပ်ကားများအား သူနှင့် ဝေးဝေးသွားကာ ပြေးလမ်း အဆုံးမှသည် ရှေ့တက်သို့ ဦးတည်သွားနေသည်။ ၎င်းသို့ သွားရင်းဖြင့် ထုံးများကို ကွက်ကျားဖြူးသွားသည်။

သတ်မှတ်ထားသော မိုင်တစ်စိတ် ဆုံးသွားပြီထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထရပ်ကားများ သူ့ဘက်သို့ ပြန်လည်မောင်းနှင်လာသည်
ဝါနာ တွေ့ရသည်။

ကားများသည် သူ့နားသို့ တဖြည်းဖြည်း ပြန်လည်နီး
လာပြီးနောက် ရွက်ဖျင်တဲနား အရောက်တွင် ရပ်လိုက်
အာရပ်များ ကားပေါ်မှ ခုန်ဆင်းလာကြသည်။ ထို့နော
သူတို့လေးယောက်စလုံး ဝါနာနားသို့ ရောက်လာသည်။

'ကဲ ကျုပ်တို့တာဝန် ပြီးဆုံးပြီ၊ ကျုပ်တို့အတွက် လု
ပေးပေတော့'

အာရပ်ကြီးက ဝါနာကို ပြောလိုက်သည်။ ဝါနာ
ကောက်ကျစ်စွာပြုံးလိုက်သည်။ထို့နောက် သူတို့လေးယော
ကို မောင်းပြန်သေနတ်နှင့် ထိုးချိန်လိုက်သည်။ 'တော်းဒ
မင်းတို့ကို လုပ်ခပေးမယ့်အတူတူ နှုတ်ပိတ်ပစ်ရမှာပေါ့ကွ'
ထဲက ကြုံးဝါးရင်း သေနတ်မောင်းကို ဆွဲလိုက်သည်။

'ဒက် ဒက် ဒက် ဒက်'

အံကြိတ်ရှုမှုမဆုံးမီ အာရပ်လေးယောက်စလုံး သဲပြင်ပေ
တွင် လဲကျသေဆုံးသွားကြသည်။

ပြီးပြီ။ လုပ်ငန်းက ဒါပဲဖြစ်သည်။ သည်အကြောင်း
ရိုက်ကာကို သတင်းပို့လိုက်ရုံပဲ ဖြစ်သည်။

အာရပ်များအား လုပ်ခရှင်းရန် ရိုက်ကာပေးခဲ့သော



ဝက္ကူထစ်ထပ်က သူ့အိတ်ထဲတွင် ရှိနေသည်။ ဒါကတော့
သူ့အတွက် အပိုဆုဖြစ်သည်ဟု ဝါနာတွေးရင်း ထရပ်ကား
တစ်စီးပေါ်တက် မောင်းနှင်ရင်း ထိုနေရာမှ ထွက်လာခဲ့ပေ
သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (နှစ်)

အက်တလတ်ခ် တောင်တန်းကြီးများနောက်သို့ နေလုံးကြ
ကွယ်သွားချိန်ဝယ် အယ်လ်ဂျီးယားလေဆိပ်သို့ လေယာဉ် ဆင
သက်ခဲ့သည်။ ရိုက်ကာမှာ တစ်လမ်းလုံး စကားတစ်ခွန်းမျှ
မပြောဘဲ နှုတ်ဆိတ်နေခဲ့သည်။ ကိုရီက လေယာဉ် အပိုင်
မည့် အစီအစဉ်ကို သိရလို သိရငြား စူးစမ်း ကြည့်သော်လည်
အကြောင်းမထူးချေ။

ကိုရီအတွက် ၁၅ မိနစ်မျှ ကြိုးစားကြည့်သည့်တိုင်အော
အဖြေမရခဲ့ချေ။ ကိုရီ လက်လျှော့လိုက်ရသည်။ သို့ဖြစ်၍ ကို
သည် မက်သီဘင်ရှိရာ လေယာဉ်မောင်းခန်းသို့ သွားလို
သည်။ ထိုအချိန်မှစ၍ မက်သီဘင်၏ ဝပ်ပျကြည်လင်သောစကာ
များအကြားတွင်သာ တစ်လမ်းလုံး အချိန်ကုန်ခဲ့ရပေသည်။



လေယာဉ် ပြုပြင် ထိန်းသိမ်းရေးရုံထဲသို့ ရောက်သည့်အခါ
မက်သီဘင်က အင်ဂျင်နီယာမှူးအား လေယာဉ်ကို လွှဲအပ်
သည်။ လေယာဉ်အား ခြေဆုံး ခေါင်းဆုံး စစ်ဆေးရန် လေ
ယာဉ်အင်ဂျင်နီယာမှူးအား ယဉ်ကျေးစွာ ညွှန်ကြားသည်။
အင်ဂျင်နီယာမှူး၏ အကြည့်ကို မသိသလိုဟန်ဆောင်ကာ ရိုက်
ကာနှင့် ကိုရီထံသို့ လျှောက်လာခဲ့သည်။

သူတို့အားလုံး လေယာဉ်ရုံကြီးများရှေ့မှ ဖြတ်လျှောက်
သွားသည်။ သီးသန့် ကိုယ်ပိုင်ဂျက်လေယာဉ်ကလေးများ ရပ်
နားရာကိုကျော်သည်။ သံဆန့်ခါ ခြံစည်းရိုးဂိတ်ကို ဖြတ်ထွက်ပြီး
ပင်မ လေဆိပ်အဆောက်အအုံဆီသို့ ဦးတည်လိုက်ကြသည်။

ပင်မလေဆိပ် အဆောက်အအုံရှေ့ ကွက်လပ်ကို ဖြတ်ကျော်
သည်နှင့် ဘက်စီလက်ကားအဖြူတစ်စီးတွင် ရပ်စောင့်နေသော
ဘာရှုန်ကို တွေ့ရသည်။

ဘာရှုန်သည် ရိုက်ကာ၏ လက်စွဲတော်ဖြစ်သည်။ ရိုက်ကာ
အားကိုးအားထား ပြုရသော လက်မရှိ လေနက်သမား တစ်
ယောက်ဖြစ်သည်။ အလုံးအထည် တုတ်တုတ် မိုင်မိုင်နှင့် အရပ်
မြင့်မြင့်ဖြစ်သည်။ ထိုသူ့အကြောင်းကိုလည်း ကိုရီက ကောင်း
ကောင်းသိအောင် လေ့လာထားပြီးသားဖြစ်သည်။

လေ့ထိပ်ကွင်း ရှိသည့်အဝင်အထွက်ဆိပ်ခံ၌ ဝင်[illegible]
အနီးနှံ့ကို [illegible] ရပ်[illegible] [illegible]
လိုက်[illegible] မြေလှမ်းများ [illegible] ရိုက်ကာအား ကိုရီ
လှည့်ကြည့်လည်း။

www.burmeseclassic.com



'ကျွန်တော် အတွက် အချိန် နှစ်မိနစ်လောက်ရဦးမလား'
ကိုရီက ရိုက်ကာအား မေးလိုက်သည်။

'ဘာဖြစ်လို့လဲဗျ'

ရိုက်ကာက ကိုရီအား မျက်မှောင်ကြုတ်ကြည့်ရင်း ပြန်မေးသည်။ ရိုက်ကာမှာ အိမ်သို့ အမြန်ဆုံး ပြန်ရောက်ပြီး ရေအေးအေး ချိုးချင်စိတ်ရှိနေသည်။

'အပေါ့သွားချင်လို့ပါ'

ကိုရီက ပြန်ဖြေလိုက်သည်။

'လေယာဉ်ပေါ်မှာ ဘာဖြစ်လို့ မသွားခဲ့တာလဲဗျ'

ရိုက်ကာက စိတ်မရှည်စွာ ပြန်ပြောနေပြန်သည်။

'မြေကြီးပေါ်မှာ ခြေထောက်ခိုင်ခိုင်ရပ်ပြီးမှ သွားတတ်လို့ပါ'

ကိုရီက ဆင်ခြေတက်လိုက်ရာ ရိုက်ကာက စိတ်မသက်သာစွာ တစ်ချက်ကြည့်ပြီး ကားဆီသို့လျှောက်သွားသည်။ ကိုရီက ခပ်သဲ့သဲ့ ပြုံး၍ လေဆိပ်အဆောင်သို့ ပြန်ဝင်သည်။ ထို့နောက် ရေအိမ်များရှိရာသို့ လျှောက်သွားသည်။ အတွင်း၌ ဟင်နီဗင်က စောင့်နေနှင့်ပြီးဖြစ်သည်။ လက်ဆွဲအိတ်တစ်လုံးကို ကြမ်းပေါ်တွင် အဆင်သင့် ဖွင့်ထားသည်ကို တွေ့ရသည်။

'ဘယ်လို အရေးတကြီး ဖြစ်လာရတာလဲ'

ကိုရီက ဟင်နီဗင်အား အချိန်ကုန်မခံဘဲ တိုက်ရိုက် မေးလိုက်သည်။



'အစီအစဉ်က နည်းနည်းပြောင်းသွားလို့ပါ၊ မက်(ခ)က လေယာဉ်ကို ကြိုစောပြီး ပို့ဖို့ အီတလီအစိုးရကိုပဲ အားပေးခဲ့တယ်'

ဟင်နီဗင်က ပြန်ပြောသည်။

'အဲဒါ ဘာဖြစ်သလဲ'

ဟင်နီဗင်က ပခုံးတစ်ချက် တွန့်လိုက်သည်။

'ဒီတော့ ရိုက်ကာအတွက် ဘက်သုတ်နှင့်ရတော့မယ်၊ သူဆွဲသွားတဲ့ အစီအစဉ်က နောက်တစ်ပတ်အတွက်ပဲ၊ အခု အချိန်က သုံးရက်ပဲ လိုတော့တယ်'

မက် (ခ)ကတော့ လုပ်ချလိုက်ပြန်ပြီ'

'သူက ဟိုကြားထဲခွဲညပ်နေပြီ၊ ရိုက်ကာရဲ့စစ်ဆင်ရေး တစ်ခုလုံးကို ခြေဖျက်ပစ်လိုက်ချင်တာ'

'ကျုပ်ကတော့ အခုချက်ချင်း ရိုက်ကာကို ဖမ်းလိုက်ချင်ပြီ'

'ဒီလိုလုပ်လို့မရဘူးလေ၊ ရိုက်ကာလိုလူမျိုးတစ်ယောက်ကို ဘာအထောက်အထားမှမရှိဘဲ ဖမ်းဖို့မလွယ်လို့ ဒီလို လုပ်ရတာပေါ့၊ ဒါနဲ့ အခြေအနေကတော့ ဘယ်လိုလဲ'

'မလွယ်ဘူး၊ ကြားလူက လိပ်လျှိုက်တာ၊ ကျွန်တော်တို့ကို သိသင့်သလောက်ပဲ ပြောခဲ့တာ'

ကြားလူဆိုသည်မှာ သူတို့အဖွဲ့က တီထွင်ထားသည့် ရိုက်ကာ၏ အမည်ဝှက်ဖြစ်ကြောင်း ဟင်နီဗင် နားလည်သည်။

'အယ်လ်ဂိုလီယား၏ အနောက်ဘက် မိုင်နှစ်ရာအကွာက ကန္တာရစခန်းက အသုံးပြုခဲ့တဲ့ လေယာဉ်ကွင်းကလေးပဲ၊ လေယာဉ်ပြေးလမ်းကိုတော့ ဝါနာက တာဝန်ယူပြီး ပြုပြင်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့တယ်၊ လေယာဉ်ပြေးလမ်းက နိပ်မနိပ်တော့ မသိရဘူး အခုလို အစီအစဉ်ပြောင်းတာကိုပဲ ကြားရတာ ဝမ်းသာလှပြီ

ကိုရီက စကားကို အဆုံးသတ်လိုက်သည်။

ဟင်နီဗင်က ခေါင်းညိတ်သည်။ လက်ဆွဲအိတ်ထဲမှ အအေး စား ကင်မရာကလေးတစ်လုံးကို ထုတ်ပေးသည်။ အိလက်ထရေ နှစ် ဂျပ်ပန်လုပ် ကင်မရာကလေးတစ်လုံး ဖြစ်သည်။ ရှေ့ဆက် ဘာလုပ်ရမည်ကို ကိုရီသဘောပေါက်သွားရင်း အပေါ် အင် အိတ်ကလေးအတွင်းသို့ ကင်မရာကလေးကို ထည့်လိုက်သည်။

'မက်(ခ)ရဲ့ လက်ဆောင်ကလေး တစ်ခုပဲပေါ့ဗျာ'

သူက ဓာတ်ပုံတွေ လိုချင်လို့ ဒီကင်မရာလေးကို ပေးလိုက်တာဗျ၊ ဟင်နီဗင်ရ'

'ဟုတ်တယ် ရိုက်ကာရဲ့ အစီအစဉ် ပုံကြမ်း ဓာတ်ပုံတွေ ခ...းတို့လုပ်မယ့် အစီအစဉ် အိုတိအကျနဲ့ ရိုက်ကာတို့အုပ်စု ပ..ဇ်ကို မက်(ခ)က သိချင်နေတယ်'

..က ကျွန်တော့်ကို လောလောဆယ်တော့ ဥပကွေ့ ..ပဲ၊ ကျွန်တော် ဘယ်လိုဖြစ်သွားနိုင်တယ်ဆိုတာ ..တော့ ကျွန်တော့်အတွက် ..ခဲအောင်းမှာပဲ'

ဟင်နီဗင်က ကိုရီအား သနားသလို တစ်ချက်ကြည့်ပြီး လက် ဆွဲအိတ်ကို ဆွဲ၍ ပိတ်သည်။ ..နောက် တံခါးပေါက် ..လျှောက်သွားသည်။ ..ပြင်မထွက်..မီ ..ကိုရီကို ..လှည့်မေးလိုက် ..ည်။

'လေယာဉ်ထဲက ..ထိမ်..တွေ....ကာ ..ကာ..ရွှေ..ခြား..သော ..လဲ'



ကိုရီက ခေါင်းယမ်းသည်။

'ဒီအတွက် ပူစရာမလိုပါဘူး'

'ကောင်းပြီ၊ ကင်မရာကို သုံးခွင့်ရရင်တော့ ကျွန်တော်ဆီတယ်ကို ဖုန်းဆက်လိုက်ဗျာ'

ဟင်နီဗင် မှာလိုက်သည်။

ကိုရီက ခေါင်း..ညိတ်..သည်။ ကြေဇလုံမှ ရေပိုက်ကို ဖွင့်၍ ဆက်..မေး..သည်။ ဟင်နီဗင်ကတံခါးပေါက်ရောက်နေသော်လည်း မလှည့်သေး။

'ဝါနာကို ခင်ဗျားရှင်းဖို့အချိန် သိပ်မရတော့ဘူး ဆိုတာ နားလည်ပါတယ်နော် ကိုရီ'

'ကျွန်တော် နားလည်ပါတယ်၊ ဒါပေမယ့် ဒီလိုလူမျိုးကို ..ရှင်းဖို့ဆိုတာ ..ဘယ်..လောက်မှ လွယ်တာတော့ မဟုတ်ဘူး၊ ကျွန်တော် ဘယ်သူ ဘာလဲ ..ဝါမှန်း ..မသွားအောင် ခင်ဗျားသာ ..ဝေးဝေးရှောင်နေပေတော့'

ထိုအချိန်တွင် ရိုက်ကာမှာ စိတ်တိုမှုကို ဖုံးကွယ်နိုင်ရုံသာ ..ဖုံးကွယ်နိုင်ရင်း ကားထဲတွင် ထိုင်စောင့်နေသည်။ မက်သီဘင် ..တားမောင်းသည့် ဘာရူနိုဘေးတွင် ဝင်ထိုင်သည်။ သို့ဖြင့် ကိုရီမှာ နောက်ခန်းတွင် ဝင်ထိုင်လိုက်ရသည်။ လမ်းတစ်လျှောက် ..လုံး ရိုက်ကာ နှုတ်ဆိတ်နေခြင်းအတွက် ကိုရီမှာ စိတ်သက် သာရာရမိသည်။

ယခုအချိန်တွင်.....

မက်(ခ)၏ဆုံးဖြတ်ချက်ကို ..ရှုတ်စိုက် ..သုံးသပ်ကြည့်ရန်

www.burmeseclassic.com

www.burmeseclassic.com



ကိုရီအတွက် အချိန်ရစေသည်။ ရှေ့မျှားကို ဘာဒ်ပို့ရက်ပြောင်းလိုက်ခြင်းက ရိုက်ကာအား အလျှော်စသို့ စီစဉ်ပေးလိမ့်မည်။

မက်(ခ)၏စိတ်ထဲတွင်မည်သို့ယူဆနေသည်ကိုပါ သူတွက်ဆနိုင်သည့် အချက်များလည်း ရှိသေးသည်။

ထို့ပြင်

ရိုက်ကာတို့အဖွဲ့မှာ ဥရောပတစ်ခွန်းလုံးရှိ ကြေးစားလူမိုက်တို့၏ ရှိသေလေးစားမှုကို ခံနေခဲ့ရပြီဖြစ်သည်။ ထိုကြေးစားလူမိုက်တို့အားလည်း ဦးဆောင်နိုင်ခဲ့ပြီ ဖြစ်သည်။ ရာဇဝတ်မှုကြီး ၁၂ ခုမှာလည်း သူ၏အချိန်ကိုက်ဘတ်မှု၊ အကြွင်းနောမဲ့စွာ သတ်ဖြတ်မှုတို့ကြောင့် အထင်ကရ အောင်မြင်ခဲ့သည်။

ဤအောင်မြင်မှုတို့သည် သူ့ကိုယ်ပိုင်လုပ်ငန်းတစ်ခုကိုဦးစီးရန် ဖြစ်လာခဲ့သည်။ ထို့ကြောင့်ပင် ဤရှေ့လေယာဉ် အပိုင်စီးမှုကို ရိုက်ကာ ကြံစည်ခဲ့ခြင်းဖြစ်သည်။ သူ၏အတွက်ကလည်း အောင်မြင်ရန် သေချာလှသည်။

သို့သော် မက်(ခ) မသိတာတစ်ခုရှိသေးသည်။

ရိုက်ကာ၏ လှည့်ကွက်သုံးတတ်မှုပင် ဖြစ်သည်။ ရှေ့လေယာဉ် အပိုင်စီးမှုကို အာရုံမစိုက်မိကြစေရန် အကြမ်းဖက်လေယာဉ် အပိုင်စီးမှုတစ်ခုကို လက်တွေ့ လုပ်ကြဦးမည် ဖြစ်သည်။

မက်(ခ)ဝဲလ၏ ရိုးဖြောင့်မှုကို သူ့အား နှစ်ရှည်လများ သိကျွမ်းခဲ့သူတို့အတွက် နာလည်းပြီးဖြစ်သည်။ မက် ခ သည် လူတော် ရဲအရာရှိတစ်ဦးဖြစ်သည်။ ဥရောပတိုက်တွင် သူ၏အဖွဲ့အား အက်(ဖ)ဘီအိုင်၏ လက်အောက်ခံ မဟုတ်ဘဲ



လွတ်လပ်စွာ လှုပ်ရှားနိုင်သည့်အဖွဲ့ဖြစ်ရန် လုပ်ဆောင်နိုင်ခဲ့သည်။

သူ၏အဖွဲ့က နိုင်ငံတကာ အဖွဲ့နှင့် ဆက်သွယ်မှုရှိသည်။ သို့ဖြင့် တကမ္ဘာလုံးသို့ လျှို့ဝှက်ထောက် လှမ်းရေးသမားများကိုစေလွှတ်နိုင်ခဲ့သည်။ သို့သော် ရိုက်ကာဆိုသောလူမှာ သူနိုင်သည့်ဝန်ထက် ပိုထင်းလာသည်။ 'စတက်တက်တိမ်း' အကျဉ်းထောင်ကိုစွက အမှန်တကယ် ဖြစ်လာသည့်အခါ စီတူးအဖွဲ့မှာ မလှုးလွန်သာတော့ပေ။

ဤအဖြစ်မှ ကိုရီအား မက်(ခ)ကသာ ဆွဲထုတ်လိုက်လျှင် ရာဇဝတ်မှု တိုက်ဖျက်ရေးဟူသည့် သူ၏ယုံကြည်မှုကို ဆန့်ကျင်ရာ ရောက်စေတော့မည်။ ဆက်လက် ပါဝင်မိပါက ဂုဏ်းနိုင်ငံတကာ ပြဿနာတွင် အဖွဲ့အစည်းတစ်ခုအနေဖြင့် ရင်ဆိုင်ကြရတော့မည်။သူတို့လျှို့ဝှက်ထားသမျှလည်း ပေါ်ရပေတော့မည်။

မက်(ခ)အကျပ်အတည်းကို ကိုရီက ကရုဏာသက်မိသည်။ ရိုက်ကာ၏အုပ်စုအတွင်းသို့ ကိုရီရောက်နေသမျှလည်း ထိုအဖွဲ့၏ သရုပ်မှန်ကို ဖော်ထုတ်နိုင်စရာ အဖြစ်ကလည်း ရှိနေသေးသည်။

ဤကြားနှစ်ခုမှာ ရပ်တည်နိုင်ရန် မက်(ခ)က ရှေ့ပို့ရမည့်အစီအစဉ်ကို ပြောင်းလဲလိုက်ခြင်း ဖြစ်သည်။ မက်(ခ)က ဤအဖြစ်မှ လက်ရှောင်နေလိုသည်။ သို့သော် အခြေအနေအရပ်ရပ်က လက်ရှောင်၍ မဖြစ်တော့သော အခြေအနေဖြစ်

www.burmeseclassic.com

www.burmeseclassic.com



[illegible] ခု ကိုရီအလွတ်မရှုန်းနိုင်ခဲ့လျှင်တော့ ကိုရီ [illegible] ရှိမည်နည်း။

[illegible]ဆက်ပြင်းချလိုက်သည်။ အိတ်ထဲမှထောင်မဆာကို အသာ [illegible]လိုက်သည်။ သည်ကိစ္စတွင် သူသည်မလျှင်ပါက သေရဖွယ်ရှိသည်။ သူ့ဘန်နီနှင့် သူမဆက်သက်ခဲ့လျှင်လည်း ဘူဘန်နီအကြောင်းကိုသာ ရိုက်ကာသိလိုက်ပါမူ မျက်ကလူးဆန်ပျာဖြစ်ပေတော့မည်။

ရိုက်ကာကတော့ ညစာစားချိန်အထိပင် ငြိမ်ချက်သားကောင်းလှသည်။ စားသောက်ပြီး၍ မိကန်နာက ဘူရကီကော်ဖီခါး လာပို့သည်။ မက်သီဘင်မှာမူကား အပြင်ထွက်လည်ရန် ဆန္ဒပြင်းပြနေပုံရသည်။

မက်သီဘင်က ထိုင်ခုံကို နောက်သို့တွန်းကာ ထရပ်သည်။ လက်သုတ်ပဝါကို စားပွဲပေါ်ပစ်ချပြီး ရိုက်ကာအား ပြောင်ချော်ချော်နှင့် ဦးညွှတ်အရိုအသေပေးပုံပြုသည်။

'လမ်းလျှောက်ထွက်ဖို့အတွက် ခင်ဗျား ခွင့်ပြုလိမ့်မယ်ထင်တယ်'

မက်သီဘင်က ရိုက်ကာအား ပြောလိုက်သည်။

ရိုက်ကာကအဖိုးတန်ကော်ဖီခွက်ကလေးကိုလက်ထဲတွင် လက်ချောင်းကလေးနှစ်ချောင်းဖြင့် လှည့်ပတ်ကစားရင်း မက်သီဘင်အား အေးစက်စက် အကြည့်ဖြင့် အကဲခတ်သည်။

'ဘာပြဿနာမှ ဖြစ်ဘာ မသိုချင်ဘူး မက်သီဘင်' ပြဿနာ ဟုတ်လား'

မက်သီဘင်က အတွန့်တက်လိုက်သည်။



လောင်ပြုံးကလေးတစ်ခုက မက်သီဘင် နှုတ်ခမ်းထောင့်တွင် ဖြစ်ပေါ်လာသည်။

'ဘာပြဿနာဖြစ်ဖို့လိုလို့လဲဗျ'

'လုပ်မနေစမ်းပါနဲ့ဗျာ၊ ကျွန်တော် ဘာကိုဆိုလိုတယ်ဆိုတာ ခင်ဗျားသိပါတယ်'

မက်သီဘင် အပြုံးက ပျောက်ကွယ်သွားသည့်မျက်လုံးများတွင် အေးစက်သော တောက်ပမှုက အစားထိုး ဝင်ရောက်လာသည်။

'ကျွန်တော်တို့ သိုးအပ်ဘာတွေ ပြောပြီးကြပြီပဲ'

မက်သီဘင်က ဆင်ခြေတက်လိုက်ပြန်သည်။

'ဒီကိုခင်ဗျားလာတာ အလုပ်လုပ်ဖို့ပဲ၊ ဒီအတွက်ပြဿနာကိုလေးရှာဘာ ရှောင်ဖို့လိုတယ်'

'ကျွန်တော် ဒီကိုလာတာ ရေယာဉ်မောင်းဖို့ပဲ ကျန်တဲ့အချိန်ဟာ ကျွန်တော်ရဲ့ ကိုယ်ပိုင်အချိန်ပဲ'

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် အတန်ကြာစိုက်ကြည့်နေကြသည်၊ ရိုက်ကာက အလျှော့ပေးရန် ရှိနေသလိုမက်သီဘင်ကလည်း အလျှော့ပေးမည့်ပုံ မပေါ်ပေ။ မက်သီဘင်၏ မယိမ်းယိုင်သည့်စိတ်အခြေအနေကို ကိုရီ အံ့အားသင့်စွာ တွေ့မိသည်။

လည်ပင်းမှ ရှေ့ဆံကြိုးပေါ်သည်အထိ အင်္ကျီရင်ဘတ်ဟထားပုံ၊ အပြာနုရောင် ဘောင်းဘီရှည်၊ လက်ချုပ်ဖိနပ်တို့ကမက်သီဘင်၏ ကိုယ့်ကိုယ်ကိုယ် သနေသည့်စိတ်ဓာတ်ကိုပြသည်။ ကျော့ကျော့မော့မော့နှင့် ပျော့ပျော့ပျောင်းပျောင်း နေတတ်

www.burmeseclassic.com



ပုံကိုပြသည်။ သို့သော် ယခုအခါ ထိုအဖြစ်ထက် သာလွန်နေသည်။လူနေပုံနှင့်စိတ်ဓာတ်မှာ ဆန့်ကျင်ဘက်ဖြစ်နေပုံရသည်။ မက်သီဘင်သည်ပျော့လျှင်ဖယောင်းမာလျှင်သံချောင်းဆိုသော လူစားမျိုးဖြစ်မည်ထင်သည်။သူမှန်သည်ထင်လျှင် အကျောပေးမည့်ပုံစံမျိုးမရှိ။သူ၏ကြည့်နေသောအေးစက်မာကျောတောက်ပြောင်သော မျက်လုံးများက ရိုက်ကာ၏ အကြည့်ကို ယှဉ်နိုင်သည်။

လက်သည်းများကို သေသပ်စွာ ညှပ်ထားသည့် သွယ်ပျောင်းသောလက်ချောင်းတို့မှာ ကြမ်းတမ်းသော ဘာကန္တာရဝယ် လေယာဉ်ပြေးလမ်းပေါ်တွင် ဂျက်လေယာဉ်တစ်စင်းကို ညင်သာစွာ ထိန်းနိုင်သည်ထက် ပို၍ စွမ်းအားရှိပုံရသည်။ ရိုက်ကာ၏ အလုပ်ကို မည်သည့်အတွက်ကြောင့် လက်ခံသည် ဖြစ်စေ အရိပ်မည်းဟူသော နာမည်ရထားသည်နှင့် ကိုက်ညီသော အရည်အချင်းလည်းရှိသည်။

'ဘယ်သူကမှ ခင်ဗျားကို ချုပ်ချယ်ဖို့ မကြိုးစားနိုင်ပါဘူး မက်သီဘင်၊ ကိုယ်နာမည် ကိုယ်မပျက်ဖို့ဘဲ ကျွန်တော်တို့ လိုလားတာပါ၊ ခင်ဗျားကနေ ကျွန်တော့်ဆီကို မြားဦးလှည့်မလာရင် ပြီးတာပဲ'

'အရက်ဆိုင်မှာ ကောင်ကလေးတွေနဲ့ စကားပြောတာလောက်တော့ မေးစရာ မလိုပါဘူး'

'မှန်တာပေါ့၊ ဒါပေမယ့် ဘေရွတ်နဲ့ အေသင်က ခင်ဗျားအဖြစ်ကို ကျွန်တော် သိထားတယ်နော'

ရိုက်ကာ၏စကားကို ကြားလိုက်သည်နှင့် မက်သီဘင်၏



ခန္ဓာကိုယ်က ဆတ်ခနဲ တောင့်သွားသည်။ ဒေါသကြောင့် မျက်နှာက နီရဲလာသည်။

'ဘယ်အခါမဆို ကိုယ့်ကိစ္စကိုယ်နားလည်ဖို့ပဲ လိုပါတယ်' မက်သီဘင်က ဆင်ခြေတက်လိုက်ပြန်သည်။

'ဒီမြို့မှာ ဒီအချိန်မှာတော့ အဲဒီလို မဟုတ်ဘူး'

ရိုက်ကာ၏စကားကို မက်သီဘင်က ခွန်းတုံ့ပြန်ရန်ပြုလိုက်သည်။ ရိုက်ကာက ဂရုစိုက်စရာ မဟုတ်ဟန်နှင့် လက်ကိုဝှေ့ယမ်းလိုက်သည်။

'ထားပါလေ၊ ခင်ဗျား စိမ်ယူနိုင်မယ့် နေရာတစ်ခုကို ကျွန်တော်သိထားပါတယ်၊ ဘာရှုံးနိုင် လိုက်ပို့လိမ့်မယ်'

'ဘယ်လိုနေရာမျိုးလဲ'

'ခင်ဗျားအကြိုက်မျိုးပါ၊ ဆေးခြောက်ကိုတော့ရှောင်ဗျာ။ သူတို့က ဆေးခြောက်မှုန်သမျှ အမိုက်နဲ့ ရောတတ်လို့ပါ'

မက်သီဘင်က တွန့်ဆုတ်နေပြီးမှ ခေါင်းညိတ်သည်။

'ကောင်းပြီ'

မက်သီဘင် တံခါးဝဆီသို့ ချာခနဲ လှည့်ထွက်သွားသည်။ ထို့နောက် ခေတ္တရပ်ကာ ကိုရိုဘက်သို့လှမ်းကြည့်သည်။

'ခင်ဗျားကော သူငယ်ချင်း'

'နေပါစေတော့ဗျာ....၊ ခင်ဗျား အကြိုက်နဲ့ ကျွန်တော့်အကြိုက် တူချင်မှ တူမှာ'

မက်သီဘင်က ပြုံးလိုက်သည်။

'ဖြစ်နိုင်တယ်၊ ကိုယ့်အကြိုက်ကိုယ်ရှာပေတော့'

မက်သီဘင် ထွက်သွားသည်။ မီလန်နွာက မက်သီဘင်

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ လိုက်သွားသည်။ ဘရူနိုအား ညွှန်ကြားချက်ပေးရန် ဖြစ်ပေလိမ့်မည်။

မက်သီဘင် ထွက်သွားပြီးနောက် အခန်းထဲတွင် ခေတ္တမျှ တိတ်ဆိတ်သွားသည်။

ကိုရီက ရိုက်ကာအားအကဲခတ်ရင်း ဘရန်ဒီတစ်ခွက်ကို ငှဲ့သည်။ ရိုက်ကာမှာ ဒေါသကိုချုပ်တည်းနေရပုံရှိသည်။ ရိုက်ကာမှာ သူ ဟန်ဆောင်ထားသလို စိတ်ဓာတ်ကြံ့ခိုင်မှုမရှိကြောင်း ကိုရီ နားလည်စပြုလာသည်။ အယ်(လ)ဂျီးရီးယားတွင် နှစ်ပေါင်းများစွာ နေလာရခြင်း၊ အပေါစား လူမိုက်များနှင့်သာ ထိတွေ့နေရခြင်းတို့က ရိုက်ကာ၏ စိတ်ဓာတ်ကို မဆက်မြှက်စေဘော့၊ ဆုံးဖြတ်ချက်မှာ တစ်ဖက်မှ ဖိအားပေးပါက အလျှော့ပေးတတ်သည့် အားနည်းချက်ရှိနေပြီဖြစ်သည်။

ဒေါသကို ထိန်းချုပ်နေရာမှပင် မက်သီဘင် ထွက်သွားရာဘက်သို့ လက်ကို ဝှေ့ယမ်းပြကာ ပြောလိုက်သည်။

'အတော်ဆုံး လေယာဉ်မှူးတစ်ယောက်ဖြစ်နေတာ ကံဆိုးတာပဲ'

'ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် တကယ်တော်တဲ့ လူ တစ်ယောက် အဆင့်မရှိဘူးဆိုတာကတော့ သေချာနေပြီ'

ကိုရီက ဝင်ပြောလိုက်ခြင်းဖြစ်သည်။

ရိုက်ကာ၏ ဒေါသ ပေါက်ကွဲသွားသည်။

'သူဟာ အတော်ဆုံးပဲ၊ ကျွန်တော်စိုးရိမ်တာက သဲကန္တာရထဲမှာ လေယာဉ်ဆင်းဖို့ကိစ္စပဲ'

'မရောင်ရာ ဆီသွားနေတာလဲ ဖြစ်ချင်ဖြစ်နိုင်ပါတယ်'



ကိုရီ၏ မှတ်ချက်က ရိုက်ကာအား ဓိသဲလေးနှင့် နံဘေးပစ်လိုက်သလို ဖြစ်သွားပုံရသည်။ ငါးစာကို ဟပ်နိုင်စေသော အကွက်ဖြစ်သည်။

'ခင်ဗျား ဘာကိုဆိုလိုတာလဲ'

ရိုက်ကာက ဒေါသဖြင့် မေးလိုက်သည်။

'ယုံကြည်ရမယ့်လူကို ခင်ဗျား မယုံကြည်ဘဲ ခင်ဗျားပြောနေတဲ့ အစီအစဉ်က နောက်ထပ် လေယာဉ်ကြီး တစ်ဒါဇင်လောက် ထပ်အောင်နိုင်မယ့် ကွင်းကြီးတစ်ကွင်း မက်သီဘင် ဖောက်ပေးမယ်သဘောလောက်ပဲ ကျွန်တော်မြင်တယ်'

'အချိန်ကျရင် ခင်ဗျားကို အပြည့်အစုံရှင်းပြပါ့မယ်'

'မှန်ပါတယ်၊ ဒါပေမယ့် ကျွန်တော် သိရတဲ့အချိန်မှာ အန္တရာယ်ကို မရှောင်နိုင်လောက်အောင် သိပ်နှောင်းနေတဲ့ အချိန်လို့ ခံစားနေမိတယ်'

ရိုက်ကာမှာ ဒေါသကိုထိန်းရင်း ကိုရီအား မီးတောက်နေသည့် မျက်လုံးအစုံနှင့် ကြည့်နေသည်။ ကိုရီကလည်း ပြန်ကြည့်သည်။ ကိုရီ၏မျက်နှာထားကို ပုံဖမ်း၍မရ။ ကောလုံးများ၏ နောက်ကွယ်မှ ရည်ရွယ်ချက်ကို ရိုက်ကာ ရှာကြည့်သည်။ သို့သော် အဖြေရှာလို့မတွေ့။

အဲဒီလိုပဲ ခပ်တင်းတင်း ဆက်ဆံရမည့် ဒုတိယလူ ဖြစ်သင့်မည်လော။ [illegible] နည်း [illegible] မျက် [illegible] လူ [illegible] ကိုသာ [illegible] နိုင်ဖို့ [illegible] ကို [illegible]

www.burmeseclassic.com

www.burmeseclassic.com



ပျောင်းညင်သာစွာဖြင့် ဆက်ဆံကာ သူ၏ သစ္စာရှိမှုကို ရှာ မည်ဟူ၍

ထိုင်ရာမှထကာ စာကြည့်ခန်းဆီသို့ သူ လျှောက်သွားရင်း ကိုရိအား လိုက်လာရန် ခေါ်လိုက်သည်။

စာကြည့်ခန်းမှာ ဆင်စွယ်သားများနှင့်ခြယ်မှုန်းထားသော မဟော်ဂနီ စားပွဲကြီးတစ်လုံးက လွှမ်းမိုးနေသော ရှည်လျား ၍ အသင်းရောင်မှိန်မှိန် အခန်းတစ်ခု ဖြစ်သည်။ ရိုက်ကာ ထို စားပွဲဆီသို့ လျှောက်သွားသည်။ ကိုရိ ကိုလည်း စားပွဲဘေး သားရေ ကုလားထိုင်ကြီး တစ်လုံးတွင် ဝင်ထိုင်ရန် လက်ဟန် နှင့် ပြလိုက်သည်။

'ကဲ...ထိုင် ခုချိန်က ခင်ဗျားအနေနဲ့အစီအစဉ်ကို အနီးကပ် သိရမယ့်အချိန်ပဲ'

ရိုက်ကာက အံဆွဲတစ်ခုမှ သော့တစ်ချောင်းကိုယူသည်။ နံ ကပ် ဆယ့်ဗာဒိုဒါလီ၏ ပန်းချီကားကြီးထံသို့ လျှောက်သွား သည်။ ပန်းချီကားကိုဆွဲဖွင့်လိုက်ရာ အာမခံ သေတ္တာတစ်လုံး ပေါ်လာသည်။

သေတ္တာကို သော့နှင့်ဖွင့်၍ အမည်းရောင်ဖိုင်တွဲ တစ်ဒါဇင် များကိုယူသည်။ ထိုဖိုင်တွဲကိုင်းတွင် အမှတ်စဉ်နှင့် မြို့အမည် အသီးသီးကို ရေးထိုးထားသည်။ ကိုရိဆီသို့ ဖိုင်တွဲများကို ယူ လာပြီး ထိုယူလာခဲ့သော ဖိုင်တွဲမှ နာမည်တစ်ခုစီကို ဖတ်ပြ စားပွဲပေါ်သို့ချစ်ချသည်။

'ပါရီ၊ နေဘယ်၊ ဆန်ဒန်၊ ဗမ်းဘာဂ်၊ မော်ဝကို၊ နာ ယောက်၊ ဘေရွတ်'



သူက နောက်ဆုံးဖိုင်တွဲကို ကိုရိဘက်သို့တွန်းပို့လိုက်သည်။ 'ရောမ'

ကိုရိက ဖိုင်တွဲကိုဖွင့်ကြည့်သည်။ သက်နိုပ်စက် ရိုက်ထား သော စာရွက်နှင့် အသေးစိတ်အစီအစဉ်နှစ်ခုကိုမူ တွေ့လိုက် သည်။ ကိုရိသို့အစီအစဉ်နှစ်ခုလုံးကိုဂရုတစိုက်မော့ကာကြည့် လိုက်သည်။

တစ်ခုမှာ လီယိုနာဒိုဒါဗင်ချီလဆိပ်၏ စကေးကိုက်ပုံစံကြီး ဖြစ်သည်။ နောက်တစ်ခုကမူ ကုန်တင်ရုံ၏ အသေးစိတ်ပုံစံဖြစ် သည်။ ၎င်းတို့အပေါ်တွင် အမှတ်အသားများ ပြထားသည်။ စာတင်ရေး၏ တစ်ခုချင်းအလိုက် အချိန်များ ပူးတွဲပါရှိလေ သည်။

ထိုဒဏ်နှင့် အကြမ်းဖက်သမားတို့ လုသန်ဆဲ အမှတ်စဉ် (၁၁)လေယာဉ်နှင့် ခရီးသည် (၁၀၀)အား မည်သို့ အပိုင် စီးမည်ကို အသေးစိတ် အချိန်ကိုက်အစီအစဉ် ရေးဆွဲထားသော ကြောင့် ကိုရိစိတ်ထဲမှ ချီးကျူးလိုက်မိသည်။ သို့ဒဏ်တို့အဖွဲ့က ခရီးသည်များကို ဓားစာခံအဖြစ် ဖမ်းဆီးရှင်း ဘားဒါနို့ဗို ကင်းစခန်း(ပ)တိုက်ကို ရွဲရန် စောင်းဆိုမည်။ ထိုအချိန်တွင် ... အဖွဲ့က ရွေးချယ်ထားသည့် ပင်မပေရိကန် လေ ... ခရီးစဉ် ၁၉၄ အား မည်သို့ အပိုင်စီးမည်တို့ကိုပါ အသေးစိတ် အစီအစဉ် ရေးဆွဲထားသည်။

သတ်မှတ်အချိန်အရဆိုလျှင် ခွေးများကို (၂၃:၅၀)နာရီ ... လေယာဉ်ပေါ်သို့ တင်မည်။ လေယာဉ်ပေါ်သို့ ခရီး သည်များ မတက်မီ မိနစ် ၂၀ အလိုတွင်ဖြစ်သည်။ ထိုအချိန်

www.burmeseclassic.com

www.burmeseclassic.com



တွင် ရွှေလေယာဉ်မှ လုံခြုံရေး ရဲတို့မှာ အပိုင်စီးခံ
ယာဉ်ဆီသို့ ပြေးနေကြပြီ ဖြစ်သည်။

ဝါနာတို့အဖွဲ့က ထိုအခါမှ ရွှေလေယာဉ်ပေါ်သို့တက်လာ
ကာ လေယာဉ်ဝန်ထမ်းတို့ကိုရှင်းပြသည်။ လေယာဉ်ကို ပြေ
လမ်းထိပ်သို့ ရွှေ့မည်။ ရွှေလေယာဉ်ကြီး အပိုင်စီးခံရသည်
မသိကြမီမှာပင် မက်သီဘင် ကျွမ်းကျင်မှုဖြင့် လေယာဉ်မှာ
လေထဲသို့ ရောက်သွားမည်ဖြစ်သည်။

သုံးရမည့်လက်နက်ကိရိယာ၊ လုပ်ရမည့်အလုပ်၊ အချိန်အ
အကျတို့ကိုပါ ကိုရီဖတ်နေရသည်။ လှုပ်ရှားမှု တစ်ခုတို
အတွက် စက္ကန့်ပိုင်းမျှမကျန် အခင်းအကျဖြစ်ရန် တွက်ချက်ထ
သည့် အချက်နှစ်ချက်ပေါ် မူတည်ထားသည့် အလွန်ကော
မွန်သော အစီအစဉ် တစ်ခုပင်ဖြစ်သည်။

လေဆိပ်လုံခြုံရေးမှာ တာဝန်ထားသည့် နေရာများ
ခရီးသည်များ မဝင်ရောက်နိုင်ရေးကို အဓိကထားသည်။

ကိုယ်ပိုင်လေယာဉ်တစ်စင်း စက်ချွတ်ယွင်း၍ ဆင်း
လာသည်ကို မည်သူကမျှ ဂရုစိုက်ကြလိမ့်မည် မဟုတ်
လေယာဉ်စက်ပြင်ရုံသို့ မောင်းနှင်လာစဉ် ဝါနာတို့ကအရေ
ထကို အကာအကွယ်ယူကာ ခုန်ဆင်းကြမည်။ အမှတ်
ဂိတ် ပေါက်ရှိ ရွှေလေယာဉ်ကြီးဆီသို့ အဆီးအတားမရှိ
နိုင်ကြလိမ့်မည်ဖြစ်သည်။

ရွှေလေယ [illegible] ဝါနာ [illegible] အပိုင်စီးနေစဉ်မက်သီဘ
စက်ပြင်ဌာနကို [illegible] ဖြစ်ပည်။ စက်ကို ချက်ချင်းဖြ



ရန် ပြောမည်။ နှစ်ရက်အကြာမှ လာယူရန် သဘောတူလိုက်
သည်။

အလွန်တရာ ကောင်းသော အစီအစဉ်တစ်ရပ်ဟု ကိုရီသိ
လိုက်သည်။ အကယ်၍ ထိုအတိုင်းသာ အလွဲအချော် မရှိခဲ့လျှင်
အလွန်တရာ ပီရိသေသပ်သော အစီအစဉ်တစ်ရပ်ပင် ဖြစ်တော့
သည်။

ကိုရီက ဖိုင်တွဲကို ချက်ချင်းအေးဖယ်ကာရိုက်ကာအား မော့
ကြည့်သည်။ ရိုက်ကာက တောက်ပသော မျက်လုံးအစုံနှင့်
သူ့ကိုပြန်ကြည့်နေသည်။

'မဆိုးပါဘူး၊ ဒါပေမယ့် လုံခြုံရေးတွေက ဝါနာတို့ကို
လာမတိုက်နိုင်ဘူးလား'

ကိုရီက ဖြစ်နိုင်သော အခြေအနေကိုထောက်ပြလိုက်သည်။

'ခင်ဗျားတို့က ကရေဒ်ကမည်တွေမှ မဟုတ်ဘဲ ခင်ဗျားတို့
အတွက် အကူအညီတွေလဲ ရှိလိမ့်ဦးမယ်၊ ခင်ဗျားတို့နဲ့ အတူ
အီတလီ သုံးယောက်ရှိတယ်၊ နှစ်ယောက်က ကုန်ကင်ရုံမှာ
အလုပ်လုပ်နေတယ်၊ ဒီတော့ ရွှေတွေနဲ့ ပတ်သက်မယ့်လူမှန်
သမျှကို ကိုင်တွယ်နိုင်မယ့် လူငါးယောက်ရှိနေပြီပဲ'

ရိုက်ကာက ပြန်ရှင်းပြလိုက်သည်။

ကိုရီက စိတ်ကျေနပ်သလိုပုံပြကာ ခေါင်းညိတ်ပြီး ကျန်
ဖိုင်တွဲများကို မေးငေါ့ပြလိုက်သည်။

'အဲဒါတွေကကော'

'လက်ရှိစစ်ဆင်ရေးတွေပဲ၊ လူယက်ဖို့ မှောင်ခိုကိစ္စတွေပဲ၊
အာရှတိုက်မှာဆိုရင် ငွေအတွက်နဲ့ အစပ်လပ်ဖို့တောင် ပါသေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာခင် လပိုင်းလောက်မှာ ဒါတွေကိုလုပ်ဖို့ အသေးစိတ် အစီအစဉ်ဆွဲထားတယ်'

ရိုက်ကာဆိုသောသူကား အလွန်ဟာရာ ကြောက်ဖို့ကောင်း သော [illegible]သမားပင် ဖြစ်တော့သည်။ ထိုသူ၏လုပ်ရပ်များ ကို ဆစ်ခုပြီးဘာသာ တားဆီးရန်မှာ ကိုရီ၏တာဝန် ဖြစ်သည်။

သို့မဟုတ် ယခု ရှေ့သို့သာဆက်၍ဆက်ဆံရေး တစ်ခုတည်းနှင့် ပင် သူ့ကို အပြတ်တားဆီးနိုင်မှ ဖြစ်မည်ဟု ကိုရီ တွေးနေမိ သည်။

ထို့နောက် ကိုရီက ရိုက်ကာ၏အစီအစဉ်များကို အရေးတယူ ရှိဟန်နှင့် ပြန်ကြည့်လိုက်သည်။

'ဒါတွေလုပ်ဖို့ဆိုတာက ဘာသိတတ်နိုင်ကြီးလုပ်ရမှာ ခင်ဗျား ဟာ စီအိုင်အေထက်တောင် ပိုပြီး အဆက်အသွယ်ရှိနေပြီပဲ'

ကိုရီက လိုသိချင်ချင်နှင့် သာသာဆိုးဆိုးကလေး ပြော နေလိုက်သည်။

'ဒါတွေအားလုံးဟာ ငွေရှိရင်ဖြစ်ပါတယ်ဗျာ၊ အဖွဲ့အစည်း တစ်ခုအတွက် ငွေဆိုတာ သိတာပေါ့၊ ရောမကိစ္စပြီးရင်တော့ ဒါတွေဟာ ပြဿနာမဟုတ်တော့ဘူး'

ရိုက်ကာက ဗိုင်တဲ့များကို လှမ်းပြီရင်းပြောသည်။ မျက်လုံး များကလည်း တောက်ပြောင်နေသည်။

'ဒါတွေဟာ ကျွန်တော့်အတွက် ခိုင်းနှုန်းကြေးယူမယ့် နောက်ဆုံး စစ်ဆင်ရေးတွေပဲ၊ နောက်ဆိုရင် ကျွန်တော် လုပ်ပုံကိုင်ပုံ တစ်နည်းနည်း ပြောင်းလဲသွားမယ်၊ ခင်ဗျား အဆက်အလုပ်ဖြစ်ချင်ရင် ကျွန်တော့် အဖွဲ့ထဲ ဝင်ဖို့ပဲ'



ကိုရီက အနည်းငယ် စိတ်ဝင်စားပုံမျိုးနှင့် ကြည့်သည်။

'ကျွန်တော် တွေ့ဖူးတဲ့လူ တော်တော်များများ [illegible] ခေါင်းဆောင်လုပ်တဲ့အခါ အမှားအယွင်းတွေ တွေ့လာပြီး ကျဆုံးသွားကြတာပဲ'

'ဒီလိုပဲပေါ့ဗျာ၊ သူတို့က ဦးနှောက်မရှိတဲ့ လူကြမ်းတွေကို အများဆုံး သုံးကြတာကိုး၊ သူတို့ ရင်ဆိုင်နေနိုင်တာက သတင်း ပေးတွေ အသေးမွှားဖွဲ့နဲ့ ဆောင်ကျခံနိုင်တဲ့ အရူးတွေ ရှိနေလို့ ပဲ၊ ကျွန်တော်နဲ့ပေါင်းရင်တော့ ဥရောပတိုက်မှာ မကြားဖူး တဲ့ ရာဇဝတ်မှုကြီးတွေ ဖြစ်လာမှာကို တွေ့ရလိမ့်မယ်'

ရိုက်ကာက စကားကိုဖြတ်လိုက်သည်။ သူ့ ကိုယ်သူ အတော် ကလေး အထင်ကြီးထားပုံလည်း ရသည်။ သူစွဲလမ်းသော အလုပ်ကို ပြောနေရသဖြင့် မျက်လုံးများက တောက်ပြောင် လာကာ အသက်ကိုပင်ခပ်မြန်မြန်ရှူနေသည်။ ရိုက်ကာအား ကြည့်ရင်း လွန်ခဲ့သည့် ခြောက်လက မက်(ခ) ပြောဆိုက်သော စကားကို ကိုရီ အမှတ်ရလိုက်သည်။

'သူ့ကို အခွင့်အရေးတစ်ဝက်သာ ပေးလိုက် ဥရောပ အနောက်ခြမ်းတစ်ခုလုံးက ရာဇဝတ်ကောင်တွေ သူ့နောက် ပါသွားလိမ့်မယ်၊ ဒီလိုသာ ဖြစ်သွားရင် သူ့အနားကိုဘယ် တော့မှ ကပ်သွားနိုင်မှာ မဟုတ်တော့ဘူး'

မက်(ခ)၏ ထင်မြင်ချက်စကားသည် မှန်လောက်ပေသည် ဟု ကိုရီ ရိပ်စားမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်တွင် ဖုန်းက မြည်လာသည်။ ရိုက်ကာက ဖုန်း
ကောက်ကိုင်လိုက်သည်။ မျက်နှာက မှုသောအရိပ်အ၀ါကို
ခံစားကာ ၀င်းပလျက်ရှိသည်။

တစ်ဖက်မှ အီတလီစကားနှင့် သွက်သွက်ပြောနေသည်
အတန်ကြာမှ ရိုက်ကာက အီတလီစကားနှင့် ပြန်မေးသည်
ဟင်နီဗင်ပြောခဲ့သော စကားဖြစ်မည်ဟု ကိုရီ သဘောပေ
သည်။ သို့သော် ဖုန်းကိုချလိုက်သည့်တိုင် ရိုက်ကာ၏ မျက်
စားက ပြောင်းလဲမှုမရှိပေ။

ရိုက်ကာက ဖိုင်တွဲများကို ကောက်ယူပြီး အာမခံသေ
ဆီသို့ ထွက်သွားသည်။ ဂရုတစိုက်ထည့်၍ သော့ပိတ်
ကာ စားပွဲဆီသို့ ပြန်လာသည်။ ပြန်ထိုင်ချလိုက်စဉ်တွင်လ
မျက်လုံးများတွင် မည်သည့်အရိပ်အယောင်မှ မပေါ်ပြူလ
ချောင်းကလေးများကို ထောင်၍ တေ့ဆက်ရင်း ကိုရီကို
တွေးဆနှင့် ကြည့်သည်။

'ဟယ်အစီအစဉ်မဆို အပြောင်းအလဲ ရှိတာကို ခံ
မယ်'

ရိုက်ကာက တစ်ကိုယ်တည်း ပြောလိုက်သည်။

'အဲဒီတော့....'

ကိုရီက ရိုက်ကာ၏ စကားအဓိပ္ပာယ်ကို မစဉ်းစားနိုင်
စေ့စေ့ အကြည့်မျိုးနှင့် ကြည့်ရင်း မေးလိုက်သည်။

'အဲဒီတော့ ရှေ့မှာ အလားပိုင်တွေက သူတို့ရဲ့ရှေ
ကာကွယ်ဖို့ ခြေလှမ်းသစ်လှမ်းရင် ကျွန်တော်တို့ကလဲ
လှမ်းရမှာပဲ'



'ပြဿနာတွေ့ပြီလို့ ဆိုလိုတာလား'

ကိုရီက စိုးရိမ်ဟန်နှင့် မေးလိုက်သည်။

ရိုက်ကာက ကိုရီမျက်နှာကို ကွက်ခနဲ ကစ်ချက်ကြည့်သည်။
ကောက်ကျစ်စွာ ပြုံးလာသည်။

'ပြဿနာကြုံလုနီးပါး ဖြစ်သွားတာပဲ၊ ဒါပေမယ့် ရော်မက
ကျွန်တော်တို့ရဲ့ သတင်းပေးက ခြေလှမ်းသွက်တာ ကံကောင်းသွား
တယ် ဆိုရမယ်၊ ခုတော့လဲ ဘာဖြစ်သလဲ၊ ကျွန်တော်တို့ ချမ်း
သာမှာ ပိုမြန်တာပဲ ကွာတယ်'

'ဟုတ်ပြီ၊ ဘယ်လောက်မြန်မှာလဲ'

'သုံးရက်အတွင်းပဲ'

ရိုက်ကာ၏စကားကို ကြားလိုက်သည်နှင့် ဟင်နီဗင်လေးဖိ
တွင် ကြားသွားသောစကားကို ပြန်လည်အမှတ်ရမိသည်။ ဟင်
နီဗင်တို့ဘက်မှ အစီအစဉ် အပြောင်းအလဲကို ရိုက်ကာသိသွား
ပြီဟု ကိုရီသိလိုက်သည် သို့မဟုတ် အစီအစဉ် အပြောင်းအလဲ
ကို ရိုက်ကာသိအောင် ဟင်နီဗင်တို့ဘက်မှ တစ်နည်းနည်းဖြင့်
လှည့်ကွက်လုပ်၍ သတင်းပို့လိုက်ပြီဖြစ်မည်။

သို့သော် ကိုရီက ဟန်မပျက်ပင် ရိုက်ကာကို ပြောလိုက်
သည်။

'အဲတော့ကလေးတော့ အချိန်နည်းတယ်၊ ခင်ဗျားလျှာမှ
တွေက အဆင်သင့် ဖြစ်နိုင်ပါ့မလား'

'လျှာမန်တွေနဲ့ ပတ်သက်လို့ ခင်ဗျားချီးကျူးနိုင်လောက် တစ်ခု
ကတော့ သူတို့ရဲ့ လုပ်နိုင်စွမ်းရှိတယ်ဆိုတဲ့ အချက်ကိုပဲ၊ အခုလဲ

www.burmeseclassic.com

www.burmeseclassic.com



သူတို့ အဆင်သင့်ဖြစ်နေပါလိမ့်မယ်၊ အမြန်ဆုံး လုပ်နိုင်အောင် 'လိုအက်' ကို သူတို့မိဗို့ အချိန်နည်းသွားလေပဲ'

ရိုက်ကာက မပြောရင်း ကိုယ့်အခေတွးနှင့်ကိုယ် သဘောကျစွာ ရယ်လိုက်သည်။ ထို့နောက်မှ ရိုက်ကာက ပြောလိုက်သည်။

'ဘာမှ မပြောင်းလဲပါဘူးဗျ၊ လောယာဉ် အချိန်ကာလ အရင်အတိုင်းပါပဲ'

ရိုက်ကာက ဖုန်းကို ကောက်ကိုင်ကာ ခအော်ပရေတာကို ခေါ်သည်။ ကိုရိုကိုလည်း မီကန်နာကို လွှတ်လိုက်ရန်ပြောရင်း အလိမ္မာသုံးကာ နှင်ထုတ်လိုက်သည်။ တံခါးကို ပြန်အပိတ်လိုက်မှာပင် မှန်နှစ်ရှိ ဖုန်းနံပါတ်ဘစ်ခုအား ရိုက်ကာ လှမ်းတောင်းသံကို ကြားရသည်။

ကိုရိုမှာ ဘာနှီဒိကို ဥမ်ခံသောက်ရင်း ထိုညဦးပိုင်းကို အချိန်ဖြုန်းနေသည်။ ရိုက်ကာကမူ အစီအစဉ် အပြောင်းအလဲအတွက် ဖုန်းအနီးမှ မခွာ၊ ညဆယ်နာရီလောက်မှ အပြင်သို့ ခထာထွက်လာကာ စီကာခပ်များများကို ငှဲသောက်သည်။ ကိုရိုအား သံသယနှင့်ကြည့်ကာ မိုးဘက်သို့ မော့ပြလေသည်။

'ကျွန်တော်တို့ရဲ့ ဖျော်ရွှင်စရာကိစ္စကလေးတွေကို စိတ်ဝင်စားဘူးလို့တော့ မပြောနဲ့ ကိုရို'

ကိုရိုကို အဓိပ္ပါယ်စမ်းသလို ပြုံးရင်း ပြောလိုက်သည်

ကိုရိုက ပခုံးတွန့်လိုက်သည်။ ရိုက်ကာ၏အပြုံးကို မသိချင်ယောင်ဆောင်သည်။



'စောစောအိပ်မလားလို့ပါ'

'ကောင်းပါတယ်'

ရိုက်ကာက စီကာခွက်ထဲသို့ ဆိုဒါထည့်နေသည်။ ရှုံးရှုံးသည့် မျက်လုံးအစုံကမူ ကိုရိုထံမှ မခွာ။

'အင်း အရာဘက်ညာကလပ်က ဆွဲဆောင်မှုကလေးတွေကို ခင်ဗျား စိတ်ဝင်စားတာကတော့ သနားစရာပဲ'

ကိုရိုက ပြန်၍ သွားဖြဲပြသည်။

'ငရုတ်ကို ခင်ဗျား မအောင်နိုင်ပါဘူးဗျာ'

'ခင်ဗျားလဲ ဒီအတိုင်းပါပဲ'

သူတို့နှစ်ဦး ကိုယ့်အာဓိပ္ပာယ်နှင့်ကိုယ် ပြောနေကြသည်။ စကားဆုံးတော့ ရိုက်ကာက ရယ်လိုက်သည်။

ထိုစဉ်တွင် ဖုန်းကမြည်လာသည်။ မီကန်နာရောက်လာပြီး စာကြည့်ခန်းသို့ ခပ်သွက်သွက် ဝင်သွားသည်။ ရိုက်ကာက စီကာကို အနည်းငယ်မြည်းကြည့်သည်။ ခကျေနပ်သလို ခေါင်းတစ်ချက်ဆတ်၍ စာကြည့်ခန်းဆီသို့ လျှောက်သွားသည်။

သူမ စာကြည့်ခန်းဆီသို့မရောက်မီ အခန်းမှ မီကန်နာ ပေါ်လာသည်။

သူမက ရိုက်ကာအား စကားခပ်တိုးတိုးနှင့် ဒေသိကိုနှီမ့်ကာ ခပ်သွက်သွက်ပြောသည်။ ပြောရင်းနှင့် ကိုရိုအား နှုတ်ကြိမ်မျှ လှမ်းကြည့်သည်။ ရိုက်ကာ၏ စပ်ဖြဲဖြဲ မျက်နှာမှာ ဒေါသဖြင့် မည်းမှောင်နေသည်။ ထို့နောက် မီကန်နာ စကားတစ်ခွန်းပြောကာ စာကြည့်ခန်းထဲသို့ဝင်၍ တံခါးကို ဆောင့်ပိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုရီက သမ်းဝေကာ အရှန်ဒီကို လက်စသတ်လိုက်သည်။ မီကန်နာက ကိုရီအား အကဲခတ်နေသည်။ ကိုရီ မတ်တတ် ထရပ်သည်နှင့် ကိုရီထံသို့ မီကန်နာ လျှောက်လာကာ မေးသည်။

'အငြိမ်မထွက်တော့ဘူးနော် သေချာတယ်နော် ကိုရီ'

ကိုရီက သူမအား အံ့အားသင့်ဟန်နှင့် ကြည့်သည်။

'သေချာတာပေါ့၊ မင်းနဲ့ ဘာဆိုင်လို့လဲ၊ ဘာဖြစ်လို့လဲ'

ကိုရီက မီကန်နာအား ပြန်မေးလိုက်သည်။

'မဆိုင်ပါဘူး၊ ဒါပေမယ့် နင် စိတ်ပြောင်းသွားရင်တော့ ကျွန်မတို့ တစ်ယောက်ကို တစ်ယောက် အမြင်လဲ ပြောင်းသွားနိုင်တယ်'

ကိုရီက နားမလည်သလို အကြည့်မျိုးနှင့်သာ ကြည့်နေသေးသည်။

'ဘာဖြစ်လို့ အမြင်ပြောင်းသွားမှာလဲ'

သူမက ချက်ချင်းမဖြေ တွေဝေနေသေးသည်။

'ပြော် ဒီလိုပါ၊ ကျွန်မတို့ရဲ့ မိတ်ဆွေတွေအတွက် မနေ့က ကျွန်မ သတိပေးထားခဲ့တယ် မဟုတ်လား၊ ခုည မစ္စဒယ်ကာဆီကို သွားတွေ့ဦးမယ်ဆိုရင်တော့'

သူမက စကားကို အဆုံးမသတ်၊ ကိုရီက သဘောမပေါက်နိုင်သည့် အကြည့်မှဒေါသအကြည့် ပြောင်းသွားသည်။ စာကြည့်ခန်းဘက်သို့ တစ်ချက်ကြည့်ပြီး၊ သူမအား ပြန်ကြည့်သည်။ ပြီး...အံကိုကြိတ်ထားလိုက်သည်။



'ဘာဖြစ်လို့ သူ့ဆီကို ကျုပ်က သွားရမှာလဲ၊ ကပွဲပြီးရင် ဒီကို သူ ပြန်လာနေကျပဲ'

မီကန်နာ ခေါင်းညိတ်သည်။ ကိုရီ၏မျက်နှာကို သူမ အကဲခတ်သည်။ မည်သည့်အရာကို ဖုံးကွယ်ထားမှန်း အဖြေရှာမရ။ သူမက ကြိုးစား၍ အေးစက်စက် ပြုံးသည်။

'သူ ပြန်လာနေကျဆိုတာ ယုံပါတယ်၊ ကဲ ကောင်းသောညပါ မစ္စတာ ကိုရီ'

ကိုရီက သူမအား ဒေါသငွေ့နှင့်ကြည့်ကာ ထွက်လာသည်။ အပေါ်ထပ်ရှိ သူ၏အခန်းသို့ဘက်ရှိ လှေကားဆီသို့ သွားသည်။ သူ အပေါ်ရောက်သည်အထိ နောက်မှ ကြည့်နေမည်ကို မီကန်နာ၏လှုပ်ရှားသံကြောင့် ကိုရီသိလိုက်သည်။

ကိုရီက နောက်သို့ လှည့်မကြည့်။ အိမ်သို့ ဘူဆန်နီ ပြန်ရှု ငြင်းဆိုနေသည့် ကိစ္စ၏ နောက်ကွယ်တွင် သူ ရှိနေကြောင်း ၎င်းတို့ သံသယရှိပြီဆိုသည်ကို သူ ကောင်းစွာ သတိပြုမိသည်။ ကိစ္စမရှိ၊ ရိုက်ကာ အလုပ်များနေသည်။ မိန်းကလေး တစ်ယောက်အတွက်နှင့် ဆေးမစစ်ဆင်ရေးကို ရိုက်ကာ အပျက်ခံမည် မဟုတ်ဟု သူယုံသည်။

သူ အိပ်ခန်းထဲသို့ ရောက်လာသည်။

ခုတင်ပေါ်တွင် ကျောဆန့်လိုက်ကာ နာရီ နှိုးစက် မနက်တစ်နာရီ ပေးသည်။

အရုပ်ကလေးများနှင့် အခန်းမှ ဘူဆန်နီ၊ ရိုက်ကား အချိန်ရလျှင် သူမအပေါ်၌ နှိပ်စက်မည့် အကြောင်းကို တွေး၍ အားကိုးရာမဲ့ဖြစ်နေရှာမည့် ဘူဆန်နီ သူမအားသူကာကွယ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မည်လော စသည့် အတွေးများဖြင့် ကိုရီ အိပ်ပျော်သွားတော့သည်။

နှစ်ခြိုက်စွာ အိပ်စက် အနားယူခြင်းမျိုးတော့မဟုတ်၊ နာခံနိုးစက်သံကြောင့် ကိုရီ နိုးလာရသည်။ သူ ထင်ပတ်နာရီကိုကြည့်လိုက်သည်။ တစ်နာရီ တစ်မိနစ် ရှိမြဲဖြစ်နေကြောင်း တွေ့ရသည်။ ညဉ်သည်စွာဖြင့် လသာဆောင်ဆီသို့ ထွက်သွားသည်။

လသာဆောင်တွင်းသား အလင်းရောင် ဟူ၍လည်း မရှိ၊ အသံဟူ၍လည်း မရှိ၊ မှောင်မည်း တိတ်ဆိတ်မှုသာ လွှမ်းမိုးနေသည်။

သူ စိတ်တော့သွားသည်။ ဖိနပ်နှင့် ခြေအိတ်ကို ချွတ်၍ သူ၏လက်ဆွဲအိတ်ဆီသို့ သွားသည်။ လက်ဆွဲသေတ္တာ၏ အသုံးက အဟောင်းဖြစ်သည်။ နှစ်ပေါင်းများစွာ အသုံးပြုခဲ့သည့် နယ်ဖြစ်ရာ အစင်းရာများက ထင်နေသည်။ ကျိုးသွားဖြစ်မျိုး ရှိရာလည်း အကိ(ဖ)အီ-အိုင်က ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

သေတ္တာကို ဖွင့်ရန် အတွင်း ညာဘက်ထောင့်တစ်နေရာကို နှိပ်လိုက်သည်။ 'ကလစ်' ဟူသော အသံနှင့်အတူ ဘေးညာဘက်အတွင်းမှ အကာက ကွာကျလာသည်။ ရှည်ရှည်မျော့မျော အခန်းကလေးတစ်ခု ပေါ်လာသည်။ အထဲတွင် ဝါယာကြိုး ပတ် နိုင်လွန်ကြိုး အလုံးသေးသေးတစ်ခွေနှင့် လိုအပ်သော ပစ္စည်းအမြင် မည်သည့် အာမခံသေတ္တာ ဖောက်သမားမဆို သဘောကျမည့် ပစ္စည်းကိရိယာများ ရှိနေသည်။

ချိတ်အရှင်တွဲလျက် ကြိုးခွေနှင့် လိုအပ်သော တွဲကို ယူ၍ လသာဆောင်သို့ ကိုရီထွက်ခဲ့သည်။ ချိတ်ကို ကိုင်ဘွင် ချိတ်၍



အောက်သို့ လျှောဆင်းသည်။ တစ်မိနစ်မျှ ရပ်ကာ ငြိမ်၍ နားစွင့်ကြည့်သည်။ ထို့နောက် အိမ်တံခါးကိုဖွင့်၍ အတွင်းသို့ တိုးဝင်လိုက်သည်။

ကြမ်းပြင်း အိမ်အဝင်ဆောင်ငယ် ဖိနပ်မပါသော ခြေထောက်က အသံမထွက်၊ ကိုရီအိမ်တွင်း၌ တစ်ချက် အသာခပ်ရင်း ခေတ္တငြိမ်နေလိုက်သည်။ အသံဗလံများကို နားစွင့်ကြည့်သည်။ ထို့နောက် ရိုက်ကာ၏စာကြည့်ခန်းဆီသို့ လျှောက်သွား၏။

ကျိုအခန်းတံခါးသော့သည် ပြုလုပ်ရန်ရှိနိုင်သည်ကို သူ သိသည်။ ဆလင်ဒါပုံ သော့အိမ်က သော့ချက်ပြုဝဲရ၊ ဝါသနာစ်ဖက်ကို လှည့်ရသည်။ ဖွင့်ရန်ခက်ခဲသော သော့အမျိုးအစားတွင် တစ်ခုအပါအဝင် ဖြစ်သည်။ ငါးမိနစ်ကျော်ကျော် သူကြိုးစားမှ သော့ချက်ပွင့်သွားသည်။ တံခါးကို ဆွဲဖွင့်ကာ အတွင်းသို့ဝင်လိုက်၏။ တံခါးကိုပြန်ပိတ်ပြီးမှ မီးကို ဖွင့်သည်။

ရိုက်ကာသည် အလွန်သတိရှိသူ ဖြစ်သည်။ အံဆွဲများကို ပင် သေသေချာချာ သော့ခတ်ထားသည်။ သော့အိမ်များကို စေ့စေ့စပ်စပ်ကြည့်လိုက်သည်။ ထိုအရသော့ကိုသုံး၍ မရပြန်။ မီးခံသေတ္တာဖောက် ကိရိယာများကိုသုံး၍ ဆယ်မိနစ်မျှ ဖွင့်ရသည်။ အံဆွဲထဲတွင် သူလိုချင်သည့် အာမခံသေတ္တာသော့ကို အသေးစား ကက်ဆက်ကလေးနှင့် စာအိတ်ပုံအနှီးတွင် တွေ့သည်။

သော့ကိုယူလိုက်သည်။ ဒါကြောင့် ပန်းချီကားကြီးဆီသို့ ခပ်

www.burmeseclassic.com

www.burmeseclassic.com



သက်သက် လျှောက်သွားသည်။ ထို့နောက် ပန်းချီကားကို ဆွဲဖယ်လိုက်သည်။

တစ်အိမ်လုံးကား တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ လေအေးပေးစက် တစ်ချက်နှစ်ချက် လေပြင်းပြင်းတိုးသံတိုကိုသာ ကြားရသည်။ အာရုံအားလုံးကို စုစည်းကာ အသံကို နားထောင်ကြည့်သည်။ ထူးခြား၍ မသင်္ကာဖွယ်အသံကို ကြားရသည်နှင့် တုံ့ပြန်ရန် အသင့်ပြင်ထားသည်။

သူ့လက်ထဲတွင်ရှိသော သော့ဖြင့် အာမခံသေတ္တာကို ဖွင့်လိုက်သည်။ ကလစ်ခနဲ မြည်သံနှင့်အတူ သေတ္တာပွင့်သွားသည်။ ခေတ္တနားနေလိုက်ပြီးနောက် သေတ္တာတံခါးကို ဆွဲဖွင့်လိုက်သည်။ ထို့နောက် အာမခံသေတ္တာထဲမှ ဖိုင်တွဲများကို ထုတ်ယူလိုက်သည်။

ဖိုင်တွဲအားလုံးကို စားပွဲပေါ်သို့ ယူလာခဲ့သည်။ သူလိုချင်သော ဖိုင်တွဲကို ရှာလိုက်သည်။

သူလိုချင်သော ဖိုင်တွဲကို တွေ့သည်နှင့် ဖိုင်တွဲကိုလှန်ကာ စားပွဲတင်မီးအလင်းရောင်ဖြင့်ကြည့်သည်။ ထို့နောက် ဖိုင်တွဲပါ အချက်အလက်များကို ထိုစားပွဲတင်မီး အလင်းရောင်ဖြင့်ပင် ဓာတ်ပုံ ရိုက်ယူလိုက်သည်။ ၁၄ ပုံမျှ ရိုက်အပြီးတွင် ရောမ စစ်ဆင်ရေးအတွက် ပြည့်စုံပြီဖြစ်သည်။ သို့သော် လုံလောက်သော ဖလင်နှင့် အချိန်က ကျန်နေသေးသဖြင့် မက်(ခ)အတွက် အပိုဆုပေးရန် စိတ်ကူးမိသည်။ နယူးယော့၊ ပါရီနှင့်ဘေရွတ် စစ်ဆင်ရေးတို့ကို ဆက်ရိုက်သည်။ ယင်းတို့အပြီးတွင် ကင်မရာလေး၏ဖလင်က ကုန်သွားသည်။



စားပွဲတင်မီးကို ပိတ်လိုက်သည်။ ဖိုင်တွဲများကို အာမခံသေတ္တာဆီသို့ ပြန်ယူအလာမှာပင် အိမ်ရှေ့ တံခါး ဖွင့်သံ ကြားရသည်။ အသံများက ဆက်တိုက်ဆိုသလို ပေါ်လာသည်။ ရိုက်ကာ၊ ဘာရှုန်နှင့် အမျိုးသမီး တစ်ယောက်တို့၏ အသံကို သူကြားလိုက်ရသည်။

ကိုရီက တိုးတိုးကျိန်ဆဲပြီး မီးခံသေတ္တာထဲသို့ ဖိုင်တွဲများကို အလျင်အမြန် ပြန်ထည့်သည်။ မြန်မြန်ပိတ်ပြီး သော့ခတ်သည်။ သော့ကို အိတ်ထဲသို့သွားပြန်ထည့်သည်။ သူကြားလိုက်ရသော အသံများက အိမ်ထဲသို့ရောက်လာကြပြီဖြစ်သည်။ တံခါးအနီးရှိ မှောင်ရိပ်တွင်းသို့ ပြေးကပ်လိုက်သည်။ ကိုယ့်ရင်ခုန်သံကိုပင် ကိုယ်ကြားနေရသည်။

ထိုစဉ်တွင်...

အခန်းတံခါး ပွင့်လာသည်။ စားပွဲဆီသို့ ရိုက်ကာလျှောက်သွားသည်။ အလယ်အံဆွဲကိုသာ ရိုက်ကာဖွင့်လိုက်ပါက သော့ပွင့်နေကြောင်း သိတော့မည်။ ကိုရီ ရင်တထိတ်ထိတ် ခုန်နေမိသည်။ ထိုအဖြစ်ကို စိုးရိမ်ရင်း ကိုရီမှာ အာခေါင်များပင် ခြောက်သွေ့လာသည်။

စာကြည့်ခန်းတံခါးကို အဆုံးတွန်းဖွင့်ထားသဖြင့် တံခါးရွက်က ကိုရီကို ကွယ်ထားသလို ဖြစ်နေသည်။ ထို့အတွက်လည်း ရိုက်ကာ၏လှုပ်ရှားမှုများကို ကိုရီ မမြင်နိုင်ပြန်။ အသက်ချုပ်အောင့်ပြီး တံခါးရွက်အစွန်းသို့ သူ တိုးသွားလိုက်သည်။ တံခါးရွက်အစွန်းကို ကွယ်၍ ရိုက်ကာ၏ လှုပ်ရှားမှုကို ကိုရီ အကဲခတ်ကြည့်လိုက်သည်။

www.burmeseclassic.com

ရိုက်ကာက ဘောအံဆွဲကိုဖွင့်၍ စာအုပ်မည်းမည်းကလေး တစ်အုပ်ကို ထုတ်သည်။ ထိုစာအုပ်ကိုယူကာ ပြန်ထွက်သွားသည်။ ကိုရီနှင့် နှစ်ဦးအကြားမှ ဖြတ်သွားသည့်တိုင် ရိုက်ကာမှာ အခန်းပြင်ရှိ လူများကိုသာ အာရုံစိုက်နေရသဖြင့် ကိုရီ ရှိနေသည်ကို သတိပြုမိခြင်း မရှိပေ။

'ငါက မင်းကို အလကားနှိပ်စက်နေတယ် ထင်လို့လားကွ၊ ကလေးကစားသလို ငါ အလုပ်လုပ်နေတယ် ထင်လို့လား'

ရိုက်ကာက အခန်းအပြင်သို့ ထွက်သွားရင်း ဒေါသသံနှင့် မေးနေသည်။ လက်ထဲရှိ စာအုပ်ကလေးကို ဝှေ့ယမ်းပြသည်။ ဖြန့်ပြေသံ ကြားရသည်။ အသံကို ကြားလိုက်ရသည်နှင့် မည်သူမည်ဝါဟု ကိုရီသင်ထားသည်မှာ မှန်သွားကြောင်း သိလိုက်ရသည်။

'ကျွန်မက ဒီလိုပြောတာ မဟုတ်ပါဘူး'

စိုးရိမ်စွာဖြင့် အသံတိမ်မိန့်နှင့် ပြန်ဖြေလိုက်သူမှာ ဘူဆန်နီပင်ဖြစ်သည်။

ကိုရီက ကိုယ်ကိုရှေ့ရှပြန်သည်။ တံခါးရွက်ကြားမှချောင်းကြည့်လိုက်ပြန်သည်။ တုန်လှုပ်နေသည့် ဘူဆန်နီအား ရိုက်ကာက မျက်မှောင်ကြုတ်ကြည့်နေသည်ကို တွေ့ရသည်။ သူမကို မိုးရိပ်၍ လက်မောင်းအား ဆုပ်ကိုင်ထားသည်မှာ အရှုပ်ဖြစ်သည်။

ယမ်းတို့နှစ်ယောက်အကြားတွင် ဘူဆန်နီမှာ ယုန်သူငယ်ကလေးသဖွယ်ဖြစ်နေရှာသည်။ မျက်နှာက သွေးဆုတ်၍ ချက်ချင်းပင် ဒုံးဒုံးလဲကျသွားမယောင် ရှိနေသည်။ စာအုပ်ကလေးမှ စာမျက်နှာကိုများပွတ်သပ်၍ ဖွင့်ချည် ပိတ်ချည် လုပ်နေရာမှ ရိုက်ကာက စာအုပ်တစ်နေရာသို့ လှန်၍ လက်ပြလိုက်သည်။



'ဟားမိုးဒယ်လာ အသက် (၂၇) နှစ်၊ ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် လက်နက်ကိုင်ပုန်ကန်မှုကို ကျူးလွန်၊ အိုဇာဘလီ အကျဉ်းထောင်တွင် တရားရိုး၊ ၁၉၇၄ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် အပြစ်ဒဏ် ၁၀ နှစ်ကျခံရန် အမိန့်ချသည်။ စမ်း ၃) စကရမ်ဆောင်၏ အဆောင်၏ အမှတ် ၁၂ အခန်းအမှတ် ၂၄၃ တွင် အပြစ်ဒဏ် အကျခံလျက်ရှိသည်။'

ရိုက်ကာက စာအုပ်ကို သူမ နှာခေါင်းအောက်သို့ ထိုးပြလိုက်သည်။ သူမတွန့်ခနဲ နောက်ဆုတ်မိသည်။

'ကဲ တွေ့ပြီလား၊ ငါ ဘာမှလုပ်မထားဘူးဆိုရင် ဒီလို သတင်းမျိုး ရထားနိုင်ပါ့မလား'

ဘူဆန်နီက တစ်ခွန်းမျှ ပြန်မပြောဘဲ ခေါင်းသာ ခါရှာသည်။

'ဒါဆိုရင် ကောင်းပြီ'

ရိုက်ကာက စာအုပ်ကို ကုတ်အင်္ကျီအိတ်ထဲ ပြန်ထည့်သည်။

'မင်းတစ်ခုသော ကောင်းကောင်း သတိထားပါ၊ ငါ့ကို နောက်တစ်ကြိမ် အနှောင့်အယှက်ပေးမယ်ဆိုရင် ဒီစာမျက်နှာကို ဆုတ်ပစ်လိုက်မယ်၊ မင်းအစ်ကိုအကြောင်းကို ခေါင်းထဲက ဖျောက်ပစ်လိုက်ပြီဆိုတဲ့ သဘောပဲ၊ ရှင်းတယ်နော်'

ရိုက်ကာက ဒေါနှင့် မောနှင့် ပြောလိုက်သည်။

ဘူဆန်နီက မျက်နှာမျက်မျက်နှင့် ခေါင်း ညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ကာက ဘာရှုနိုအား ကြည့်သည်။ ဘာရှုနိုက ဘူဆန်နီ
လက်မောင်းကိုကိုင်ထားသော လက်ကိုရုပ်၍ နောက်ဆုတ်
ရုပ်လိုက်သည်။

သူမက လက်မောင်းကို ခပ်ဖွဖွပွတ်ရင်း မြူးလျော်သော
မျက်နှာနှင့် ရိုက်ကာကိုသာ စိုက်ကြည့်နေသည်။ အမိန့်
နာခံရန် အသင့်စောင့်နေပုံမျိုး ဖြစ်သည်။ ရိုက်ကာက
တိုးရုပ်လိုက်သည်။ မျက်နှာတွင် ဒေါသရိပ်မရှိတော့ စိတ်
မမှန်သည့် အသွင်မျိုး ဖြစ်လာသည်၊ သူဘူဆန်နီကိုပြုံးကြ
လိုက်သည်။

'မင်းဟာ မိန်းမဆိုးကလေး မဟုတ်လား ဘူဆန်နီ'

ရိုက်ကာ၏ လေသံက တိုးညင်းနေသည်။

'ဟုတ်ပါတယ်ရှင်'

ဘူဆန်နီ၏ ပြန်ဖြေသံကလည်း တိုးတိုးညင်းညင်းမပ် ဖြ
သည်။

'မိန်းမဆိုးလေးတွေကို ရိုဒေသကျိုးနွံအောင် ဆုံးမပေး
တယ် မဟုတ်လား'

'ဟုတ်ကဲ့'

ဘူဆန်နီက အလိုက်သင့် ပြန်ဖြေနေသည်။

'ဘယ်လိုဆုံးမရတာမျိုးလဲ၊ သူတို့ကို ဘယ်လိုဆုံးမရသလ

ဘူဆန်နီ၏ ပြန်ပြောသံမှာ တိုးလွန်းလှသည်။ ကိုရီ ကြ
မိရုံသာ ရှိသည်။

'အပြစ်ပေးပြီး ဆုံးမရပါတယ်'



ရိုက်ကာက ခပ်တိုးတိုးရယ်၍ လေကားဆီသို့ လှမ်းညိုးထိုး
ပြသည်။

'ဒါဆိုရင်လဲ အသင့်သွားပြင်ထားရင် ကောင်းမယ်'

ဘူဆန်နီ ထိုနေရာမှ လှည့်ထွက်သွားသည်။

သူမ ထွက်သွားပုံကို ဒေါသနှင့် အလိုမကျနိုင်မှုတို့ကို ရော
ယှက်ကာ ကိုရီ ကြည့်နေရသည်။ အာရုံကြောအားလုံးတို့က
သူ့အား ဤကိစ္စကို ဝင်ရောက်တားဆီးရန် ထိရောက်သော
လုပ်ဆောင်ချက်တစ်ခုကို လုပ်ရန်-ရိုက်ကာ၏ လည်ပင်းကို
ညှစ်၍ ရိုက်ပစ်ရန် တောင်းဆိုလျက်ရှိသည်။ မဖြစ်နိုင်သေးပါ။
သူ၏ ပူလောင်ပြင်းပြနေသောစိတ်ကို ချုပ်တည်းလိုက်ရသည်။

ဘူဆန်နီအတွက် သူ၏ အရေးခြုံအဖြစ်ကို လှစ်ဟ၍ မပြနိုင်
သေးပါ။

ဘူဆန်နီ ထွက်သွားပြီးနောက် ရိုက်ကာနှင့် ဘာရှုနိုသာ ထို
နေရာတွင် ကျန်ခဲ့သည်။

ရိုက်ကာက ဘာရှုနိုအား မက်သီဘာဝ်အကြောင်းကိုမေးသည်။
၎င်းတို့နှစ်ဦး၏ပြောစကားအရ ဖလယာဥ်မှူးကြီး ပြန်မရောက်
သေးသည်ကို ကိုရီ သိရသည်။ မက်သီဘာဝ် ပြန်မရောက်သေး
ကြောင်း သိသည်နှင့် ရိုက်ကာမှာ ဒေါသထွက်လာသည်။

မက်သီဘာဝ်သာ ဆေးကြောင်လာလျှင်တော့ ဆုံးမရမည်ဟု
ရိုက်ကာက ပြောလိုက်သည်။

ထို့နောက် ရိုက်ကာနှင့် ဘာရှုနိုတို့က မီးပိတ်၍ အိမ်ရှေ့
တံခါးပေါက်ဆီသို့ ထွက်သွားကြသည်။ ကိုရီမှာ ယခုမှပင် လက်
ပြင်းချ၍ စိတ်သက်သာရာ ရမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ထွက်သွားသည်နှင့် ကိုရီမှာ စားပွဲဆီသို့ခပ်သွက်သွက် ပြန်သွားကာ မောက်တွင်းခရီး ကိုရိယာများဖြင့် အံဆွဲကို သော့ခတ်သည်။ ထို့နောက် တံခါးဆီသို့ပြန်လာသည်။ ရိုက်ကာနှင့် ဘ ျူနိုမှာ စကားပြောနေကြ သေးသည်။ အတန်ကြာမှ နှုတ်ဆက်၍ အပေါ်ထပ်သို့ တက်သွားသည်။

အခုမှပင် အခြေအနေအားလုံးအတွက် ကိုရီ စိတ်ချသွားရသည်။ ယနေ့သအတွက် သူ၏လှုပ်ရှားမှုကို မည်သူမျှမရိပ်မိကြကြောင်း သိရ၍ စမ်းသာသွားသည်။ မက်(ခ) ကတော့ သူ၏သုပ်ရပ်ကို ကျေနပ်နေပေလိမ့်မည်။ ရိုက်ကာ၏အစီအစဉ်ပုံစံ ဟူကိုသာ မက်(ခ) လေ လာမိလျှင် မက်(ခ) မည်ကဲ့သို့ ပြန်မည်ကို ကိုရီ စိတ်ကူးကြည့်သည်။

ပြီးနောက် တိုးတိုးကလေး လေတချက်ချွန်ကာ စာကြည့်ခန်းမှ အပြင်သို့ ထွက်သည်။ လသာဆောင်ရှိရာသို့ ဧည့်ခန်းအတိုင်း ဖြတ်လျှောက်သွားသည်။ သူ အခန်း တစ်ဝက်မျှ အရောက်တွင် ဖုန်းက မြည်လာသည်။ သူ့ခြေလှမ်းများကို ဆတ်ခနဲ ရပ်လိုက်မိသည်။ လသာဆောင်သို့ ပြေးရမည်လော၊ တံခါးနောက်ကွယ်သို့ ပြေးကြရမည်လောဟု စဉ်းစားလိုက်သည်။

အိမ်ရှေ့အခင်းဆောင်မှ ဘရူနို၏ခြေသံလေးလေးကို ကြားနေရသည်။

အပေါ်ထပ်မှ ရိုက်ကာ၏ အော်မေးသံကပါ ထွက်ပေါ်လာသည်။



လသာဆောင်ဘက်သို့ ကိုရီပြေးသည်။ တံခါးကို ဆတ်ခနဲ ဖွင့်၍ အပြင်သို့ ထိုးထွက်သည်။ တံခါးပြန်ပိတ်လိုက်စဉ်မှာပင် အခန်းမီးလင်းသွားသည်။ ဘရူနိုက စာကြည့်ခန်းဆီ ဆက်သွားသည်။ တံခါးပေါက်အနီးသို့အရောက် နောက်မှ ရိုက်ကာ ဝင်လိုက်လာ၍ ရယ်နေသည်။

နှစ်ယောက်သား စာကြည့်ခန်းထဲ ဝင်သွားကာမှ ကိုရီက ကြိုးဆွဲ၍ အပေါ်သို့တက်သည်။ အပေါ်သို့ရောက်လျှင် ကြိုးကို ဆွဲတင်၍ သိမ်းလိုက်သည်။ နံရံကိုမှီ၍ စိတ်ကိုလျှော့ကာ ညဉ့်၏ လေပြည်လေညင်း အထိအတွေ့ကို ခံစားနေလိုက်သည်။

သူ အခန်းထဲသို့ပြန်ဝင်လာကာ အဝတ်အစား ချွတ်သည်။ ကြိုး၊ သော့တွဲ၊ ကင်မရာတို့ကို သေတ္တာအတွင်းရှိ လျှို့ဝှက်အံ တွင် သိမ်းသည်။ အောက်မှ လှုပ်ရှားသံများကို ကြားနေရသည်။ ရိုက်ကာက အပေါ်ထပ်ရှိ မီကန်နာကို အော်ခေါ်သည်။ ထို့နောက် အိမ်ရှေ့တံခါး ဆောင့်ပိတ်သံကို ကြားရသည်။

မကြာမီမှာပင် အပြင်ဘက် ကားဂိုဒေါင်မှ ကားစက်နှိုးသံ ထွက်ပေါ်လာသည်။ ကိုရီက အိပ်ရာပေါ်တက်လှဲရင်း ဤသို့ ကသုတ်ကယက်ဖြစ်ရန် ဖန်တီးလိုက်သူအပေါ် ကျေးဇူးတင်နေမိသည်။ ပြဿနာကမူ မက်သီဘင် ဖြစ်နိုင်သည်။ ဆေးခြောက်ရှူရင်း တစ်နေရာရာတွင်ပြဿနာပေါ်နေပြီလားမသိ။ ရိုက်ကာ၏ ငွေကိုသုံးကာ ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော်ဖြစ်ကြောင်း ပြခဲ့ပြီလားမသိ။ အနည်းဆုံးတော့ လူနှစ်ယောက် အိပ်ရေးပျက်ရန် ဖန်တီးခဲ့ပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မယ်သီဘာဝ်အား နေ့ခက်တစ်နေ့ တွေ့လျှင်တော့ ကျေးဇူးတင်သည့်အနေဖြင့် ဖော်ဖော်ရွှေရွှေ ဆက်ဆံလိုက်ဦးမည်ဟု ကိုရီ တွေးကာ အိပ်ပျော်သွားလေတော့သည်။

:

## အခန်း (သုံး)

ဘူဆန်နီအား ဆီးဘာရစ်က ရက်စက်စွာ နှိပ်စက်နေပုံကို ရိုက်ကာ၊ ဝါနာ၊ မီကာန်နာနှင့် ဘရူနီတို့ဝိုင်းကြည့်နေကြောင်း အိပ်မက်ဆိုးနှင့် ကိုရ အိပ်ရာမှလန့်နိုးလာသည်။

သူ လက်ပတ်နာရီကို ကြည့်လိုက်သည်။ မနက် ၄ နာရီသာ ရှိသေးသည်။ အိပ်မက်ကြောင့် လှုပ်ရှားရသော စိတ်နှလုံးကို အား တည်ငြိမ်စေရန် ငြိမ်၍ လှဲနေလိုက်သည်။ ဘူဆန်နီ၏ အော်သံကို သူကြားယောင်နေဆဲ ရှိသေးသည်။

အသံကျယ်ကျယ်နှင့် အော်ဟစ်လိုက်ပုံက တစ်အိမ်လုံး ပဲ့တင်ထပ်သွားသလား ထင်မှတ်ရလောက်သည်။ မဟုတ်သေး၊ အသံက ဘူဆန်နီ၏အသံ မဟုတ်။ အသံက ပို၍ကြီး၍ ကျယ်

www.burmeseclassic.com



ယောဝင်သည်။ ယောကျ်ားတစ်ယောက်၏အသံမျိုး ဖြစ်သည်။ အိပ်ချင်စိတ်က လွှမ်းမိုးလာစဉ်မှာပင် ထိုအသံကို သူကြားဖူးကြောင်း အသိစိတ်က လှုံ့ဆော်လျက်ရှိသည်။

သူ ပြန်အိပ်ပျော်သွားသည်။

နောက်တစ်ကြိမ် အိပ်ရာမှနိုးလာချိန်မှာ ကိုးနာရီထိုးနေပြီဖြစ်သည်။ အခန်းထဲသို့ နေပူရှိန်ကတိုးဝင်လျက်ရှိသည်။ ခုတင်ပေါ်မှဆင်း၍ ရေချိုးခန်းသွားရာလမ်းရှိ ပြတင်းပေါက်များကို ဖွင့်သည်။ ညက အိပ်မက်ကိုမေ့နေပြီဖြစ်သော်လည်း အော်သံကိုတော့ သတိရနေဆဲပင်ရှိသေးသည်။

ထိုအသံမှာ သူကြားဖူးသော အသံဖြစ်သည်ကတော့ သေချာသည်။ မည်သူ့၏အသံ ဖြစ်သည်ကိုမူ သူ မဝေခွဲနိုင် ရှိနေသည်။

ဦးနှောက်၏အသိထောင့်တစ်နေရာတွင် ထိုအသံကစွဲနေဆဲမှုဖြစ်သည်။ သို့သော် စိတ်မသက်သာစွာဖြင့် ထိုအကြောင်းကို သူ ဖယ်ထုတ်လိုက်သည်။ သူသည် အိပ်မက် မက်ခဲ့သူ တစ်ယောက်ဖြစ်သည်။ သူ ညက ကြားရသောအသံမှာ အိပ်မက်မှ ထွက်ပေါ်လေစဟု သူ သံသယဝင်နေသည်။

သူ အိပ်မက်ဆိုးနှင့်လန့်နိုးဖူးသော နောက်ဆုံးအကြိမ်မှာ လွန်ခဲ့သော လေးနှစ်ခန့်က ဖြစ်သည်။

ရေနွေးထဲတွင်စိမ်ရင်း ထိုဝေဒနာကိုခံစားခဲ့ရစဉ်က သက်သာမှု ပြေပျောက်ခဲ့ပုံကို တွေးမိသည်။ ကနေဒီလုပ်ကြံခံရပြီး နောက်တစ်နှစ် ဒါးလက်(စ)မြို့တွင် အမုန်းတရားနှင့် အပြစ်တရားတို့ကို ရောယှက်ပြီး သူ ခံစားခဲ့ရသည်။ ဂျက်ရူဘီနှင့်



ကနေဒီ လုပ်ကြံမှုက အစပြုတ်သွားသည့်တိုင်အောင် ထိုအချိန်က စုံစမ်းစစ်ဆေးရေး များစွာကျန်နေသေးချိန် ဖြစ်သည်။ ကောလာဟလများ၊ တန်ပြန် ကောလာဟလများ ပြည့်လျှံနေချိန်လည်းဖြစ်သည်။ ပစ်ခတ်မှု၊ သတ်ဖြတ်မှုများက ဂုမရသည့် ရောဂါဆိုးတစ်ခုနှယ် ဒါးလက်(စ)မြို့အားလွှမ်းခြုံထားသည်။

ထိုကိစ္စမှာ ကနေဒီလုပ်ကြံခံရမှုနှင့် သက်ဆိုင်နေသလော၊ တက္ကဆက်ပြည်နယ်၏သဘာဝအတိုင်း ပစ်ခတ်မှုများ ထုံးစံပင်ဖြစ်နေသလောဟု အဖြေရှာရန် ကိုရီအား တာဝန်ပေးခဲ့သည်။

တက္ကဆက်ပြည်နယ်သို့ သွားရောက်ကာ ထိုကိစ္စအားစုံစမ်းစစ်ဆေးခဲ့သည်။ ထိုအချိန်မှာပင် ပေါလာနှင့် ကိုရီတို့ ဆုံမိကြသည်။

ရှင်ပျသောမျက်နှာ ကြည်လင်သော မျက်ဝန်းပြာပြာနှင့် ရွှေရောင်ဆံပင် ပိုနီရှင်မလေးပေါလာမှာ သူနှင့်တွေ့ဆုံစဉ်က အသက်(၂၄)နှစ်မျှသာ ရှိသေးသည်။ ဘဝရည်မှန်းချက်တို့နှင့် ပြည့်စုံနေပြီး ဘဝကြောင်ဖော်ရှာနေသည့်အချိန် ဖြစ်သည်။ ထိုအချိန်မှာပင် ပေါလာနှင့် ကိုရီတို့ဆုံမိကြသည်။

တွေ့ဆုံချစ်ကြိုက်ပြီး တစ်နှစ်မျှ မပြည့်မီမှာပင် သူတို့လက်ထပ်လိုက်ကြသည်။ လက်ထပ်ပြီးနောက် ဝါရှင်တန်ရှိတိုက်ခန်းတွင် သူမ မနေလိုဟုဆိုလာသည်။ ထို့ကြောင့် ဒါးလက်(စ) တစ်လတာ ပြန်နေကြသည်။ တစ်နေ့ သူ အလုပ်သွားနေစဉ် ပေါလာ အပြင်ထွက်လည်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကားစက်နှိုးလိုက်သည်နှင့် ဗုံးပေါက်ကွဲကာ သူမကိုယ်မှာ အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားခဲ့သည်။

ယင်းဗုံးမှာ ကိုရီအား ရည်ရွယ်ခဲ့ခြင်း ဖြစ်သည်။ ထိုအဖြစ်အပျက်၏ တုန်လှုပ်မှုနှင့် ကြေကွဲမှုမှာ ကိုရီအား နှစ်အတန်ကြာမျှ အောက်တည်ရာမရ ဖြစ်စေခဲ့သည်။ သူ၏ သွေးအေးအေးမှု ဆီးမှုများက ထိုကရုဏာခံများအပေါ် ကျရောက်ခဲ့သည်။ တစ်မြို့လုံး အုတ်အော် သောင်းတင်းဖြစ်အောင် သူ လက်စားချေခဲ့သည်။ ထို့အတွက် သူ့တာဝန်မှ ဖယ်ရှားခံရသည်။

ထို့နောက် သူ၏တို့ ပြန်မှုအတွက် လျှို့ဝှက်နေရာပေးလာသူမှာ မက်(ခ)ဝါလာပင် ဖြစ်သည်။

သူ အတွေးစများကို ဖြတ်လိုက်သည်။ ပြီးနောက် ရေချိုးဇလုံအတွင်းမှ ထွက်လိုက်သည်။ တစ်ကိုယ်လုံးကို မျက်နှာသုတ်ပဝါနှင့် မှန်သပ်ရှင်း စိတ်ကိုထိန်းရသည်။ အတိတ်၏အရိပ်နှင့် အိပ်မက်ဆိုးများကို အတင်းဖျောက်ရသည်။ သို့နောက် အင်္ကျီနှင့် ဘောင်းဘီရှည်၊ ကျွဲချစ် ဖိနပ်တို့ကိုသာ ဝတ်ဆင်ကာ အေးမြသည့် ထမင်းစားခန်းရှိရာသို့ ဆင်းလာခဲ့သည်။

မဟော်ဂနီ စားပွဲရှည်ကြီး၏ ထိပ်တွင် မက်သီဘင် တစ်ယောက်တည်းသာ ထိုင်နေသည်။ သူ၏မျက်နှာက ပုဖောင်းဖောင်း၊ မျက်လုံးတို့က နီရဲရဲနှင့် ဖြစ်သည့် ကော်ဖီခွက်ကြီးကြီး တစ်လုံးကိုသာ ကိုင်ထားသည်။

ကိုရီက မက်သီဘင်ဘေးတွင် ဝင်ထိုင်ပြီး ကော်ဖီငှဲ့သည်။



မုန့်ကိုယူပြီးမှ မက်သီဘင်က မျက်လုံးမြူးရွှဲသာ သူ့ကိုလှည့်ကြည့်သည်။

'ခင်ဗျားပုံက အတော်ဆိုးနေပြီပဲ'

ကိုရီက ပြောလိုက်သည်။

'ခေါက်သွားစမ်းပါ'

မက်သီဘင် ဘာမျှ ဂရုစိုက်ပုံနှင့် ပြန်ပြောသဖြင့် ကိုရီ ပြုံးမိသည်။

'ခင်ဗျား အိပ်ရာထဲလှဲနေမှကောင်းမယ်'

'ဟုတ်တာပေါ့၊ ဒါပေမယ့် နေ့လယ်စာအမီ ဒါနာမြန်ရောက်လာလိမ့်မယ်လို့ ပါနာက ပြောထားတယ်'

'ဗျာ... ဒီပုံပိစိမျိုးနဲ့ဆိုရင်တော့ မြေးလမ်းပေါ်ကို ခင်ဗျား ဆင်းနိုင်ရင် ကံကောင်းတယ်လို့ ယူဆရမှာပဲ'

မက်သီဘင်၏ မျက်နှာက ဒေါသရိပ် ယှက်သန်းသွားသည်။

'ဒီမှာ သူငယ်ချင်း၊ ကျုပ်က သောက်ရူးတတ်(စ)ကား မောင်းသမား မဟုတ်ဘူးဗျ၊ ဒါမျိုးတွေ ရိုးနေပြီ'

မက်သီဘင်က ဒေါသတကြီး ပြန်ပြောသည်။

ကိုရီက ပခုံးတွန့်လိုက်သည်။

'ဒါဆိုလေ ကျွန်တော် အပူမှာ မပါဘဲ ခင်ဗျားတာတာ နတ်သမီးလေးတွေဆီ သွားပြီး အဆင်မပြေလို့မြို့ လာခဲ့တဲ့ ရှာတစ်ယောက်ကိုတော့ ရိုက်ကာ သတော့ပေါက်မှကောင်းမယ်'

မက်သီဘင် ကော်ဖီနှင့် ပက်လိုက်တော့မည်လို့ ကိုရီထင်မိလိုက်သည်။ သို့သော် မက်သီဘင်၏ မျက်နှာတွင် ဒေါသရိပ်က

www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားသည်။ တဖြည်းဖြည်း ရယ်လာသည်။ စိတ်ညစ်သည်များ လွင့်ပြယ်သွားသည်ဟု ထင်ရသည်။

'သိပ်ရယ်ရတယ်ဗျ၊ ခင်ဗျား ကျွန်တော်တို့နဲ့ မနက်စာအတူတူ ခေါ်ခေါ်လာစားဖို့ ကောင်းတယ်'

မက်သီဘင်က ပြောရင်း ရယ်နေပြန်သည်။ အတော်ပင် စိတ်ရှင်လန်းပုံရသည်။

'အဲဒီကို ခင်ဗျားရောက်သင့်တယ်ဗျ၊ ပျော်စရာကြီးပဲ'

မက်သီဘင်က မနေ့ညက သူသွားခဲ့သောနေရာကို ရည်ရွယ်၍ ပြောနေခြင်းဖြစ်သည်။

ပြောရင်းက မက်သီဘင်က ရယ်နေပြန်ရာ ကိုရီက သည်းခံပြီး စောင့်နေရသည်။

'ခင်ဗျားကို လာခေါ်တော့ ရိုက်ကာ အတော့်ကို ဒေါသပုန်ထနေတာ'

မက်သီဘင်က အရယ်ချပ်၍ ကိုရီအား အံ့အားသင့်စွာဖြင့် ကြည့်သည်။

'ဘာဗျ၊ ရိုက်ကာက လိုက်ခေါ်တယ်ဟုတ်လား၊ မဟုတ်သေးပါဘူး သူငယ်ချင်းရယ်၊ ကိုယ်တစ်ယောက်တည်း ပြန်လာတာပေါ့၊ တွေ့ဖူးသမျှထဲမှာတော့ အညံ့ဆုံးဆေးကို သုံးခဲ့ရတာပဲ ခွေးမသားတွေက ဘိန်းဆီသုတ်ထားပုံရတယ်'

မက်သီဘင်က ပြန်ဖြေလိုက်ခြင်းဖြစ်သည်။

'ဒါဆိုရင် ကျွန်တော်မှားသွားပြီ၊ မနက်နှစ်နာရီကြီး အိမ်ကထွက်သွားတော့ ခင်ဗျားကြောင့်လို့ ထင်နေတာ'



'ကျွန်တော့်ကြောင့် မဟုတ်ပါဘူး၊ ဒါပေမယ့် အဘော်သားတော့ ထူးဆန်းတယ်၊ ဝါနာကို သွားခေါ်ဖို့ မီကာနိနာက ကျွန်တော့်ဆီကို ဖုန်းလာတယ်၊ ရိုက်ကာနဲ့ တွေ့ချင်တယ်ဆိုတော့ မအားဘူးလို့ပဲပြောတယ်'

ကိုရီက မယူခြားသလို ပခုံးတွန့်ပြီး စကားလမ်းကြောင်းပြောင်းသည်။ မက်သီဘင် ကော်ဖီသောက်ပြီး ထွက်သွားချိန်ထိ ဟိုဟိုဒီဒီစကားများကိုသာ ပြောနေခဲ့သည်။

မကြာမီ မီကာနိနာရောက်လာသည်။ ရိုက်ကာအား မတွေ့ရ၍ မေးကြည့်သောအခါ သူမ မျက်နှာထား ပြောင်းသွားသည်။

'ညနေအထိ မစ္စတာ ရိုက်ကာ အလုပ်များနေလိမ့်မယ်၊ အရေးကြီးတယ်ဆိုရင်တော့ သူ့ဆီကို ကျွန်မ အကြောင်းကြားပေးပါမယ်'

'ကိစ္စမရှိပါဘူး'

ကိုရီက ပြောရင်း အပေါ်ထပ်သို့ ပြန်တက်ခဲ့သည်။ ရိုက်ကာ၏ အခန်းသို့သွားသော ကြိုလမ်း၌ ခြေလှမ်းတွန့်သွားသည်။ ထိုအခန်းထဲတွင် ဘူဆန်နီရှိပေလိမ့်မည်။ ရိုက်ကာမပါ ရှိနိုင်သည်။ ဤကိစ္စသည် သူနှင့်မဆိုင်။ လောလောဆယ်တော့ သူနှင့် မဆိုင်သေး၊ အခုအရေးကြီးသည်က ရောမ စစ်ဆင်ရေးကိစ္စဖြစ်သည်။ စစ်ဆင်ရေးသည် ၄၈ နာရီပင်မလိုတော့။

အခန်းထဲသို့ ရောက်သည့်အခါ ကင်မရာထဲမှ ဖလင်ကိုထုတ်သည်။ အပေါ်အင်္ကျီအိတ်ထဲထည့်ပြီး အောက်ပြန်ဆင်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့တံခါးသို့ သူ လျှောက်သွားစဉ် မီကန်နှာ ရောက်လာသည်။

'နေ့လယ်စာကို တစ်နာရီမှာ စားပါလိမ့်မယ်'

မီကန်နှာက ကိုရီကို ပြောလိုက်သည်။ သူမ၏ လေသံက မနွေးထွေးလှပါ။ အသက်မပါသလို ပြောလိုက်ခြင်း ဖြစ်သည်။

'အချိန်မီ ပြန်ရောက်လာမှာပါ'

ကိုရီက ပြောရင်း အပြင်သို့ ထွက်လိုက်သည်။

သူမက ကိုရီထွက်သွားသည်ကို မမှိတ်မသုန်ကြည့်နေသည်။ တံခါးပိတ်သည်နှင့် ဖုန်းရှိရာသို့သွားသည်။ အိမ်တွင်းပြောဖုန်းခလုတ်ကိုနှိပ်လိုက်သည်။ တစ်ဖက်မှ ရိုက်ကာ၏အသံကို ကြားသည်နှင့် သတင်းပို့သည်။

'အမေရိကန်ကို ထွက်သွားပြီ၊ မက်သီဘင်ကောပဲ'

'ကောင်မလေးကော'

'အိပ်နေတုန်းပဲ၊ အောက်ထပ်ကို ဆင်းလာလိမ့်မယ်လို့ မထင်ဘူး'

'ကောင်းတယ်၊ မင်း တို့ဆီကိုလာခဲ့ရင် ကောင်းမယ်'

ရိုက်ကာက ပြောပြီး ဖုန်းချသွားသည်။

သူမကလည်း ဖုန်းကိုချ၍ ဧည့်ခန်းဆောင်ကိုဖြတ်ကာ စာကြည့်ခန်းထဲသို့ဝင်သည်။ အတွင်းတွင်ကား မည်သူမျှမရှိ။

သူမက တံခါးကိုပိတ်၍ ဘယ်ဖက်ထိပ် နံရံရှိ စာအုပ်စင်သို့သွားသည်။ သေနတ်ပစ်ခန်းသို့ဆင်းရာ လှေကားပေါ်လာမည့် ခလုတ်ကို နှိပ်သည်။ အောက်ခန်း၌ နာကျင်၍ ညည်းတွားသံ အော်ဟစ်သံကို ရုတ်ခြည်း ကြားလိုက်ရသည်။



သူမကရပ်ကာ အသံကို နားစွင့်လိုက်သည်။ မျက်လုံးများက တောက်ပြောင်လာသည်။ အသံက ထပ်ဖန်ပေါ်လာပြန်သည်။ တိရစ္ဆာန်တစ်ကောင်၏ နာကျင်စွာ အော်ဟစ်လိုက်သော အသံမျိုးဖြစ်သည်။ သူမပြုံး၍ အောက်သို့ ဆင်းသွားသည်။ နောက်မှ စာအုပ်စင်က တိတ်ဆိတ်စွာ ပြန်ပိတ်သွားသည်။

* *

ကိုရီက မြို့ဟောင်းထဲတွင် အတန်ကြာ လျှောက်သွားနေသည်။ မကြာခဏ ဆိုင်ပြတင်းပေါက်တို့တွင် ရပ်ကာ နောက်သို့ အကဲခတ်သည်။ လမ်းကြိုလမ်းကြားများ ကြားတွင် ဤပုံစံအတိုင်း တစ်နာရီမျှကြာအောင် လျှောက်သွားအပြီး၌ သူ့နောက်က နောက်ယောင်ခံလိုက်သူမရှိကြောင်း သေချာသွားသည်။

'ကာဘက်'လမ်းအတိုင်း ပြန်လှည့်ကာ မြို့သစ်ဘက်သို့ကူးသည်။ ပြင်သစ်ပုံစံ ရင်ပြင်များ၊ သစ်ပင်ရှိသည့် ကွက်လပ်များသို့ ရောက်လာသည်။ လူသွားလူလာများ ကျဲပါးသည်။ တစ်ယောက်စ နှစ်ယောက်စဆိုသလို ဟိုဒီတွင် လျှောက်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်ကို တွေ့ရသည်မှလွဲ၍ လူများများစားစား မတွေ့ ချီနေပေါ်ရာ ရင်ပြင်ကို ဖြတ်၍ ကျက်လပ်ကလေးတစ်ခုသို့ သ သွားပြန်သည်။ ထိုနေရာတွင် အများသုံးတယ်လီဖုန်းရုံကလေ များရှိကြောင်း သူ သိထားသည်။

သူ့ ကိုယ်သူ ကာကွယ်သည့်အနေဖြင့် လမ်းဘေးကော်ဖီ အနီးတွင်ရပ်ကာ မှန်မှတဆင့် နောက်သို့အကဲခတ်သည်။ ကျေနပ်မှ ဖုန်းရုံသို့ဝင်ပြီး ဟင်နီဗင်၏ဟိုတယ်သို့ ဖုန်းဆ သည်။

ညွှန်ကြားစားပွဲမှ ဖုန်းကိုင်သည်။ ဟင်နီဗင်၏ အခန်းနံပ ကို ပေးလိုက်သည်။ နှစ်မိနစ်တိတိစောင့်ပြီးမှ အခန်းသို့ ခေါ်၍မရကြောင်း စိတ်မပါသလို အဖြေကိုရသည်။

ဖုန်းရုံမှထွက်ကာ ချီဂွမာရာရင်ပြင်သို့ ပြန်လျှောက်သ ကမ္ဘာလှည့်ခရီးသည်များ၊ ဈေးဝယ်သူများ၊ လမ်းသွားလ လာများကြားတွင် ဝင်ရောလိုက်သည်။ တစ်ဆယ့်ငါးမိနစ် လျှောက်ပြီးနောက် ဖုန်းရုံတစ်ခုကို တွေ့ရသည်။ ဟင်နီဗ သို့ ဖုန်းဆက်သည်။ အခန်းတွင် မရှိကြောင်း၊ မနက်ကဘ က ထွက်သွားသည်ကို တွေ့ကြောင်း ဟိုတယ်မှ ပြန် သည်။

ကိုရီက ကျိန်း၍ ဆဲရေးလိုက်သည်။ နောက်ထပ် တစ်ဆ ငါးမိနစ်မျှ အချိန်ဖြုန်းရဦးမည်။ စစ်ဆင်ရေးက တဖြည်းဖြ နီးကပ်လာပြီး သူရထားသော အချက်အလက်များကို ဟ ဗင်ထံ အချိန်မီသတင်းပို့ဖို့ လိုအပ်နေသည်။ သို့သော်

မထိန်းနိုင်တော့။ သူ ဟင်နီဗင်ကိုတွေ့အောင် ထိုစောင့်ရပေဦး မည်။

ထူက ဘီယာအေးအေးကိုသောက်ရန် ဆိုင်တစ်ဆိုင်သို့ ဝင် သည်။ သည်မှာ ခဏတော့ အချိန်ဖြုန်းရဦးမည်။ နာရီကို ကြည့်လိုက်ရာ အချိန်က မွန်းလွဲဖြစ်နေပြီ။ နံနက်စာအမီ ထစ် နာရီအရောက် ပြန်လာမည်ဟု မီးလန်နာကို သူပြောခဲ့ကြောင်း အမှတ်ရသည်။

သူ စဉ်းစားကြည့်မိသည်။

ဟိုတယ်မှ ဟင်နီဗင် ခွာခြင်းသည် အရေးကြီး၍သာ ဖြစ် မည်။ သို့သော် ဤအချိန်လောက်ဆိုလျှင် ပြန်ရောက်သင့် သည်။ ကိုရီက ဘီယာသောက်ပြီး အပြင်သို့ ပြန်ထွက်သည်။ သိပ်ခုံမိုး ငါးခုပါသော ဒါးမားဒီဒစ်ဗဃီကျောင်းဘက်သို့ သွားသည်။ ထိုနေရာရှိ ဖုန်းရုံများတွင် လူပြည့်လျှက်ရှိသည်။

ခဏမျှစောင့်ပြီး ဖုန်းရုံတစ်ခု၏ တံခါးကို ခေါက်သည်။ အမည်းရောင် ခေါင်းမြီးခြုံဝတ် အမျိုးသမီးတစ်ဦး၏ သူမ၏ ဘဝသီသရာ ဇာတ်ကြောင်းတင်ပြနေပုံကို အဆုံးသတ်စေလိုက် သည်။ ထိုအမျိုးသမီးက သူ ကို မကျေမနပ်ကြည့်ရင်း ဖုန်းရုံ ထဲမှ ထွက်ပေးသည်။

ကိုရီ ဖုန်းရုံထဲသို့ အလျင်အမြန်ဝင်လိုက်သည်။ အတွင်းသို့ ရောက်သည်နှင့် ဟင်နီဗင်ထံ ဖုန်းဆက်သည်။

'အောရီးပါရှင်၊ မစ္စတာ ဟင်နီဗင်ရဲ့ ဖုန်းက မကိုင်ပါဘူး'

တစ်ဖက်မှ ညွှန်ကြားရေးမ၏ စိတ်မပါသလို အလသံကို ကြားရသည်။ သူ စိတ်မရှည်ချင်တော့ပေ။

www.burmeseclassic.com



‘နေဦး၊ အဲဒါက ဘယ်လိုသဘောလဲ၊ ဟိုတယ်မှာ သူ ရှိသလား၊ မရှိဘူးလား’

‘ခဏလေးရှင့်’

အသံတိတ်သွားသည်။ ဖုန်းထဲက မြည်နေသော တဒူးဒူးအသံ ကိုသာ ကြားနေရသည်။ ဖုန်းစောင့်ရင်း အလိုမပြည့်နိုင်မှုက ထကြွလာသည်။ အိမ်ထဲတွင် ပကင်ရှိချက်နှင့် ရိုက်ကာ၏ အိမ် သို့ သူလုံးဝမပြန်လိုပါ။ ညနေဘက် ပြန်ထွက်ရမည်။ ဝ နာ လည်း သည်အချိန်ဆို ပြန်ရောက်နေမည်။ ဟင်နီဗင်နှင့် တွေ့ ရန် ချိန်းဆိုရေးမှာ အဆောပင် စွန့်ခွာသောရာ ရောက်မည်။

ထို့စဉ် တစ်ဖက်မှ အမျိုးသမီးအသံပြန်ပေါ်လာသည်။

‘ဟိုတယ်မှာ ဟင်နီဗင် ရှိမနေပါဘူးရှင့်’

‘သူ ဘာမှာထားခဲ့သေးလဲ’

‘ဘာမှ မမှာခဲ့ပါဘူးရှင်၊ လူကြီးမင်းရဲ့နာမည် ပြောထား ခဲ့ရင်တော့....’

ကိုရိုက တစ်ဖက်မှ အမျိုးသမီး၏ စကားမဆုံးမီ ဖုန်းကို လိုက်သည်။ ဖုန်းရုံထဲမှ ထွက်သည်။ ဖြတ်သွားသည့် အငှား ကားတစ်စီးပေါ် တက်၍ ရိုက်ကာအိမ်သို့ မောင်းနိုင်းလိုက် သည်။ သူ့အတွက် အခြားနည်းရွေးစရာ မရှိတော့၊ နေ့လယ် စာ စားပြီးမှ နောက်တစ်ကြိမ် ဆက်သွယ်ရမည်။ သို့သော် အခြေအနေကို သုံးသပ်ကြည့်ရာ စိတ်အနှောင့်အယှက်ဖြစ် အဖြေများကိုသာ ရလာခဲ့သည်။

လွန်ခဲ့သည့်ညက ကင်မစ္စဘလေးကို အသုံးပြုခွင့်ရ နီဗင် မျှော်လင့်ခဲ့သည်။ ထို့အတွက် ယခုမနက်တွင် ဟိုတယ်



ဟင်နီဗင် စောင့်နေရမည်သာ ဖြစ်သည်။ အလွန် အရေးကြီး သော ကိစ္စကြောင့်သာ ဟိုတယ်မှ ထွက်ချင်ထွက်ရမည်။ တော် ရုံတန်ရုံကိစ္စနှင့်တော့ ဟင်နီဗင်ဟိုတယ်မှ ထွက်စရာအကြောင်း မရှိ။ ဟိုတယ်မှ ထွက်သည်ဆိုလျှင်လည်း မည်သည့်အချိန်တွင် ပြန်ရောက်မည်ကို ဟိုတယ်တွင် မှာထားသင့်သည်။

ယခုတော့ ဟိုတယ်တွင် ဟင်နီဗင်လည်း မရှိ၊ မည်သည့် သတင်းမျှလည်း မထားရစ်ခဲ့ခြင်းသည် အလွန် စိတ်အနှောင့် အယှက် ဖြစ်စရာတစ်ခုမှန် ဖြစ်သည်။ သံရုံးသို့ ဖုန်းဆက်ရန် စိတ်ကူးမိသည်။ သို့သော် ထိုအတွေးများကို ချက်ချင်းပယ် ဖျောက်လိုက်ရသည်။

အယ်လ်ဂျီးယား သံရုံးတွင် အက်(ဖ)ဘီအိုင်၏ ပုံသေ အဖွဲ့ မရှိ။ သံရုံးဝန်ထမ်းတို့သာရှိသည်။ သံရုံး ဝန်ထမ်းတို့ သည်လည်း စီတုံးအဖွဲ့ဆိုသည်ကို ကြားဖူးကြလိမ့်မည် မဟုတ်။

သူအိမ်ကိုသာပြန်ခဲ့ရသည်။ စိတ်တထင့်ထင့် ဖြစ်နေရသည်။ အိမ်နှင့် ပိုနီးလာလေလေ အခြေအနေကို ပို၍ စိုးရိမ်လာသော လေ ဖြစ်သည်။

ညီဖလင်နှင့်ပတ်သက်၍ သူယုံကြည်နိုင်သူမှာ သိဒ္ဓမတ်ကြီး သာမဟုတ် ကဝေမအတွင်းဝန်သာ ဖြစ်လိမ့်မည်။ သို့သော် ထိုသူနှစ်ဦးထံ ဖုန်းဖြင့် ဆက်သွယ်နိုင်မည့် အခွင့်အရေးမှာ နည်းလှသည်။ သူ၏အဖြစ်မှန်ကိုပြောပြပြီး စီတုံး၏ ...မှ ချက်နှင့် ဦးစားပေးအဆင့်ကိုလည်း ပြောရပေဦးမည်။

ယခုသို့ လုပ်နိုင်သည့်တိုင် ထိပ်သီးအဆင့် ... ပေါ်ရေးလည်း မလွယ်၊ သူ့အား ...

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်စေ သူ့အား သံရုံးသို့ လာရန်သာ ခေါ်လိမ့်မည်။ ညှိနှမ်မိနစ်အတွင်း ကိစ္စကို ရိုက်ကာမသိသည့်တိုင် ယခုကဲ့သို့ လူကောင်းပကတိတော့ သူ ရှိနိုင်တော့မည် မဟုတ်ပါ။

အိမ်ရှေ့တွင် ကားခဏရပ်ပြီး ဆင်းလိုက်ရာ အိမ်တံခါးကို ဘာရှုနှိ လာဖွင့်ပေးသည်။ ကိုရီက ပြုံးပြလိုက်သေးသည်။

ထမင်းစားခန်းသို့ သူဝင်သွားချိန်တွင်မက်သီဘင်နှင့်ဝါနော တို့ စားနေနှင့်ကြပြီးဖြစ်သည်။ ဝါနောမှာ ထမင်းတစ်ပန်းကန် နှင့် အမဲသားဟင်းကို အားရပါးရ စားနေသည်။ သဲ့ကန္တာရ ထဲတွင် အတော်ပင် ဝတ်ပြတ်ခဲ့ပုံ ရသည်။

ကိုရီထမင်းစားပွဲတွင် ဝင်ထိုင်လိုက်သည်။ မီကန်နာ ကမ်းပေးသည့် ပန်းကန်ကို ကိုရီလှမ်းယူသည်။မျက်နှာရိပ်မျက်နှာကဲ ကိုကြည့်ရသည်မှာ မက်သီဘင်၏မျက်နှာသည် အတော်ပင် မကြည်မသာဖြစ်နေကြောင်း တွေ့ရသည်။ ထို့ကြောင့်ပင် သူ မက်သီဘင်ကို ရှင်ပျစွာ ခေါင်းညိတ် နှုတ်ဆက်လိုက်သည်။

'ဘယ်လိုလဲဗျ'

ကိုရီက ခပ်ရွှင်ရွှင်ကလေး မေးလိုက်သည်။

မက်သီဘင်က မဖြေ၊ ဝါနောကိုသာ လှမ်းကြည့်သည်။ ပန်းကန်ပြားသက် သုံးသက်မအကွာတွင် ခေါင်းထားကာအဆက် မပြတ်စားနေသည့် ဝါနောက ကိုရီအား ခေါင်းအနည်းငယ် မော့ကာကြည့်သည်။ ကိုရီ၏ အမည်ကိုပင် မမှတ်မိတော့ သယောင် စိုက်ကြည့်နေသည်။

ပြီးမှ ဝါနောက ဝင်ဖြေသည်။

'ကျွန်တော်တို့ ပြန်လာခဲ့ကြပြီပဲ'



ထမင်း ပလုတ်ပလောင်းနှင့် ပြောလိုက်ခြင်းဖြစ်သည်။

'ရိုက်ကာနဲ့ တွေ့ပြီးပြီလား'

ကိုရီက ဝါနော၏မျှော်အားစက် စက်အကြည့်ကို ဂရုမစိုက်ဘဲ မေးလိုက်သည်။ ဝါနောက ခေါင်းညိတ်သည်။

'ဒါဆိုရင် ရင်တုန်စရာအဖြစ်ကို သိပြီးရောပေါ့'

ဝါနောက ကိုရီအား အံ့သြသလိုကြည့်သည်။

'ရင်တုန်စရာ ဟုတ်လား'

ဝါနောက ဘာမျှမသိသလို မေးလိုက်သည်။

'အစီအစဉ်အသစ်ကိုလေ'

ဝါနောမှာ ယခုမှ စိတ်သက်သာရာ ရသွားပုံရှိသည်။ မထူးခြားသလို ပခုံးကို တွန့်လိုက်သည်။

'ကျွန်တော်တို့ကတော့ အဆင်သင့်ပဲ၊ မြန်လေ ကောင်းလေပဲ'

ဝါနောက ထိုကိစ္စကိုဆက်မပြောသိုတော့ဟန်နှင့် ဆက်စားသည်။ မက်သီဘင်က ထမင်းကိုလက်စသတ်ပြီး ထရပ်သည်။ သွားလိုက်ဦးမည်ဟုဆိုကာ ထမင်းစားခန်းမှ ထွက်သွားသည်။ ကိုရီက မက်သီဘင် ထွက်သွားသည်ကို ကြည့်နေလိုက်သည်။ ၎င်း၏မျက်နှာထားက တစ်မျိုးဖြစ်နေသည်ကို သတိပြုမိသည်။

ဝါနော သဲကန္တာရထဲတွင် တစ်ခုခုဖြစ်ခဲ့မည်။ ထိုအပြန်မှာ မက်သီဘင် မနှစ်သက်နိုင်သည့်ကိစ္စမျိုးသာဖြစ်လိမ့်မည်ဟု ကိုရီ တွက်ချက်ချမိသည်။

'ခံလယ်ယာဉ်ပြေးလမ်းကိစ္စ ပြီးသွားပြီလား'

ကိုရီက ခပ်ပေါ့ပေါ့ပင် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝါနာက စားနေရာမှ မျက်နှာမဖော်ဘဲ ခေါင်းသာညိတ်ပြသည်။

'အာရပ်တွေကော'

ဝါနာ အစားက ရပ်သွားသည်။ ကိုရီအား တစ်ချက်ကြည့်ကာ ဘီယာခွက်ကိုယူသည်။ ဘီယာခပ်များများကိုမော့ချပြီး ကိုရီအား မမှိတ်မသုန်ကြည့်နေသည်။

'သူတို့ကို ငွေပေးပြီး လွှတ်လိုက်ပြီ'

'သူတို့ အာချောင်လာချင်ကော'

ဝါနာက ဖါးစပ်ကိုလက်ခုံနှင့်သုတ်၍ ထရပ်သည်။ တံခါးပေါက်ဆီသို့ လျှောက်သွားသည်။ ကိုရီထိုင်နေသော ကုလားထိုင်နောက်မှ ဝါနာ ဖြတ်ကျော်စဉ် ကိုရီက ဝါနာ၏ လက်ကောက်ဝတ်ကို ဖမ်းဆွဲလိုက်သည်။ ဒေါသကိုမပေါ်လွင်စေဘဲ ချုပ်တည်းထားသည့် မျက်နှာအား စူးစိုက်ကြည့်သည်။

'ကျွန်တော်မေးနေတယ် ဝါနာ'

'အာရပ်တွေကိစ္စကို မေ့ထားလိုက်ပါ'

ဝါနာက ပေါ့ပေါ့ပင် ဖြေသည်။

ကိုရီက မကျေနပ်သလို ဝါနာကို စိုက်ကြည့်သည်။

'ဒါဟာ ရိုက်ကာရဲ့စိတ်ကူးလား၊ ခင်ဗျားရဲ့စိတ်ကူးလား'

ကိုရီက တစ်စုံတစ်ခု ဖြစ်ပြီကို ရိပ်မိလိုက်သဖြင့် မေးလိုက်သည်။

ဝါနာက လက်ကို ရုန်းဖယ်သည်။ ဒေါသရိပ်က လွှင့်လွှင့် မျက်လုံးအစုံဝယ် လက်ခနဲ ဖောက်ပသွားသည်။



'ဒီအတိုင်းဆိုရင် ခင်ဗျားအတွက် အကျိုး ရှိကာထက် အန္တရာယ်ရှိတာက ပိုများပြီ ကိုအမေရိကန်'

ဝါနာက လေအေးအေးဖြင့် ပြန်ပြောသည်။

ကိုရီသော မျက်နှာချင်းဆိုင် ထရပ်သည်။ ဝါနာက အာရပ်များကို ... မှာ သေချာနေပြီ။ အလုပ်ပြီးပြီးချင်း ... ပုံရသည်။ ကိုရီ တစ်ကိုယ်လုံး ဒေါသဖြင့် ဆူပွက်လာသည်။ ကိုရီ၏မျက်နှာထားကိုကြည့်ကာ ဝါနာ၏မျက်လုံးက ပြုံးကျယ်သွားသည်။ လက်ကလည်း ဘယ်ဘက်ရင်ဘတ်သို့ ရောက်သွားသည်။

'လုပ်လိုက်လေ ဝါနာ၊ သေနတ်ကို ဆွဲထုတ်လိုက်စမ်းပါ'

ဝါနာလက်က ငြိမ်သွားသည်။

'ဒါက ဘာသဘောလဲ ကိုရီ'

ဝါနာက အမှန်ပင် ကြောက်ရွံ့စွာ မေးလာသည်။

'ဒီအာရပ်တွေဟာ ခင်ဗျားအတွက် ဘာအရေးစိုက်စရာ ရှိလို့လဲ ကိုရီ'

'သူတို့ဟာ လူတွေဗျ၊ ကုလားအုတ်တွေ မဟုတ်ဘူး'

'အဒီတော့'

ဝါနာက မကျေနပ်စွာ ပြန်ကြည့်နေသည်။ သူမည်သည့်နေရာသို့ရောက်နေကြောင်း၊ မည်သူနှင့် ရင်ဆိုင်နေကြောင်း ကိုယ့်ကိုယ်ကိုယ် သတိပေးကာ ကိုရီက ဒေါသကိုထိန်းချုပ်နေရသည်။ ထို့ကြောင့် ခေါင်းပြုံးကာလေး သဲ့သဲ့ပြုံးကာ စိတ်ပျက်သလို ခေါင်းယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အာရပ်လေးယောက်တော့ ဝါနာလက်ချက်ဖြင့် သဲကန္တာရထဲတွင် အသက်ပျောက်ကျန်ခဲ့ပြီဖြစ်ကြောင်း ကိုရီ အတိအကျ သဘောပေါက်လိုက်သည်။

'ခင်ဗျားဟာ နားလည်ဖို့မလွယ်အောင် ရူးမိုက်တဲ့ လူပဲ၊ အရာရာကို ကျည်ဆန်နဲ့ချည်း ဖြေရှင်းနိုင်တယ်လို့ချည်း ထင်နေတယ်၊ မနက်ဖြန်နဲ့ သန်ဘက်ခါဆိုတဲ့ကာလကို ခင်ဗျား မေ့နေတယ်'

'သူတို့ကို ဒီအတိုင်း လွှတ်ထားခဲ့ရင် သုံးလေးရက်ကြာမှ အယ်လ်ဂျီးယားကို သူတို့ပြန်ရောက်ကြမှာ၊ အဲဒီအချိန်ဆိုရင် ကျွန်တော်တို့ကိစ္စလဲ ပြတ်နေပြီ၊ ခုသော့ ဒီမြို့မှာ လူလေးယောက် ပျောက်နေပြီ၊ ပျောက်တဲ့လူတွေကို လေယာဉ်ပြေးလမ်းအနီးမှာ တွေ့ကြရင် တစ်ခုခုဖြစ်သွားနိုင်တယ်'

ကိုရီက ရှင်းပြနေသည်။

'မကြောင်းစမ်းပါနဲ့၊ အဲဒီ နေရာဟာ လူသူ မရောက်တဲ့နေရာပဲ၊ သူတို့ကိုတွေ့ဖို့ဆိုတာ အပုံတစ်သန်းပုံ တစ်ပုံလောက်ပဲ ရှိတယ်'

ဝါနာက စိတ်ချလက်ချပြောနေသည်။

'ဟုတ်တယ်၊ ဒါပေမယ့် သူတို့မှာ မိတ်ဆွေတွေရှိတယ်၊ မိန်းမနဲ့ မိသားစုတွေလဲ ရှိနိုင်တယ်၊ သူတို့သွားမယ့် နေရာကို ကြိုသိပြီး ပြောခဲ့တာလဲ ဖြစ်နိုင်တယ်၊ ဖြစ်နိုင်တာတွေအများကြီးပဲ'

ဝါနာက ခေါင်းမာစွာပင် ခေါင်းယမ်းသည်။

'ဘယ်သူကမှ သူတို့ကို လိုက်ရှာကြမှာမဟုတ်ဘူး ကိုရီ'



'ခင်ဗျားဟာ အတော်အန္တရာယ်ကြီးတဲ့လူပဲ ဝါနာ၊ ဇက်ထဲမှာ သေနတ်တစ်လက်ကိုင်ပြီး လမ်းလျှောက်နေတဲ့ ဖုတ်ကောင် တစ်ကောင်လိုမျိုးပဲ၊ မနက်ဖြန် ခင်ဗျားသေသွားရင် ဝမ်းနည်းမယ့်လူဆိုလို့ ခင်ဗျားငွေတွေ အပ်ထားတဲ့ဘဏ်က မန်နေဂျာပဲ ရှိလိမ့်မယ်၊ ခင်ဗျားကလွဲရင် တစ်လောကလုံး ဒီလိုအလုပ်မျိုး မလုပ်ဘူးဆိုတာ ခင်ဗျားမသိတာ ပြဿနာပဲ'

ဝါနာက ကိုရီအား ငြိမ်၍ အတန်ကြာ ကြည့်နေသည်။ မျက်နှာထားက မည်သည့်ခံစားမှုကိုမျှ မဖော်ပြ။ ထို့နောက် အပေါ်အင်္ကျီအောက် ပခုံးစလွယ်သိုင်းအိတ်မှ သေနတ်ကို လက်ညှိုးနှင့်ပုတ်ပြသည်။

'ကျွန်တော် ဘယ်လိုလုပ်တတ်တယ်ဆိုတာကိုပဲ ဂရုစိုက်ပါ ကိုရီ၊ ဒီအတွက်ပဲ ခင်ဗျား စိုးရိမ်စရာရှိပါတယ်'

ဝါနာ လှည့်ထွက်သွားသည်။ ကိုရီမှာသာ [illegible] မန်လူမျိုး၏ စိတ်ခံတတ်မယိမ်းယိုင်ပုံကို သဘောပေါက်သွားကာ ကြက်သီးထရင်း ကျန်ရစ်ခဲ့သည်။ ဝါနာသည် ရင်ခုန်ရသည့်တိုင် တည်ငြိမ်လှသည်။ စိတ်ကိုထိန်းနိုင်သည်။ ခက်ခဲ၏ အခြေအတိုင်း ကိုက်ကာအား ဟန့်တားရေးအတွက် ဝါနာအား ရှင်းရမည်ဆိုလျှင် အတော်ပင် သတိထားရပေလိမ့်မည်။

ကိုရီက အချိန်ယူစဉ်းစားနေသည်။ အစီအစဉ် ပြောင်းလဲမှုအကြောင်း သိမသိ ဝါနာကို မေးကြည့်ရာတွင် ဝါနာ၏ ထူးခြားစွာတုံ့ပြန်မှုကို စဉ်းစားအဖြေရှာကြည့်နေသည်။ ထိုစကားကို သူ မေးလိုက်စဉ်က အခြားကိစ္စဟု ဝါနာမှတ်ယူနေပုံမျိုးရှိကြောင်း သူ သတိပြုလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝါနော၏မျက်နှာထားကို ပြန်တွေးမိလေလေ ထိုအချက်က ပေါ်လွင်လေလေ ဖြစ်သည်။ သူမေးသည့်စကားကို ရှေ့လေ ယာဉ်နှင့် မပတ်သက်သော အခြားကိစ္စတစ်ခုခု ဖြစ်မည်ဟု ဝါနော မှန်းဆနေပုံရသည်။ အခြားကိစ္စတစ်ခုခု အကြောင်း ဆိုလျှင် မည်သည့်ကိစ္စဖြစ်မည်နည်း။ တစ်ခုခုတော့ ဖြစ်နေပြီ။ ရိုက်ကာ မရှိခြင်းက ထိုအတွက် အဖြေဖြစ်နိုင်သည်။

ယခုနံနက် နှစ်ချက်တီးအချိန်က ဖုန်းလာသဖြင့် ရိုက်ကာ နှင့် ဘရှင်နီ ရေးကြီးသုတ်ပျာ ထွက်သွားသည်မှာလည်း ဤ ကိစ္စပင် ဖြစ်နိုင်သည်။ ထိုအချိန်က မက်သီဘင်ကြောင့် ဖြစ်မည် ဟု ထင်ခဲ့သည်။

သို့သော် မက်သီဘင်နှင့် ယနေ့နံနက်စာ စားပွဲဝိုင်းတွင် တွေ့ရစဉ်က ထိုအကြောင်းမဟုတ်မှန်း သိခဲ့ရသည်။

အစီအစဉ် ပြောင်းလဲသော ကိစ္စလည်းမဟုတ်။ မက်သီဘင် ကိစ္စလည်းမဟုတ်လျှင် မည်သည့်ကိစ္စ ဖြစ်နိုင်သနည်း။ ဤ အတွေးကြောင့် ကိုရီအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာ မေးခွန်းများ ဖြစ်လာစေပြန်သည်။

မက်သီဘင်၏ အဆိုအရ ရိုက်ကာအား ညကမတွေ့ခဲ့ရ ဆိုဆိုလျှင် ရိုက်ကာနှင့် ဘရှင်နီ ရေးကြီးသုတ်ပျာ အချိန်မတော် ထွက်သွားခြင်းမှာ အကြောင်းတစ်ခုခုရှိ၍သာ ဖြစ်ရပေမည်။

ကိုရီမှာ စားသောက်ပြီးသည့်တိုင် အဖြေကို ရှာမရ။ ထမင်းစားခန်းမှ အိမ်ရှေ့သို့ ထွက်လာသည်။ ဟင်နီဗင်အား တပ်မံ ဆက်သွယ်ကြည့်ဦးမည်။ ထမင်းစားခန်းအပြင် ရော



သည်နှင့် ဝါနောနှင့် မီကာန်နာတို့ အကြိတ်အနယ် စကားပြော နေသည်ကို တွေ့လိုက်သည်။

ကိုရီက ငြိမ်၍ရပ်နေသည်။ သူ့အား ဂရုစိုက်မိပုံ မပေါ်ကြ။ မီကာန်နာက လက်ထဲမှ အဝိုင်းစာခုကို ဝါနောအားပြ၍ စာကြည့်ခန်းဆီသို့ လက်ညှိုးထိုးပြသည်။ ဝါနောက မီကာန်နာ လက်ထဲသို့ ငုံ့ကြည့်ကာ သူမနှင့်အတူ စာကြည့်ခန်းတွင်းသို့ ခပ်သွက်သွက် ဝင်သွားသည်။

ကိုရီက တစ်မိနစ်တိတိစောင့်သည်။ သူတို့အခြေအနေကို လေ့လာကြည့်သည်။ ထို့နောက် ခြေလှမ်းကိုပြောင်းသည်။ စာကြည့်ခန်းသို့သွားရာတွင် ကော်ဇောထူထူ ခင်းထားသဖြင့် ဖိနပ်သံမထွက်။ ခပ်ဟဟပွင့်နေသော စာကြည့်ခန်းတံခါး ဘောင်မှပ်ကာ အတွင်းမှအသံများကို နားစွင့်ကြည့်သည်။

အခန်းထဲတွင် တိတ်ဆိတ်နေသည်။ ကိုရီက မျက်မှောင် ကြုတ်ကာ တံခါးကို သေသေချာချာ ကြည့်သည်။ ထို့နောက် အတွင်းသို့ လှမ်း၍ ကြည့်လိုက်ပြန်သည်။ အတွင်း၌ မီကာန်နာ ကိုရော ဝါနောကိုပါ မတွေ့ရ။ သေနတ်ပစ်ခန်းသို့ ဆင်းသွား သည့် သဘောပင် ဖြစ်သည်။ ထိုနေရာတွင် ရိုက်ကာပါ ရှိနေ သည်ဆိုသည့် အဓိပ္ပာယ်ပင်ဖြစ်သည်။

ကိုရီက ဒီမိနစ်လောက်ကြာ မြို့ပေါ်ဝင်းဘက်သို့ ဦးတည်လိုက် သည်။ စိတ်ထဲတွင်ကား အရေးကြီး ကိစ္စတစ်ခုခုဖြစ်နေပြီဟု ခံစားနေရသည်။ သာယ် ဖုန်းရုံတွေ့သည်နှင့် ဟင်နီဗင့် ဟိုတယ် သို့ ဖုန်းခေါ်သည်။ ဟင်နီဗင် မရောက်သေး။

www.burmeseclassic.com

www.burmeseclassic.com



သူ့အား ဆက်သွယ်သူများရှိမရှိ ဖုန်းဆက်၍ မေးသူများ လည်း မရှိကြောင်းသိရသည်။

ကိုရီစိတ်ထဲမှ သံသယမှာ တဖြည်းဖြည်း ရုပ်လုံးပေါ်လာ သည်။ ဟင်နီဗင် ဒုက္ခရောက်နေပြီ။ ဒုက္ခမှာလည်း ရိုက်ကာတို့ နှင့် တစ်နည်းနည်း ပတ်သက်နေရမည်ဟု သူ တွက်မိသည်။ ရိုက်ကာပျောက်နေမှု၊ ဂါနာ၏ မျက်နှာသားတို့က အဖြေပေး သလိုကို ဖြစ်နေကြောင်း တွေးလေလေ ထင်ရှားလေလေ ဖြစ် လာသည်။

လူရှုပ်ထွေးသည့် ဈေးများ၊ ဆေးလိပ်ငွေ့တို့ ဖုံးလွှမ်းရာ ကော်ဖီဆိုင်များ ကြားတွင် တစ်နာရီမျှ လျှောက်နေလိုက် သည်။ ဟင်နီဗင်၏ဟိုတယ်သို့ ဖုန်းသုံးကြိမ် ဆက်ပြီးနောက် အမေရိကန်သံရုံးသို့ ခေါ်ရတော့သည်။

တစ်ဖက်မှ ပြန်ဖြေသံမှာ ဘော်စတွန်နယ်သား အသံမျိုး ဖြစ်သည်။ ကိုရီ သက်ပြင်းချလိုက်မိသည်။

'ဂျီလေး အဆင့်မီ သံအမတ်ကြီးနဲ့ တွေ့ပါရစေ'

'ဒီကနေ့ အမေရိကန်သံအမတ်ကြီး အဝေးကို ရောက်နေပါ တယ်၊ ခင်ဗျားနာမည်နဲ့ ဖုန်းနံပါတ်ပေးခဲ့ရင် သူ့ကို ဖုန်းပြန် ဆက်ဖို့ ကျွန်တော်မနက်ဖြန်ကျ ပြောလိုက်ပါမယ်'

တစ်ဖက်မှ ပြန်ဖြေသံကို ကြားရသည်။ ကိုရီမှာ ဖုန်းကို မယုံကြည်နိုင်သလို စိုက်ကြည့်မိသည်။

'ဒီမှာ မစ္စတာ...'

'မစ်ရှယ်ပါ'

'မစ္စတာမစ်ရှယ်၊ ခု ခင်ဗျားကို ကျွန်တော်ပြောလိုက်တာ အက်(ဖ)ဘီအိုင်ရဲ့ ဦးစားပေးအဆင့်တစ်ခုပါ၊ ကျွန်တော် နာမည်နဲ့ ဖုန်းနံပါတ်ကို အပိုင်မေးနေစရာ မလိုပါဘူး'



တစ်ဖက်မှ အတန်ကြာ စကားပြတ်သွားသည်။ အချိန်ကို ...တ်၍ အသံဖမ်းစက်ကိုဖွင့်ရန် အချိန်ရလောက်သည်။

'ဂျီလေးအဆင့် တောင်းဆိုချက်အတွက် အဖြေမပေးခင် သက်သေခံအထောက်အထားလေး ဘာလေး လိုပါသေးတယ်'

ကိုရီက ကြိုးစား၍ ဒေါသကိုထိန်းသည်။

'ကျွန်တော့်ရဲ့ အကြီးအကဲက ဒီဘူးပဲ ဝါရှင်တန်မှာ ရှိ...တယ်၊ ကျွန်တော်က ဂျီ-ငါး အဆင့်ကို သုံးခွင့်ရှိတယ်'

'ဆောရီးပဲခင်ဗျာ၊ ဘယ်သူဘယ်ဝါဆိုတာ သက်သေပြဖို့ ...ပါတယ်၊ သံရုံးကို ဖုန်းဆက်တယ်ဆိုတော့ ကျွန်တော် ...နေနဲ့ —'

'ခင်ဗျား ရူးနေသလားဗျ၊ ခု ခေါင်းရင်းပြီး ဖုန်းဆက်နေ တာ၊ ပထမအတွင်းဝန်ဆီ ဆက်မေးစမ်းပါဗျာ'

ကိုရီက တောင်းတောင်းပန်ပန်အသံနှင့် ပြောလိုက်သည်။

'သူ အလုပ်များနေတယ် ခင်ဗျ'

တစ်ဖက်မှ အဖြေက ပြေပြစ်လှသည်။

'ကြားခံဆက်သွယ်ရေး အရာရှိတစ်ယောက် လိုချင်တယ်၊ ...က်တတ်ကရစကားတွေ မပြောတော့ဘဲ ရှာပေးစမ်းပါဗျာ'

'စီးပွားရေးအကြံပေး အရာရှိတော့ ရှိတယ်၊ သူက အကူ ...ညီ ပေးပါလိမ့်မယ်'

ကိုရီ ချက်ချင်း စကားမပြန်နိုင်၊ တရားဝင်အမှုထမ်းတို့နှင့် ဆက်သွယ်ရေးဆိုသည်မှာ အဘယ်မျှ ပေရှည်လှကြောင်း တွေး

www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။ ကုန်စီးပွားရေး အကြံပေး ပုဂ္ဂိုလ်ဆိုသည်မှာ နိုင်ငံ ရပ်ခြားရှိ သံရုံးများတွင် အက်(ဖ)ဘီအိုင်က အမည်ခံသူများ ချထားသလို စီ-အိုင်-အေမှ ချထားသော ပုဂ္ဂိုလ်တစ်ယော ဖြစ်နိုင်သည်။

အယ်လ်ဂျီးယားတွင် အက်(ဖ)ဘီအိုင်က လူမရှိကြောင်း ကိုလည်း သူသိထားသည်။ ဤနိုင်ငံတွင် ရာဇဝတ်မှုထက် နိုင် ရေးကို ပို၍ဦးစားပေးဂရုစိုက်နေပုံရသည်။ ထိုစီးပွားရေးအ ပေးပုဂ္ဂိုလ်ဆိုသည်မှာ စီ-အိုင်-အေက ဖြစ်ဖို့များသည်။ ထို နှင့် ဆက်သွယ်၍ မဖြစ်သေးပေ။

'အဲဒါဆိုရင် နေပါစေဗျာ ကျေးဇူးပဲ၊ ခင်ဗျားကို ကျွ တော့်ရဲ့ ဦးစားပေးအဆင့် သက်မှတ်ချက်ကို ပြောပြီးပ ဒီတော့ ကျွန်တော်ဟာ ပထမ အတွင်းဝန်အဆင့်နဲ့ ဆယ်သွ နိုင်တာကို ခင်ဗျားသဘောပေါက်ပါလိမ့်မယ်'

ထိုစဉ်တွင် ဖုန်းထဲမှ ကလစ်ဟူသော အသံနှင့်အတူ အသ တစ်မျိုးဝင်လာသည်။

'ကျွန်တော် ရော်ဂျာဂျက်ဖာဆင်ပါ၊ ခင်ဗျား အယ် အကူအညီမျိုးလိုချင်တယ်ဆိုတာ ပြောပြရင် ကျွန်တော် ကူ နိုင်လိမ့်မယ် ထင်ပါတယ်'

'ခင်ဗျားက ဘယ်ဌာနကလဲ ဂျက်ဖာဆင်'

ကိုရီက စူးစမ်းသလို ခပ်ဆယ်ဆတ်ကလေး မေးလိုက်သည် တစ်ဖက်မှ အသံပြတ်သွားသည်။ ပြီးမှ ပြေပြစ်စွာ ဖြေ သည်။

'စီးပွားရေး အကြံပေးပါ'



ထိုမျှမက ကိုရီမျှော်လင့်ထားမိသည်။ သူဆက်စကားပြော လျှင် စီ-အိုင်-အေ သို့မဟုတ် သံရုံးလုံခြုံရေးဌာနသို့သာသတင်း ပေးခြင်းဖြစ်သွားနိုင်သည်။ စီ-အိုင်-အေ မပါဘဲနှင့် သူ့ အတွက် ပြဿနာက လည်ပင်းနစ်နေသည်။ စီ-အိုင်-အေသာ ဆိုလျှင် သူ ဤဒေသသို့ မည်သည့်အဖွဲ့အစည်း၊ မည်သည့်ရည် ရွယ်ချက်၊ မည်သည့်ဆုံးဖြတ်ချက်နှင့် ရောက်နေကြောင်း မေး ပေးလိမ့်မည်။

သူတို့က ဖြစ်ကြောင်းကုန်စင်မသိရမချင်း ငြိမ်နေတော့မည် မဟုတ်ပေ။ အမေးခါးမကုန် မီးခိုးကြက်လျှောက် လိုက်ပေ တော့မည်။ ဤသို့ဆိုလျှင်စီတူးနှင့် မက်(ခ)ဝဲလာအားအကျဉ်း အကျုပ်ထဲသို့ ရောက်စေပေလိမ့်မည်။

'မစ္စတာ ဂျက်ဖာဆင် ကျွန်တော် လူတွေနဲ့ ကျွန်တော် အရင်ဆက်သွယ်ဖို့လိုပါလိမ့်မယ်၊ခင်ဗျားတို့ရဲ့ ဝါရှင်တန်လိုင်းနဲ့ ကျွန်တော်ကို ဆက်သွယ်ပေးလို့ရမလား'

ကိုရီက တစ်ဖက်လှည့်၍ တစ်မျိုးအကြံနှင့် မေးလိုက်သည်။

'မရနိုင်ဘူး မိတ်ဆွေ၊ လိုင်းချင်းက မတူဘူး၊ ခင်ဗျားရဲ့ အခြေအနေကိုပြောပါ၊ တဲလက်(စ)နဲ့ ကျွန်တော် အကြောင်း ကြားပေးပါမယ်'

ကိုရီ မဲ့ပြုံးပြုံးကာ ဖုန်းချလိုက်သည်။ အပေါ် အကျီ အိတ်ထဲမှရှိ ဖလင်မှာ ဘောင်းဘီကြားတွင် ပုရွက်ဆိတ်ဝင် သလိုဖြစ်နေရသည်။

ကိုရီ ဆိုင်တစ်ဆိုင်သို့ဝင်ကာ စာအိတ်နှင့် စက္ကူ ဝယ်သည်။ လူရှင်းသည့် အနောက်ဆိုင်မှ စားပွဲတစ်လုံးသို့ သွားထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မက်(ခ)အား အချိန်မီ သတင်းပို့နိုင်ရေးမှာ သံရုံးမှသာ တစ်ဆင့် ဖြစ်နိုင်သည်။ သို့သော် သူ ယုံကြည်ရသူဟူ၍ သံအမတ်ကြီးသာလျှင်ရှိသည်။

ကိုရိက စာရွက်ပေါ်တွင် သူ၏အဆင့်၊ ဦးစားပေးအဆင့်၊ သတ်မှတ်ချက် ဝါရှင်တန်ရှိ အမ်-ဝဲယာစီတူးဌာန၊ အက်(စ) တီအိုင်တို့ကို မျဉ်းသား၍ ရေးသွားသည်။ ဂျီပိုးအဆင့်က ဝါရှင်တန်သို့ နောက်ပို့မည့်အစီအစဉ်ဖြင့် လေယာဉ်နှင့် တင်ပေးရန် သံအမတ်ကြီးအား သိစေလိမ့်မည်။ လေယာဉ်ရောက်ချိန်ကိုလည်း တဲလက်(စ)နှင့် ဝှက်စာသုံးကာ မက်(ခ)အား အသိပေးစေလိမ့်မည်။

ဖလင်ပြားကလေးအားစက္ကူနှင့်ပုံပျက်ပန်းပျက်ဖြစ်အောင် ပတ်၍ စာအိတ်ထဲတွင် တည့်သည်။ အမေရိကန်သံအမတ်ကြီး၊ အမေရိကန်သံရုံး၊ အယ်လ်ဂျီးယား ဟု လိပ်စာရေးသည်။ သီးသန့်ဟူ၍ စာလုံးကြီးကြီးနှင့် ရေးရသေးသည်။ စာအိတ်ကို အပေါ်အကျီအိတ်ထဲထည့်၊ အရက်ဆိုင်ထဲမှထွက်ကာ အနီးဆုံး ဖုန်းရုံဆီသို့ ထွက်ခဲ့သည်။

အချိန်က ညနေလေးနာရီထိုးနေပြီဖြစ်သည်။ ဤစာအိတ်အား သံအမတ်ကြီးဆီသို့ဆောက်ရန် မည်သို့ပို့ရမည်မှန်း နည်းနည်းလေးမှ စဉ်းစား၍မရသေးချေ။ စာတိုက်မှပို့ရန်မူ လုံးဝ မဖြစ်။ ဤစာအိတ်မျိုး သံအမတ်ကြီးထံ ဖွင့်မကြည့်ဘဲ ရောက်သွားရေးမှာ အခွင့်အလမ်းနည်းလှသည်။

နည်းလမ်းတစ်ခုတော့ ရှိသည်။ မနက်ဖြန် သူကိုယ်တိုင်



သွားပေးရန်ပင်ဖြစ်သည်။ သို့သော် သံရုံးတွင် သူ့ကိုတွေ့သွားပါက ရိုက်ကာ သိသွားလိမ့်မည်။ ထိုအခါတွင်....

ကိုရိ ဆက်မစဉ်းစားရဲတော့ပေ။

ကိုရိက ဟင်နီဗင်၏ဟိုတယ်သို့ ဖုန်းဆက် ကြည့်ပြန်သည်။ ညည့်ကြိုစာရေးမလေးများ ကိုရိ၏တစ်ခုဘည်းသော မေးခွန်းအတွက် ဟင်နီဗင်အား တစ်နေ့လုံးမတွေ့ကြောင်း ပျင်းရိစွာဖြေနေရရှာသည်။ ကိုရိက မျှော်လင့်ချက် သိပ်မထားတော့ဘဲ နိုင်ငံကာ ဖုန်းသိုင်းအော်ပရေတာကို ခေါ်သည်။ အမေရိကန်ပြည်ထောင်စုသို့ခေါ်လျှင် သုံးနာရီကြာမည်။ ပြင်သစ်သို့ ခေါ်လျှင် နှစ်နာရီကြာမည်ဟု အဖြေရလိုက်သည်။

လောလောဆယ်အခြေအနေအရ ကိုရိ လက်လျှော့လိုက်ရသည်။ မည်သို့ပင်ဖြစ်စေ သည်ပစ္စည်းများကို ဟင်နီဗင်မှတစ်ဆင့် မက်(ခ)သို့ရောက်အောင်ပို့မှဖြစ်မည်။ သို့မဟုတ် သံအမတ်ကြီးနှင့် တစ်နည်းနည်းဖြင့် ဆက်သွယ်ရမှဖြစ်မည်။ တစ်နည်းမဟုတ် တစ်နည်းဖြင့်တော့ ဤကိစ္စကို ဖြစ်အောင်လုပ်မှ ဖြစ်မည်။

ရိုက်ကာတို့၏ ရောမစစ်ဆင်ရေး အစီအစဉ်အသေးစိတ်ကို မက်(ခ)တို့ ကြိုသိထားဖို့လိုသည်။ ဤသို့ ကြိုသိထားမှသာ တန်ပြန်ကျမည်။

ရိုက်ကာသည် ညာဏ်များသော လူတစ်ယောက် ဖြစ်သည်။ သူတို့ဘက်က အသိအကျသိအောင်လုပ်ထားသာတော့ ရိုက်ကာက မည်သို့မည်ပုံ ညာဏ်နီညာဏ်နက် များဦးမည်မသိ။ ယခု အစီအစဉ်အတိုင်း ဆိုလျှင်တော့ ညာဏ်နီညာဏ်နက် များစရာ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမရှိ။ ဤ အဘေားစိတ် အစီအစဉ်ကို မက်(၁)ထဲ
အချိန်မီရောက်ဖို့သာ အရေးကြီးနေသည်။

ကိုရီ တစ်ခုခုတော့ဖြစ်အောင် ကြံစည်ရပေမည်။

ကိုရီ တစ်ခုခုတော့ ဖြစ်အောင် ကြံစည်ရပေမည်။

ကိုရီ ဖုန်းရုံထဲမှထွက်ကာ လမ်းပေါ်သို့ လှမ်းကြည့်သည်။ အငှားကားတစ်စီးကိုတား၍ အိမ်သို့ ပြန်လာခဲ့သည်။

အိမ်သို့ရောက်လျှင် ဇဝစ်အတွက် တံခါးပိတ်ထားသည်ကို တွေ့ရသည်။ ကိုရီ လူခေါ်ခေါင်းလောင်းကို နှိပ်သည်။

လူခေါ်ခေါင်းလောင်းကို ခြောက်ကြိမ်မျှ နှိပ်ပြီးမှ ဘာရှူ
က လာဖွင့်ပေးသည်။ ဘာရှူနိုမှာ တစ်စုံတစ်ခုကြောင့် စိ
လှုပ်ရှားနေပုံရသည်။ ကိုရီက အိမ်ထဲသို့ဝင်ပြီးကာမှ ဘာ
အား ပြန်ကြည့်သည်။

'မင်းတို့အားလုံး အပန်းဖြေခရီး ထွက်သွားကြပြီ အော
မေ့နေတာ၊ ဘာဖြစ်လို့ ဒီလောက်တောင် တံခါးဖွင့်တာ
ကြာရတာလဲ'

ကိုရီက စိတ်တိုတိုနှင့် ပြောပစ်လိုက်သည်။

'ကျွန်တော် ကားရုံထဲ ရောက်နေလို့ပါ'

ဘာရှူနိုက ဆင်ခြေပေးသလို ရှင်းပြသည်။ ထိုအဖြေကို ကို
က လက်ခံနိုင်သေးပေ။

'ကျန်တဲ့ အခြားလူတွေကကော ဘယ်မှာလဲ၊ ခေါင်း
ပေါ် ရောက်နေကြလို့လား'

ကိုရီ၏လေသံကြောင့် ဘာရှူနိုမှာ ဒေါသထွက်လာသည်
လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်သည်။ ကိုရီက အကြော



တစ်ခုခုကို သိနိုင်ရန် တမင်ရန်စနေခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ကိုရီက ဘာရှူနို ဒေါသပေါက်ကွဲ၍ စကားထွက်လာစေရန် လှောင်ပြုံး ပြုံးလိုက်သည်။

'မင်း တစ်နေ့လုံးသာ ဒီလို အလုပ်လုပ်နေရရင်တော့ သေလိမ့်မယ်'

ကိုရီက စိတ်ကိုဆွပေးရန် ထပ်ပြောလိုက်သည်။

ဘာရှူနို၏ တုံ့ပြန်မှုမှာ မျှော်လင့်ထားသည်ထက် ပို၍ပြင်းထန်သည်။ လည်ပင်းကြောများပင် ထောင်ထလာသည်အထိ ဒေါသဖြစ်လာသည်။ မျက်နှာဝိုင်းဝိုင်းပေါ်မှ မျက်လုံးတို့အာ အမုန်းဓာတ်ဖြင့် အရောင်ထွက်လာသည်။

'ခင်ဗျားဆီက ဘာစကားမှ မကြားချင်ဘူး ဘာဆို ဘာမှမကြားချင်ဘူး'

ကိုရီက ဘာရှူနို၏ ဖြစ်ပျက်နေပုံကို ကြည့်ကာ ခေါင်းယမ်းသည်။

'မင်းရဲ့တာဝန်က ပြောတာကို နားထောင်ရမှာပဲ ဘာရှူနို ဒီအတွက် ဒီကို မင်းရောက်နေတာပဲ ကဲ ထားတော့ ရိုက်ကာ ဘယ်မှာလဲ'

ကိုရီက ရုတ်တရက် ခပ်ဆတ်ဆတ်ကလေး မေးလိုက်သည်။

ဘာရှူနိုမှာ ဒေါသကြောင့် နှာခေါင်းမှ အသံတရှူးရှူး ထွက်နေသည်။ ပြီးနောက် သို့ ခြေတစ်လှမ်းတိုးလိုက်သည်။ ဒေါသမျက်လုံးဖြင့် ကိုရီအား စူးရဲစွာကြည့်သည်။ မိမိမလည်းသောဘာ ကိုရီတွေ့လိုက်သည်။ ဘာရှူနိုမှာ လူကောင်ကြီးသည့် အပြင် ဒေါသမှာလည်း ရေအားအမှတ်ရောက်နေသည်။ ဆွေးတိုင်နေသော

www.burmeseclassic.com

www.burmeseclassic.com



ရေမလက်ကြီး တစ်ဖက်နှင့်ပင် မိမိ လည်ပင်းကို ချိုးပစ်နိုင်ကြောင်း ကိုရီ သိသည်။

ထို့ကြောင့် ဘာရှုနို၏ ဒေါသ ရုတ်တရက် ငြိမ်သွားသည်။ တောက်ကျွမ်း ပါးနေသည့် အကြည့်မျိုးဖြင့် တစ်ချက်ကြည့်သည်။

'မစ္စတာရိုက်ကာ အလုပ်ရှုပ်နေပါတယ်'

ဟုပြောရင်း ဘာရှုနိုက သူ၏ ညိုညစ်ညစ် နှုတ်ခမ်းထူထူကြီးအားလျှာနှင့်ကြီးနှင့် တစ်ချက်သတ်သည်။

'ခင်ဗျားရဲ့မိတ်ဆွေတစ်ယောက်နဲ့ အလုပ်များနေပါတယ်'

နောက်မှ ဘာရှုနိုက ဆက်ပြောလိုက်သည်။

ကိုရီ တစ်ကိုယ်လုံး ကျင်စက်အတို့ခံလိုက်ရသလို ဖြစ်သွားသည်။ ကြွက်သားအားလုံး တောင့်တင်းကုန်သည်။ သူ၏ မိတ်ဆွေ ဆိုသည်မှာ ဟင်နီဗင်အော့ မဖြစ်နိုင်၊ ဟင်နီဗင်သာ ဖြစ်ပါက သူ အိမ်ထဲဝင်သည်နှင့် ကျည်ဆန်တစ်တောင့်က မိတ်ဆက်ပြီး ဖြစ်လိမ့်မည်။ မည်သူ့ကို ဆိုလိုကြောင်း စိတ်အားလျော့စွာနှင့်ပင် ကိုရီ သတိရလိုက်သည်။

'ခြောင် အဲဒါကြောင့်လား ငါ့ မိတ်ဆွေဆိုတာ ဘယ်သူလဲ'

'ဆူဆန်နီဒယ်လာ'

ဘာရှုနိုက ကိုရီ၏ တုံ့ပြန်မှုကို အကဲခတ်သည်။ ကိုရီက ဘာမျှမဖြစ်သလို ပခုံးတွန့်၍ လှည့်ထွက်သွားသည့်အခါ စိတ်ပျက်သွားပုံရသည်။

'ပွဲကတော့ ကြမ်းတယ်'



ဧည့်ခန်းအဝင်ပေါက်သို့ ကိုရီအရောက် ဘာရှုနိုက နောက်မှ [illegible]မ်းပြောလိုက်သည်။ ကိုရီ၏ တုံ့ပြန်မှုကို မဖြစ်မနေရယူရန် [illegible]တ်ကိုးတုံးချထားပုံရသည်။

'မစ္စတာ ရိုက်ကာနဲ့ မစ္စ မီကွန်နာတို့က ကောင်မလေးကို [illegible]ကောင်းကောင်းပညာပေးနေတာပဲ၊ သူတို့ တတ်ကျွမ်းသမျှ [illegible]သီးမျိုးစုံနဲ့ကို ပညာပေးနေတာ၊ သူတို့ကလဲ အတော်ပညာ [illegible]ကြပါတယ်'

ဘာရှုနိုက ကိုရီစိတ်ကိုဆွပေးလိုက်ပြန်သည်။

ကိုရီက ဘာရှုနိုထံသို့ ပြန်လျှောက်လာသည်။ မျက်နှာက [illegible]ပ်မကောင်း ကြိုးစား၍ ခပ်ဖွဖွပြုံးကာ ခပ်တိုးတိုးမေးသည်။

'သူတို့ ဘာတွေလုပ်နေကြတာလဲ ဘာရှုနို'

ဘာရှုနိုက သွားဖြဲပြုသည်။ ထို့နောက် စကားပြောရန်ပြင် [illegible]ိုက်စဉ်မှာပင် ကိုရီ၏ဒူးက သူ၏ပေါင်ခြံသို့ ဝင်လာသည်။ [illegible]ရှုနိုက ချက်ချင်း အသံမထွက်နိုင်၊ တုန်လှုပ်မှုဖြင့် မျက်လုံး [illegible]ုးကာ မျက်နှာမှ ချွေးများထွက်နေသည်။ ထို့နောက် [illegible]ါးစပ်မှလေထွက်ကာ ပေါင်ခြံကို လက်နှစ်ဖက်ဖြင့်ဆုပ်လျက် [illegible]းထောက်ကျသွားလေသည်။

ကိုရီက ဘာရှုနို၏အဖြစ်ကို အေးအေးဆေးဆေး ကြည့်နေ[illegible]က်သည်။ ဘာရှုနိုမှာ ခေါင်းငိုက်စိုက်ဖြင့် အဆဲမျိုးစုံဆဲနေ[illegible]သည်။ ဧည့်ခန်းထဲတွင်ကား သူတို့ နှစ်ယောက်မှတစ်ပါး မည်[illegible]မျှ မရှိ လူရှင်းနေသည် ကိုရီက သားရေကုလားထိုင်တစ်လုံး[illegible] သွား၍ စီးကရက်တစ်လိပ်ကို မီးညှိကာ စောင့်ကြည့်နေ[illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးမိနစ်ခန့်အကြာတွင် တံခါးပေါက်သို့ ဘာရှုနီရောက်လ... သည်။ မျက်နှာတစ်ခုလုံးလည်း ချွေးများဖြင့် ရွှဲနေသည်... ကပ်လာသည့် ဘာရှုနီအား ကိုရီက တည်ငြိမ်စွာပင် ကြည့်... သည်။ ထို့နောက် စားပွဲပေါ်တွင် အလှတင်ထားသည့် ... မြှောင်တစ်လက်ကို ယူလိုက်သည်။ ရွှေပြားခတ်ထားအိမ်မှ ... မြှောင်ကို ဆွဲထုတ်ပြီး ဘာရှုနီအား ယမ်းပြသည်။

'ဒါသာဆိုရင်တော့ ကားကိုဒေါင်ကို ပြန်သွားတော့မှာ... ဒီနေရာမှာ ပြဿနာဖြစ်တာကို ရှိက်ကာ ကြိုက်လိမ့်မယ် မ... ဘူး'

ဘာရှုနီက မှုန်းတီးသည့် အကြည့်နှင့်ကြည့်ကာ လှည့်... သွားသည်။ အစေခံတန်းလျားဆောင် တံခါးဆောင့်ပိတ်... ကြားရသည်အထိ ကိုရီ ထိုင်နေသေးသည်။ ထို့နောက်စာကြ... ခန်းဆီသို့ ခပ်သွက်သွက်ထွက်သွားသည်။ ဘာရှုနီ ပြန်လာ... မှာ သိပ်မသေချာလှ၊ မက်သီဘင်သည်လည်း ညစာ စား... အပေါ် အိပ်နေပေလိမ့်မည်။

ဝါနဲ့သာလျှင်ရှိတော့သည်။ သို့သော်သူကလည်း အ... အေးဆေးနေနိုင်စရာရှိသည်။ စာအုပ်စင်မှ ခလုတ်ကို နှိပ်... အောက်ထပ်သို့ သူ ဆင်းလိုက်သည်။ သေနတ်ပစ်ကွင်း... မီးလုံး တစ်လုံးသာ ထွန်းထားသည်။ နေရာအနှံ့ အရိပ်... ကျနေသည်။ သေနတ်ပစ်ကွင်း အလယ်တွင်မူ [illegible]... လူတစ်ယောက် လဲကျလျက်ရှိသည်။

လဲကျနေသူကို ကြည့်လိုက်ရာ သူဟင်နေ့လုံး တွေ့ချင်ရှိ...



...မ်းပြီး အဆက်အသွယ် လုပ်နေသော ဟင်နီဗင်ဖြစ်ကြောင်း ...တွေ့ရသည်။ ကိုရီရင်ထဲတွင် ထိတ်ခနဲ တုန်လှုပ်သွားသည်။ ကိုရီသည် ဟင်နီဗင်ထံသို့ ကပ်သွားသည်။ ဟင်နီဗင်ထံမှ ...က်ရာဒဏ်ချက်များကိုကြည့်ရင်း နဖူးတွင် ချွေးစို့လာသည်။ ...ဟင်နီဗင်မှာ [illegible] ကောင်း အရိုက်ခံထားရပုံ ပေါ်သည်။ ...ဖျော့တော့နှင့်ရိုက်၍ မီးနှင့်တို့ခြင်း ခံထားရသည်။ သို့သော် ထို ...က်ရာတို့မှာ ဝမ်းဗိုက်အောက်ပိုင်းရှိ ဓားဒဏ်ရာတို့နှင့်စာလျှင် ...ဖွဲလောက်စရာ မဟုတ်တော့။

ဟင်နီဗင်၏ မီစားချက်တို့ကိုမြင်ပြီး ကိုရီမှာ ပျို့အန်ချင်လျှ... ...ာသည်။ ထိုအချိန်မှာပင် ဟင်နီဗင်၏ မျက်လုံးများက မှိန့်သ... ...သည်။ ကိုရီက ဟင်နီဗင်ဘေးတွင် ဒူးထောက်ထိုင်ချလိုက်နေသည် ...သည်။

ဟင်နီဗင် စကားမပြောနိုင်။ ဒဏ်ရာတို့မှ သွေးများစီးက... ...ျက်ရှိသည်။ မျက်လုံးများကိုဖွင့်၍ မြင်နိုင်ရန် ကြိုးစားနေ... ...သည်။ ပါးစပ်ကို ဟလိုက်သည်။ လေသံသာ ထွက်လာပြီး ...ကားတွေကို မကြားရ၊ မျက်လုံးကလည်း မှုန်နေသည်။ တစ်စုံ ...တစ်ခုကို အရေးတကြီး ပြောလိုပုံရှိသည်။

'စကားပြောဖို့ မကြိုးစားနဲ့ ဟင်နီဗင်၊ လှဲပြီးသာနေပါ'

ကိုရီက ဟင်နီဗင်အား နှစ်သိမ့်စကားဆိုလိုက်သည်။

ဟင်နီဗင်က ခေါင်းကိုယမ်းသည်။ မျက်ဖြူလှန်ကာ ပါး... ...က တလှုပ်လှုပ်ဖြစ်နေသည်။ ကိုရီက ပါးစပ်အနားသို့ နား ...ကပ်လိုက်သည်။ ရှူးရှူးရှဲရှဲအသံသာ ကြားရသည်။ စကား ...လုံးတွေက ပီပီသသမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဟာင်နီဗင်၏ခေါင်းက တစ်ဖက်သို့ လည်ကျသွားလေသည်။

ကိုရီမှာ ဟာင်နီဗင်၏ အပြူးသား မျက်လုံးအစုံကို စိုက်ကြည့်နေမိသည်။ ထို့နောက် တဖြည်းဖြည်းထရပ်ကာ ဝေကားဆီသို့ ပြန်လှည့်လာသည်။ ခြေနှစ်လှမ်းမျှ လှမ်းလိုက်စဉ် အခန်းထဲ၌ သူတစ်ဦးယောက်တည်း မဟုတ်မှန်း သိလိုက်သည်။ အခန်းထဲသို့ ဝင်လာစဉ်က စစ်ဆေးမကြည့်ခဲ့ခြင်းမှာ သူ၏ အမှားပင်ဖြစ်သည်။

သေနတ်ပစ်ကွင်းအစပ်သို့ လှည့်ကြည့်လိုက်သည်။ ကိုကွဲဒါ ခြောက်လုံးပြူးကြီးကိုင်လျက် ဝါနာက အမှောင်ထဲက ထွက်လာသည်။

'ခင်ဗျားကို ကျွန်တော်ထင်တာမလွဲပါဘူးကိုရီ၊ ကျွန်တော့်အထင်ထဲမှာ မချွင်းဘဲဖြစ်နေတာ ကြာပြီ'

'မှန်တာပေါ့'

ဝါနာက ပြောလိုက်ရာ ကိုရီကလည်း မခိုးမခန့် ပြန်ပြောလိုက်သည်။

ဝါနာက ရှေ့သို့တိုးလာသည်။ ဟာင်နီဗင်၏ အလောင်းကို မေးဆတ်ပြသည်။

'ခင်ဗျားသာ သတိလက်မလွတ်ရင် ကျွန်တော်တို့မှာ သိပ်ပြဿနာ မဟုတ်ဘူး၊ သူ့ကို ရိုက်ကာက ၁၂ နာရီလုံးလုံး ရိုက်ခဲ့တာတောင် ဘာဘာစ်ခွန်းမှ မသိခဲ့ရဘူး'

'ဒါနဲ့ ခင်ဗျားကော ဝင်စစ်ဆေးသလား'



ဝါနာက ခေါင်းညိတ်ရှိမဲ့ပြုံးပြုံးပြသည်။

'ကျွန်တော်တို့ နည်းနည်းပါးပါး ဆွေးနွေးလိုက်ရတယ်၊ ဒီနေရာက သူ မြန်မထွက်နိုင် တော့ဘူးဆိုတာ သူ သိသွားတယ်၊ ဒါနဲ့ ရွှေးစရာလမ်းအချို့တော့ ကျွန်တော်ပြပေးလိုက်ပါတယ်'

'ခွေးမသား'

ဝါနာ၏ စကားအဆုံးတွင် ကိုရီက ဆဲလိုက်သည်။

ဝါနာက ပြုံးသည်ဆိုရုံမျှပြုံး၍ သေနတ်ကို မြှောက်လိုက်သည်။ သေနတ်မောင်းပေါ်မှ လက်ညှိုးက တဖြည်းဖြည်း ကွေးလာစဉ် ကိုရီက တစ်ကိုယ်လုံးရှိ ကြွက်သားများကို လျှော့ချလိုက်သည်။ ပြေးဝင်လာမည့် ကျည်ဆန်ကို မျှော်လင့်သောသော ခန္ဓာကိုယ်ရှိ ကြွက်သားအားလုံး တောင့်တင်းနေသည်တိုင် မျက်နှာကတော့ မည်သည့်ခံစားမှုကိုမျှ မဖော်ပြ။

ကိုရီ၏ သက်သောင့်သက်သာဖြစ်နေမှုကို မြင်ယောင်သော ဝါနာက ချီးကျူးသည့်နှယ် ခပ်သဲ့သဲ့ပြုံးလာသည်။ သေနတ်မောင်းပေါ်မှ လက်ကို ဆက်မခကွေးနိုင်တော့၊ တွေးတွေးဆဆနှင့် မျက်မှောင်ကြုတ်ကာ အနည်းငယ် ပြုံးလာသည်။

'ပစ်လိုက်လေ ဝါနာ၊ ရိုက်ကာက ခင်ဗျားကို မသတ်ခင် ပစ်လိုက်စမ်းပါ'

ဝါနာ သဘောပေါက်သွားသည်။ တစ်နှင့်တစ်ပေါင်းသောအဖြေကိုရလိုက်သည်။ ရိုက်ကာရောက်လာမည်ကို ကိုယ်မလိုလားဆုံးဖြစ်သည်။ စိတ်မူမမှန်သည့် ရိုက်ကာကဲ့သို့သော

www.burmeseclassic.com

www.burmeseclassic.com



ကြားလူသည် ကျွန်ုပ်ကိစ္စတွင် ကျည်ဆန်တစ်တောင့်ပေးလိုက်ခြင်းမျိုးဖြင့် ကျေနပ်မည့်လူစားမဟုတ်။

ကြားလူသည် ကိုရီ၏ဘဝကို အဆုံးမသတ်ပေးမီ ကျီစယ်ကစားလိုပေလိမ့်ဦးမည်။ နှလုံးသွေးရပ်လုမတတ် ခံစားချက်များကို ပေးချင်ပေဦးမည်။ ထို့ဖြစ်၍သာ ကိုရီက ကျည်ဆန်ကို လက်ခံမည်ဟု ဆိုနေခြင်းဖြစ်သည်။ သက်သောင့်သက်သာ ဖြစ်နေခြင်းဖြစ်သည်။

သည်လူ ကျည်တစ်တောင့်တည်းနှင့် မသေစေရ၊ ရိုက်တာသိအောင် အကြောင်းကြားမည်၊ တဖြည်းဖြည်း မေးချင်တာမေးမြန်း၍ ညှဉ်းဆဲမည်။

ဝါနာက ခပ်တိုးတိုးရယ်၍ နံရံရှိ ဖုန်းဆီသို့ ဆုတ်သွားသည်။ မိမိအတွက် အခွင့်အရေးတစ်ခုသာ ရှိကြောင်း ကိုရီသိကာ စောင့်နေလိုက်သည်။ သေနတ်စင်သို့ မျက်လုံးကစားလိုက်သည်။

အနီးဆုံးလက်နက်မှာ မော်ဆာမရှင်းပစ္စတိုဖြစ်သည်။ သိပ်ကောင်းလှသည့်လက်နက်တော့မဟုတ် (၄၅ ကျည်ဆန် အရှင်အထိမခံရလျှင်တော့ ကာကွယ်ရန်လုံလောက်သည်။

ဝါနာက နံရံကို ကျောမှီ ရပ်လိုက်သည်။ သေနတ်ကမူ ကိုရီအား ချိန်ထားသည်။ လက်တစ်ဖက်က ဖုန်းဆီသို့ လှမ်းသည်။ ဖုန်းတွင် ခလုတ်လေးခုရှိသည်။ ဆက်သွယ်လိုသည့်ဖုန်း၏ခလုတ်ကို ဝါနာလှမ်းကြည့်ရမည်။ တစ်စက္ကန့်မျှသောအချိန်လောက်မှ အာရုံ ပြောင်းသွားလိမ့်မည်။ ထိုတစ်စက္ကန့် မျှသော



အချိန်သည်ပင် သူ့အတွက် တစ်ကမ္ဘာမက တန်သော အခွင့်အရေးပင်ဖြစ်သည်။

ကိုရီ အသက်ပြင်းပြင်း ရှူလိုက်သည်။ ဝါနာ၏ မျက်လုံးများကို စိုက်ကြည့်ထားသည်။ ဝါနာ၏မျက်လုံးများ လှစ်ခနဲ တစ်ချက်ဝေ့သွားသည်ကို တွေ့လိုက်ရသည်။ ကိုရီ၏လက်က ခေါင်းပေါ်သို့ ဆတ်ခနဲ ရောက်သွားသည်။ မျက်နှာကြက် နိမ့်နိမ့်တွင် လောင်းချထားသည့် မီးလုံးကို ရိုက်ခွဲလိုက်သည်။

မီးလုံးကွဲများသည် ရုတ်ခြည်း အမှောင်ထုက ကြီးစိုးသွားသည်။ ဝါနာထံမှ သေနတ်ပစ်သံတစ်ချက်ကြားလိုက်ရသည်။ ဘယ်ဘက်သို့ ကိုရီရှောင်ပစ်လိုက်သည်။ ဆက်တိုက်လှိမ့်ကာ သေနတ်စင်အောက်သို့ရောက်သွားသည်။ သို့သော် သေနတ်စင်ဆီသို့ ချက်ချင်းလက်လှမ်း၍ မဖြစ်သေး၊ နံရံတွင် အသာကပ်၍ နားစွင့်လိုက်သည်။

ကိုရီ သေနတ်ယူမည်ကိုသိနေသော ဝါနာက သေနတ်စင်ဆီသို့ လေးချက်ဆက်တိုက်ပစ်သည်။ စင်ပေါ်မှ သေနတ်များကိုသွားထိသည်။ နားကွဲလုမတတ်ဆူညံသံက ကိုရီ၏ လှုပ်ရှားမှုကို ဖုံးကွယ်သွားသည်။ ဝါနာထံမှ သေနတ်သံစဲသွားမှ သေနတ်စင်သို့ လက်လှမ်းလိုက်သည်။

ကိုရီက မရှင်းပစ္စတိုကိုဆွဲ၍ အခန်းအလယ်သို့ လှိမ့်သွားလိုက်သည်။ လှိမ့်ရင်း ပစ္စတိုကို မောင်းတင်သည်။ ဆတ်ခနဲ မုဆိုးဒူးထောက်ထိုင်ကာ လက်နှစ်ဖက်နှင့် သေနတ်ကို မ၍ချိန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မှောင်မည်းသော အခန်းထဲ၌ တိတ်ဆိတ်နေသည်။ တစ်ယောက်အခြေအနေကို တစ်ယောက် အကဲခတ်နေသည်။

ကိုရီကိုသာ ကျည်ဆန်ထိမသွားပါက သည့်အချိန်ဆို ကိုရီသည် သေနတ်တစ်လက်တော့ ရနိုင်ပြီးဖြစ်သည်၊ ကိုရီသည်သူ၏ သေနတ်ပြောင်းမှ မီးအပွင့်ကို စောင့်ကြည့်နေမည်ဟု ဝါနာ သိသည်။ မည်သူမျှ မလှုပ်ကြ။ ဝါနာကလည်း ကိုရီ၏သေနတ်ပြောင်းမှ မီးပွင့်ထိုမဟုတ် တစ်ခုခုလှုပ်ရှားသံကို နားစွင့်နေသည်။ အမှောင်ထဲတွင် ကျင့်သားရစေရန် ကြိုးစားနေကြသည်။ ဝါနာသည် လေးချက်ပစ်ပြီးဖြစ်၍ ကျည်ဆန်ကို ချွေတာရတော့မည်။

ဝါနာသည် ကျည်ကွယ်ရာ မျက်ကွယ်ရာတွင် မရှိ။ ထို့ကြောင့် အကာအကွယ် ရှာရမည်။ နေရာရွှေ့ရမည်။

ကိုရီ ခေတ္တ စောင့်ကြည့်သည်။ မျက်လုံးကိုကျုံ့၊ အသက်ကို အောင့်၊ နားစွင့်ကာ စောင့်နေသည်။ အခန်း အစွန်းမှ လှုပ်ရှားသံသဲ့သဲ့ ကြားလိုက်သည်။ ဝါနာသည် ပစ်မှတ်များ၏ နောက် သံအိတ်များဆီသို့ နေရာရွှေ့ခြင်း ဖြစ်မည်။

ကိုရီ တစ်ချက်ပစ်သည်။ သေနတ်သံကြောင့် သူ၏သေနတ်သည် မော်ဆာမရှင်းပစ္စတိုဖြစ်မှန်း ဝါနာ မသိပါစေနှင့်ဟု မျှော်လင့်မိသည်။ ဝါနာ၏ ခြောက်လုံးပြူးကြီးက တစ်ချက် တုံ့ပြန်သည်။ ကိုရီရှိရာနေရာသို့ ဖြစ်သည်။

သို့သော် ထိုနေရာတွင် ကိုရီ မရှိတော့ချေ။ ကိုရီက ဒူးထောက်ကာ တစ်ဖက်သို့ အော်တိုမက်တစ်ခလုတ်ကို ဆွဲသည်။ ကျည်ဆန်ချက်တိုင်း၏ မီးပွင့်ကလေးများသည် တစ်ခန်းလုံးသို့



အလင်းရောင်ကလေးများ ဖြာထွက်သွားစေသည်။ တွန့်လိမ်ကောက်ကွေးကာ သံအိတ်များဆီသို့ နောက်ပြန် ပြေးဆင်းသည့် ဝါနာအား ရိပ်ခနဲ မြင်လိုက်ရသည်။

တစ်ဖက်သို့ ဝါနာ တွန့်လိမ်ကာ လျှောကျသွားသည်။ မော်ဆာမရှင်းပစ္စတို၏အသံ အဆုံးတွင် အမှောင်ထုက သွေးသံရဲရဲဖြစ်နေသော ဝါနာ၏ကိုယ်ခန္ဓာအား ပြန်လည် လွှမ်းခြုံသွားသည်။

သေနတ်သံတို့ ပဲ့တင်သံအဆုံးတွင် ကိုရီက ထရပ်သည်။ ဆယ်စက္ကန့်မျှကြာအောင် အပေါ်ထပ်မှအသံကို နားစွင့်ကြည့်သည်။ ဤအသံလုံအခန်းသည် မော်ဆာသေနတ်သံလောက်ကိုတော့ ထိန်းနိုင်မည်ဟု ကိုရီ သေသေချာချာ သိသည်။

သို့သော် ဝါနာ၏ခြောက်လုံးပြူးသံကတော့ အပေါ်ထပ်သို့ လွင့်ပျံ့ရောက်သွားနိုင်သည်။

သို့သော် အပေါ်ထပ်မှ လှုပ်လှုပ်ရှားရှား အသံများ မကြားရ။ ကိုရီ ဝါနာ၏အလောင်းရှိရာသို့ ခပ်သွက်သွက်သွားသည်။ မီးခြစ်မီးဖြင့် စစ်ဆေးကြည့်သည်။ ဝါနာသည် ကြမ်းပြင်ပေါ်သို့မကျမီမှာပင် အသက်ကုန်ခဲ့ပြီဖြစ်ကြောင်း သိလိုက်သည်။

ဝါနာ၏ဘေးရှိ ခြောက်လုံးပြူးကို ကောက်ကာ ဟာင်နီဗင်၏အလောင်းဆီသို့ ယူခဲ့သည်။ ဟာင်နီဗင်၏ အလောင်းကို သေနတ်စင်အနီးသို့ ဆွဲကာ ချထားသည်။ လက်ထဲသို့ ရှင်းပစ္စတိုကို ထည့်ပေးသည်။ နောက်သို့ ခြေလှမ်း သုံးလှမ်းမျှ ဆုတ်ကာ မီးခြစ်မီး အကူအညီဖြင့် ဟာင်နီဗင်၏ ရင်ဘတ်ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ပစ်သည်။ အနေတ်ကို ဝါနာ၏ အလေသင်းအားတွင် ပြန်ချထားလိုက်သည်။

ဤအဖြစ်ကိုမြင်ပါက ဟင်နီဗင်သည် တစ်နည်းနည်းဖြင့် မီးလုံးကို ခွဲနိုင်ခဲ့ကြောင်း၊ အနေတ်စလို့မှ မရှင်းပစ္စတိုကိုယူနိုင်ခဲ့ကြောင်း၊ ဝါနာ မပစ်နိုင်မီ သူကလည်း ပစ်နိုင်ခဲ့ကြောင်း မှတ်ယူကြပေလိမ့်မည်။

ဤဖန်တီးမှုမှာ သိပ်တော့ ယုတ္တိမတန်လှ။ ဟင်နီဗင်၏ ဒဏ်ရာများကိုလည်း ထည့်တွက်စရာ ရှိသေးသည်။ သို့သော် ဝါနာ သေဆုံးမှုအတွက် တုန်လှုပ်ချောက်ချားမှုက ရိုက်ကာကို လွှမ်းမိုးနေမည်ဖြစ်၍ ထိုအချက်ကို ရိုက်ကာ မြင်တော့မည် မဟုတ်ပါ။

ခေါ်သည် ယုတ္တိရှိရှိ တွေးခေါ်နိုင်မှုကို ဖုံးလွှမ်းသွားလိမ့်မည်။ တုန်လှုပ်မှုသည် ထိုင်၍ တည်ငြိမ်စွာ တွေးခေါ်နိုင်ခြင်းကို ဖုံးလွှမ်းသွားလိမ့်မည်။ သို့သော် အပေါ်ထပ်သို့ ပြန်တက်သောအခါ အသိတရားတစ်ခုက ဝင်လာသည်။ ရိုက်ကာသည် ဤမျှ အသက်ရှည်နေခြင်းမှာ အဖြစ်အပျက်တို့ကို စေ့စေ့စွာ ခွဲခြမ်းစိတ်ဖြာတတ်မှုရလဒ်ကို ကြိုတွက်တတ်မှုဟူသော အရည်အချင်းများရှိခြင်းကြောင့် ဖြစ်ပေမည်။

ရိုက်ကာကို လျော့တွက်၍တော့မရ။

သူ၏အခန်းသို့ပြန်လာစဉ် ဘစ်အိမ်လုံးမှာ တိတ်ဆိတ် ငြိမ်သက်နေသည်။ အခန်းထဲသို့ရောက်သည်နှင့် အဝတ်အစားများကို ချွတ်သည်။ အင်္ကျီကို ဆုတ်ဖြဲပြီး ရေအိမ်ထဲသို့ချကာ ရေလောင်းပစ်လိုက်သည်။ ထို့နောက် ရေပန်းအောက်တွင်



ဆပ်ပြာကို စိတ်ကြိုက်တိုက်၍ ရေချိုးသည်။ သူ့ကိုယ်တွင် ယမ်းနံ့ မရှိနိုင်တော့ဟု သူယုံကြည်သည်အထိ ဖြစ်သည်။

သူ့တစ်ကိုယ်လုံး မျက်နှာသုတ်ပဝါဖြင့် သုတ်၍ မျက်နှာသုတ်ပဝါကို လည်ပင်းမှာ ဆွဲလျက် ခေါင်းတွင်တင်ကာ လှမ်းသည်။ ညနေပိုင်းနေပူရှိန်ဖြင့် မကြာမီ ခြောက်သွေ့သွားမည် ဖြစ်သည်။ ရှပ်အင်္ကျီနွေးကိုတစ်ထည်နှင့် ဘောင်းဘီရှည်တစ်ထည်ကို ဝတ်သည်။

ယခုလောလောဆယ် ဘာမျှလုပ်စရာ မရှိတော့။ စောင့်ဆိုင်းနေရုံသာ ရှိတော့သည်။ ခုတင်ပေါ် တက်လှဲသည်။ စိတ်ရောကိုယ်ပါ ကျဉ်းကြပ်နေမှုကို လျှော့ချသည်။ ကိုယ့်ကိုယ်ကိုယ် သက်တောင့်သက်သာဖြစ်အောင် လုပ်လိုက်သည်။ စစ်ဆင်ရေးအတွက် လုပ်စရာတစ်ခုသာရှိတော့သည်။ အနေတ်ပစ်ခန်းမှ မြင်ကွင်းကိုပြန်တွေးမိလေလေ အဆိုးကိုသာပိုက်ဖြစ်လာလေလေ ဖြစ်နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (လေး)

အောက်ထပ်အိမ်အဝင်အဝအခန်းမှ အသံဗလံများ ကြားရချိန်တွင် ညနေခြောက်နာရီထိုးနေပြီ ဖြစ်သည်။ ရိုက်ကာက ဘရှုန်းအား အော်ကြီးဟစ်ကျယ် လှမ်းခေါ်နေသည်။ ထို့နောက် ကိုရီ၏ အခန်းဝသို့ ခြေသံပွပွ ရောက်လာသည်။ဆယ်စက္ကန့်မျှ ငြိမ်နေပြီး အဝေးသို့ ထွက်သွားသည်။

မီကန်နာဖြစ်မည်ဟု ကိုရီ မှတ်ယူလိုက်သည်။ ဧည့်ခန်းအတွင်းသို့ ဝင်သွားသည့် ရိုက်ကာ၏အသံ ပျောက်သွားသည်။ အတန်ကြာအောင်ပင် တိတ်ဆိတ်သွားသည်။ လှဲနေရာမှ စီးကရက်ဘစ်လိပ်ကို မီးညှိပြီး ကြုံတွေ့ရတော့မည့် ရင်ဆိုင်တိုက်ပွဲအတွက် ကြံဆစဉ်းစားနေလိုက်သည်။



မကြာလိုက်ပါ။ ပြဿနာက အရှိန်အဟုန်ကြီးစွာပင် ဖြစ်လာသည်။ ရိုက်ကာနှင့် ဘရှုန်းတို့ ဝင်လာကြသည်။ ကိုရီ၏ အနီးသို့ ရောက်သည်အထိ စကားမပြောကြ။ ကိုရီက မျက်လုံးကို ဝင့်ကြည့်ကာ စီးကရက်ကို ထိုးချေပြီး မီးငြိမ်းလိုက်သည်။

'ထစမ်းပါ'

ရိုက်ကာ၏အသံက မာလှသည်။

'ဘာတွေ အရေးကြီးနေလို့လဲဗျ'

ကိုရီက သိလိုစိတ်ပြင်းပြင်းဟန် အသွင်ဖြင့် ကြည့်သည်။

'ထစမ်း'

ရိုက်ကာက [redacted]စ်သေနတ်ကို မြှောက်ကာ ချိန်သည်။

ကိုရီက ခုတင်ပေါ်မှ ခြေလှဲဆင်းသည်။ ဒေါသတကြီးဟန်သို့ ပြောင်းသည်။

'ဒီမှာ ရိုက်ကာ'

ကိုရီ စကားမဆက်နိုင်တော့။ ဘရှုန်း၏လက်သီးက ဝမ်းဗိုက်ထဲ ဝင်လာသည်။ ညွတ်သွားသည့် ကိုရီ ခေါင်းမှဆံပင်ကို ဆွဲ၍ နံရံကိုရိုက်သည်။

'ထောင်တော့'

ရိုက်ကာကတား၍ ကိုရီ၏မျက်နှာကို သေနတ်နှင့် ထိုးချိန်သည်။

'ငြိမ်ငြိမ်ကလေးနေပြီး နားထောင်စမ်း ကိုရီ၊ ဒါလိုမှမဟုတ်ရင်တော့ ပစ်လိုက်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ကိုရီက ရိုက်ကာအား ချုပ်ထိန်းထားရသော ဒေါသ[illegible] ကြည့်သည်။ ထို့နောက် ဘာရှုနိုထံ လှည့်ကြည့်သည်။ ဘာရှု[illegible] အခန်းအပြင်ဘက်ရှိ မီကာန်နာအား အချက်ပြ လိုက်သ[illegible] မီကာန်နာက အခန်းထဲသို့ ဝင်လာသည်။ ကိုရီက စူးစိုက်ကြ[illegible] ပြီး ညာလက်ကို မယူသည်။ လက်ခုံနှင့် လက်ကောက်[illegible] အား အနံ့ခံကြည့်သည်။

ထို့နောက် ဘယ်လက်၊ ရင်ဘတ်နှင့် ဆံပင်တို့ကိုပါ အ[illegible] ခံကြည့်သည်။ ကိုရီက သူမအား အဓိပ္ပာယ်မဲ့သလို ကြည့်[illegible] သူမခေါင်းပေါ်မှ ကျော်၍ ရိုက်ကာအား လှမ်းကြည့်သ[illegible] ရိုက်ကာ၏ မျက်လုံးနှ[illegible] မဟုတ်ရာကျောက်က[illegible] များသဖွယ် တောက်[illegible]လျက်ရှိသည်။

'ဘာ့အတွက် ဒီလိုမျိုးလုပ်ရတယ်ဆိုတာ ကျွန်တော် [illegible] ဘူးပါတယ်၊ ကျွန်တော့်ကို အခုလိုလုပ်တာတော့ ရယ်စရာ[illegible]

ကိုရီက ဣန္ဒြေရရနှင့် ပြောလိုက်သည်။

'ပါးစပ်ပိတ်စမ်း'

ရိုက်ကာက ဒေါသတကြီး အော်သည်။

မီကာန်နာက အချိန်ယူ၍ အနံ့ခံနေသည်။ နောက်ဆုံး[illegible] အသာဆုတ်ပြီး ခေါင်းခါပြသည်။ ရိုက်ကာမှာ အနည်း[illegible] စိတ်ထက်သာသွားပုံရသည်။ အခန်းထဲသို့ တစ်ဖန် မီကာ[illegible] အား မေးငေါ့ပြသည်။

သူမက ခေါင်းညိတ်၍ အဝတ်အစားဗီရိုနှင့် အံဆွဲ[illegible] လျှောက်သွားသည်။ အဝတ်အစားများကို စစ်ဆေး[illegible] သည်။ အဝတ်အစားအချို့ကို ကိုင်၍ အနံ့ခံကြည့်[illegible]



ထို့နောက် ရေချိုးခန်းသို့ ဝင်သွားသည်။ ပြန်ထွက်လာချိန်တွင်မှ စိတ်ကျေနပ်နေပုံရသည်။

'ဘာမှမရှိဘူး'

သူမ၏စကားကြောင့် ရိုက်ကာက ကိုရီအား ပြုံးကြည့်သည်။ ကိုရီ၏ မျက်လုံးများထဲသို့ ထိုးဖောက်မတတ် ကြည့်သည်။

'နေပါဦး၊ ခင်ဗျားတို့ ဘာဖြစ်နေတာလဲ'

ကိုရီက သူ ဘာမှနားမလည်ဟန်မျိုးနှင့် မေးလိုက်သည်။

'ပါးစပ်ပိတ်ထားစမ်း၊ ခင်ဗျား ဒီကိုရောက်နေတာ ဘယ်လောက် ကြာပြီလဲ'

ရိုက်ကာက ခပ်ဆတ်ဆတ် မေးလိုက်သည်။

'ဘာရှုနိုရဲ့ ဟိုတယ်ကို ဆောင့်ကန်ပြီးကတည်းကပဲ'

ကိုရီက ဇပ်ဖြဲဖြဲနှင့် ဘာရှုနိုအား လှမ်းကြည့်ရင်း ပြောသည်။

'အဲဒါ အချိန်ဘယ်လောက်ကလဲကွ'

ဘာရှုနို၏မျက်နှာက ဒေါသကြောင့် တင်းသွားသည်။ သို့သော် ရိုက်ကာဘက်သို့လှည့်ပြီး နှစ်နာရီမျှ ကြာသွားပြီ ဖြစ်ကြောင်း ပြောသည်။

'ဘာရှုနိုကို ကျွန်တော်နှိပ်ထည့်လိုက်တာ [illegible]'

ကိုရီက မေးလိုက်သည်။

ရိုက်ကာက ခေါင်းခါသည်။ ဒေါသက [illegible] သို့သော် ကိုရီ့အပေါ်သို့ မဟုတ်သေး။

www.burmeseclassic.com

www.burmeseclassic.com



'ဝါနာကို ကျွန်တော်တို့ လက်လွှတ်လိုက်ရပြီ။ သေနတ်ခန်းထဲမှာ သူ့အသက်ခံလိုက်ရတယ်'

ရိုက်ကာက တစ်ခွန်းချင်း ပြောလိုက်သည်။

'ဘုရားရေ'

ကိုရီက အံ့အားသင့်ဟန် မျက်လုံးပြူးကာ ကြည့်သည်။

'ဘယ်လိုဖြစ်တာလဲဗျ၊ တစ်ယောက်ယောက်က လာပြီး သတ်သွားတယ်လို့ ဆိုလိုတာလား'

'မဟုတ်ဘူး'

ရိုက်ကာက ခေါင်းခါသည်။

'မနေ့ညက အက်(ဖ)ဘီအိုင်တစ်ယောက်ကို ကျွန်တော်တို့ ဖမ်းမိခဲ့တယ်၊ ဝါနာက သူ့ကိုစစ်ဆေးနေတာပဲ'

'မနေ့ညက ဟုတ်လား'

ကိုရီက ရိုက်ကာအား မယုံကြည်နိုင်သလိုကြည့်သည်။

'သောက်သုံးမကျတဲ့ ခင်ဗျားတို့ထောက်လှမ်းရေးသမားကို ဒီကိုခေါ်လာခဲ့တယ် ဟုတ်လား၊ သောက်သုံးမကျလိုက်တာ'

ကိုရီက အပြစ်တင်ရင်း ပြောလိုက်သည်။

ရိုက်ကာက သူ့ကိုစူးရဲစွာ ကြည့်သည်။ နှုတ်ခမ်းများက ဖြူရော်ရော် ဖြစ်နေသည်။ ဒေါသထွက်လွန်း၍ စကားပင် မပြောနိုင်။ ဘာရှိမှာ ဂနာမငြိမ် ဖြစ်နေသည်။ ရိုက်ကာ၏ အမိန့်ရပါက ကိုရီအား ထိုးသတ်ရန် အသင့်ဖြစ်နေသည်။ ကိုရီက လက်ကိုမြှောက်၍ ရင်ဆိုင်ရန်ဖြစ်သည်။

'နေကြစမ်းပါ၊ ခင်ဗျားကို ကျွန်တော်တို့ စစ်ဆေးဖို့



ထိုအပ်လို့ စစ်ဆေးတာပဲ၊ ခုခင်ဗျားနဲ့ မပတ်သက်တာသိရပြီ၊ သေနတ်ဘစ်လက်နား ခင်ဗျားကပ်ခဲ့ရင် မီကန်နာ သိသွားမှာပဲ'

မီကန်နာ သူ့နားကပ်၍ ယမ်းနံ့ခံခဲ့ခြင်းကို ရည်ညွှန်း၍ ပြောလိုက်ခြင်းဖြစ်သည်။

ကိုရီက ရိုက်ကာအား မကျေနပ်သလို စိုက်ကြည့်သည်။ သူမပတ်သက်ပါဟု ရိုက်ကာက ပြောနေသည်။ သို့သော် မိုက်ခရိုစကုတ်နည်းဖြင့် စစ်ဆေးကြည့်လျှင်တော့ အဖြေပေါ်သွားလိမ့်မည်။

တံခါးဝသို့ မက်သီဘင် ရောက်လာသည်။ ကိုရီတို့အုပ်စုအား စူးစမ်းသလို ကြည့်နေသည်။

'အတော်ကလေး ဆန်းပါလား၊ ဘာတွေဖြစ်နေလို့လဲ'

ရိုက်ကာက မက်သီဘင်အား စူးစိုက်ကြည့်သည်။ မက်သီဘင်သည် သူတို့ဖြစ်နေသည်ကို အနည်းငယ် စိတ်ဝင်စားနေပုံရသည်။

'ကျွန်တော်တို့မှာ ပြဿနာတစ်ခု ဖြစ်နေပြီ'

နောက်ဆုံးတော့ ရိုက်ကာက ဖြေလိုက်ရသည်။

'ပြဿနာဆိုတာ လူတိုင်းရှိကြတာပဲ သူငယ်ချင်းရဲ့၊ ကျွန်တော်ဆို လူတိုင်းက ဆူညံနေလို့ မျက်စိကိုမနည်းမှိတ်ထားဖို့ ကြိုးစားနေရတဲ့ ပြဿနာရှိနေတာပဲ'

ရိုက်ကာမှာ စိတ်ကို အတတ်နိုင်ဆုံး ထိန်းကာ တည်ငြိမ်အောင် ကြိုးစားနေရသည်။ မီကန်နာက မက်သီဘင် အနီးသို့ သွားရပ်သည်။ ရိုက်ကာ၏ အချက်ပေးမှုကို စောင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မက်သီဘာင်အား ဒုတိယမြောက် သံသယရှိသူအဖြစ် ယူ
နေကြောင်း ထင်ရှားလှသည်။ သို့သော် မည်ကဲ့သို့ သက်သေ
ကြောင်း မသေချာကြ။ မည်ကဲ့သို့ ဆက်စပ်၍ သံသယရှိရမှ
ကိုလည်း သူတို့ မတွက်ဆနိုင်ကြ။ ကိုရီက သူတို့ကိုယ်စား
ကိုယ်တိုင် ဝင်ရှင်းရန် ဆုံးဖြတ်သည်။

'ဝါနာအသတ်ခံရလို့ပဲ'

'ကျွန်တော်တို့သိတဲ့ လူတစ်ယောက်ယောက်ကလား'

မက်သီဘာင်က အနည်းငယ်စိတ်ဝင်စားလာသည်။

'ဖြစ်နိုင်တယ်'

ရိုက်ကာက မက်သီဘာင်၏ တုံ့ပြန်မှုကို အကဲခတ်နေသည်
ဆိုလျှင်တော့ ဝမ်းနည်းစရာဖြစ်သွားပေလိမ့်မည်။ မက်သီဘာ
က အရေးမစိုက်သလို ပခုံးနှစ်ဖက်တို့တွန့်၍ လှည့်ပြန်ရှင်း
သည်။

'ကျွန်တော်ကတော့ သူ့အတွက် ဝိုင်းမျက်ရည်ကျစရာမ
ငေ့ဗျာ၊ သူက ကျွန်တော်နဲ့ အကြိုက်ချင်းမှ မတူတာ'

မက်သီဘာင်သည် သူနှင့် ဝါနာ အကြောင်း မဆိုင်သလို ပြော
လိုက်သည်။

'သူက စစ်ဆင်ရေးအတွက် အရေးပါတယ်ဗျ၊ သိပ်
အရေးပါတယ်'

ရိုက်ကာက ဒေါသတကြီး ဖြေသည်။

'ကျွန်တော်တို့ အားလုံး အရေးပါတာချည်းပါပဲ သူငယ်
ချင်း'

မက်သီဘာင်က ပြောလိုက်[illegible]



ာ သူ့အခန်းဘက်သို့ ထွက်သွားသည်။ ရိုက်ကာက စိတ်မသက်
သာစွာ ကြည့်နေရင်းမှ ကိုရီဘက်သို့ ချာခနဲ လှည့်သည်။

'ကားနဲ့မြို့ထဲကိုသွား၊ နှစ်ကိုကိုဖြစ်ဖြစ် သုံးခုကိုဖြစ်ဖြစ်
ပြီး နောက်ထပ်သုံးနာရီအတွင်း အကောင်းတွေရှင်းဖို့ လုပ်ခိုင်း'
ဟုပြော၍ ပျော်ပျော်ကြီးထွက်သွားသည်။ ကိုရီက ခုတင်ပေါ်
တွင် ထိုင်သည်။ မှုံးမှိုင်နေသည့် နံဘေးကို ပွတ်သပ်နေ
သည်။ ရိုက်ကာကို ကရုဏာသက်နေပုံမရဘဲ ကြည့်သည်။

'ဘာများလိုချင်ပါသလဲရှင်'

'လိုချင်ရင် ပြောပါမယ်ကွာ'

ကိုရီက ဒေါသတကြီး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်
နေသည့် ရိုက်ကာအား ကြည့်ရင်း ဖြေသည်။ ရိုက်ကာ သူ့
ရှေ့တွင်လာရပ်ကာမှ မေးလိုက်သည်။

'ရောမကိစ္စ ဘယ်လိုလုပ်မလဲ'

ရိုက်ကာက ကိုရီကို အကဲခတ်ကြည့်နေသည်။

'ခင်ဗျား ဘယ်လောက်အောင် တော်သလဲကိုရီ၊ ဒေါ်လာ
ငါးသိန်း တန်ပါမလား'

'ကျွန်တော်ဟာ ရှာနာသိုက်ကလေးတစ်ခုလို့ အမေက
ပြောဖူးတာပဲ'

'ဒါဆိုရင် ရောမကိစ္စကို ခင်ဗျားဦးစီးနိုင်ပါမလား'

ကိုရီက တွေးနေဟန်ပြုသည်။ ရိုက်ကာ၏စိတ်ပျက်နေပုံကို
ကြည့်ကာ ကျိတ်၍ဝမ်းသာနေသည်။ ဝါနာ သေဆုံးရမှုသည်
ရိုက်ကာအား အတော်ပင် ထိခိုက်သွားစေသည်။ ထို့ကြောင့်
ဤမေးခွန်းကို မေးလာခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



‘ဘယ်နှယ်လဲ’

ရိုက်ကာက ထပ်မေးလိုက်သည်။

‘မလွယ်ဘူး၊ ကိုဒင်နဲ့ ကား(လ်)တို့ အဖမ်းမခံရင်တော့ ရာမလေးဆိုင်ကို ကျွန်တော်တို့ စတိုက်တာနဲ့ သူတို့အဖမ်းခံမှာ သေချာတယ်’

ရိုက်ကာ ပြန်၍ မငြိမ်းခံတော့ပါ။ အခန်းထဲမှသာ ထွက်သွားသည်။ မီကန်နာက ကျန်ရစ်ခဲ့ပြီး ကိုရီအား မနှစ်မြို့သလိုကြည့်ပြီး အကဲခတ်နေသည်။

‘ရှင်ဟာ သိပ်ပေါ့ပျက်ပျက်နိုင်တာပဲ မစ္စတာ ကိုရီ၊ ဒီလောက်ငွေကြေးကို အလွယ်တကူ ခေါင်းခါလိုက်တဲ့ လူမျိုး သိပ်ရှိမှာ မဟုတ်ဘူး’

‘အကျဉ်းထောင်ထဲမှာ ကိုယ့်ကိုယ်ကိုယ် သိပ်တော်တယ် ထင်တဲ့လူတွေ ပြည့်နေပြီ မီကန်နာ၊ အဖြေက လွယ်ပါတယ်၊ ရိုက်ကာလဲ သိပါတယ်၊ အခုကိစ္စ အလုပ်ဖြစ်ဖို့ ဦးစီးနိုင်တဲ့ လူက သူပဲ’

‘ဒါမျိုး သူဘယ်တော့မှ မလုပ်ဘူး၊ လုပ်ဖို့လဲ မသိဘူး’

သူမက အတိအကျသိမြင်ပြီးပုံနှင့် ပြောလိုက်သည်။

‘သူလုပ်ရမယ်၊ သူဒီလိုမှမလုပ်ရင် ကျွန်တော်တို့ အားလုံး ဘာမှလုပ်လို့ရတော့မှာ မဟုတ်ဘူး’

သူမက အတန်ကြာအောင် ကိုရီအားစိုက်ကြည့်ပြီး ရိုက်ကာ၏ နောက်မှလိုက်ကာ အောက်ထပ်သို့ဆင်းသွားလေသည်။

ကိုရီက ခုတင်ပေါ် လှဲချလိုက်သည်။ ရှောင်လွှဲ၍ မရနိုင်တော့။ ရောမကိစ္စကို သူပင်ဦးစီးရလိမ့်မည် ထင်သည်။



အဖြစ်ကို ရိုက်ကာ သဘောပေါက်ရန် မည်မျှကြာဦးမည်နည်း။ အစီအစဉ်အတိုင်း သူဦးဆောင်လျှင် ဦးဆောင်၊ ဦးမဆောင်လျှင် ငွေကုန်ကြေးကျများစွာ ရင်းနှီးခဲ့ပြီးသော လုပ်ငန်းကို စွန့်ပစ်လိုက်ရုံသာရှိတော့သည်။ အစီအစဉ်ဖျက်ရေးဆိုသည်မှာ မလွယ်လှ။ ရိုက်ကာ၏ လောဘနှင့် မာနတရားက ရှိသေးသည်။

အဖြေကတော့ ညစာစားပြီးနောက် မကြာမီမှာပင် ရလာသည်။

ဆူဆန်နီကြောင့် ထမင်းဝိုင်းမှာ လွန်စွာ တိတ်ဆိတ်လှပေသည်။ သူမက ရိုက်ကာ၏ဘေးထိုင်ခုံတွင် ထိုင်သည်။ သူမဆီသို့ ကိုရီကြည့်တိုင်း သူမကသူ့အကြည့်ကို ဂရုတစိုက်ရှောင်နေသည်။

သူမက အစာကို တို့ကနန်းဆိတ်ကနန်းသာ စားနေသဖြင့် အတင်းအကျပ် ခေါ်ထားကြောင်း သဘောပေါက်မိသည်။ သူမရှိနေခြင်းက အလုပ်ကိစ္စဆွေးနွေးရန် မဖြစ်နိုင်။ သို့သော် ညစ်ခန်းသို့ကော်ဖီသောက်ရန် နေရာရွှေ့သည့်အခါတွင်တော့ ရိုက်ကာက ကိုရီနှင့် မက်သီဘာဒ်ကို စာကြည့်ခန်းသို့လိုက်ရန် ခေါ်ခဲ့သည်။

တံခါးကိုပိတ်ပြီး စားပွဲဆီသို့ လျှောက်သွားကာ ရောမအမည်တပ်ထားသော စာတမ်းဖိုင်တွဲကြီးကို ရိုက်ကာ ကောက်ယူသည်။ ကိုရီတို့အား စူးရှသောမျက်လုံးနက်နက်လေးများနှင့် မမှိတ်မသုန် အတန်ကြာကြည့်သည်။ ထို့နောက် ဖိုင်တွဲကြီး သက်ညှိုးနှင့်ဆောက်ပြုလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ဆက်လုပ်မယ်၊ အစီအစဉ်အတိုင်း ဆက်လုပ်ကြမယ်'

ကိုနီနှင့် မက်သီဘင်တို့ အကြည့်ချင်းဖလှယ်လိုက်ကြသည်။ ရိုက်ကာဝါ ရှေ့ဆက်လာမည့်စကားကို စောင့်ကြည့်နေကြသည်။ ရိုက်ကာဝါ၏ စကားဆက် အားနည်းသွားပြီး တိတ်ဆိတ်မှုက မင်းမူလျက်ရှိသည်။

'ဘယ်သူ ခေါင်းဆောင်မှာလဲ'

နောက်ဆုံးတော့ ကိုရီက မေးလိုက်ရသည်။

'ကျွန်တော်ပဲ၊ ခင်ဗျားပြောတာမှန်တယ်၊ ကိုရီ၊ ဝါနာ မရှိတော့ရင် 'ကိုဒက်'က လက်ခံမယ့်သူဆိုလို့ ကျွန်တော်ပဲ ရှိတော့တယ်'

'ကောင်းပါတယ်'

မက်သီဘင်က မပွင့်တပွင့်ပြောသည်။

'ဒါပေမယ့် အခုကိစ္စမှာ အက်(ဖ)ဘီအိုင်က ပါလာတဲ့ အတွက်တော့ စိတ်ထဲမှာ သိပ်မရှင်းဘူး'

'ဒီကိစ္စအတွက်တော့ ဘယ်လိုမှ မဖြစ်ပါနဲ့လေ'

ရိုက်ကာဝါက ယတိပြတ်ပင် ပြောသည်။ အက်(ဖ)ဘီအိုင်က လူတွေပါလာသည်ကို ဂရုမစိုက်သည့်သဘော။

'ကျွန်တော်တို့မိတ်ဆွေက သေသွားပါပြီ၊ သူ့ကို ကျွန်တော် လေးစားခဲ့တယ်၊ စောင့်ရှောက်ခဲ့တဲ့ လူနှစ်ယောက်က ဖမ်းခံရတာပဲ၊ သံရုံးကရော ရဲကပါ အခုအချိန်အထိ ဘာမှ လုပ်ရှားမှု မရှိ သေးဘူး၊ အဲဒီလူတွေ သူ့တာဝန်သာ စိတ်မဝင်စားနေတာပဲဖြစ်ရမယ်'

'ကျွန်တော့်ကို အက်(ဖ)ဘီအိုင်က မသိတာ မဟုတ်ပါ



ဘူး၊ နိုင်ငံခြားက်နိုင်ငံလောက်က ရဲတွေကလဲ သိပါတယ်၊ ဒါပေမယ့် ဘာသက်သေမှ မရှိဘဲ ကျွန်တော်တို့ သူတို့ ထိလို့ မရဘူး၊ ဒီနိုင်ငံမှာ သူတို့ဘာမှ သုပ်လို့ မရဘူး'

မက်သီဘင်က စိတ်ပျော့ပြောင်းသွားပြီး ခေါင်းညိတ်သည်။ ရိုက်ကာဝါ ဖိုင်တွဲကိုဖွင့်၍ မက်သီဘင်အား စာရွက် နှစ်ချက် ပေးသည်။

'ဒါက ပျံသန်းရေးအစီအစဉ်တွေပဲ၊ ဂျာမန်နယ်ခြားပိုင်ကိုသီဘာ ဒေါ်တဲ့ ဒီမော်နိုင်ငံ စောင်ပိုင်း ကွန်ဒါ လေဆိပ်မှာ ဆုံကြမယ်၊ ဂျာမန်တွေကတော့ ကော့ကလေနေ နောက် တစ်ခုနှမနက် သေယော်ဦးနဲ့ ဘာလင်(မ)ဘက်ကိုသွားကြလိမ့်မယ်'

'အီဘာလ်တွေက ဆော်ရဲ့လား'

ကိုရီက မေးလိုက်သည်။

'လူတော်တွေပါ၊ သူတို့သုံးယောက်ထဲက နှစ်ယောက်ဟာ ဈေးမလေဆိပ် ကုန်သင်္ဘောလုပ်ရုံမှာ အလုပ်လုပ်ကြတယ်၊ လေဆိပ်အလုပ်ကို ဘယ်လိုလုပ်ရမယ်ဆိုတာ သူတို့ သိပြီးပြီပဲ'

'သူတို့က ကလင်(ခ)ဘက်ကို ဘာဖြစ်လို့သွားရမှာလဲ'

မက်သီဘင်က ပျံသန်းရေး အစီအစဉ်ကို မျက်မှောင်ကြုတ် အကဲခတ်ရင်းမေးသည်။

'ဂျာမန်နယ်ခြားကို ဖြတ်ပြီးမှ ဒိန်းမတ်နိုင်ငံထဲကို ဝင်ရမည့် သဘောဖြစ်နေတယ်'

'ဟုတ်တယ်၊ ဖလင်(ခ)ဘက်က သူတို့ထွက်တဲ့အခါမှာမှတ် ပုံတင်နဲ့ ပြည်ဝင်ခွင့် စာရွက်စာတမ်း အတုတွေလုပ်ပြီး ဝင်ရမှာ၊

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ အမှားတစ်ခုရှိလာရင်ခင်ဗျားကိုရော ခင်ဗျားလေယာဉ်ကိုပါ ခြေရာခံမိနိုင်တော့မှာ မဟုတ်ဘူး’

‘ခင်ဗျား တော်တယ်ဗျာ’

မက်သီဘင်က ချီးကျူးသည်။

‘ကျွန်တော့် အတွက်တော့ မပူနဲ့ သူငယ်ချင်း၊ ကျွန်တော်တို့ ဂျက်လေယာဉ်ကို စက်ပြင်ရုံနားမှာ သွားရပ်ထားရုံ’

‘ကိစ္စပြီးဖို့ဆိုတာ လေယာဉ်ပေါ် ခင်ဗျားပြန်ရောက်ရင် ကိစ္စပြတ်သွားပြီပဲ’

‘ဒီလိုပဲ မျှော်လင့်ရတာပဲ သူငယ်ချင်း’

ရိုက်ကာက ခပ်သဲ့သဲ့ ပြုံးကာ မက်သီဘင်အား ကြည့်ပြီး ကိုရီဘက်သို့ လှည့်သည်။

‘ကျွန်တော်တို့ရဲ့ စစ်ဆင်ရေးကတော့ ကိုဒက်တို့ အကြမ်းဖက် လေယာဉ်အပိုင်စီးမှုနဲ့ တိုက်ဆိုင်သွားတာမျိုးပဲ ဖြစ်လိမ့်မယ်၊ သူတို့ဝင်စီးတာနဲ့ ကျွန်တော်တို့က ရွှေလေယာဉ်ပေါ်တက်ကြမယ်၊ ဟိုမှာ ပြဿနာတွေရှုပ်နေလို့ ကျွန်တော်တို့အတွက် ဘာပြဿနာမှ ကြုံနိုင်စရာ မရှိဘူး’

‘ကျွန်တော်တို့က အီတလီတွေ ယူလာပေးတဲ့ ကုန်တင်ကုန်ချ ဝတ်စုံတွေကို ဝတ်ထားကြမယ်၊ ဒါ့ကြောင့် လေယာဉ်ကြီး အနီးက အစောင့်တွေဆီ ရောက်အောင်ကပ်နိုင်လိမ့်မယ်’

‘အစောင့်တွေက ဘယ်နှစ်ယောက်ရှိမှာလဲ’

‘အစီအစဉ်အရတော့ ရွှေလေယာဉ်ကြီး ပျံတက်သွားတဲ့အထိ ၁၅ ယောက်ရှိမယ်၊ ဒါပေမယ့် ကိုဒက်တို့ဘက်က တိုက်ပွဲစရင် အကူအညီပေးဖို့ အနည်းဆုံးဆယ်ယောက်တော့ သွားကြလိမ့်မယ်၊ သူတို့က ငါးယောက်၊ ကျွန်တော်တို့က ခြောက်ယောက်’



‘ခြောက်ယောက် ဟုတ်လား’

ကိုရီက မေးလိုက်ခြင်းဖြစ်သည်။

ရိုက်ကာက ချက်ချင်းမဖြေ။ အဝေးသို့ လှမ်းကြည့်နေသေးသည်။ ထို့နောက်မှ ကိုရီအားကြည့်ကာ ဖြေသည်။

‘ငါးယောက်လို့ ပြောတာပါ၊ ဝါနာကို ကျွန်တော် မေ့သွားတယ်’

ကိုရီက ခေါင်းညိတ်သည်။ တိုက်ပွဲအစီအစဉ်ကို စိတ်ထဲမှာ မြင်လာသည်။ ရိုက်ကာသည် အလွန်တိကျသူဖြစ်သည်၊ ဤကဲ့သို့ သာမန် အမှားမျိုးကို မမှားတတ်၊ ခြောက်ယောက်ဟု အဘယ့်ကြောင့် မှားပြောရမည်နည်း။ ဆဋ္ဌမမြောက် လူဆိုသည်မှာ ဘရှုနိုပင် ဖြစ်လိမ့်မည်။ ရိုက်ကာတွင် ဝှက်ဖဲများ ရှိနေပြီ။ ထိုဝှက်ဖဲများ ရှိနေခြင်းကပင် ကိုရီက စိတ်သောကရောက်စေသည်။

‘အစီအစဉ် အပြောင်းအလဲ တစ်ခုပဲရှိတယ်’

ရိုက်ကာက ဆက်ပြောသည်။

‘မွန်းတည့်ချိန်မှာ စထွက်မဲ့ အစား မနက်ရှစ်နာရီက စထွက်မယ်၊ ကဲ အဲဒီတော့ ခင်ဗျားတို့ စောစောအနားယူပြီး အိပ်ရေးဝအောင် အိပ်ကြပေတော့’

ရိုက်ကာက ပြုံးပြုံး ဖိုင်တွဲပေါ်ကို ခေါင်းငုံ့ကာ အာရုံစိုက်နေသည်။ ကိုရီတို့အား နှင်ထုတ်လိုက်သည့်သဘောပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုရီနှင့် မက်သီအာဇ်တို့က ညှော်ခန်းထဲသို့ ပြန်သွားကြသည်။ ထိုအခါအစ်လုံးပေါ်တွင် မီကာန်နှာနှင့် ဆူဆန်နီတို့ ထိုင်ကာ စကားပြောနေကြသည်။ ကိုရီကို ဝင်လာသည်နှင့် စကားပြောရပ်လိုက်ကြသည်။

မီကာန်နှာက ထလာကာ ကော်ဖီနှင့် ဘရန်ဒီပေးသည်။ ကော်ဖီမှာ သူ၏သွေးကြောများကို မကောင်းစေသည့်ပြင် အိပ်ရေးပျက်စေသည်ဟုဆိုကာ မက်သီဘင်က ချက်ချင်း ငြင်းသည်။ ဘရန်ဒီ ခွက်ကြီးအပြည့်မှ ကော့ညက် ဘရန်ဒီ အကောင်းစားကို ငှဲ့ယူသည်။ ထို့နောက်မခို့တရို့နှင့်လက်ပြ နှုတ်ဆက်ကာ သူ့အခန်းသို့ ပြန်သွားသည်။

ကိုရီက ဆူဆန်နီကို ဖြတ်ကျော်ကာ ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်သည်။ စီးကရက်တစ်လိပ်ကိုထုတ်ကာ မီးညှိသည်။ မီးခိုးငွေ့ကိုမှုတ်ထုတ်ပြီး ဆူဆန်နီအား မေးလိုက်သည်။

'ကဲ ဘယ်လိုဖြစ်ခဲ့တာလဲ'

'ပြောလို့ မဖြစ်ဘူး'

'ပြောရမယ်'

သူမက ကော်ဖီနှင့် ဘရန်ဒီကိုယူပြီး လျှောက်လာနေသည့် မီကာန်နှာထံသို့ စိုးရိမ်စွာ လှမ်းကြည့်သည်။

'ခု ပြောလို့မဖြစ်ဘူး၊ မနက်ဖြန်မှ'

'မဖြစ်ဘူး၊ မနက်ဖြန်ဆိုတာ သိပ်နောက်ကျသွားပြီ'

ဆူဆန်နီက ပါးစပ်ပြင်လိုက်သည်။ မီကာန်နှာက ကိုရီရှေ့သို့ လင်ပန်းကို တိုးပေးလိုက်သည်။ ဆူဆန်နီ ပါးစပ်ပြန်ပိတ်သွားသည်။ ကိုရီက မီကာန်နှာအား စိတ်မပါတဲ့ပြောကာ ကော်ဖီ



နှင့် ဘရန်ဒီခွက်ကိုယူသည်။ မီကာန်နှာက ဆူဆန်နီနှင့် ကိုရီတို့အကြားရှိခုံတွင် ဝင်ထိုင်သည်။ ထို့နောက် ကိုရီအား ပြုံးစေ့စေ့နှင့်ကြည့်လိုက်သည်။

'ရှင် စောစောပဲ အိပ်ချင်လိမ့်မယ်ထင်တယ် မစ္စတာကိုရီ ဖြစ်နိုင်ပါတယ်'

'ကြွော် အရှုံးလဲ အိမ်ထဲက ဘယ်သူမှ ထွက်မသွားစေဖို့ အမိန့်ပေးထားတယ်ဆိုတာ ပြောချင်သေးတယ်'

'မစ္စဒယ်လာ ရှကောပဲလား'

ကိုရီက မေးလိုက်ပြီး ဆူဆန်နီအား စိုက်ကြည့်သည်။

'မဟုတ်ပါဘူး'

မီကာန်နှာက ဆူဆန်နီ၏ပေါင်ကို အသာပုတ်နေသည်။

'သူက ကျွန်မတို့နဲ့ ညစာအတူ လာစားတာ လောက်ပါ၊ ဟုတ်တယ်မဟုတ်လားကွယ်'

ဆူဆန်နီက မျက်နှာငယ်လေးနှင့် ခေါင်းညိတ်သည်။ ကိုရီက ဘရန်ဒီကို တစ်ကျိုက်မော့ကာ အရသာခံသည်။ ကော်ဖီကို လက်ဖျားနှင့်ပင် မတို့။

'အင်း ဒီညတော့ မင်းကပွဲကို ကိုယ်လွတ်ရ တော့မှာပဲ၊ နောက်မှ ကြည့်ရသေးတာပေါ့ကွာ'

သူမက ခေါင်းညိတ်သည်။ အခန်းထဲမှ ကိုရီ ထွက်သွားသည်ကိုကြည့်ရင်း ပို၍မျက်နှာက ငယ်သွားပုံရသည်။ မီကာန်နှာ၏ ခပ်ဆတ်ဆတ်နှင့် တိုးတိုးလေး ပြောလိုက်သံကို အပြင်မှ ကိုရီ ကြားလိုက်သည်။

တံခါးပေါက်အနီးတွင် ကုလားထိုင်ကြီးတစ်လုံးချကာ ထိုင်

www.burmeseclassic.com



နေသည့် ဘရူနိုကို တွေ့ကာ ပြုံးလိုက်မိသည်။ တစ်ယောက်ကို တစ်ယောက် ပီတိအမုန်းတရားနှင့် ကြည့်လိုက်ကြသည်။ ကိုရီက လှေကားပေါ် တက်သွားသည်။ အပေါ်ရောက်ကာမှ ဘရူနို အား ငုံ့ကြည့်သည်။

ဘရူနိုကသည်း မော့ကြည့်လျက်ရှိသည်။ သူ တစ်ညလုံး စောင့်နေပေလိမ့်မည်။ တစ်ယောက်ယောက် အထူးသဖြင့် ကိုရီအပြစ်သို့ ခိုးထွက်ရန် ကြိုးစားလိမ့်မည်ဟု ထင်နေကြပုံရှိ သည်။

ကိုရီက အခန်းထဲသို့ ရောက်သည်နှင့် လက်ဆွဲသေတ္တာဆီသို့ သွားသည်။ အဲ့ဒီထဲမှ ဖလင်ထည့်ထားသည့်စာအိတ်ကိုထုတ် ယူသည်။ ရိုက်ကာ၏ ခရီးစထွက်ချိန် ပြောင်းလဲလိုက်ခြင်းမှာ သူ့အား အေးကျပ်နံကျပ် ဖြစ်သွားစေသည်။ မနက်ရှစ်နာရီကို ခရီးစထွက်မည်ဆိုလျှင် သံရုံးသို့ သူ စာအုပ် သွားပို့ နိုင်စရာ အချိန်မရတော့။

မနက်ဖြန်ညတွင် လေဆိပ်ကို တိုက်ခိုက်လိမ့်မည်ဟု မက်ခ် မျှော်လင့်ထားပြီးဖြစ်သည်။ သို့သော် ဟင်နီဗင်သည် အဖမ်း မခံရမီ ဂါရှင်တန်သို့ မည်မျှ သတင်းပို့ နိုင်ခဲ့သည်ကို သူမသိ။ ရိုက်ကာ၏ ဖြောင့်ချက်အရဆိုလျှင် ဟင်နီဗင်သည် လေယာဉ် သို့ ချဉ်းကပ်ခြင်းမှာ အသံဖမ်းပြီး တိပ်ခွေကို ယူရန်ဖြစ်လိမ့် မည်။ ဤသည်မှာ မက်ခ်နှင့် စကားပြောပြီးမှလော၊ မပြောခင် လောဆိုသည်ကလည်း မသေချာ။

အကယ်၍သာ မက်(ခ)နှင့် စကားပြောပြီးမှ ဟင်နီဗင်



အဖမ်းခံခဲ့ရခြင်း ဖြစ်သည်ဆိုလျှင် နောက်ထပ် ရိုက်ကာ၏ အစီအစဉ် အပြောင်းအလဲကို မက်(ခ)ထပ်သိဖို့လိုပေလိမ့်မည်။

တစ်ခုသေချာသည်ကတော့ မက်(ခ)သည် ရိုက်ကာ၏ အသေးစိတ် အစီအစဉ်ကို မသိခြင်းသာ ဖြစ်သည်။ သို့ဖြစ်၍ မက်(ခ)သည် သူ့လူများနှင့် အီဘသီရဲတို့အား ရွေ့များပါ ရေးအတွက်သာ ကာကွယ်ပေးလိမ့်မည်။ ကိုဒက်ဘို့အဖွဲ့ လုသန် ဟာလေယာဉ်ကို အပိုင်စီးမည့် အဖြစ်ကိုတော့ ကာကွယ်ရန် ပြင်ဆင်နိုင်လိမ့်မည် မဟုတ်။

'စတက်ဒယ်ထိမ်း' အကျဉ်းထောင်ဖောက်မှုတွင် မက်(ခ) ၏အဖွဲ့နှင့်ပတ်သက်နေကြောင်းကို ထုတ်ဖော်ပြရာရောက်သည့် တိုင် သံရုံးမှ စီ-အိုင်-အေ ထောက်လှမ်းရေးသမား တစ်ဦးဦး ကို သုံးရလျှင်ကောင်းမည်လားဟု ကိုရီ စိတ်ထဲတွင် စဘင် ဖြစ် ပေါ်လာသည်။ အနည်းဆုံးတော့ ရေမကို ကြိုတင်သတိပေး နိုင်ပေလိမ့်မည်။

ယနေ့ည သူတစ်ခုခုမလုပ်ပါမူ ရိုက်ကာအား ထောင် ချောက်ဆင်ရေးစီမံကိန်းမှာ သဲထဲရေသွန်သလို ဖြစ်ရပေတော့ မည်။ ကိုရီက အပြန်ပြန် အလှန်လှန် စဉ်းစား သုံးသပ် နေ သည်။ အိမ်မှထွက်ရန် အကြံအောင်မြင်သော် ရိုက်ကာသည် သူ၏ စစ်ဆင်ရေးကို ဖျက်သိမ်းကောင်း ဖျက်သိမ်းပေလိမ့် မည်။

ထို့နောက် သူ့အား ဤနိုင်ငံမှ အသက်ရှင်လျက် မထွက် သွားနိုင်ရန် သူ့နောက်သို့ သဲကြီးမဲကြီးလိုက်ကာ အလုံးအရင်း

www.burmeseclassic.com

www.burmeseclassic.com



ကြိုးပမ်းပေးလိမ့်မည်။ ထိုသို့ဆိုလျှင် သူ၏ကြိုးပမ်းချက်မျာ
သည် အချည်းနှီးဖြစ်ရတော့မည်။

ဤအဖြစ်ကို ကြိုမြင်ယဖြင့် အိမ်မှ ထိတ်ထိတ်ဆိုတ် ထွက်
အကြံကို ကိုရီ စွန့်ပစ်လိုက်သည်။ နောမ် နောက်ခါမှ ရသ
အခွင့်အရေးကိုယူရန် ဆုံးဖြတ်မိသည်။ ထို့သော် သူ့အတ
စွန့်စားရန်တစ်ခုရှိသေးသည်။ ဆူဆန်နီဒယ်လာနှင့် ပတ်သ
ရှုပ်ဖြစ်သည်။

နံရံဝက်ခန့်ကြာတွင် မီကန်နာအား ဆူဆန်နီက
ဆက်သံကြားလိုက်ရသည်။ သူမက အိမ်ရှေ့သို့ လျှော
ရင်း လှေကားရင်းတွင် မြေလှမ်းတုံ့သွားသည်။ လှေကာ
ထိပ် အမှောင်ရိပ်မှ ကိုရီမှာ အပေါ်ထပ်သို့ သူမ တက်လာ
လက်ကိုင်အိတ်ကလေး တစ်လေးယူဦးမည်လေဟု မျှော်
နေမိသည်။

ကိုရီ သက်ပြင်းချသည်။ ဆူဆန်နီက တရုနီအား
ကားခေါ်ခိုင်းပြီး အပေါ်ထပ်သို့ တောက်ဦးမည်ဟု ပြော
ကြားရ၍ဖြစ်သည်။ ကိုရီ ခေါင်းထဲတွင် အကြံတစ်ခု
တရက်ဝင်လာသည်။ ကိုရီ ရေချိုးခန်းသို့ ဝင်လိုက်သည်
ချိုးခန်းရှေ့မှ ဆူဆန်နီ ဖြတ်သွားသည်နှင့် အတွင်းမှ ထွက်
လက်ကို ဖမ်းဆွဲလိုက်သည်။

သူမ ထိတ်လန့်စွာလှန့်ပြီး အော်ရန်ပါးစပ်ဟသည်။ ကို
သူမ ပါးစပ်ပေါ်လက်တစ်ဖက်ဖြင့် အသံမထွက်ရန် အုပ်မ
ပြသည်။ သူမ၏မျက်နှာမှာ ခြောက်ခြားသွားကာ လှေကားဆီ
ဝနေပြီးသော မျက်လုံးများနှင့် ကြည့်နေသည်။



သူမမှာ တရုနီထံပြေးသွားရန်ပင်ကြံမိသည်။ ကိုရီက ချော့သိမ်းသည့်အပြုံးဖြင့် ရေချိုးခန်းတံခါးကို ဖွင့်ပေးသည်။ သူမက အတန်ကြာငြိမ်နေပြီးမှ အတွင်းသို့ ဝင်လိုက်သည်။ ကိုရီက နောက်မှဝင်လိုက်ကာ တံခါးပြန်ပိတ်ပြီး သူမအား မျက်နှာချင်း ဆိုင်လိုက်သည်။

'ရှုပ်ရှုပ်ကို ကျွန်မ စကားမပြောချင်ဘူး ကိုရီ၊ ပြောလို့မဖြစ်ဘူး'

'ဒါဆိုရင်လဲ နားသာထောင်ပေတော့၊ ရိုက်ကာက မင်းကို အပိုင်စီးပြီးထားတာ တို့နှစ်ယောက်စလုံး သိတယ်၊ ကိုယ်ပြောသလိုသာ မင်းအတိအကျလုပ်ခဲ့ရင် ဒီနေရာနဲ့ မင်းဝေးရာကို ရောက်သွားဖို့ ကိုယ်တာဝန်ယူတယ်'

သူမက မယုံကြည်နိုင်သလို မျက်လုံးပြူးကြည့်သည်။ လက်နှစ်ဖက်ကိုရှေ့ချကာ စိတ်လှုပ်ရှားစွာ ပွတ်သပ်နေသည်။ ကိုရီ၏စကားကို သူမ ယုံကြည်လိုပါသည်။ သို့သော် အချိန်တွေ နှောင်းသွားပြီဖြစ်သည်။ ကိုရီ မသိသည့် အရာများစွာရှိသေးသည်။

ဆူဆန်နီက ပြောရန်ပါးစပ်ပြင်လိုက်သည်။ ကိုရီကအပေါ်အင်္ကျီအိတ်ထဲမှ စာအိတ်ကို ထုတ်၍ပေးသည်။

'ကိုယ့်အတွက် ဒီဟာကိုသွားပေးနိုင်မယ့် လူဆိုလို့ မင်း တစ်ယောက်ပဲရှိတယ် ဆူဆန်နီ၊ ကိုယ်ပြောသလိုလုပ်ပါ၊ ရိုက်ကာကိုရော သူ့လူတွေကိုပါ မင်းတစ်သက်လုံး ပြန်မမြင်ရတော့ဘူး၊ ကိုယ် ကတိပေးပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



သူမသည် စာအိတ်ကိုလှမ်းယူသည်။ လိပ်စာကိုကြည့်ပြီးကြက်သေသေနေသည်။ စာအိတ်ပေါ်ရှိ လိပ်စာမှ စာလုံးများက သူမအားဘူနှင့်ရိုက်သလို ခံစားလိုက်ရသည်။

'အဲဒါကိုကန် သီအမတ်ကြီး'

သူမက တိုးတိုးလေးရေရွတ်ရင်း ကိုရီအား စိုက်ကြည့်နေသည်။

အာခေါင်များပင် ခြောက်ခြေလာသည်၊ အဖြစ်မှန်ကို မေး၍မရ။

'ကိုရီ ဒါ...ဒါ ဘာသဘောလဲ'

သူမ၏အသံက မနည်းညှစ်ထုတ်ရသလို ရှိနေသည်။

'ထွက်ချပ်လမ်းအစ်ခုပေါ့ကွာ၊ ဒါကို သိမ်းယူသွားပါ။ သီအမတ်ကြီးကိုပဲဖြစ်ဖြစ်၊ ပထမအတွင်းဝန်ကိုပဲဖြစ်ဖြစ် ကိုယ်တိုင်ပေးရမှာဖြစ်မယ်လို့ ပြော'

'ဘယ်လို သဘောလဲ ကိုရီ၊ ဒါက ဘာလဲဟင်'

သူမက နားမလည်နိုင်သလို ထပ်ကာမေးနေသည်။

'အေး ရှင်းပြရရင်ဘော့ သိပ်အချိန်ကုန်လိမ့်မယ်၊ ပြောသလို သာလုပ် မနက်ဖြန်ညဆိုရင် ကိစ္စတွေအားလုံးပြီးသွားလိမ့်မယ်'

ကိုရီက စကားဆက်ရန် ကြိုးစားစဉ်မှာပင် အပြင်မှ ခြေသံကို ကြားလိုက်ရသည်။ နှစ်ယောက်သား တောင့်တောင့်ကြီး ရပ်နေမိကြသည်။ ဆူဆန်နီ၏မျက်နှာမှာ အကြောက်လွန်မှုဖြင့် ဖြူဖျော့သွားသည်။ တံခါးပေါက်ဆီနှင့်အတူ မီကန်နာ၏ အေးစက်စက်အသံက ထွက်ပေါ်လာသည်။

'ဆူဆန်နီ၊ နင် အထဲမှာလား'



ကိုရီက ပြန်ပြောရန် ခေါင်းညိတ်ပြသည်။

'ဟုတ်ကဲ့ မီကန်နာ၊ မိတ်ကပ်ကလေး ဖို့နေလို့ပါ'

'နင် မသွားခင် မစ္စတာ ရိုက်ကာက တွေ့ချင်လို့တဲ့'

ဆူဆန်နီမှာ ကိုရီအား တွေဝေရမဲ့စွာကြည့်လိုက်သည်။ သူမခေါင်းမှာ ကိုရီ၏စကားများဖြင့် ချာချာလည်လျက်ရှိနေသည်။

ကိုရီက သူမ၏လက်ကိုင်အိတ်ကို ခပ်သွက်သွက်ပြသည်။ သူမ မျက်လုံးများကို စိုက်ကြည့်နေသည်။ ကိုရီမှာ သူမအား အခုအချိန်တွင် စကားပြောခွင့်မရတော့ပေ။ ဘာကိုမှ ဆက်ပြောခွင့်မရှိတော့၊ ခြေဟန် လက်ဟန် အမူအရာဖြင့်သာ ပြနေသည်။

ဆူဆန်နီက လက်ကိုင်အိတ်ထဲသို့ စာအိတ်ကို ထည့်သည်။ နှုတ်လှုပ်စွာပြုံးပြပြီး တံခါးဆီသို့လှည့်သည်။

'ခုပဲ ကျွန်မ ဆင်းလာခဲ့ပါမယ်'

အပြင်မှာရှိနေသော မီကန်နာကို လှမ်းပြော လိုက်သည်။

'အေး...ကောင်းပြီ'

အပြင်ဘက်မှ ခြေသံသည် အဝေးသို့ရောက်သွားသည်။ သူမ တံခါးကိုဖွင့်ရန် လက်လှမ်းသည်။ သူမ၏ စိတ်ထဲမှာ စတင် ငိုကြွေးလာမိသည်။

'သတိထားပါကွာ'

သူ့ အသံက ညင်သာ တိုးညင်းလှသည်။

သူမက ခေါင်းညိတ်၍ ကတုန်ကယင် ပြုံးပြသည်။ ဟန်ဆောင်အပြုံးဆုံးပီ ကိုရီထံမှ ခပ်သွက်သွက်ထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုရီကာ သူမ ထွက်သွားပြီး ဆယ်မိနစ်တိတိကြာမှ သ
အခန်းသို့ပြန်သည်။ သေနတ်ကိုင်ရင်း ခုတင်ပေါ်လှဲနေသ
သန်းခေါင်ကျော်မှ အဝတ်အစား ထချွတ်ကာ အိပ်ရာ
သည်။ ဤညအဖို့တော့ အာမျှမဖြစ်နိုင်တော့ဟု သူ ယုံ
မိသည်။

သို့သော် အိပ်မပျော်မီ သူ့ကိုယ်သူ စကားတစ်ခွန်းေ
ပြောနေမိသေးသည်။ သူ့အတွက် ရွေးစရာလမ်းမရှိတော့။

ဆူဆန်နီ၏ လုပ်ဆောင်ချက်သည်သာ သူ့အတွက် အ
အမှန်ကို ဆုံးဖြတ်ပေးလိမ့်မည်ဟူ၍ပင်ဖြစ်ပါသည်။

## အခန်း (၄)

တစ်မိုင်မျှ ရှည်လျားသော ပြေးလမ်းထိပ်၌ ဟော့ကာ
တစ်ဒယ် လေယာဉ်(၁၂၅) ဂျက်လေယာဉ်အား မက်သီဘင်
က နေရာယူလိုက်သည်။
နေလုံးကြီးက လေထုအတွင်းသို့ အပူရှိန်ကို ကောင်းစွာ
ရှိန်ကြဲပေးပြီးဖြစ်သည်။
ဖိုက်ပါ ၅ အင်ဂျင်တို့က အမြင့်ဆုံးအရှိန်နှုန်းကို ယူနေသည်။
လေယာဉ်တစ်ခုလုံး တုန်ခါလျက်ရှိသည်။ မြို့ဘက်အခြမ်း လှ
မြင်ရှိ ချုံပုတ်များဆီသို့ပင် စက်သံက ပဲ့တင်ထပ်နေသည်။
ကိုရီကာ ကားဘက် (ရှု) ရန်တော့် အနီးတောင်ကြား ပေါ်
မှ အဖြူရောင် လိပ်ခုံးအမိုးများနှင့် အခြားရောင်စုံအမိုးများ
ဆီသို့ ငေးကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်က ဆောင့်ပြေးသည်။ အရှိန်က ဖြည်းဖြည်းပြန်လာသည်။ ကိုရီက ပြတင်းပေါက်မှနေ၍ ရိုက်ကာအား လှည့်ကြည့်လိုက်သည်။ ရိုက်ကာမှာ ထိုင်ခုံပေါ်တွင် စာရွက်တစ်ထပ်ကိုချကာ လေ့လာနေသည်။

လေယာဉ်ထဲတွင် သားရေတုလားထိုင်ကြီးများ မရှိတော့။ ထိုင်ခုံလေးလုံးသာ အစားထိုးတပ်ဆင်ထားသည်။ ရှေ့တွင်နှစ်ခုံ၊ နောက်တွင်နှစ်ခုံဖြစ်သည်။ (၁၂)နာရီ အတွင်း ထိုနေရာအများစုသို့ လူများရောက်လာလိမ့်မည်၊ နောက်ဆုံးခရီးစဉ်က စကြလိမ့်မည်ဟု ကိုရီ သိပါသည်။

လေယာဉ်က ဦးထောင်သွားသည်။ တစ်ခဏမျှ အလေးချိန်မဲ့သလို ဖြစ်သွားသည်။ နောက်ပိုင်းမှ စက်အားပြင်းပြင်းအသံနှင့်အတူ လေထဲသို့ ထိုးတက်သွားသည်။

'ကိုရီ မက်သီဘင်ကို သွားပြောဗျာ၊ အောက်တို ပိုင်းသော့ခလုတ်နဲ့ မောင်းလို့ရတာနဲ့ ဒီကို လာခဲ့ပါလို့'

ကိုရီ ခေါင်းညိတ်၍ ခုံခါးပတ်ဖြုတ်သည်။ လေယာဉ်ဦးထောင်နေဆဲဖြစ်သည့်အလျောက် ကိုယ်ကိုညွှတ်၍ ဖြေကုတ်ယူကာ လေယာဉ်မောင်းခန်းသို့ ထွက်သွားသည်။

ဦးခန်းထဲတွင် မက်သီဘင်က ခလုတ်တစ်ခုပြီးတစ်ခု ဖွင့်ရင်း အယ်လ်ဂျီးယား လေကြောင်း ထိန်းသိမ်းရေး မျှော်စင်သို့ ရှင်းပြစွာ ဆက်သွယ်သတင်းပို့နေသည်။ ပြောစကားများအရ မက်သီဘင်အား တစ်ဖက်မှ ပြန်ထွေလိုဟု မရကြောင်း ကိုရီ သိသည်။



ကိုရီက စောင့်ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ လေယာဉ်ကို မက်သီဘင်က တမြေးညီပျံသန်းပြီး စက်အရှိန် လျှော့လိုက်ချိန်အထိ စောင့်သည်။ ထို့နောက်မှ ရိုက်ကာ၏စကားကိုပြောပြလိုက်သည်။

'သောက်ရူးကို ပြောလိုက်စမ်းဗျာ၊ အလုပ်များနေတယ်လို့'

ကိုရီက စပ်ဖြဲဖြဲ လုပ်ပြသည်။

'ဒါဆိုရင်လဲ လေယာဉ်မောင်းပြောစက်ခလုတ်ကိုဖွင့်ပြီးကိုယ့်ဘာသာ ကိုယ်ပြောလိုက်ပေါ့ဗျာ၊ လွယ်ပါတယ်'

ကိုရီက အကြံပြုလိုက်သည်။

မက်သီဘင်က ခေါင်းညိတ်ပြီး လေယာဉ်တွင်းစကားပြောစက်ခလုတ်ကို ဖွင့်သည်။ ထို့နောက် ရိုက်ကာကို လှမ်းပြောလိုက်သည်။

'ဂျိဘရော်တာလေကြောင်းထိန်းသိမ်းရေးကို လမ်းရှင်းခွင့်တောင်းရဦးမယ်၊ ပါရီကို ဆက်သွယ်ရဦးမယ်၊ နောက် မေနစ်ရှေသောင်းအမြင့်ကို တက်ရဦးမယ်'

မက်သီဘင်က ပြောရင်း ကိုရီအား လှည့်ကြည့်သည်။ နံဖေးပေါ်ကျနေသော ရွှေရောင်ဆံပင်ခွေကလေးကို သပ်တင်သည်။

'ဒီ သောက်လေအေးပေးစက်ကလဲ အလုပ်မလုပ်သေးဘူး'

မက်သီဘင်က ညည်းတွားလိုက်သည်။

'ဘဝဆိုတာ ပန်းမွေ့ရာမှ မဟုတ်ဘဲဗျာ'

ကိုရီက ပြောပြီး နောက်ခန်းသို့ ပြန်လာသည်။ ယိမ်းမှနောက်ခန်းသို့အရောက်တွင် ရိုက်ကာမှာ ကြမ်းပြင်မှ ကော်

www.burmeseclassic.com

www.burmeseclassic.com



ဗောကိုဖယ်၍ အံဖုံးတစ်ခုကိုဖွင့်ရန် ကြိုးစားနေကြောင်း တွေ့ရသည်။

'ဗြော့ ကိုရီ ကျွန်တော့်ကို ကူညီစမ်းပါဦးဗျာ၊ ကွန်ဒါ ရောက်ရင် အဆင်သင့်ဖြစ်အောင် ပစ္စည်းထုပ်တွေကို ဖြေထားရဦးမယ်'

ကိုရီက အံဖုံးထဲမှ အိတ်ခြောက်လုံးကိုကူ၍ ဆွဲထုတ်ပေးသည်။ ပထမအိတ်တွင် ပစ္စတိုခြောက်လက်နှင့် ကျည်ကပ် အပိုနှစ်ဒါဇင်ပါသည်။ ပစ္စတိုခြောက်လက်အနက် လေးလက်မှာ အသံတိတ်ကိရိယာတပ်ဆင်ထားပြီး ဝေါလ်သာမီ (၃၈) များဖြစ်သည်။ ကျန်နှစ်လက်မှာ မရှင်းပစ္စတိုများ ဖြစ်ကြောင်း တွေ့ရသည်။

ရိုက်ကာက မရှင်း ပစ္စတိုတစ်လက် ကျည်ကပ် နှစ်ခုကို အသေအချာ စစ်ဆေးကြည့်သည်။ ပြီးမှ သူ၏ ထိုင်ခုံသို့သွားသည်။

ဒုတိယနှင့် တတိယအိတ်တို့တွင် ပလတ်စတစ်အိတ်နှင့် လက်ပစ်ဗုံးများပါရှိသည်။ ထိုအပြင် အီလက်ထရောနစ် စနက်တံသုံး နှစ်ပေါင်ထုပ်နှင့် ပလတ်စတစ် ယမ်းတီလူးထုပ်များလည်း ပါသေးသည်။

ရိုက်ကာက ထိုအိတ်များကို လေယာဉ်နောက်မြီးပိုင်းသို့ ဂရုတစိုက်နေရာရွှေ့၍သွားထားသည်။ ထို့နောက် ကျန်အိတ်များဆီသို့ ပြန်လာသည်။ ညကြည့်မှန်ပြောင်းနှစ်လက်၊ လမ်းလျှောက်စကားပြောစက်သုံးလုံး၊ အချက်ပြ လက်နှိပ်ဓာတ်မီး



ကြိုး ခြောက်လက်၊ ကျည်ခါးပတ်စလွယ် သိုင်းကြိုးများလည်း ပါသေးသည်။

ရိုက်ကာက ထိုအိတ်များကိုလည်း လေယာဉ်နောက်မြီးပိုင်းသို့ ဂရုတစိုက် နေရာသွားရွှေ့ထားသည်။

နောက်ဆုံးနှစ်အိတ်မှာ အလေးဆုံးဖြစ်သည်။ အိတ်ကိုဖွင့်ပြီးသည်နှင့် ရိုက်ကာက နောက်ဆုတ်ကာ ရပ်နေသည်။ အထဲမှ ပစ္စည်းများမှာ ကိုရီမြင်ရပြီး ကြက်သီးထသွားသည်။

အိတ်တစ်အိတ်စီတွင် ညကြည့် မှန်ပြောင်း၊ အသံတိတ်ကိရိယာတပ်ဆင်ပြီး အင်္ဂလိပ်လုပ် ကိုးမမ စတာလင် သေနတ် အလတ်စား အသစ် ငါးလက်စီ ပါသည်။ ကိုရီက သေနတ်များကို အတန်ကြာအောင် ငုံ့ကြည့်ရင်း လူထူထပ်သော လေဆိပ်တွင်တော့ ငရဲကျသလို ဖြစ်တော့မည်ဟု တွေးလိုက်မိသည်။

စက်သေနတ်၏ ညကြည့်မြင်ကွင်းမှာအဆပေါင်း ၅၀၀၀ ချဲ့နိုင်သည်။ ဤကိရိယာနှင့် စတာလင် သေနတ်မှာ ကမ္ဘာပေါ်တွင် အန္တရာယ်အကြီးဆုံး လက်နက်များထဲ၌ တစ်မျိုးသာလျှင် ဖြစ်ပေတော့သည်။

'အတော့်ကို အားကောင်းတဲ့ လက်နက်တွေပဲ'

ကိုရီက ထိုမျှသာ ပြောလိုက်နိုင်သည်။

'အကောင်းဆုံးပါ၊ ဒီစက်သေနတ်တစ်လက်က ပေါင်ငွေ နှစ်ထောင်ကျော်တယ်၊ ဒီသေနတ်တွေရဖို့ ပေးရတဲ့ငွေ မပါသေးဘူး'

'ဘယ်က ရတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ကိုရီအာ မသိလိုက်ဘာသာ မေးလိုက်သည်။

ရိုက်ကာ ချက်ချင်းမဖြေ။ သေနတ်တစ်လက်ကို ကောက်ယူ၍ ကျည်ကပ်ကြီးကို ရိုက်သွင်းလိုက်သည်။ ပုတိုတိုသေနတ်ပြောင်းက ကိုရီ၏ရင်ဘတ်သို့ ဖောက်လာသည်။

'ဘာဖြစ်လို့ မေးတာလဲ'

ကိုရီအာ ပခုံးကိုတွန့်သည်။ ချိန်ထားသည့် သေနတ်ကို ဂရုမစိုက်သလို နေသည်။

'ဘာကြောင့်ရယ်လို့ မဟုတ်ပါဘူးဗျာ'

ရိုက်ကာက ခမ့်တိုးတိုးရယ်၍ ကိုရီအား သေနတ်ပေးသည်။

'အင်္ဂလိပ်တွေဟာ သူတို့ရဲ့နောက်ဆုံးပေါ် ကစားစရာလေးတွေကိုရောင်းဖို့ ဘယ်လောက် စိတ်ဆန္ဒရှိတယ်ဆိုတာ သိရင်ခင်ဗျား အတော်အံ့ဩလိမ့်မယ်၊ ဒီစက်သေနတ်တွေကို လေဆိပ်လုံခြုံရေးအတွက် အမိကဿား လက်နက်ရောင်းတဲ့ကုမ္ပဏီတစ်ခုကို သူတို့ရောင်းခဲ့တာ'

'ဟုန်ဒါမှာ ကျွန်တော်တို့ လေယာဉ်ပေါ် အခက်အခဲ အရာရှိတွေ တက်ရှာရင် ဘယ်လိုလုပ်မလဲ'

ရိုက်ကာက သေချာပေါက် သိထားမှုရှိသည့်နှယ် ခေါင်းခါသည်။

'သူတို့မရှာပါဘူးလေ၊ ကျွန်တော်တို့က ကုန်စည်ချမှာမဟုတ်ဘဲ၊ စီးပွားရေးသမားတစ်စုကို ခေါ်ခဲ့တာပဲဟာ။ ကျွန်တော်တို့ရဲ့ ပို့ဆောင်ရေးခရီးစဉ်ဟာ ဆီဒင်နိုင်ငံက ကိုယ်ပိုင်လေယာဉ်ကွင်းလေးတစ်ခုကို ပြထားတယ်၊ အဲဒီကို ဒီနေ့ည

ဆေးဘေးနားရှိမှာ ရောက်မယ်လို့ တာဝန်ကျကျနဲ့ အကြောင်းကြားပြီးပြီပဲဗျာ'

ကိုရီအာ လေယာဉ်နောက်ပိုင်း ထိုင်ခုံဆယ်နှစ်ခုပေါ်သို့ စက်သေနတ်တစ်လက်စီ သိုက်ထားသည်။ လက်နက်စုံအိတ်တစ်လုံးစီနှင့် ကျည်ကပ်နှစ်ခုစီလည်း ပါသည်။ ခရီးသည်ထိုင်ခုံ နှစ်လုံးမှာ ကိုဒက်ရှိအတွက်ဖြစ်သည်။ သူတို့အတွက် ညွှန်ကြားမှုနှင့် ပြောင်းလဲစကားပြောစက်နှင့် အချက်ပြ လက်နှိပ်ဓာတ်မီးကြီး တစ်လက်က သေနတ်နှင့်အတူ ပေးထားသည်။

လေယာဉ်ဦးပိုင်းမှ မက်သီဘင်ထွက်လာသည်။ ကိုရီကိုထိုသို့လျှောက်လာပြီး လက်နက်များကို မနှစ်မြို့သလို ကြည့်သည်။

'ကြွော် ကျွန်တော်တို့ အကောင်ပျော်နေရတာကို ခင်ဗျားဘာဝန်က ယိုကိုမရောက်အောင် ပို့ပေးဖို့ပါ'

ရိုက်ကာက မကြည်မသာနှင့် ပြောလိုက်သည်။

'ပြောသလိုမဖြစ်ရမှာပေါ့ ! သူငယ်ချင်းရယ်၊ ဒါပေမယ့်ဟောဒီလူတွေ ကြည့်ရတော့ လေယာဉ်ပေါ် မီးလောင်မှုတွေ ဘာမှလာဘာကိုမှ အံ့ဩမိဘာယ်၊ နို့ မို့ ဆို လေဆိပ်ပေါ် ပတ်စ်ပြီး လေဆိပ်တစ်ခုလုံး မီးလောင်တိုက် သွင်းလို့ရတယ်'

'ဒါမျိုး နောက်တစ်ခါမှ လုပ်တာပေါ့၊ ခုဘာစ်ကြိုခင်ဗျား ဘယ်လောက် တော်တယ်ဆိုတာ ကျွန်တော်တို့ ကြည့်ရလိမ့်ဦးမယ်'

မက်သီဘင်က သေနတ်နှင့် သက်မစ်ပုံးများကို ကြည့်ပြီး ရှက်နှာထားက တင်းမာသွားသည်။ ကိုရီက မက်သီဘင်အား



www.burmeseclassic.com

www.burmeseclassic.com



စေ စေ အာကဲခတ်သည်။ မက်သီဘင်သည် မည်သို့ တုံ့ပြန်မည်နည်းဟု တွေးသည်။

မက်သီဘင်က ကိုရီအား ကြည့်သည်၊ ကိုရီ၏ ခံစားမှုကို တွက်ဆ ကြည့်သည်။ မည်သည့်သဘောသဘာဝကိုမှ အဖြေရှာမရ၊ သို့ဖြင့် ရိုက်ကာဘက်သို့ ပြန်လှည့်သည်။

'လေယာဉ်တစ်စင်းတိုက် ရွှေတွေကို အပိုင်စီးဖို့ဆိုတာက တစ်မျိုးပဲ ရိုက်ကာ၊ ခု ခင်ဗျားဟာက တခြားပဲ'

'အဲဒီတော့'

ရိုက်ကာက မက်သီဘင်အား စူးစိုက်ကြည့်သည်။

'အဲဒီတော့ ခင်ဗျားက ဘယ်ထိအောင် လုပ်မှာလဲဆိုတာ သိချင်တယ်'

'ကိစ္စပြတ်အောင် လုပ်မှာပေါ့'

တိတ်ဆိတ်မှုက လွှမ်းမိုးသွားသည်။ ပေ ၂၃၀၀၀ အမြင့်တွင် ပျံသန်းနေသည့် လေယာဉ်စက်သံကိုသာ ကြားနေရသည်။

ရိုက်ကာက အဓိပ္ပာယ်ရှိသော မျက်လုံးအစုံနှင့် ကိုရီအား မျက်ခနဲ့ ကြည့်သည်။ ကိုရီက ခေါင်းဆတ်၍ ဘယ်ဘက်သို့ ခြေတစ်လှမ်းတိုးသည်။ ဝေါ်လ်သာပီ ၃၈ ပစ္စတို တစ်လက်နှင့် လက်က သိပ်မဝေးတော့။ မက်သီဘင် မြင်သည်လော မသိ၊ သို့သော် ဂရုစိုက်ဟန်မပြ။ သူက ခေါင်းကို ခပ်လေးလေး ယမ်းလိုက်သည်။

'ရွှေတွေလုယက်မှုမှာ ပါဖို့ပဲ၊ ကျွန်တော် သဘောတူခဲ့တယ်၊ သွေးချောင်းစီးစေတဲ့ အလုပ်မှာ ပါဖို့ မဟုတ်ဘူး'



ထိုနေ့အဖို့ ရိုက်ကာမှာ ပထမဦးဆုံးအကြိမ် စိတ်ကျဉ်းကျပ်ပုံ ပေါ်လာသည်။ သူသည် သူ၏အနာဂတ် စီမံကိန်းများအပေါ် ထိခိုက်နိုင်လောက်သည့် အပြုအမူဖြစ်သော ဝါနာ၏နေရာတွင် လူစားထိုး လိုက်လာခြင်း ဖြစ်သည်။

ရွှေအတော်များများအတွက် လူအတော်များများကတော့ ဤသို့စွန့်စားရန် ဝန်လေးလိမ့်မည် မဟုတ်။ သို့သော် ကြားလူအဖို့တော့ ပိုအရေးကြီးသည်မှာ ဩဇာအာဏာခင် ဖြစ်သည်။ ဤကိစ္စ မအောင်မြင်လျှင် ပေးဆပ်ရမည့်တန်ဖိုးက မသေးကြောင်း သူသိပါသည်။ မက်သီဘင်၏ လုပ်ရပ်က ဒေါသကို ဆူပွက်လာစေသည်။

'ကျွန်တော့်ကို ဘယ်သူမှ ဒီလိုမဆက်ဆံဘူး မက်သီဘင်'

'ခင်ဗျားတို့ကို လိုက်ပို့ပြီး ရွှေလေယာဉ်ကြီးသယ်ထုတ်ဖို့ကို ကျွန်တော် သဘောတူခဲ့တာပါ၊ ဒီကြားထဲက သတ်ပွဲ ဖြတ်ပွဲတွေအကြောင်း ကျွန်တော့်ကို ပြောပြသင့်ပါတယ်'

'ကျွန်တော်ဟာ သိသင့်တာကိုပဲအသိပေးပြီး အလုပ် လုပ်တတ်တယ် မက်သီဘင်၊ ခင်ဗျားသိဖို့က ရွှေလေယာဉ်ကြီး ပေါ်ရောက်တာနဲ့ ဆီဖြည့်ပြီးပျံတက်ဖို့ အဆင်သင့်ပြင်ထားဖို့ပဲ'

'မလုပ်ဘူးဆိုရင်ကော...'

အတန်ကြာအောင် ထိုအမေးကို မဖြေနိုင်ကြ။ ကိုရီက သေနတ်ကို ကောက်ကိုင်ကာ တွဲလောင်းချထားသည်။ မက်သီဘင်က ကိုရီအား တစ်ချက်ကြည့်ကာ အံကြိတ်လိုက်သည်။

'လေယာဉ်ထဲမှာ သေနတ်ကိုသုံးလိုက်ရင်တော့ အားလုံး မသာပေါ်ပြီသာမှတ်'

www.burmeseclassic.com

www.burmeseclassic.com



ကိုရီက သေနတ်ကိုမြှောက်၍ ပစ်လိုက်သည်။ မက်သီဘင်အား ကြက်သေ သေသွားစေသည်။ ရိုက်ကာ၏ မျက်နှာကို ဆွေးဆိုက်သွားစေသည်။ သူတို့နှစ်ယောက်က ကြိုးပြတ်နေသည့် ရုပ်သေးရုပ်များနှယ် ရပ်နေသည်။ ကျည်ဆန်ပေါက်မှ လေဝင်ကာ လေယာဉ်ပေါက်ကွဲမည့် အဖြစ်ကို ကြောက်ရွံ့သောမျက်လုံးအစုံနှင့် စောင့်မျှော်နေကြသည်။

ကိုရီက ခပ်သဲ့သဲ့ ပြုံး၍ လေယာဉ်ထိုင်ခုံဆီသို့ လက်ညှိုးထိုးပြသည်။ သူက လေယာဉ်ထိုင်ခုံတန်းဆီသို့ ပြသည်။ ကျည်ဆန်က ထိုင်ခုံ တတိယတန်းခုံအထိ ဖောက်သွားစေမည့် လမ်းကြောင်းအတိုင်း ကိုရီ မစ်လိုက်ခြင်းဖြစ်သည်။

'ခင်ဗျား သေချက်ရူးပဲ၊ ဘေးနံရံကိုသွားထိရင် ဘယ်လိုလုပ်မလဲ'

မက်သီဘင်က ဒေါသတကြီး အော်ပြောလိုက်သည်။

'ဘယ်လိုမှသွားမထိပါဘူး၊ ကဲ... မစ္စတာရိုက်ကာ ပြောမှာကို ဘာကြောင့် ခင်ဗျား နားမထောင်ရတာလဲ'

ရိုက်ကာက ကိုရီ၏မျက်နှာအား ဇဝေဇဝါနှင့် ကြည့်နေသည်။ မက်သီဘင်က ကိုရီအား မျက်လုံးအပြူးသားကြည့်ရင်း ထိုင်ခုံတွင် ထိုင်ချလိုက်သည်။ ကိုရီက ပြုံးသည်။ လက်ကိုင်ပဝါထုတ်၍ မျက်နှာပေါ်မှ ချွေးများကိုသုတ်နေသည့် ရိုက်ကာအား ခေါင်းဆတ်ပြသည်။

'ကျွန်တော်တို့အတွက် အခုက အဝေးရှိုက်ရမှာက ရှေ့တော့ပဲ'

ရိုက်ကာအား စကားရှင်းပြသည်။



'ကျွန်တော်တို့ ရည်ရွယ်ချက်က ... (ဗုံး) ... နဲ့ အနေနည်း ဆိုနဲ့ ဖုံးပါ၊ မလိုအပ်ဘဲ ပစ်ခတ်ခတ်တာ သတ်တာဖြတ်တာ မရှိဘူး၊ ဒီသေနတ်တွေက ကိုဒက်ကိုဖမ်းဖို့အတွက်ပါ၊ သူတို့ လုပ်တာကို ကျွန်တော်တို့ ဂရုစိုက်စရာမလိုဘူး၊ သူတို့လုပ်ရပ်ဟာ အလွန်ဆိုးတဲ့ လူယုတ်မှုကို အလွန်လွယ်အောင် လုပ်ပေးလိုက်တာမျိုးပဲ'

'လူသားထုတွေနဲ့ ကျွန်တော်တို့ ဆက်နွယ်နေတာနဲ့ပဲလေ၊ ဥရောပတိုက်က ရဲတွေအကုန်လုံး ကျွန်တော်တို့ကို အသိစိတ်တိုက်သွားလိမ့်မယ်'

'ခင်ဗျားမှားနေပြီ'

ရိုက်ကာက ဖြစ်လာမည့်အရေးကို သေချာပေါက် သိထားသလို ခေါင်းယမ်းသည်။

'ကိုဒက်တို့အုပ်စု ဒီနေ့မနက်ကို ရောက်တဲ့အခါ မှတ်ပုံတင်အကုန်တော့ ယိုက်ထားကြမှာပါ၊ ဒီနေ့တော့သိမှာက ဆိုနင် မှာ လုပ်မယ့် စီမံချက်ရေးဆွဲလာခံတာစီစဉ်အတွက် သူတို့သိ လာတယ်လေ'

'ဒီလမ်းကြောင်းအတိုင်း ခင်ဗျားရဲ့ ပျံသန်းရေးခရီးစဉ်က ပြီးသွားမယ်၊ အဲဒီကို ခင်ဗျားရောက်ချိန်အတွက် လေကြောင်း ထိန်းသိမ်းရေးဌာနကလည်း သတင်းပို့ချက်ကို ရနေလိမ့်မယ်'

'အခုတော့ လော်ဂျီးယားကို အပြင် စက်ချုပ်ယွင်းလို့ ပြီး ဆင်းရေးပေါ် ဆင်းခွင့်ကို တောင်းခံလာလိမ့်မယ်၊ ခင်ဗျား ... ရှိမှာယ်၊ ခင်ဗျားလေယာဉ်ဆင်းပြီး အမ်နဲ့ရှိကြမှ ကိုလင်း...

www.burmeseclassic.com

www.burmeseclassic.com



ကစမှာ၊ လေယာဉ်ကို စက်ပြင်အဖွဲ့ဆီအပ်ပြီး လော့ဆိုင်က ခင်ဗျားထွက်သွားပြီလို့ ယူဆနိုင်လောက်တဲ့ အချိန်ပဲ'

'အဲဒီတော့ အကြမ်းဖက်သမားတွေ လေယာဉ်အပိုင်စီးမှုနဲ့ကော ရွှေလေယာဉ်လုယက်မှုနဲ့ပါ ခင်ဗျား လုံးဝ ဆက်စပ်နေဖို့ မရှိပါဘူး မက်သီဘင်၊ လုံးဝမှ လုံးဝပါပဲ'

ရိုက်ကာက ကိုယ့်ကိုယ်ကိုယ် စိတ်ချယုံကြည်ဟန်ဖြင့် ပြုံးလိုက်သည်။

'အကြမ်းဖက်သမားတွေဟာ ကားနဲ့လာကြတာလို့ ထင်လိမ့်မယ်၊ သူတို့ရဲ့ကားတွေကို လေယာဉ်ကွင်းထဲက အစပ်အခြံစည်းရိုးအပြင်ဘက်မှာ တွေ့ကြရလိမ့်မယ်'

'ကဲ အကြမ်းဖက်သမားတွေက ဂျာမန်တွေဖြစ်တယ်၊ ကားနဲ့လာတယ်၊ အဲဒီတော့ ဆွစ်ဇင်ကလာတဲ့ ကိုယ်ပိုင်ဂျက်လေယာဉ်တစ်စင်းကို အာဏာပိုင်တွေက ဘာဖြစ်လို့ ခြေရာခံလိုက်ကြမှာလဲ၊ အဲဒီကို ခင်ဗျားလေယာဉ် ဆင်းတာကိုတောင် သူတို့ သိနိုင်ဖို့လမ်း မရှိပါဘူးဗျာ'

'ကျွန်တော်တို့ လေယာဉ်ကို ဘယ်သူမှ လာမယူတဲ့အခါ သိသွားမှာပေါ့'

ရိုက်ကာက မက်သီဘင်အား မျက်မှောင်ကြုတ်ကြည့်လိုက်သည်။

'ကျွန်တော်တို့ အရူးတွေ မဟုတ်ဘူး မက်သီဘင်၊ မနက်ဖြန်ဆိုရင် ကျွန်တော်တို့ရဲ့ မန်နေဂျာကြီး မစ္စတာဟောင်နရီဆီကို ဖုန်းဆက်ပြီး လေယာဉ်ကို ကောင်းကောင်း မပြုပြင် ပေးဘူးလို့ ငြိုငြင်းထန်ထန်အပြစ်တင်လိုက်မယ်'



'နောက်ပြီး...လေယာဉ်ကို သူ့အင်ဂျင်နီယာတွေ ပြန်ယူပြီး ကောင်းကောင်းပြင်၊ နောက် အယ်လ်ဂျီးယားကို ပို့မပေးရင် ငွေပြန်တောင်းမယ်လို့လဲ ပြောလိုက်ဦးမယ်'

မက်သီဘင်က ရိုက်ကာအား အတန်ကြာ ကြည့်ကာ စဉ်းစားနေသည်။ ထို့နောက် ခေါင်းကို ခပ်ဖြည်းဖြည်းညိတ်သည်။

'ဒီလိုဆိုရင်တော့ အလုပ်ဖြစ်လိမ့်မယ်'

'ဖြစ်ကို ဖြစ်ရမယ်ဗျ'

ရိုက်ကာက ဟက်ခနဲတစ်ချက် ရယ်လိုက်သည်။

'ဟင်နရီတော့ အတော်ကြီး လန့်သွားလိမ့်မယ်၊ သူက ရိုးချုပ်ကို ဖုန်းဆက်ပြီး နေ့မကူးခင် ရောမကို အင်ဂျင်နီယာအဖွဲ့လွှတ်လိမ့်မယ်၊ လေယာဉ်ကို ပြုပြင်ပြီး ယူသွားလိမ့်မယ်။ လေယာဉ်ကို ခင်ဗျား မောင်းလာခဲ့တယ်ဆိုတာကို ဘယ်သူမှ တောင် သင်္ကာရတော့မှာ မဟုတ်ဘူး'

'ကောင်းပြီလေ'

မက်သီဘင်မှာ ယခုမှ စတင်စိတ်သက်သာရာ ရလာသည်။

'ဒါပေမယ့် ခင်ဗျား ဂျာမန် မိတ်ဆွေတွေကကော'

'ပြေးလမ်းမှာ သူတို့ကို ခင်ဗျားချပြီးတာနဲ့ သူတို့ကိစ္စ သူတို့

www.burmeseclassic.com



အာသာလုပ်ကြလိမ့်မယ်၊ ကျွန်တော် ကိုစွကို သူတို့ဘာမှ ဂရု စိုက်ရမှာ မဟုတ်ဘူး၊ အစီအစဉ်အတိုင်း လုပ်ရင်ပေါ့ဗျာ'

မက်သီဘင်က ဘာရပ်သည်။ ခေါင်းကို ခပ်ဖြည်းဖြည်း ညိတ်ကာသည်။ လေသံကတော့ ရှုပ်ပွမှု မရှိချေ။

'ကောင်းပြီ မစ္စတာရိုက်ကာ၊ ခင်ဗျားရဲ့လေယာဉ်ကို ကျွန်တော် မောင်းပေးပါမယ်၊ ဒါပေမယ့် ခင်ဗျားဟာ သွေးအေး တဲ့ လူတစ်ယောက်ဆိုတာတော့ ကျွန်တော် အမြင်မပြောင်း သေးပါဘူး'

မက်သီဘင် ပြန်သွားပြီးနောက် ရိုက်ကာက ကိုရီ၏ ဘေး ကုလားထိုင်ခုံတွင် ဝင်ထိုင်သည်။ ကိုရီအား အတန်ကြာ အကဲခတ် သည်။ စကားပြောလာသည့်အခါဝယ် ချီးကျူးသံက ယှက် နွယ်လျက်ရှိသည်။

'ခင်ဗျားဟာ သင့်တော်ရာ အချိန်မှာ သင့်တော်ရာကို လုပ်နိုင်တဲ့လူပဲ ကိုရီ၊ မက်သီဘင်ကို ကျွန်တော်တို့ လက် လွှတ်လိုက်ရရင် အခြေအနေတွေက အတော် ဆိုးလာလိမ့်မယ်'

'ဒါကို ကျွန်တော် တွေးမိပါတယ်'

ကိုရီက မထူးခြားသလို ပြန်ပြောသည်။ ထို့နောက် သူ့ရှေ့ရှိ ထိုင်ခုံမှ ကျည်ဆန်ရာကို လက်ညှိုးထိုးပြသည်။



'ရှေ့ထိုင်ခုံ အပေါက်တွေကို ကွန်ဒါရောက်ရင် ဖာထေးဖို့ လိုလိမ့်မယ်'

'ဒါကို...ကားလ် လုပ်ပါစေမယ်၊ သူက [illegible] ပရိဘောဂလုပ်ငန်း၌ အကျွမ်းတဝင်ပြီးသားပဲ'

ရိုက်ကာက ကားလ် ထောင်ကျ၍ ထောင်ထဲတွင် ပရိဘောဂ လုပ်ငန်း၌ လုပ်ခဲ့ရပုံကို ရည်ညွှန်းပြောလိုက်သည်။

ကိုရီ ပြုံးမိသည်။ ထိုင်ခုံများကို သေနတ်နှင့်ပစ်လိုက်ချိန်က အဝေးစိတ်ကူး တစ်မျိုးရ၍ဖြစ်သည်။ ထိုင်ခုံများ ဖာထေး ရန်အတွက် လိုအပ်သော ပစ္စည်းများဝယ်ရန် မြို့ထဲသို့ သူသွား ရလိမ့်မည်။ အနည်းဆုံးတော့ လေဆိပ် အဆောက်အအုံသို့ သွားနိုင်လိမ့်မည်ဟု တွေးခဲ့မိသည်။

တစ်ယောက်တည်းသာ သွားခွင့်ရပါမူ ဖုန်းရှိရာသို့ သူလက် လှမ်းနိုင်လိမ့်မည်။ ယခုတော့ သွေးအေး၍ အကြင်နာကင်းမဲ့ သည့် လူသတ်ကောင် ကားလ်က ပရိဘောဂလုပ်ငန်းနှင့် ပတ် သက်သည်ဟု ရိုက်ကာ ဆိုနေပြီ။

ညစ်ညူးလာသော စိတ်ကို ဖျောက်ဖျက်ပစ်ရသည်။ အခွင့် အလမ်းများ ရှိလာနိုင်သည်ဟု မျှော်လင့်ရသည်။ ရှေ့ဆက် လေလေ ရိုက်ကာ၏ ကောင်းမွန်လှသည့် နည်းဗျူဟာကို သိရလေလေ ဖြစ်မည်။ သူ၏ တစ်ခုတည်းသော မျှော်လင့်ချက် ဆုံဆန်နိုင်သာရှိသည်။

www.burmeseclassic.com

ကိုရိုကျိတ်၍ သက်ပြင်းချလိုက်မိသည်။ ဖလင်ကို ဓာက်(ခ… အချိန်မီမရပ်ကြ သူတို့အရေးနိမ့်ရပြီ၊ နာလန်မထူနိုင်အော… မျက်နှာပျက်ရတော့မည် ဖြစ်သည်။

# အခန်း (ခြောက်)

ဂျာမန်၊ ဒိန်းမတ်နယ်စပ် ကွန်ဒါသို့ ၁၂း၁၅ နာရီတွင် လေယာဉ် ဆင်းသက်ခဲ့သည်။ မိုးကရွာနေသည်။ တိမ်ထိုက် နိမ့်နိမ့်များကြားမှ ဆင်းသက်ခဲ့ရသည်။

မက်သီဘင်က လေဆိပ်အဆောက်အအုံလေးဘေးရှိ လေယာဉ်ရပ်နားရာသို့ မောင်းသွားသည်။ ထို့နောက် ဆီဖြည့်ရေးအတွက် လေယာဉ်ပေါ်မှ ဆင်းသွားသည်။ လေဆိပ် အဆောက်အအုံမှ လေကြောင်းအရာရှိ ယူနီဖောင်းဝတ်စုံနှင့် ပြေးလာကာ မက်သီဘင်နှင့် စကားပြောသည်။ ထို့နောက် အဆောက်အအုံထဲသို့ မိုးရေကြားမှဖြတ်ကာ ပြန်ပြေးဝင်သွား သည်။

www.burmeseclassic.com



မကြာမီပင် သေဆိပ်အဆောက်အအုံထဲမှ လူတစ်စု ထွက်လာသည်။

လေယာဉ်ရှိရာသို့ ပြေးလာကြသည်။ လေယာဉ်ပြတင်းပေါက်မှ ကြည့်နေသည့် ရိုက်ကာတို့မှ စိတ်ကျေနပ်ဟန်အသံ ထွက်လာသည်။

ကိုရိုက လေယာဉ်တံခါးဆီသို့ သွားကာ ဖွင့်သည်။ လှေကားကို ချပေးလိုက်သည်။

ဂျာမန်များက တိတ်တဆိတ်ပင် လေယာဉ်ထဲ ဝင်လာကြသည်။ မျက်နှာများက မိုးရေအပြင် လွန်ခဲ့သော နာရီပိုင်းအတွင်းက စိတ်ကျဉ်းကျပ်ရမှုကို အတိုင်းသား ဖော်ပြလျက်ရှိသည်။

သူတို့က နှုတ်ခမ်းတင်းတင်းစေ့၊ ခံစားမှုကင်းသော မျက်လုံးအစုံနှင့် ကိုရိုအား ဂရုမစိုက်ဘဲ ဖြတ်ကျော်သွားသည်။

ကိုယ်နှင့်စိတ် ကင်းကွာနေသလို ခန္ဓာကိုယ်က ခပ်တောင့်တောင့်ဖြစ်နေသည်။ အနာဂတ်တွင် တွေ့ရတော့မည့် ထိုအလွန်စရာတို့မှာ သူတို့နှင့် သက်ဆိုင်တော့ပုံမပေါ်။

သူတို့က လေယာဉ်ပေါ်သို့ ရှင်လျက်နှင့် သေနေသူတို့အား တက်လာခဲ့ကြခြင်းဖြစ်သည်။

ဘဝ၏ နှုတ်ဆက်အနမ်းကို စက်သေနတ်များထဲမှ ကြားရမည်ကို သိကြပြီးဖြစ်သည်။

ထိုအုပ်စုတွင် ဘက်တက်ကြွကြွရှိသူဟူ၍ ကြိုတင်ခန့်မှန်းနိုင်သူမှာ ဆိဂရစ်ပင်ဖြစ်သည်။



သူမက လေယာဉ်လှေကားပေါ်သို့ နှိမ့်ပေါက်တက်လာသည်။ ထိုနောက် ဆိမ်ကိနက်ပြာရောင် တောက်နေသည့် စတာလင်စက်သေနတ်များကို တွေ့သွားသည်။

သူမက ခုံလွတ်တစ်လုံးသို့ ဝင်ထိုင်ကာ သေနတ်ကို အံ့ဩကြည့်လိုက်သည်။

အရုပ်သစ်တစ်ခုကို ရလိုက်သည့် ကလေးမလေးမှာ သေနတ်အပေါ် အာရုံနှစ်မြုပ်သွားသည်။ သေနတ်ကို စမ်းဆေးကြည့်သည်။ ကျည်ကပ်များကို ကြည့်သည်။ သေနတ်ပြောင်းတစ်လျှောက် မျက်လုံးလေးပြူးကာ ကြည့်နေသည်။

သေနတ်ကိုလှည့်၍ ချိန်မှတ်ကို ရှာကြည့်သည်။

ပန်းနုရောင် လျှာဖျားလေးက နှုတ်ခမ်းအစုံကို သပ်နေသည်။ ကိုရိုအား ချိန်လိုက်သည်။ မျက်လုံးများက သတ်ဖြတ်လိုသည့် မူမမှန်စိတ်ဖြင့် တောက်ပြောင်လာသည်။

မျက်လုံးအရောင်က လျော့သွားသည်။ သေနတ်ကို ပေါင်ပေါ်ချ၍ ခင်တိုးတိုး ရယ်လိုက်သည်။ အားတိုင်ခံသို့ ကိုရိုအား ပုတ်ပြသည်။ ကိုရိုက ခေါင်းခါ၍ တောင်းပန်သလို ပြုံးပြသည်။

ရိုက်ကာထံသို့ လျှောက်သွားသည်။ မက် ၈ နှင့်စီကူးအဖွဲ့ကို မေးပစ်လိုက်သည်။ သူ့အတွက် ခွေးရူးတစ်ကောင်လို မြင်နေရ ခဲရတော့မည့်အဖြစ်သာ ရှိတော့သည်။

ရိုက်ကာက အကြမ်းဖက်အုပ်စုအားစစ်ဆေးရန် ထိုင်ရာမှ ထရပ်လိုက်သည်။ သူ၏အသံက ကလေးများအား အရုပ်များ ပေးတော့မည့် ဆန္တာကလော့(စ)အဘိုးအိုပုံစံနှယ် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားတို့ မြင်ကြတဲ့အတိုင်းပါပဲ၊ အကောင်းဆုံး လက်နက်တွေရှိဖို့ ငွေကို ဘယ်လိုမှမချွေတာခဲ့ပါဘူး'

အားလုံးက ခေါင်းညိတ်ကြသည်။ ရိုက်ကာ ပြုံးလိုက်သည်။

'ဒါတွေကို သုံးကြပါ ရဲဘော်တို့၊ ကောင်းကောင်းကြီးကို အသုံးချလိုက်ကြပါ၊ နောက် လေးနာရီကြာတဲ့အခါ လိုအပ်တာတွေကို ကျွန်တော်ပြောပြပါမယ်၊ လောလောဆယ်တော့ အနားယူပြီး လက်နက်တွေနဲ့ ကျွမ်းကျင်သွားရအောင် လေ့လာထားကြပါ'

ရိုက်ကာက လိုဒက်နှင့် ကားလ်တို့ထံသို့ သွားတွေ့သည်။ တစ်ခဏမျှ စိတ်အားထက်ကြွစွာ စကားပြောနေသည်။ သူ၏ စက္ကန့်ပိုင်းမှ လွဲစေမည့် အစီအစဉ်ကို ကြားဖြတ်ရှင်းပြသည်။

ကိုရီက ပြူတင်းပေါက်ဘေးခုံတွင် ထိုင်ကာ လေဆိပ်အဆောက်အအုံဆီသို့ လှမ်းကြည့်နေသည်။

မိုးက သဲသဲမဲမဲ ရွာလျက် ရှိသေးသည်။ အီတာလန်တွေ မည်သို့ဖြစ်နေပြီနည်းဟု တွေးမိသည်။

ထိုကိစ္စကို ရိုက်ကာက ဂရုစိုက်ပုံမရသဖြင့် ၎င်းတို့လာချိန် မတန်သေး၍ဟု မှတ်ယူရသည်။ နာရီကို ကြည့်လိုက်သည်။ နှစ်နာရီမျှရှိပြီ ဖြစ်သည်။

မြောက်ပင်လယ်ပေါ်သို့ မှောင်ချိန်တွင်ရောက်လိုမှ ညနေ သုံးနာရီ၌ ဆွီဒင်ကို ဖြတ်နိုင်ရန် အချိန်မှီရလိမ့်မည်။



အလုံပိတ်ကားလေးတစ်စီးက ကွင်းကိုဖြတ်၍ လေယာဉ်ဆီသို့ လာနေသည်။ ကိုရီက ထရပ်သည်။ တံခါးပေါက်ဆီသို့ လျှောက်သွားသည်။

လှေကားထိပ်တွင် မက်သီအင်ကို တွေ့လိုက်သည်။ အလုံပိတ်ကားလေးရပ်သည်နှင့် ခေါင်းဆတ်ပြသည်။ ကားပေါ်မှ လေယာဉ်ဝန်ထမ်းဝတ်စုံဝတ် တစ်ဦး ဆင်းလာသည်။ ကားနောက်ပိတ်တံခါးကို ဖွင့်သည်။ စားသောက်ဖွယ်ရာဘူးများကို ထုတ်သည်။

ကိုရီက ၎င်းအားကူညီရန် အောက်သို့ ဆင်းသွားသည်။ လေယာဉ်အပေါက်ဝသို့ ရိုက်ကာ လှစ်ခနဲ ရောက်လာပုံကို တွေ့ရာ သဘောကျစွာ ပြုံးလိုက်မိသည်။

စားသောက်ဖွယ်ရာများကို လေယာဉ်ပေါ်သို့ ယူလာကာ နောက်မြီးပိုင်းရှိ အခန်းလေးတွင် ထားသည်။ ဘူးကြီးကနှစ်ခု ဖြစ်သည်။ တစ်ခုတွင် စက္ကူအကြည်ပတ် လင်ပန်းအချပ် ၂၀ စီ ပါသည်။

အနီရောင်အောက်ရောင်ခြည် မီးဖိုပေါ်တွင် စက္ကန့်သုံးဆယ် တင်ရုံနှင့် စားသောက်နိုင်ပြီဖြစ်သည်။

မက်သီဘက ကားမှ လူအား ပိုက်ဆံပေးသည်။ လင်ပန်းများကို တစ်ရက် နှစ်ရက်အတွင်း သက်ဆိုင်ရာသို့ ပြန်ပို့ပေးမည်ဟု ပြောသည်။

စားသောက်စရာများ လာပို့သူ ကားပေါ် တက်မောင်း ထွက်သွားချိန်အထိ လှေကားရင်းတွင် ရပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မွန်းလွဲ နှစ်နာရီခွဲတွင်မှ ရိုက်ကာ၏ စိတ်မရှည်တော့သည့် အသွင်ကို ထင်ရှားစွာ မြင်လာရသည်။

မက်သီဘင်က လေကြောင်း ထိန်းသိမ်းရေး မျှော်စင်သို့ ဆက်သွယ်ကာ လေယာဉ်သုံး နာရီတွင် ထက်မည့်အကြောင်း သတင်းပို့သည်။

မိုးသည်းတို့အထက်တွင် မည်းမှောင်၍ မိုးခြိမ်းသံများကြား နေရသည်။

လေယာဉ်ပြေးလမ်းကို ရှေ့ ကိုက်ငါးရာမျှသာ မြင်ရသည်။

မိုးက ပိုသည်းလာသည်။

လေယာဉ် မှောင်ခန်းမှ မက်သီဘင် ထွက်လာသည်။

၎င်း မမျှော်လင့်သော အခက်အခဲများကြောင့် လှောင်ပြောင်လိုမှုကို မျက်နှာတွင် ဖုံးကွယ်မထားနိုင်ပေ။

'လေကြောင်း ထိန်းသိမ်းရေးက ပြောတယ်၊ နောက် မိနစ်နှစ်ဆယ်ကြာမှ မထွက်နိုင်ရင် တခြားလေယာဉ်ကို ပြောင်းပါတဲ့'

ရိုက်က မျက်နှာပေါ်မှ သွေးတို့မှာ ဖလှောင်မျက်နှာဖုံးစွပ်ထားသကဲ့သို့နှယ်ရှိသည်။

နေ့သကို မျိုသိပ်နေရန် မေးရိုး ကြွက်သားတို့က တလှုပ်လှုပ် ဖြစ်နေသည်။

'ဒီကောင်တွေဟာ သူတို့ကိုယ် သူတို့ ဘာကောင်တွေများ အောက်မေ့နေလို့လဲ'

ရိုက်ကာက ခပ်ဆတ်ဆတ် ပြောလိုက်သည်။



'သူတို့ဟာ သူတို့ကိုယ်သူတို့ တာဝန်ရှိသူတွေလို့ ထင်နေတာပေါ့၊ သူငယ်ချင်းရယ်၊ ဒါကြောင့်မို့လဲ သူတို့ကို ထိန်းသိမ်းရေးမှူးတွေလို့ ခေါ်ကြတာပေါ့'

ရိုက်ကာက မက်သီဘင်အား 'မီးဝင်းဝင်း တောက်သည့် မျက်လုံးအစုံဖြင့်ကြည့်ကာ တံခါးပေါက်ဆီသို့ လျှောက်သွားသည်။

ရေဖေးနေသော ကွင်းကိုကျော်၍ လေဆိပ်အဆောက်အအုံဆီသို့ လှမ်းကြည့်သည်။

လေဆိပ်အဆောက်အအုံမှ မီးတို့သည် မိုးရေကြားတွင် မှိန်ပါးသာ တွေ့ရသည်။

'ကဲ... စားစရာရှိတာ စားကြမယ်'

ရိုက်ကာ ဖြေရှင်းရန် အလုပ်ကဲ့သို့ပြောကာ မက်သီဘင်၏ ပခုံးကို ခပ်ကြမ်းကြမ်းတိုက်၍ အတွင်းသို့ ပြန်ဝင်သွားသည်။

စပ်ရှိ အရသာမဲ့ သော ကြက်သားနှင့် ပဲသီးတို့ကိုစားပြီး တစ်နာရီကျော်ကြာမှ လေကြောင်းထိန်းသိမ်းရေးက သတင်းပို့လာသည်။

ဆိုင်ကြောင်ဂိယွန်ဒီ၊ ဆိုင်ကြောင်လာသီနှင့် ဆိုင်ကြောင်ဗရက်တို့ သုံးဦး လူဝင်မှုကြီးကြပ်ရေးမှ စစ်ဆေး ပြီးသွားပြီ ဟုရှိပင်...

မက်သီဘင်က မျှော်စင်သို့ ဆက်သွားသည်။

ပျံသန်းခွင့်ကို တောင်းသည်။

www.burmeseclassic.com



အီတလီ သုံးယောက် ပတ္တူစက္ကူအိတ် ကိုယ်စီဆွဲ၍ မိုးရေ
ထဲမှ လေယာဉ်ဆီသို့ ပြေးလွှားနေစဉ်မှာပင် မက်သီဘင်က
စက်ကို နှိုးသည်။

ကိုရီက စိတ်လှုပ်ရှားမှုမျိုးစုံ ခံစားရင်း လေယာဉ်တံခါးကို
ပိတ်သည်။

ပျံသန်းရေး အဆင်သင့် ဖြစ်ကြောင်း မက်သီဘင်အား
သတင်းပို့သည်။

ဒိန်းမတ်နိုင်ငံကိုဖြတ်၍ ဆွီဒင်နိုင်ငံပေါ် ၃၃၀၀၀ အမြင့်မှ
ပျံသန်းခဲ့သည်။

မြောက်ပင်လယ်မြင်ပေါ်သို့ရောက်သော် ဥရောပတိုက်သွား
လေယာဉ်လမ်းကြောင်းနှင့် နီးလာသည့် အချိန်မှာ ည ဆယ်
နာရီထိုးပြီဖြစ်သည်။

ဤအမြင့် ဤချပ်ဝန်းတွင် ရေဒါက မီနိုင်စရာမရှိတော့။

စကင်ဒီနေဗီးယန်း လေကြောင်း ထိန်းသိမ်းရေးကလည်း
သူတို့ပိုင်နက် မကျော်ပြီဖြစ်၍ ဆက်သွယ်ရေး ဖြတ်လိုက်သည်။

ရိုက်ကာက လီယိုနာဒိုဖင်ဒီ လေဆိပ် အစီအစဉ်ပုံစံကို ထုတ်
သည်။

မက်သီဘင် ဆင်းရမည့် လမ်းကြောင်းနှင့် ဂျာမန်များ ခုန်
ဆင်းမည့်နေရာကို ပြသည်။

ဂျာမန်များကိုလည်း မည်သည့်အချိန်တွင် မည်သို့ နေရာ
ယူရန်ရိုက်ကာက ရှင်းပြသည်။

ထို့နောက် လိုဒက်ပက်သို့ အစီအစဉ်ကိုအပ်သည်။



'လူသန်းဆာ လေကြောင်း ခရီးစဉ် ၂၄၁ လေယာဉ်ဟာ
ဒီနေရာမှာ ရပ်ထားလိမ့်မယ်'

လိုဒက်က လေဆိပ် အဆောက်အအုံ၏ မြောက်ဘက်ထိပ်
တာတီယွာဝင်ပေါက်ကို မြေပုံပေါ်တွင် ထောက်ပြသည်။

'ဒီ ဘိုးအင်း(၇၄၇)လေယာဉ်ကြီးပေါ်ကို ခရီးသည်တွေ
က ၁၁း၄၅ နာရီမှာ တက်ကြမယ်၊ တို့က ဝန်ထမ်းရိပ်သာ
ရှေ့ကနေဖြတ်ပြီး လေယာဉ်ကို ၁၁း၅၀ မှ စထွက်မယ်။
ရိုက်ကာရဲ့ အချိန်ကိုက်နှုန်းအတိုင်းအရတော့ ဒီသို့ပဲ'

မျက်ခုံးထူထူ၊ ဂင်တိုတို ဂျာမန် တစ်ယောက် ဖြစ်သော
ဆီးဂဲက ထရပ်သည်။

သူတို့၏ အစီအစဉ်မှာ ရိုက်ကာ၏ အစီအစဉ်နှင့် မည်သို့
တစ်သားတည်းကျနိုင်မည်နည်းဟုမေးသည်။

ဆီးဂဲမှာ ခေါင်းမာပုံရသည်။

လိုဒက်က ပခုံးတွန့်သည်။ ဖြူပြာပြာ မျက်လုံးအစုံက ကျန်
လူများဘက်သို့ ကွက်ခနဲကြည့်လိုက်သည်။

ထို့နောက် ဆီးဂဲအား ပြန်ကြည့်သည်။

'မင်း နားလည်ဖို့အတွက်ကတော့ရှင်းရှင်းလေးပါ၊ ဝန်ထမ်း
ရိပ်သာ အမှောင်ထုထဲမှာ တို့ရှိနေတုန်း ရိုက်ကာနဲ့ အဖွဲ့က
ကုန်တင်ရုံဘက်ကိုသွားကြမယ်၊ အချိန်ကိုက် နှစ်ဖွဲ့စလုံး တိုက်ပွဲ
စမှာက တိုက်ဆိုင်မှုလို့ ထင်အောင်ပဲ၊ အဘာတ်နိုင်ဆုံး ရှုပ်ရှုပ်
ထွေးထွေး ဖြစ်ကုန်အောင်ပဲ'

မေးခွန်းများ ထွက်မလာတော့ သို့ဖြင့် အပတ်အစား
လဲရန် အချိန်ကျပြီဟု ရိုက်ကာက ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆီဂချစ်က ဂျာမန်များအား မျက်နှာတွင် သုတ်လိမ်းရန် ဆေးဘူးအနက်များ လိုက်ပေးသည်။

ကိုရီက အီတလီများထံသို့ သွားကာ အစီအစဉ်အတွက် ဆွေးနွေးသည်။

ဤအီတလီစကားကို သူ ကောင်းကောင်းသဘောမပေါက်၊ အီတလီများမှာ တစ်ယောက်မှ အင်္ဂလိပ်စကားကို နားလည်ပုံ မပေါ်၊ ကိုရီနှင့် ၎င်းတို့၏ ဆက်သွယ်ရေးမှာ အာဒေါ်ပင် ကသိကအောက် ဖြစ်နေရသည်။

အီတလီသုံးယောက်မှာ အသက်သုံးဆယ်မျှ ရှိကြသည်။

ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်သည်။

ဂိုဒက်တို့ အဖွဲ့အား ကွက်ကြည့်ကွက်ကြည့် လုပ်ကာ မိမိတို့နှင့် ကိုက်ညီလှသည်ဟု ခံစားနေကြသည်။

သူတို့က ဝေါ်လ်သာပီ ၃၈ ပစ္စတိုများကိုသာ ရွေးယူကြသည်။

သူသည် သေနတ်ကို ကိုင်တွယ်စစ်ဆေးပုံအရ ကျွမ်းကျင်စွာ အသုံးပြုနိုင်ကြောင်း သိသာလှသည်။

ကိုရီကမူ အီတလီများကို သိပ်သဘောမတွေ့ရ။

ဇွတ်မှိတ်အနိုင်စား လူမိုက်များဟုသာ ထင်သည်။

ကာယဗလကိုသာ အားကိုးပြီး ဦးနှောက်မဲ့သူများ မှတ်ယူထားသည်။

ဆီဂချစ်မှာ နံဘေးမှ ဖြတ်သွားသော ကိုရီအား မျက်နှာစကာ အမှုံ့ပိုပိုနှင့် ကြည့်သည်။



သို့သော် မျက်နှာတွင် ဆေးအမည်း သုတ်လိမ်းထားပြီး ဖြစ်၍ ချစ်စရာသက် ကြောက်စရာ ပိုကောင်းနေသည်။

ကိုရီက မြို့ပြလိုက်ပြီး လေယာဉ်ခရုပိုင်းသို့ လျှောက်သွားသည်။

လေယာဉ်ခေါင်းခန်းအတွင်းသို့ ဝင်သည်။

အခန်းထဲသို့ ရောက်သည်နှင့် မြသန်းရှိဖို့ကို သိလိုက်သည်။ လေယာဉ်မောင်းခန်းတစ်ခုလုံး ဆေးခြောက်နံ့ လှိုင်နေသည်။

'လာထိုင်လေ သူငယ်ချင်း'

မက်သီဘင်က ဆေးရုံသို့ လက်ကလေး မစိုးတစ်ရိုးနှင့်ပြသည်။

'ဘာလဲ ခင်ဗျားရှုးနေသလား၊ ရိုက်တာသာ ရောက်လာပင်တော့ မြေပြင်ပုံနို ထအောာမှာပဲ'

'ငါ့သောက်ရှူးလဲသေသေ ကျုပ်တော့ ဂရုမစိုက်ဘူး၊ လေထဲ ရောက်နေချိန်မှာ ကျုပ်တော့ သဘောဘဲ၊ ဒါမှမဟုတ်ရင်ထဲ ဂရုမစိုက်ဘူး'

ကိုရီက စိတ်မသက်သာစွာ ကြည့်လိုက်သည်။

မက်သီဘင်မှာ အငိုက်အနောက် ရနေသည်။

ကိုရီက မက်သီဘင်၏ အပေါ်အကျီကိုဆွဲ၍ လက်ကျန်ရှိမရှိ စစ်ဆေးကြည့်သည်။

မက်သီဘင်က အားမပေါ်ဘဲ ဘားချုန် ကြိုးစားသည်။

ထရပ်ရန် ပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုရီက လက်ကိုတွန်းဖယ်၍ ထိုင်ခုံပေါ် နောင့်တွန်းချလိုက်သည်။

'ဒီဟာနဲ့ အလိုအလျောက် အရှိန်ရပြီး မောင်းနေတာလား'

ကိုရီက ရှာတွေ့လာသည့် ဆေးခြောက် ထည့်ထားသော ဆေးတံအိတ်ကလေးကို ပြကာ မေးလိုက်သည်။

'ကျွန်တော်ရဲ့ အသိစိတ် လွန်ကဲတဲ့ အာရုံနဲ့ မောင်းနေတာပါဗျာ'

မက်သီဘင်က ခပ်ပေါ့ပေါ့ပင် ဖြေသည်။

'ကျွန်တော် လိုချင်သလို ဒါကလေး စွမ်းဆောင်ပေးတာဗျ'

ကိုရီက မက်သီဘင်၏ ပါးအား နှစ်ချက် ဆက်ရိုက်လိုက်သည်။

မျက်လုံးမှ အကြည့်မှုန် မမှန်ကို အကဲခတ်သည်။ ဒေါသကြောင့် အံကြိတ်လာသည်။

'ကဲ...ဘယ်နှယ်လဲ အရသာ တွေ့သွားပြီလား'

'ထပ်လုပ်လိုက်မယ်၊ မင်းကိုငါ သတ်ပစ်မယ်ကွ'

'အေး...အေး... ခင်ဗျား ဘယ်နှစ်လိပ် ချပြီးပြီလဲ'

မက်သီဘင်က ရယ်ကျဲကျဲသာ လုပ်ပြသည်။

မျက်လုံးများက ဆေးအရှိန် ပြန်တက်လာပုံ ရှိသည်။

ကိုရီက လှိုင်းတွန့်ဝါဝါ ဆံပင်ကိုဆွဲ၍ မက်သီဘင်အား ထူသည်။



မျက်ရည်များ ဝေ့နေသည့် မျက်လုံးအစုံကို စိုက်ကြည့်သည်။

'ဘယ်လောက် သောက်ပြီးပြီလဲ'

'နှစ်လိပ်'

မက်သီဘင်က ပြောပြောဆိုဆို ကိုရီ၏မေးရိုးဆီသို့ လက်သီးနှင့် ထိုးလိုက်သည်။

ထိုးချက်ကို ကိုရီက အလွယ်တကူပင် ရှောင်လိုက်နိုင်သည်။

လဲပြိုတော့မည့်ဟန် ဖြစ်သွားသည့် မက်သီဘင်အား ထိန်း၍ မ,ထားလိုက်သည်။

'အရှိန်က ဘယ်လောက်ကြာအောင် တက်မှာလဲ'

'သိပ်မကြာပါဘူး သူငယ်ချင်းရယ်၊ သိပ်ကို မကြာလှပါဘူး'

မက်သီဘင်၏ မျက်နှာက အိုစာနေသည်။

မျက်လုံးများကလည်း ရီဝေလှသည်။

ကိုရီက မက်သီဘင်အား ထိုင်ခုံပေါ် ပြန်ချထားလိုက်သည်။

ဩော်...ဟိုပိုင်းလော့က လမ်းကြောင်းမှန်အတိုင်း ထိန်းနိုင်ပါစေဟု ဆုတောင်းနေရသည်။

မက်သီဘင်က သူ့အာသာသူ စကားပြောလာသည်။

'လောက်ရှမ်း သွေးထွက်သံယို ဖြစ်မယ့် မြင်ကွင်းပဲ သူငယ်ချင်း၊ ဘာဂုဏ်မှမရှိ၊ ဘာရည်ရွယ်ချက်မှ မရှိ၊ ဘာအကျိုးမှ မရှိတာတဲ့ အသားစည်သွပ်ဘူးထဲရောက်နေတဲ့ လောက်ကောင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့သလိုပဲ လောက်ကောင်ပုကြီးဆီကို ဒီက လောက်ကောင် ကောင်ဘဝ သွားပို့ပေးရတဲ့ အဖြစ်ပေါ့ကွာ၊ ဒါပဲ၊ ဒါပဲ ဒါကြောင့်လို့ ဘာမှ မဟုတ်ဘူး’

‘ဆေးအရှိန်က ဘယ်လောက်ကြာဦးမလဲ’

မက်သီဘင်က မျက်လုံးမှိတ်သွားသည်။ သူ တွေးမိသလို သာ ပြန်ဖြေသည်။

‘ဘဝသက်တမ်း ဘယ်လောက်ကြာမလဲ ဟုတ်လား၊ ကျည်တစ်တောင့်က ဘယ်လောက် မြန်မလဲ ဟုတ်လား’

ကိုရီက မက်သီဘင်အား ဆွဲထူလိုက်ပြန်သည်။ မျက်နှာအား ဆက်တိုက်ရိုက်သည်။

အရှိုက်ရပ်လိုက်ချိန်မှ မက်သီဘင်က သက်ပြင်းရှည်ကြီး ချသည်။

သူ၏ ဆေးအိတ်ကို ရှာသည်။

မတွေ့သည့်အခါ ကိုရီအား တောင်းပန်သလို ကြည့်သည်။

‘ကျွန်တော့် အတွက် ကြက်သားနဲ့ ညစာလေး မရနိုင်ဘူး လားဗျာဟင်’

ကိုရီက မက်သီဘင်အား သံသယနှင့် ကြည့်သည်။

‘ခင်ဗျား အော်တိုပိုင်းလော့ ဖွင့်ထားတာ လမ်းကြောင်း အမှန်ပဲလား’

မက်သီဘင်က လေယာဉ်မောင်း ကိရိယာများဆီသို့ လှမ်း ကြည့်သည်။ ပခုံးတစ်ချက် တွန့်သည်။

‘ဒီအတိုင်းလောက်ပါပဲ၊ ညဆယ်နာရီ မထိုးမချင်း အီဘသီ လေဆိပ်နဲ့က်ထဲ မဝင်ချင်သေးဘူး’



ကိုရီက နောက်ဘက်သို့ ပြန်လာခဲ့သည်။

ရိုက်ကာ၏ အမေးလက္ခဏာအကြည့်ကို မသိကျိုးကျွန် ပြုကာ အမြီးပိုင်းရှိ စားသောက်စရာများ ထားရာသို့ ဆက် သွားသည်။

ဂျာမန်များမှာ ဆွဲယ်တာအနက် ဘောင်းဘီရှည် အနက် ကိုယ်စီ လဲလှယ်ပစ်ကြပြီး ဖြစ်သည်။

ကျည်ခါးပတ် စလွယ်သိုင်း ကြိုးလွယ်၍ အိတ်များသို့ လက်ပစ်ဗုံးနှင့် ကျည်ဆန်အပိုများ ထည့်ပြီး သူ က လည်း အားလုံးလောက်နီးနီး ရှိနေသည်။

ရင်းမားက ဆီဂရစ်နှင့် စကားလက်ဆုံ ကြနေသည်။

ဆီဂရစ်က လေဆိပ်မြေပုံကိုမကြာခဏပြ၍ သူမဝင်ရောက် နေရာယူလိုသည့် နေရာအား လက်ညှိုးထိုး ထောက်ပြသည်။

ရင်းမားက ခေါင်းခါသည်။ ကိုဒက်ထံသို့ မေးငေါ့ပြ သည်။

ကိုဒက်၏ အမိန့်အတိုင်း လိုက်နာရမည့်သဘော ဖြစ်သည်။

အစားအသောက် နွေးထားသည့် မီးဖိုမှ အချက်ပေး ခေါင်းလောင်းသံလေးက မြည်လာသည်။

လင်ပန်းတစ်ချပ်ကို ကိုရီထုတ်ယူလိုက်သည်။

လေဆိပ် မြေပုံ ကို ဘေးချ၍ မျက်နှာစူပုပ်ပုပ် ဖြစ်နေ သည့်ဆီဂရစ်ဘေးမှ ဖြတ်လျှောက်လာသည်။

သူမက ကိုရီ၏ လက်မောင်းကို ဖမ်းဆွဲသည်။ ခပ်တင်း တင်း ဆုပ်ကိုင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါ ကျွန်မအတွက် မဟုတ်လား'

'လေယာဉ်မှူးကြီး မစားရင်တော့ မင်းအတွက်ပဲ ပေါ့ကွာ'

သူမက ကိုရီ၏ လက်မောင်းကို ပို၍ ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။

'ရှင့်ကို သိပ်မတွေ့ရတာကြာပြီ'

'နောက်မှပေါ့ကွာ၊ မင်း မျက်နှာလေးတွေ ဖျက်ခွင့်ရတဲ့ အချိန်မှ တွေ့ကြတာပေါ့'

သူမ၏ ဆေးသုတ်ထားသည့် မျက်နှာကလေး ဒေါသ ကြောင့် တင်းမာသွားသည်။ ကိုရီ၏လက်ကို ခပ်မြန်မြန်လွှတ်လိုက်သည်။

ကိုရီက သက်ပြင်းချ၍ လေယာဉ် ဦးပိုင်းသို့ ဆက်လျှောက်လာသည်။

နောက်မှ ဆီးဂရစ်၏ စူးရှသောအကြည့်ကို ခံစားနေရသည်။

မက်သီဘင်မှာ စက်ခလုတ်ခုံပေါ်သို့ ခြေထောက်တင်ကာ နောက်မှီ၍ ထိုင်နေသည့် စကြဝဠာကြီးကို ကသိုင်းရှုမ သလေသမသိ။

ကိုရီက မက်သီဘင်၏ ပေါင်ပေါ်သို့ လင်ပန်းကိုတင်ပေးကာ ဘေးခုံတွင် ဝင်ထိုင်သည်။

'ကဲ... စားလိုက်'

'ခင်ဗျား အဖော်ချစ်စရာ ကောင်းတာပဲ၊ ခင်ဗျားမ ရင် ဘယ်လိုနေရမှန်း တောင်မသိဘူး'



လီယိုနာဒို ဒါဗင်ချီ လေဆိပ် ဆက်သွယ်ရေးလိုင်းနှင့် မိရာ အကွာအဝေးသို့ ၂း၄၅ နာရီတွင် ရောက်လာကြသည်။

မက်သီဘင်က ညာဘက်စက်ကိုင်ယူနေပြီး ဆီပိုအားအလွန်ကျနေကြောင်း လေကြောင်းထိန်းသိမ်းရေးမျှော်စင်သို့ သတင်းပို့လိုက်သည်။

မျှော်စင်က လေယာဉ်ဆင်းနိုင်ရန် ချက်ချင်း လမ်းရှင်းပေးထားမည်ဟု ပြန်သတင်းပို့သည်။

မက်သီဘင်က ကိုရီအား ပြုံးကြည့်လိုက်သည်။

ကိုရီက ထ၍ နောက်ခန်းသို့ပြန်သည်။

ငါးမိနစ် မပြည့်မီမှာပင် ရောမမြို့၏ ဆင်ခြေဖုံးရပ်ကွက်များပေါ်သို့ လေယာဉ်ရောက်တော့မည်ဖြစ်သည်။

လေယာဉ် နောက်ခန်းတွင်တော့ နောက်ဆုံး ပြင်ဆင်မှုကို ပြုလုပ်ကြရန်း ငြိမ်သက်နေကြသည်။

ကိုရီ၊ ရှီအဲကာနှင့် အီတာလီတို့က အစိမ်းရင့်ရောင် ဘက်-အောက်တဲ့လျှော့ဝတ်စုံကို လဲလှယ်ကြသည်။

အင်္ကျီကျောကုန်းတွင် ရောမ လေဆိပ်ဌာန အမှတ် တံဆိပ်ပါရှိသည်။

ပွဲယောဒ်းတောင်းဝတ်စုံက သူတို့ လိုအပ်သည့် ကိရိယာများကို ကောင်းကောင်း ကွယ်ဝှက်ထားနိုင်သည်။

မေခင်းကြူကြူဖြစ်နေသည့် အရာတစ်ခုမှာ လမ်းညွှန်စကားပြောစက်သာဖြစ်သည်။

ရိုက်တာကမူ စက်ကို ပြောင်ကိုင်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်တင်ပို့ဌာနရုံးနှင့် ဆက်သွယ်ရမည့်သဘော ဆောင်လိမ့်မည်။

ကိုရိက တံခါးပေါက်အနီးတွင် နေရာယူထားသည်။

မတ်သီဘင်က လေယာဉ်ပြေးလမ်းမှ ချိုးကွေ့ပြီး လေယာဉ်အတွင်းမီးများကို ပိတ်သည်နှင့် တံခါးဖွင့်နိုင်စေရန် ဖြစ်သည်။

လေယာဉ်ခေါင်းခန်းဆီသို့ လှမ်းကြည့်လိုက်သည်။

အထဲတွင် ရိုက်ကာ အဘယ်ကြောင့် ဤမျှ ကြာနေသနည်း။

မတ်သီဘင်မှာ ဆေးအရှိန် ပျယ်သွားပြီ ဖြစ်သည်။

သို့သော် အရေးကြီးသည့် စကားများကို ရိုက်ကာ ပြောမိလျှင်ဘော့ တုံ့ပြန်ချက်ကို စိတ်မသက်သာဖွယ် တွေ့ပေတော့မည်။

ကိုရို၏ စိတ်ထဲတွင် သတိပေးသံလေးတစ်ခု ဝင်လာသည်။

ရိုက်ကာသည် နောက်ဆုံးအချိန်ကျကာမှ မတ်သီဘင်အား သွားတွေ့ခြင်း ဖြစ်သည်။

တံခါးအနီးတွင် ကိုရို နေရာယူပြီးသည်အထိ စောင့်နေခဲ့သည်။

နောက်ဆုံး အဆင့်ကလေးသည် အဘယ်ကြောင့် ဤမျှ အရေးကြီးပါသနည်း။

ပြေးလမ်းနှင့် ထိသည်နှင့် လေယာဉ်ဘီး၏ ပွတ်တိုက်သံကို ကြားလိုက်ရသည်။

အရှိန်ကိုထိန်း၍ စက်မြောင်းပြန် လည်စေသဖြင့်စက်သံက ဆူညံသွားသည်။



လေယာဉ်အတွင်းပိုင်း မီးများ ငြိမ်းသွားသည်။

ကိုရိက ထရပ်၍ တံခါးအနီးတွင် နေရာယူသည်။

အမည်းရောင် လွှမ်းနေသည့် ကျွာမန်များ ချက်ချင်း ထရပ်ကာ သူ့ထံသို့ ချက်ချင်း ပြေးလာကြသည်။

စစ်သင်တန်းပြနေသကဲ့သို့ သေသပ်လှသည်။

လေယာဉ်က အရှိန်သေသွားသည်။

ပြေးလမ်းမှ စတင်၍ ချိုးကွေ့သည်။

လေယာဉ်မှ မီးအားလုံး ငြိမ်းသွားသည်နှင့် ကိုရိက တံခါးကို ဖွင့်လိုက်သည်။

အပြင်မှ လေအေးအေးက ရုတ်ခြည်း တိုးဝင်လာသည်။

တံခါးပေါက်သို့ ကိုဒက် ရောက်လာသည်။

ဆေးအမည်းနှင့် နက်မှောင်နေသည့် သူ၏ မျက်နှာမှာ အပြင်မှ ညဥ့်အမှောင်ထုနှင့် ရောထွေးနေသည်။

တောက်ပြောင်နေသည့် မျက်လုံးအစုံနှင့်ကိုရိအား တစ်ချက်ကြည့်ကာ ခုန်ဆင်းသွားသည်။

ဒုတိယပုဂ္ဂိုလ်မှာ ကိုယ်ခန္ဓာသေးသွယ်သည်။

ကိုယ်သင်း ရန့်ကလေးကို ခုန်မချမီ ချုန်သွားရစ်သော ဆီးဂရစ်ပင် ဖြစ်သည်

ညဥ့်အမှောင်ထုထဲသို့ တစ်ယောက်ပြီး တစ်ယောက် ခုန်ချသွားကြသည်။

ကိုရိက လေယာဉ်အတွင်းပိုင်းသို့ ကြည့်လိုက်သည်။

ကိုဒက်တို့အဖွဲ့သားများ တစ်ယောက်မှ မကျန်တော့

www.burmeseclassic.com

www.burmeseclassic.com



ကိုရီက တံခါးပြန်ပိတ်ပြီး မက်သီဘင်အား ခလုတ်နှိပ် အကြောင်းပြောလိုက်သည်။

လေယာဉ်မီးများ မြန်သင်းသာကာ ရှေ့သို့ ဆက်ရွေ့သည်။

လေယာဉ်ကွင်းဆိပ်မှ ပတ်တော့၍ လေယာဉ်ရုံများဆီသို့ ဦးတည်သည်။

ကိုရီထံသို့ ရိုက်ကာ လျှောက်လာသည်။

သူ့နောက်တွင် အီဘသီများကို တွေ့ရသည်။

'နောက်ဘစ်ကြိမ် မီးငြိမ်းတာနဲ့ ဆင်းမယ်'

ရိုက်ကာက ခပ်အုပ်အုပ် ပြောသည်။

ကိုရီ ခေါင်းညိတ်ပြသည်။

'နောက်ဆုံးမှ ကျွန်တော် ဆင်းရမှာလား'

'အရင်ဆုံး ဆင်း၊ တံခါးပိတ်ဖို့ ကျွန်တော်လုပ်မယ်'

ကိုရီက ပခုံးသာ တွန့်လိုက်သည်။

သို့သော် ရင်ထိတ်နေသည်။

လွန်ခဲ့သည့်ရက်က ရိုက်ကာပြောခဲ့သည်မှာ နောက်ဆုံးမှ ကိုရီဆင်း၍ မဆင်းမီ ခလုတ်နှိပ်တံခါးပိတ်ခဲ့ရန် ဖြစ်သည်။

မီးများ ငြိမ်းသွားသည်။

စဉ်းစားချိန် အချိန်မရတော့။ တံခါးဖွင့်၍ ခုန်ဆင်းလိုက်သည်။

မြေပြင်နှင့် ခြေထောက် အထိ ကျွမ်းပစ်ကာ လိမ့်ထွက်သည်။

လေယာဉ်ကသူ့အပေါ်မှ တဖြည်းဖြည်းကျော်သွားသည်။ ဂျက်အင်ဂျင်အပူငွေ့ကို ခံစားရသည်။



ကွင်းစပ်မြက်ခင်းပြင် ရောက်သည့်အထိ ကိုရီက ဆက်လိမ့်သွားသည်။

အမှောင်ထုတွင်းသို့ မျက်စိကျင့်သားရသည်နှင့် ခပ်မည်းမည်းသဏ္ဌာန်များ လေယာဉ်မှဝေးရာသို့ လိမ့်ထွက်သွားနေပုံကို တွေ့ရသည်။

ထို့နောက် လေယာဉ်တံခါးမပိတ်မီ ခပ်ဝဝလူတစ်ယောက် ခုန်ချလာသည်ကို မြင်လိုက်သည်။

ရှေ့တွင် မီးများ ထိန်ထိန်လင်းနေသည်။

လေဆိပ်အဆောက်အအုံများကို မြင်ရသည်။

ပတ်ဝန်းကျင်တွင်မူ အဆင်းအတက် လေယာဉ်စက်သံတို့က ညကို စိုးမိုးလျက်ရှိသည်။

ကုန်တင်ချရာတွင် လေယာဉ်အချို့ တန်းစီရပ်ထားသည်။

လေယာဉ်များကြားဝယ် ကုန်တင်ယာဉ်လေးများ သွားလာနေကြသည်။

ပစ်မှတ်ရှေ့လေယာဉ်ကြီးအနီးတွင် မက်(ခ)များ ရှိနေလေမလားဟု ကိုရီတွေးမိသည်။

ဆူဆန်နီတော့ သံရုံးကိုမှ သွားမှသွားပါ့လား။ ဖလစ်ကာကော အချိန်မီမှ ရောက်သွားပါ့မလော။

သို့မဟုတ် အသွန်စိတ်အား ထက်ကြွနေသည့် သံရုံးအရာရှိတစ်ယောက်ယောက်ကြောင့် နေရာမှား၍ ရောက်သွားပြီလော။

www.burmeseclassic.com

www.burmeseclassic.com



သောကကို ဖျောက်ပစ်လိုက်သည်။

အချိန်မရှိတော့၊ တွေဝေငေးမောနေရန် အချိန်မဟုတ်တော့၊ မကြာမီမှာပင် ငရဲကျသလိုအဖြစ်မျိုး ဖြစ်တော့မည်။ သေမင်းနှင့်ယှဉ်၍ အနိုင်ရရန် ကြိုးပမ်းရမည်။

## အခန်း ၇ (ခုနစ်)

ရိုက်ကာက မျက်နှာမှ ညကြည့်မှန်ပြောင်းကိုဖယ်၍ လမ်းလျှောက်စကားပြောခွက်ထဲသို့ ခပ်တိုးတိုးပြောလိုက်သည်။

'အဆင်သင့်ပဲ ခေါင်းဆောင်နက်'

စက်မှ တရှိုးရှိုးအသံကို ကြားရသည်။ ကားလ်၏ အသံက ပီပီသသ ထွက်လာသည်။

'အဆင်သင့်ပဲ'

၁၁း၄၂ နာရီဖြစ်သည်။

သူတို့က ကွန်ကရစ်ခင်းကွက်လပ်မှ မြောက်ပေအကွာ စိုစွတ် မြက်ခင်းပေါ်တွင် ဝပ်နေကြသည်။

အတွင်းဘက်တွင် မီးရောင်က ထိန်ထိန်လင်းနေ၍ ကွင်းစပ်မှာ အရိပ်ကောင်းကောင်းရနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘက် ကုန်အင်စခန်းတွင် ဘိုးအင်း(၇၂၇)လေယာဉ် နှစ်စင်းနှင့် မှီစီ(၁၀)လေယာဉ်တစ်စင်းရှိသည်။

ညာဘက်တွင်မူ ကုန်ဌာန၊ ကုန်ရွှေးဌာနနှင့် ကုန်လှောင်ရုံ များရှိသည်။

ဂုဝင်းတို့၏ နောက်ဝယ် လေဆိပ် အဆောက်အအုံ ရှိသည်။ အဆောက်အအုံရှေ့တွင် လေယာဉ်များ တန်းစီရပ်ထားသည်။

ဘိုးအင်းလေယာဉ်အကြီးစားများက ဝင်ပေါက်အဆောက် အအုံတို့၏ ထိပ် တစ်ဖက်တစ်ချက်စီတွင် ရပ်ထားကြသည်။

ခရီးသည်များမှာ စတင်တက်နေကြပြီဖြစ်သည်။

လုံအန်ဆာ ချီးခဉ်(၂၄)ပေါ်သို့ တက်နေသည့် ခရီးသည် တို့မှာတော့ ချောင်းမြောင်းလျက်ရှိသော မှုမမှန် လူသတ် သမားဆယ်ဦးကို သတိပြုမိကြလိမ့်မည် မဟုတ်ပါ။

လေယာဉ်ဝင်ပေါက် အဆောက်အအုံ၏ မြောက်ဘက် အစွန်းသို့ ကိုရီကြည့်လိုက်သည်။

လေယာဉ်ကြီး ရပ်ထားသည်ကို မတွေ့ရ။

အချိန်နှင့်အမျှ စိတ်က ကျဉ်းကျပ်လာသည်။

မက်(ခ)သာ သတင်းကို အချိန်မီရပါက သူတို့စောင့်မျှော် နေသည့် သေနတ်သမား တစ်ရာမျှ ရှိနေရမည်။

သဘာဝကျရန် အခြေအနေအရပ်ရပ်မှာ ပုံမှန်တိုင်းဖြစ်နေ ရမည်က အမှန်ပင်ဖြစ်ကြောင်း ကိုယ့်ကိုယ်ကိုယ်သတိပေးလိုက် ရသည်။



ပခုံးပေါ်သို့ လက်တစ်ဖက်ရောက်လာသည်။

ဆတ်ခနဲလှည့်ကြည့်လိုက်သည်။

ကုန်အင်စခန်း၏ အလယ်ပေါက်ဆီသို့ ရိုက်ကာက လက်ညှိုးထိုးပြသည်။

ကိုရီ လှမ်းကြည့်လိုက်သည်။

ပုတီးကို စက်သေနတ် အသေးစား လွယ်ထားသည့် ယူနီ ဖောင်းဝတ် ရဲနှစ်ဦးက တံခါး၏ တစ်ဖက်တစ်ချက်တွင် နေရာ ယူနေသည်။

'ရွှေတွေကို သယ်တော့မယ်'

ရိုက်ကာက တိုးတိုးပြောလိုက်သည်။

ကိုရီ ခေါင်းညိတ်၍ နာရီကို ငုံ့ကြည့်သည်။

အချိန်ကိုက်ဖြစ်သည်။ သုံးမိနစ်အတွင်း ရွှေများကို တင် တော့သည်။

ဘေးမှ ရိုက်ကာက စကားပြော စက်ခလုတ်ကို နှိပ်လိုက် သည်။

'လုပ်ပေတော့ ခေါင်းဆောင်နက် စပေတော့'

ကိုရီက ရိုက်ကာအား မယုံနိုင်သလို ချာခနဲလှည့်ကြည့် သည်။ အစီအစဉ်အတိုင်းမှာ ရွှေများလေယာဉ်ပေါ်သို့ တင် ပြီးခါမှ ကိုဒက်တို့ စတင်တိုက်ခိုက်မည် ဖြစ်သည်။ ရိုက်ကာက ကိုရီအား သွားအါဖြဲသားနှင့် ကြည့်နေသည်။

'မအံ့သြနဲ့ ကိုရီ၊ ဒီနည်းက အကောင်းဆုံးပဲ'

သူ့ ပတ်ဝန်းကျင်သို့ အိတ်တလီများ ချက်ချင်းရောက်လာကြ သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုရီ သိလိုက်သည်။

ဝဲယာ တစ်ဖက်တစ်ချောက်နှင့် နောက်ဘက်ယွန်းယွန်းတွင် တစ်ယောက်ဖြစ်သည်။

နောက်လူက အမှောင်ထဲတွင် ပျောက်ကွယ်နေသည်။

သူတို့၏ မျက်လုံးများဝယ် စိတ်ကျဉ်းကျပ်နေပုံကို ကိုရီ အထင်းသား မြင်မိသည်။

'ဟေ ခင်ဗျား ဘယ်လိုလုပ်တာလဲ၊ အချိန် သိပ်မစောလွန်းဘူးလား'

ကိုရီက အံကြိတ်၍ မေးလိုက်သည်။

'မစောပါဘူး ကျွန်တော် အချိန်ကိုက်ထားတာ ကွက်တိပါပဲ'

ကိုရီက ငြိမ်နေလိုက်သည်။

ရိုက်ကာသည် တစ်ခုခုကိုသံသယရှိခဲ့၍ အစီအစဉ်အပြောင်းအလဲကို လုပ်ခဲ့ခြင်းဖြစ်မည်။

အပြောင်းအလဲကို သူမသိရခြင်းမှာ ဆိုးလှသည်။

စိတ်ထဲမှကျိတ်ကာ ဆဲရေးတိုင်းထွာမိသည်။

နောက်မှ လှုပ်ရှားသံကြားရပြီး ရိုက်ကာ၏ ခပ်တိုးတိုး ရယ်သံ ထွက်လာသည်။

သေနတ်၏ အသံတိတ်ကိရိယာပြောင်းက နားရွက်နောက်သို့ အေးစက်စက် လာထောက်သည်။

လက်တစ်ဖက်က လက်ထဲမှ ဝေါ(လ်)သာပီ(၃၈)ပစ္စတိုကို ဆတ်ခနဲ ဆွဲယူသွားသည်။



'ခင်ဗျားရူးနေသလား ရိုက်ကာ၊ ဘာလဲ ကွက်ကျော်ရိုက်တာလား'

'ခင်ဗျားရဲ့ လှုပ်ရှားမှုတွေဟာ သံသယရှိလို့ပဲလို့ ပြောရမှာပဲ၊ ကျွန်တော် အမိန့်အတိုင်း လုပ်ပါ၊ အမှားအယွင်း တစ်ခုခုရှိရင်တော့ ကျွန်တော်တို့ ပစ်သတ်မှာပဲ'

ရိုက်ကာက ကိုယ်ကိုရှေ့သို့ ညွှတ်လိုက်သည်။ အသက်ရှူသံကိုပင် ကြားရသည်။

'ရှင်းတယ် မဟုတ်လား'

လေယာဉ်ဝင်ပေါက် အဆောက်အအုံ၏ မြောက်ဘက်အစွန်းမှ ပေါက်ကွဲသံနှင့်အတူ ကောင်းကင်တစ်ခုလုံး လင်းထိန်သွားသည်။

ဥသြဆွဲသံကလည်း ချက်ချင်းပေါ်ထွက်လာသည်။

လွန်ခဲ့သော ၄၅မိနစ်အတွင်း မည်သည့် လေယာဉ်မှ အဆင်းအတက် မလုပ်ခဲ့သည်ကို ကိုရီ သတိပြုမိသည်။

လေယာဉ်ပေါက်ကွဲခြင်းဖြစ်မည် မဟုတ်။

လေဆိပ်အဝင် အဆောက်အအုံမှာ ထူးဆန်းစွာ တိတ်ဆိတ်နေသည်။

သို့ဆိုလျှင် မက်(ခ)က လက်ဦးမှုရသွားပြီ။

သို့သော် ကိုရီမှာ စိုးရိမ်မကောင်းဖြစ်လာသည်။

ဆူဆန်နီမှာ ဖလင်နှင့်အတူ ရိုက်ကာ၏အမိကို ခံခဲ့ရသည်ဟု သူ အမှတ်ယူခဲ့သည်။ ဖလင်ကို မက်(ခ)ယူခဲ့လျှင် မြောက်ဘက် လေယာဉ်အဆင်းအတက်ကို နေရာတွင် ထောင်ချောက်ဆင်ရလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ အဓိပ္ပာယ်မရှိ။

အလင်းရောင်ထိန်ထိန်ငြိးနေသည့် မြောက်ဘက်ကို ကိုရီ လှမ်းမျှော်ကြည့်သည်။

ခပ်မည်းမည်းသဏ္ဍာန်များ ပြေးသွားနေသည်ကို တွေ့ သည်။

အသံချဲ့စက် ၁၂ လုံးလောက်မှ အသံက လွင့်ပျံ့လာသည် ဂျာမန်ဘာသာနှင့်ဖြစ်သည်။

'လက်နက်ချပါ... လက်နက်ချပါ'

သတိပေးသံနှစ်ကြိမ်အဆုံးဝယ် ပစ်ခတ်သံကို တောင်ကြား ပြီဖြစ်သည်။

လေယာဉ်ကွင်း တစ်ဝက်မျှသို့ ကိုဒက်နှင့် ကား(လ်)တို့ နောက်မှပြေးလိုက်နေသည့် ဆီး ရစ်အရောက် မီးကျည်က သူ တို့ခေါင်းပေါ်ဝယ် ပေါက်ကွဲကာ ဥဩသံတို့ ဆက်တိုက်ပေ လာသည်။

အိုးသြမှုလွန်ကဲကာ ကြက်သေ သေသွားကြသည်။

ထို့နောက် ကိုဒက်က အော်ဟစ်ကာ မြေပြင်သို့ကျွမ်း လှိမ့်လိုက်သည်။

အသည်းခေါင်သဏ္ဍာန်များ အမှောင်ထဲတွင် ပြေးလွှား ကြသည်။

စိတ်ပျက်မှု၊ ဒေါသထွက်မှုတို့နှင့် သူမက နောက်ကြော ပြန်ပြေးသည်။

ဓာတ်လမ်းက မစမီက ဆုံးနှင့်ပြီဖြစ်သည်။

အသံချဲ့စက်မှ အသံက လက်နက်ချခိုင်းနေသည်။



သူမ ဝန်းကျင်တွင် ကျန်အဖွဲ့သားတို့မှာ ဝပ်လျက် ဝမ်း လျားမှောက်လျက် ရှိနေကြသည်။

သူတို့၏ မည်းပြောင်နေသည့် မျက်နှာများဝယ် ထိတ်လန့် မှုက ပေါ်လွင်နေသည်။

ကား(လ်)က အဆောက်အအုံဘက်သို့ စိုက်ကြည့်နေသည်။

မီးကျည်က သူတို့နေရာကိုပြပြီးနောက် မီးမောင်းနှင့် ထိုး ကြည့်ထားသည်။

ကား(လ်)မှာ လုံးဝ မလှုပ်။ သေနတ်ကို ဘေးချကိုင်ကာ မီးမောင်းကိုသာ စိုက်ကြည့်နေသည်။

သူမ၏နောက်မှ ရင်းမားက ဆဲရေးလိုက်သည်။

အဖွဲ့သားတစ်ယောက်၏ သေနတ်ပစ်ချသံ ထွက်လာသည်။

သူမ၏ရင်ဘတ်ထဲသို့ ဒေါသက ထိုးဖောက်ဝင်ရောက်လာ သည်။

နတ်ပူးသလို ခံစားရသော ဒေါသမျိုးဖြစ်သည်။

မတွေးမိမှာပင် လက်ထဲသို့ လက်ပစ်ဗုံး ရောက်လာသည်။ ပင်ကိုဖြုတ်သည်။

ဒေါသတကြီး အော်ဟစ်ကာ မီးရောင်ရှိရာသို့ ပြေးတော့ သည်။

ပထမပစ်ချက်များက ကား(လ်ထံသို့ ရောက်လာသည်။

လူက ချာခနဲလည်ကာ မြောက်သွားသည်။

ကျည်ဆန်ရာပေါင်း တစ်ဒါဇင်မျှမှ သွေးတို့က ပန်းထွက် နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အသက်မဲ့၍ ခွေခေါက်နေသည့်သူ့ အလောင်းက ကိုဒိတ်၏ ဘေးသို့ ဝုန်းခနဲ ပစ်ကျသည်။

ကုဂါကန့်တို့က သူတို့ပတ်ဝန်းကျင်ရှိ လေယာဉ်ကွင်းပေါ်သို့ ဖြည်းဖြည်း လာမှန်နေသည်။

ကိုဒိတ်က မလှုပ်၊ သူ့ယော်ဆုံးဖြစ်သူ ကား(လ်)၏မျက်နှာကို သာ ငေးကြည့်နေသည်။ ထို့နောက် သေနတ်ကို တဖြည်းဖြည်းချင်း ဂရုတစိုက် ကောက်ကိုင်သည်။

ကိုဒိတ်၏ ပထမပစ်ချက်က မီးမောင်းများကို ငြိမ်းစေသည်။

ဒုတိယပစ်ချက်က အမှောင်ရိပ်မှ ပြေးထွက်လာသည့် အလုံပိတ် ကားတစ်စီးဆီသို့ ဖြစ်သည်။

ကျည်ဆန်တို့က ကားသမားကို ထိသွားဟန် တူသည်။

အရှိန်ပင် မအုပ်နိုင်။ ကားက ချာခနဲ ဦးတည်ကာ အဆောက်အအုံတစ်ခုကို ဝင်တိုက်မိသည်။

ကားနောက်ခန်းက သေဆိပ် လုံခြုံရေး ယူနီဖောင်းဝတ် လူများ လွင့်စဉ်ကျလာသည်။

၎င်းတို့မှာ ကျည်မှန်ပင် လဲနေကြသည်။

ကိုဒိတ်က ကျည်ထပ်လဲပြီး ကျန်လူများကို အချက်ပြလိုက်သည်။

[illegible]ကာ ကောက်ကာနှင့် ကိုယ်ကိုညွှတ်၍ အကာအကွယ် ရှိရာသို့ ပြေးကြသည်။



ထိုအချိန်မှာပင် ဘိုအင်း (၇၄၇) လေယာဉ်ကြီး၏ အောက်ဘက်တွင် ရပ်ထားသော ဓာတ်ဆီတင် ကားမှာ ဆီဂရစ်၏ လက်ပစ်ဗုံးကြောင့် ပေါက်ကွဲတော့သည်။

ညအမှောင်ထဲဝယ် လင်းထိန်သွားသည်။

ပေါက်ကွဲသည်နှင့် ဓာတ်အားပေးစက် ကားနောက်တွင် အကာအကွယ်ယူထားသည့် ဆီဂရစ်က လေယာဉ်ကြီးဆီသို့ ပြေးသည်။

ရှေ့တွင် ဓာတ်ဆီတင်ကားမှာမီးလုံးကြီးပမာ တဟုန်းဟုန်း တောက်လောင်နေသည်။

အဆောက်အအုံအရှေ့ပေါ်ရှိ ရဲတပ်ဖွဲ့ဝင်များနှင့် သူမအား ကာခြားထားသလို ရှိသည်။

ဘယ်ဘက်မှ လှုပ်ရှားမှုကို ရုတ်တရက် တွေ့လိုက်သည်။

ခါးကိုညွှတ်၊ ကိုယ်ကိုကျုံ့၍ ချာခနဲ လှည့်ကာ ပစ်သည်။

လေယာဉ်အောက်မှ ပြေးထွက်လာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး ထိမှန် လဲကျသွားသည်ကိုတွေ့ကာ ဝမ်းသာ အားရ အော်ဟစ်လိုက်သည်။

လေယာဉ်၏ ဧရာမ ဘီးကြီးရှစ်ဘီးဆီသို့ ဆီဂရစ်ရောက်သွားသည်။

ရှေ့လေးလုံးတန်း ဘီးနှင့် နောက်လေးလုံးတန်းဘီးကြားသို့ နေရာဝင်ယူသည်။

ကျန်အဖွဲ့သားများအတွက် ကာပစ် ပစ်ပေး၍ရပြီဖြစ်သည်။

သေနတ်မှ ညကြည့်မှန်ပြောင်းနှင့် အဖွဲ့သားများနောက်သို့ ချောင်ကာ သုမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲနှင့်စစ်သားဖြစ်မည့် အယောက် ၂၀ ကျော်က ဝန်ထ
အဆောက်အအုံဘက်သို့ ပြေးသွားနေကြသည်။

သူသည် ဘယ်ညာ တဖြည်းဖြည်းလှည့်၍ပစ်သည်။ (၉)
ကျည်ဆန်တို့က ပစ်မှတ်တို့ကို ထိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ချာခနဲ၊ ချာခနဲ လည်ကာ ပ
သွားကြသည်။

အသံတိတ် ကိရိယာက ကောင်းလှသည်ဟု သူမ လ
လိုက်သည်။

တဒုတ်ဒုတ်မျှသာ အသံထွက်သည်။

ပခုံးသို့ သေနတ်ဒင်က ခပ်သာသာ လာဆောင့်သည်။

ကုန်သွားသည့် ကျည်ကပ်ကို ဖြုတ်၍ ကျည်ကပ်အ
လဲတပ်လိုက်သည်။

ကိုဒက်နှင့် ဆီးဂဲတို့မှာ ခတ်အားပေးစက် ကားနော
သွားကြသည်။

ထိုနေရာမှဆိုလျှင် သူတို့နောက်ဘက်သို့ ကောင်းကေ
ပစ်နိုင်ပြီဖြစ်သည်။

ဆီးဂဲက နောက်သို့ ကာပစ်ပင်ပေးစဉ် ကိုဒက်က လ
ဗုံး နှစ်လုံးကို ပင်ဖြုတ်၍ လေယာဉ်အဆင်းအတက် အဆေ
အအုံဆီသို့ လှမ်းပစ်လိုက်သည်။

ပထမလက်ပစ်ဗုံးက အဆောက်အအုံ မျက်နှာစာ
လျှောက်ရှိ မှန်များကို ကွဲစေကုန်သည်။

ဒုတိယလက်ပစ်ဗုံးက ခရီးသည်များ လေယာဉ်သို့တ
အခန်းထဲသို့ရောက်ကာ ပေါက်ကွဲသွားသည်။



စက္ကန့်ပိုင်းအတွင်းမှာပင် အခန်းတစ်ခုလုံး မီးဟုန်းဟုန်း
တောက်ကုန်သည်။

ပြတင်းပေါက်များနောက်မှ လုံခြုံရေး တပ်ဖွဲ့ဝင်များ
နောက်ပြန်လဲကျကုန်သည်။

ကိုဒက်က ကိုယ်ကိုညွတ်၍ ဝပ်နေကြသည့် ရင်းမား နှစ်
ယောက်ထံသို့ အချက်ပြသည်။

ၡင်းတို့က ခေါင်မိုးပေါ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များကို
ပစ်နေကြသည်။

အနီးတွင် လစ်တနာနှင့် ဖယ်ဒါစတိုင်းတို့က လဲနေကြ
သည်။

လှုပ်ရှားမှုမရှိ။ အမှောင်ရိပ်သို့ ရောက်လုဆဲတွင် ကျည်ဆန်
အမှန်ခံလိုက်ရသည့် ဂျော်ဂင်မှာ တွန့်လိမ်နေသည်။

ရင်းမားက သူ့လူများ၏ ကျောကုန်းကိုပုတ်၍ အချက်
ပေးလိုက်သည်။

သူတို့က ခတ်အားပေးစက် ကားဆီသို့ ကိုယ်ကိုညွတ်ကာ
မြွေလိမ်မြွေကောက် ပြေးကြသည်။

လမ်းတစ်ဝက်မျှ အရောက်တွင် အဆောက်အအုံ ထောင့်မှ
သံချပ်ကာ အမိကရှုဏ်း နှိမ်နင်းရေးကားနှစ်စီးက ဘွားခနဲ
ပေါ်လာသည်။

အန္တရာယ်သစ်ကို ရင်ဆိုင် လိုက်ရသူ သုံးယောက်အား
ကိုဒက်က မည်သို့မျှ မတတ်နိုင်ဘဲ ကြည့်နေရသည်။

ခေါင်မိုးပေါ်မှ သေနတ်သံတို့ ပြန်လည် ကြားလိုက်ရ
သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဝန်းကျင်ရှိ အင်္ဂတေခင်းအား မြန်လှသောကျည်ဆန်တို့က ထိုးခြစ်သွားကြသည်။

တစ်ယောက်ကိုထိသည်။

အာခေါင်ခြစ်အော်လိုက်သံကသေနတ်သံများအတွင်း ပျောက်ကွယ်သွားသည်။

အမိကရှုဏ်းနှိမ်နင်းရေး သံချပ်ကာကား ရင်းမားတို့ဆီသို့ တစ်ရှိန်ထိုး ပြေးဝင်လာသည်။

စက်သေနတ်နှင့်လည်း စတင်ပစ်သည်။

ရှေ့ဆုံးကားဆီသို့ လက်ပစ်ဗုံးနှင့် လှမ်းပစ်လိုက်စဉ်မှာပင် စက်သေနတ်ကျည်ဆန်တို့က ရင်းမား၏ခြေထောက်ကို လာမှန်သည်။

သံချပ်ကာ ကားသမားက ဆတ်ခနဲ ကားကို ချိုးကွေ့သည်။ လက်ပစ်ဗုံး ပေါက်ကွဲသည်။

နောက်ကားက ရှေ့ကားကို ဝင်ဆောင့်မိသည်။

လက်ပစ်ဗုံးကြောင့် ရှေ့ကား၏ ရှေ့ဘီးနှစ်လုံး ပေါက်ကွဲသွားသည်။

ကားနှစ်စီးစလုံး လျှောတိုက်ပါသွားကာ မလှုပ်နိုင်တော့။

တတိယကျန်လူက သေနတ်နှင့်ဆက်တိုက်ပစ်ကာ ကိုဒက်ဆီသို့ပြေးသည်။

ခြေလှမ်း သုံးလှမ်းစာမျှပင် ပြေးလိုက်နိုင်သည်။

သံမဏိ ကျည်ဖူးတို့က သူ့ကိုယ်ကို ဖြတ်အောက်သွားသည်။

ချာခနဲလည်ကာ စိုစွတ်သော လေယာဉ်ကွင်း အင်္ဂတေပြင်ပေါ်သို့ ပစ်ကျသည်။



အခြေအနေကို အကဲခတ်ဟန်နှင့် လုံခြုံရေးဘုပ်ဖွဲ့ဝင်တို့၏ ပစ်ခတ်မှုက ရပ်ဆိုင်းသွားသည်။

အမိကရုဏ်း နှိမ်နင်းရေးကားနှစ်စီးမှာမလှုပ်ရှားနိုင်တော့။

မှိုးလောင်နေသည့် ဓာတ်ဆီဘင်ကား ဘိုးအင်း (၇၄၇) လေယာဉ်ကြီးနှင့် နီးကပ်လှသည်။

ထိုဓာတ်ဆီဘင်ကားသာ ပေါက်ကွဲပါမူ လေယာဉ် ဆင်းတက် အဆောက်အအုံမှာ အန္တရာယ်ရှိလှသည်။

လေယာဉ်အတက်ခရီးသည်များ နားနေခန်းမှ မီးတောက်များကို မီးခံဝတ်စုံဝတ် မီးသတ်သမားများက မီးသတ်ဓာတုဆေးရည်တို့ဖြင့် ငြိမ်းသတ်လျက်ရှိသည်။

အကြမ်းဖက်သမား အလောင်း(၇)လောင်း အပါအဝင် လဲကျနေသူ စုစုပေါင်း (၁၂)ယောက် ဖြစ်သည်။

* * *

လေကြောင်း ထိန်းသိမ်းရေးမျှော်စင်ပေါ်ရှိ ရုံးခန်းငယ်ထဲတွင် မက်(ခ)က ဖြစ်ရပ်တို့ကို ရပ်မြင်သံကြား ကားချပ်တစ်ခုမှ မမိုတ်မသုန် ကြည့်လျက်ရှိသည်။

တိုက်ခိုက်မှုက မြန်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



ငါးမိနစ်သာ နောက်ကျပါက သူ၏ ထောင်ချောက်က အခက်အခဲမရှိ အောင်မြင်သွားခဲ့မည်။

အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်း။ ရိုက်ကာသည် အချိန်မကျမီ အဘယ်ကြောင့် စော၍ တိုက်ပွဲဝင်စေသနည်း။

မက်ဖ်(ခ)အတွက် နာမည်က ခက်နေသည်။

သူ၏လူများသည် ရွှေဘင်မည့်ခရီးစဉ်အမှတ်(၁၉၄)ပေါ်မှာပင် ရှိနေသေးသည်။

ရွှေများကလည်း ကုန်တင်ရုံမှပင် မတင်ရသေး။

လေယာဉ်ပေါ်ရှိ ဂယ်ရီဖော့ကနာထံသို့ မက်(ခ) ဆက်သွယ်လိုက်သည်။

'ဂယ်ရီ'

'ဟုတ်ကဲ့ ဆရာ'

'လှုပ်ရှားမှုတွေ့သလား'

'မတွေ့ဘူး ဆရာ'

'ရွှေတွေက ဂိုဒေါင်ကထုတ်ပြီးပြီလား'

'ပြီးခဲ့တဲ့ တစ်မိနစ်ကပဲ ကျွန်တော် ဆက်သွယ် ကြည့်တယ်၊ အထဲမှာပဲရှိသေးတယ်'

မက်(ခ)က တွေဝေသွားသည်။ ရွှေများကိုသာ သူ ထိန်းထားပါက ရိုက်ကာ အချိန်ကုန်ခံစောင့်တော့မည် မဟုတ်။

လစ်ပြေးတော့မည်။ ရိုက်ကာအား သူတို့လက်ပူးလက်ကြပ် မိလိုသည်။

တခြားနည်းမရှိတော့။

'ကောင်းပြီ ဂယ်ရီ၊ ရွှေတွေတင်ဖို့ ငါ ခွင့်ပြုလိုက်ပြီ'



'ဟုတ်ကဲ့ဆရာသမား၊ ကျွန်တော်တို့ အသင့်ပြင်ထားပါမယ်'

မက်(ခ)က အခြားခလုတ်တစ်ခုကိုနှိပ်၍ လုံခြုံရေးဌာနညွှန်ကြားရေးမှူးထံသို့ ဆက်သွယ်ပြန်သည်။

ညွှန်ကြားရေးမှူးက တွန့်ဆုတ်ဆုတ်ဖြစ်နေသည်။

ရွှေများ လေယာဉ်ပေါ် အမြန်ဆုံးတင်နိုင်လေလေ တိုက်ပွဲဖြစ်ရာသို့ တပ်ကူပို့ ပို့နိုင်လေလေ ဖြစ်ကြောင်း မက်(ခ)က ပြောရသည်။

ခလုတ်ကို ပိတ်လိုက်ပြီး ရိုက်ကာ၏ စီမံကိန်းမြေပုံ မိတ္တူများကို ပြန်ကြည့်သည်။

အချိန်နည်းစနစ် ဘိုးအင်း (၇၄၇)အား တိုက်ခိုက်မည့်ပုံ ရွှေများတင်ပြီး လုယူက်မည့်ပုံတို့ အသေးစိတ်ပါသည်။ ဆက်သွယ်ရေးစက် ခလုတ်ကို ပြန်ဖွင့်သည်။

'ဂယ်ရီ'

'ဟုတ်ကဲ့ ဆရာ'

'သတင်းရထားတာအရဆိုရင် ရိုက်ကာနဲ့အဖွဲ့ဟာ လေဆိပ်လုံခြုံရေးတပ် ယူနီဖောင်းဝတ်ထားကြလိမ့်မယ်၊ ဂရုစိုက်ပါ၊ တခြားဝတ်စုံကိုလည်း သူတို့ဝတ်လာနိုင်တယ်'

'စိတ်ချပါဆရာ'

မက်က(ခ)က ခလုတ်ပိတ်၍ ရုပ်မြင်သံကြား ကားချပ်သို့ ပြန်လှည့်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယသံချပ်ကာကားမှ တပ်ဖွဲ့ဝင်တို့မှာ ပစ္စည်းတင်ယာဉ်အချို့ နောက်တွင် နေရာယူကာ ခတ်အားပေးစက်အားအရိပ်ထဲသို့ ပစ်နေကြသည်။

သူကြည့်နေစဉ်မှာပင် လက်ပစ်ဗုံးတစ်လုံး ပေါက်ကွဲသွားသည်။

နှစ်ယောက် လဲကျသွားသည်။ ကျန်လူများက လေယာဉ်ဝင်ထွက် အဆောက်အအုံဆီသို့ အကာအကွယ်ယူရန် ပြေးကြသည်။

မက်(ခ)က ခေါင်းယမ်းလိုက်မိသည်။

လက်ရှိ အစီအစဉ်ကပင် အမှားအယွင်း ရှိနေပါက ကျန်အစီအစဉ်ကို သူ ယုံကြည်၍ ရနိုင်ပါမည်လား။

မက်(ခ)က ရှေ့တင်လေယာဉ်ပေါ်မှ ဆောက်လုပ်ရေးသမားကို ပြန်ဆက်သွယ်သည်။

'ဂယ်ရီ'

'ဟုတ်ကဲ့ဆရာ'

'ကုန်ရုံဆီသို့ ငါးယောက်လွှတ်လိုက်ပါ'

'ဟိုမှာ ပြဿနာဖြစ်နိုင်လို့လား'

'ဖြစ်နိုင်တယ်၊ အဲဒီမှာ ငါ့လူ တချို့ ရှိနေမှ ငါ စိတ်ချမ်းသာလိမ့်မယ်ကွ'

* * *



ကုန်ရုံတွင် ကိုရီမှာ မြင်ကွင်းကို မယုံကြည်နိုင်အောင် မြင်နေရသည်။

ကုန်တင်ယာဉ်လေးများ၏ အောက်တွင် လုံခြုံရေး အစောင့်ခြောက်ဦးကို အီတာလီတို့က ကြိုးတုပ်၊ ပါးစပ်ပိတ်ထားပြီးကြပြီဖြစ်သည်။

နိုင်လွန်ကြိုးအိတ်ကို ခေါင်းစွပ်ထားသည့် ရိုက်ကာ၏ မျက်နှာထားကိုတော့ ကိုရီအကဲခတ်၍ မရနိုင်။

သို့သော် ဒေါသကျစ်ပါးနပ်စွာ ပြုံးနေမည်ဟု ကိုရီ သိသည်။

ကုန်ရုံကို အပိုင်စီးရသည့်ကာလသည် ရယ်စရာ ကောင်းလောက်အောင် လွယ်ကူလှသည် မဟုတ်သော။

အီတာလီတို့က ကုန်ရုံပေါ်ရှိရာအထိ စကားတပြောပြောနှင့် ချဉ်းကပ်လာနိုင်ခဲ့ကြသည်။

အစောင့်တို့မှာ အီတာလီတို့၏ သေနတ်များကို ရင်ဆိုင်ကာ ကုန်ရုံထဲသို့ အလျင်အမြန်ဝင်လိုက်ကြရသည်။

အစောင့်များကို အီတာလီတို့ရိုက်လဲ့ပြီးနောက် ရိုက်ကာနှင့် ကိုရီတို့ နောက်မှ လိုက်သွားကြသည်။

ကုန်တင်ခုံများကြားမှ ဖြတ်သွားကြရသည်။

ပင်မ ကုန်ပစ္စည်း စစ်ဆေးရေး ကောင်တာလမ်းကို ဖြတ်ထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်သေတ္တာကြီးများတင်ထားရာ အတန်းအောက်မှထွက်၍ ကုန်ရုံများ အတွဲလိုက်တည်ရှိရာ အစွန်းဘက်သို့ သွားကြသည်။

ထိုနေရာတွင် နောက်တွဲသုံးတွဲပေါ်တွင် ရွှေသေတ္တာများတင်ပြီး ထွန်စက်တစ်လုံးနှင့် ချိတ်ထားသည်။

ထွန်စက်ဘေးဘွင်အစောင့်များက အဝေးမှ သေနတ်သံများကို နားစွင့်နေကြသည်။

ကုန်တင်ဝန်ထမ်းဝတ်စုံဝတ်သုံးဦး သူတို့ အထိတ် အလန့်မဖြစ်ကြ။

နိုင်လွန်ခြေအိတ်ကို ခေါင်းစွပ်ပြီး ရိုက်ကာနှင့် ကိုရီတို့က သေနတ်နှင့် ချိန်ပြီးဖြစ်သည်။ နည်းနည်းလေး လှုပ်သည်နှင့် ပစ်လိုက်မည်။

မိန်းမတွေမှုဆိုးမဖြစ်သွားမည်ဟု အီတလီတို့က အစောင့်များကို ပြောလိုက်ကြသေးသည်။

'ခင်ဗျား....မောင်း'

ရိုက်ကာက ကိုရီအား ထွန်စက်ဆီသို့ညွှန်ပြကာ ခပ်ဆတ်ဆတ် ပြောသည်။

ကိုရီက မခုံးတွန့်၍ ကားပေါ်သို့တက်သည်။

'ဘယ်ကိုမောင်းရမှာလဲ'

'အရှေ့ပေါက်ကို၊ ပင်မလေယာဉ်ရပ်ရာ လမ်းကနေ ကုန်တင်ပေါက်တွေအတိုင်း အရှေ့ဘက်လေဆိပ်မှာ ရပ်ထားမယ့် ဘိုးအင်း(၇၄၇) တစ်စီးဆီကို သွားမယ်'

'ခင်ဗျားဟာ အရာရာကို ကျိတ်ပြီး ကြံထားတတ်တာပဲ'

ကိုရီက နာကြည်းစွာ ပြောလိုက်သည်။



ရိုက်ကာ ရယ်သည်။

'ဒါက ကျွန်တော့် စိတ်ကြိုက် အကွက် တစ်ကွက်ပဲ၊ ကိုဒက်ဟာ အာရုံပြောင်း တိုက်ကွက်ကို သဘောကျတတ်လို့လဲ ခင်ဗျားဟာ တည်ကြက်ကလေးဖြစ်လာရတာပေါ့'

'ကဲ..နည်းနည်းလေးမှတော့ သရိုးသရီ မလုပ်လေနဲ့၊ ပစ်သတ်မှာပဲ၊ မှန်မှန်ကန်ကန် လှုပ်ရှားပါ၊ ခရီးစဉ်(၃၉၄) လေယာဉ်မှာ ရဲတွေအပြည့် ရှိမနေဘူးဆိုတာ အတိအကျသိရမှဖြစ်မယ်'

ကိုရီက ထွန်စက်ကို စထွက်သည်။ အရှေ့ဘက်တံခါးဆီသို့ ချိုးကွေ့သည်။ ရိုက်ကာက နောက်တွဲပေါ်မှလိုက်သည်။ ပစ်မခရီးသည်လေယာဉ်အဆင်းအတက်လုပ်ရာ ဂိတ်ဝများအရောက်တွင် ခေါင်းစွပ်ကို ချွတ်သည်။

ဤနေရာတွင် လှုပ်ရှားမှုများ မရှိ၊ လေယာဉ်ပေါ်တွင် လူမရှိ။ အဆောက်အအုံထဲမှာပင် ခရီးသည်များ အနှံ့ရာယ် ကင်းကင်း ရှိနေကြသည်။ အဆောက်အအုံ၏မြောက်ခြမ်းတွင် တိုက်ပွဲဖြစ်နေ၍ အစောင့်များပါ ဤနေရာတွင် မရှိချေ။

ကိုရီ၏စိတ်ထဲတွင် ပို၍ စိတ်မသက်သာစွာ သိနေသည်မှာ ဗဲယာအဖွဲ့သည် လေယာဉ်အဆင်းအတက်ပြုရာ အဆောက်အအုံ၏တစ်ဖက်ရှိ ဘိုးအင်း(၇၄၇)ပေါ်တွင်သာရှိနေခြင်းဖြစ်သည်။ ရိုက်ကာ အသုံးပြုမည့် လေယာဉ်သည် ထိုလေယာဉ် မဟုတ်ပါ။

ဆီးဂရစ်တွင် လက်ပစ်ဗုံး တစ်လုံး ကျန်နေသေးသည်။ လက်ပစ်ဗုံးကို ဘေးတွင်ချထားသည်။ ထူးဆန်းစွာပင် သူမ

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲတွင် ခံစားမှု ကင်းမဲ့လျက်ရှိသည်။ အဆောက်အအုံ၏ ပြတင်းပေါက်များ၊ ခေါင်မိုးများမှ ပစ်ခတ်နေမှုသည် သူ့အတွက် ငြီးငွေ့စရာဖြစ်လာသည်။

ခေတ်အားပေးစက်ကားဆီသို့ လှည့်ကြည့်လိုက်သည်။ ဘီးနှစ်ဖက်ကြားတွင် ကိုဒက်ရှိနေသည်။ ပေါင်ပေါ်တွင် စတာလင်ဂန်သေနတ်ကို တင်ထားသည်။ ရှေ့တွင် ကျည်ဆန်အချို့ကို ပုံထားကာ ကျည်ကပ်ထဲသို့ ဟစ်တောင့်ခြင်း ယူထည့်နေသည်။ သူ၏လှုပ်ရှားမှုက နှေးကွေးသည်။ အခက်အခဲရှိပုံရသည်။

ဆီးဂရစ်က သေနတ်ကိုမြှောက်၍ ညီကြည့် မှန်ပြောင်းနှင့် ကြည့်လိုက်သည်။ ကိုဒက် ဒဏ်ရာရထားသည်။ ဘယ်ဘက်လက်တစ်လျှောက် သွေးများ စီးကျနေသည်။ ဆီးဂံထံသို့အကြည့်ကို ဆီးဂရစ် ပြောင်းလိုက်သည်။

ဆီးဂံမှာ နောက်အပြင်ဘက်ဘီး၏ဘေးတွင်ရှိသည်။ စတာလင် သေနတ်ကို ရင်ဘတ်ပေါ်တင်ကာ ခပ်တင်းတင်း ဆုပ်ကိုင်း ပက်လက်လန်လဲနေသည်။ ခေါင်း၏အထားအသိုက ပုံမှန်မဟုတ်။ စတင်ရှာဖွေပြုလာသည့် မိုးရေထဲဝယ် မျက်လုံးများက ဖောက်ပြူဝိနေသည်။

လေယာဉ်ဆိပ်၏ တစ်ဖက်တစ်ချက်မှ လှုပ်ရှားမှုတို့ကို ယခုစတင်တွေ့ရပြီဖြစ်သည်။ ယူနီဖောင်းဝတ် သဏ္ဌာန် မည်းမည်းတို့က ဘိုးအင်း (၇၄၇) လေယာဉ်အလွန် မီးသတ်ကားကြီးဆီသို့ ပြေးနေကြသည်။ တစ်ဖက်တွင်လည်း အဆောက်အအုံ၏ ထောင့်ချိုးမှ သဏ္ဌာန်တို့က အမိကရုဏ်းနှိမ်နင်းရေး သံချပ်ကာ ကားဆီသို့ ပြေးနေကြသည်။



လေယာဉ်ဘီးကြီးများကြားမှ သူမမှာ အလွယ်တကူ မပစ်ခတ်နိုင်။ သစ်ကိုင်းကိုချ၍ လက်ပစ်ဗုံးကို ကောက်ကိုင်ကာ လေယာဉ်ဦးဆီသို့ သွားသည်။ လေယာဉ်တောင်ပံ၏ အရိပ်အောက်မှ သူမ၏လှုပ်ရှားမှုမှာ မြင်နိုင်ဖွယ်ရာမရှိ။

မည်းမည်းသဏ္ဌာန်နှစ်ခု ပြေးလာသည်။ ကိုယ်ကိုကျုံ့၍ ပြေးကာ ခေတ်အားပေးစက်ကားဆီသို့ ဆက်တိုက်ပစ်ကြသည်။ ကျည်ဆန်အချို့က ခေတ်ဆီတိုင်ကီကို ထိသွားသည်။ ဝုန်းခနဲ ပေါက်ကွဲကာ မီးထလောင်သည်။

မီးတောက်က ရှေ့ဘီးများကို ဝန်းရံသွားသည်။ ကိုဒက်မှာ ထိုအချိန်တွင် စတာလင်သေနတ်ကို ကျည်ကပ်အသစ်လဲနေသည်။ အသံကုန်အော်ဟစ်ပြီး မီးတောက်ထဲမှ ကိုဒက် လိမ့်ထွက်သည်။ အဝတ်အစားများတွင် မီးစွဲနေသည်။ သေနတ်ကိုမူ လက်ကမလွှတ်သေး။

မည်းသူမျှ မလှုပ်ကြ။ ငြိမ်နေကြသည်။ မီးတုတ်ကြီး တစ်ခုပမာ ယိမ်းယိမ်းယိုင်ယိုင်နှင့် တရွှဲ့ရွှဲ့ ဖြည်းဖြည်းလျှောက်သွားနေပုံကို မျက်လုံးပေါင်း တစ်ထောင်မျှက ကြည့်နေကြသည်။ ထို့နောက် ဆီးဂရစ်က ကိုဒက်အား ပစ်သတ်လိုက်သည်။

ကြုံအကြိမ် လူသတ်ခဲ့ခြင်းတည်း သူမအတွက် ပျော်ရွှင်မှုကို မရသည့် ပထမဦးဆုံးအကြိမ်သာ ဖြစ်သည်။ ကိုဒက်ဆီသို့ တစ်ယောက် တိရစ္ဆာန်တစ်ကောင်ပမာ အော်ဟစ်ညည်းတွားမည့် အသံကို သူမ ကြားရလိမ့်မည်ဟု တစ်ခါမှ မတွေးမိခဲ့ဖူးပါ။

www.burmeseclassic.com



ချက်ချင်းပင် ကျည်ဆန်များက သူမဘက်သို့ ရောက်လာသည်။ အင်္ဂတေအခင်းကို ဒေါသထွက်နေသည့် ပျားများနှယ် ထိုးခြစ်သွားသည်။ သူမ၏ခေါင်းပတ်လည်သို့ တရှဲရှဲ ဖြတ်သွားသည်။ သူတို့၏ပစ်မှတ်ကို ရှာကြည့်သည်။

ကျည်တစ်တောင့်က သူမဘယ်ဘက်အခြမ်းကို ထိုးဖောက်သွားသည်။ တစ်တောင့်က ပခုံးကိုမှန်သည်။ တစ်တောင့်က သူမ၏ကျောပြင်သို့ တူနှင့်ထုသည့်ပမာ ဝင်ဆောင့်သည်။

သို့သော် ထိုအရာတို့က သူမအား မနာကျင်စေပါ။ သူမက လေယာဉ်ဦးပိုင်းအောက် အင်္ဂတေပြင်ပေါ်တွင် ထိုင်ချလိုက်သည်။ ကျည်ဆန်တို့က သူမအား အဘယ်ကြောင့် မနာကျင်စေမှန်းကို သဘောမပေါက်နိုင်။ တုံ့ထိုင်းထိုင်းနှင့် အေးစက်စက် ဝေဒနာတစ်မျိုးကိုသာ ခံစားရသည်။ ထို့ထက်မပို။

ဤသည်မှာ သူမ၏ဘဝတွင် စိတ်ပျက်စရာ အကောင်းဆုံးပင် ဖြစ်သည်။ ကျည်ဆန်တို့သည် ပူလောင်ပြင်းပြပြီး ခန္ဓာကိုယ်အား ပျော့ခွေသွားစေလိမ့်မည်ဟု တစ်ချိန်လုံး ယုံကြည်ခဲ့သည်။ ယခုတော့ ထိုသို့မဟုတ်တော့။ စိတ်ချောက်ချားစွာဖြင့်ပင် စတင်ငိုကြွေးမိတော့သည်။

လေယာဉ်ကွင်းထဲသို့ စစ်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ တဖြည်းဖြည်း ဝင်လာကြသည်။ ဆီးဂရစ် မြင်သည်။ မျက်လုံးမှ မျက်ရည်တို့ကို သုတ်သည်။ လက်ပစ်ဗုံးပင်ကို ဖြုတ်၍ လေယာဉ်ကြီး၏စက်ထဲသို့ ပစ်သွင်းလိုက်သည်။

ပေါက်ကွဲမှုက သူမ၏ဆံပင်နှင့် အဝတ်အစားများကို လာဟပ်သည်။ စစ်လေယာဉ်ကြီး တစ်စစီပေါက်ကွဲ၍ လုံခြုံရေး



တပ်ဖွဲ့ဝင်များ၊ စစ်သားများ လွတ်ရာသို့ ထွက်ပြေးကြစဉ် သူမက အမှောင်ထုအတွင်းသို့ ဒယီးဒယိုင် ဝင်ရောက် ပျောက်ကွယ်သွားတော့သည်။

* * *

မျှော်စင်အောက်ဘက်ရှိ အခန်းထဲတွင် မက်(ခ)မှာ စိတ်မရှည်နိုင်အောင် စောင့်နေရသည်။ ထိုအချိန်မှာပင် ဆဲ့ယာဉ်ပေါ်မှ ဂယ်ရီက ဆက်သွယ်လာသည်။

'ကုန်ရုံကနေ ဟယ်ရီဆက်တယ် ဆရာ၊ အစောင့်တွေ သတိမေ့နေပြီး ရွှေတွေမရှိတော့ဘူးတဲ့'

'အရူးရေ ဘယ်လောက်ကြာပြီလဲ'

'ခဏနေဦး၊ ဟယ်ရီကအစောင့်တွေကို စုံစမ်းနေတုန်းပဲ'

စကားက ခေတ္တမျှပြတ်သွားသည်။ ပြန်ပြောလာသည့် လေသံမှာ စိတ်မသက်သာလှ။

'ဒီဘက်ကိုမလာဘူးဆရာ၊ အရှေ့ဘက်ဂိတ်ကိုသွားနေတယ်တဲ့'

'အရှေ့ဘက် ဟုတ်လား'

မက်(ခ)က ခလုတ်နှင်ခုကို နှိပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လုံခြုံရေးတပ်ဖွဲ့ဝင်တွေ လုံခြုံရေးဘပ်ဖွဲ့ဝင်တွေ၊ ပင်မကုန်တင်တွဲနေရာကို အစွမ်း သတိထားကြည့်ပါ၊ ရပ်ထားတဲ့ လေယာဉ်မှန်သမျှ စစ်ဆေးပါ"

တစ်ဖက်မှ အဖြေကိုကြားရန် အချိန်မရလိုက်။ အဆောက်အအုံတစ်ခုလုံး တုန်ခါသွားသည်။

ရုပ်မြင်သံကြားကားချပ်ကို ကြည့်လိုက်သည်။

ဘိုးအင်း (၇၄၇)လေယာဉ်ကြီးတစ်စင်း ပေါက်ကွဲပုံကို မြင်ရပြီး ရုပ်သံရိုက်ကင်မရာလည်း ပျက်စီးသွားပြီ ဖြစ်သည်။

* * *

ပင်မလေယာဉ် အတက်အဆင်းအဆောက်အအုံ၏တစ်ဖက်တွင် (၇၄၇)က ရပ်ထားသည်။

ဓာတ်အားပေးစက်ကားမှလည်း လေယာဉ်သို့ ဝါယာကြိုးများသွယ်ကာ ဓာတ်အားသွင်းပေးလျက်ရှိသည်။

လေယာဉ်တွင် ကြက်သွေးရောင်တံဆိပ်ကြိုးတွေရှ၍ နေမင်းလေယာဉ်သို့ ဝါယာကြိုးများသွယ်ကာ ဓာတ်အားသွင်းပေးလျက်ရှိသည်။



လေယာဉ်တွင် ကြက်သွေးရောင်တံဆိပ်ကြီးတွေရှ၍ နေမင်းလေယာဉ် စင်းလုံးငှားရှာနမ့ပင် ဖြစ်လိမ့်မည်။

မြိုပြင်လေယာဉ်ဝန်ထမ်းတို့နှင့် စကားပြောနေသည့် သပ်ရပ်သော အပြာရောင်လေယာဉ်မှူးဝတ်စုံဝတ် မက်သီဘင်ကို တွေ့လိုက်သောအခါ ကိုရီစိဘ်ထဲတွင် ပို၍ ခံပြင်းလာသည်။

မက်(ခ)အိပ်ပျော်မနေလျှင် ခရီးစဉ်(၃၉၄)ပေါ်မှ ထာန်ပြန်တိုက်ခိုက်ရေးအဖွဲ့ တို့က ထာကယ် ရောက်နေပြီဟု ယုံကြည်ပါလျှင် ရှေ့များသည် အခြားလေယာဉ်တစ်စင်းသို့ပြောင်းတင်နေပြီကို တစ်ယောက်ယောက် သတိရသွားနိုင်သည်။

ခပ်အုပ်အုပ် ပေါက်တဲ့သံနှင့်အဘူ ဘေးအဆောက်အအုံရှိ မှန်များ ကွဲကုန်သည်။ ပြတင်းပေါက်အနီးရှိ ခရီးသည်တို့၏ ထိတ်လန့်တကြား အော်ဟစ်ပြေးလွှားသံများ ကြားရသည်။

ကောင်းကင်ယံတစ်ခုလုံး ကြက်သွေးရောင်လွှမ်းသွားသည်။ မည်သို့ ဖြစ်ပျက်ကြောင်း ကိုရီ တွေးကြည့်စရာမလိုတော့ပါ။

ထွက်စက်ကို လေယာဉ်အောက် ကုန်တင်ပေါက် ဘေးတွင် ရပ်လိုက်သည်။

အီတာလီများ ခုန်ဆင်းပြီး ခပ်မြားမြားသေတ္တာတို့ကို လေယာဉ်ပေါ်သို့ တင်ကြသည်။

မက်သီဘင်က လေယာဉ်ပေါ်တက်သွားသည်။

မကြာမီ လေယာဉ်မောင်းခန်းတွင် မြင်လိုက်ရသည်။

မက်သီဘင်က ဓာတ်အားပေးစက် ကားလေးရှိ လူများကို လက်ဝေ့ယမ်းပြ နှုတ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဇော်မစက်ကြီးများ သက်ဝင်လှုပ်ရှားလာသည်။

ကိုရီ၏အေးတွင် ရပ်နေသည့် ရိုက်ကာ၏ မျက်လုံးများမှာ တောက်ပြောင်လာသည်။

လေဆိပ်အဆောက်အအုံ နောက်ဘက်ရှိ ကြက်သွေးရောင် ကောင်းကင်ပြင်ကို ကြည့်နေသည်။

'လေယာဉ်ပေါ် တက်ဖို့ အချိန်ကျပြီ ကိုရီ'

ရိုက်ကာက ခပ်တိုးတိုးပြောပြီး လေယာဉ် လှေကားဆီသို့ ခေါ်သွားသည်။

ကိုရီမှာ လေယာဉ်လှေကားဆီသို့ ဖြည်းဖြည်း လျှောက်သွားပြီး လေယာဉ်များ ရပ်နားထားရာဘက်သို့ လှည့်ကြည့်သည်။

မည်သည့်ကား မည်သည့်ရဲများမှ မတွေ့ရ။

ငြင်းစိတ်ကို မျိုသိပ်ရင်း လှေကားအတိုင်းတက်ကာ လေယာဉ်အတွင်းသို့ ဝင်လိုက်သည်။

ပထမဦးဆုံး သူတွေ့လိုက်ရသူမှာ ခေါက်ရိုးမကျိုးသည့် အပြာနုရောင် လေယာဉ်မယ်ဝတ်စုံနှင့် မိလန်နာဖြစ်သည်။

နောက် ဆူဆန်နီ။

ကိုရီက သူမအား အတန်ကြာ စိုက်ကြည့်နေမိသည်။

'ချွေးမ သောက်ချွေးမ'

ဘာရှုနီ ရှေ့သို့တိုးလာသည်။



လုဂ ါယူစွတိုသေနတ်ပြောင်းနှင့် ကိုရီအားရိုက်ချလိုက်သည်။

ပြင်းပြသောဝေဒနာနှင့်အတူ ကိုရီ၏အသိစိတ်မှာ အမှောင်လွှမ်းသွားပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ရှစ်)

မက်သီဘင်က စတုတ္ထစက်အား အပူရှိန်ရလာသည်အထိ စောင့်ပြီး မောင်းတံကို နောက်သို့ တဖြည်းဖြည်းဆွဲသည်။

ဘေးတွင်ရပ်နေသည့် ရိုက်ကာက ရှေ့သို့ ကိုယ်ကိုညွတ်၍ ပြေးလမ်းဆီသို့ ကြည့်နေသည်။

လုံခြုံရေးတပ်ဖွဲ့မှ ကားနှစ်စီးကို တွေ့လိုက်ရသည်။

ရပ်ထားသည့် လေယာဉ်များဆီသို့ သွားနေသည်။

'ထွက်ဖို့ အချိန်တန်ပြီ'

ရိုက်ကာ၏လေသံက မပေါ့ပါးမှုမရှိ။

'ကျုပ်တော့်တို့ကို တစ်မိနစ်အတွင်း တွေ့သွားကြလိမ့်မယ်'

လေယာဉ်ဒိုင်ခွက်တို့မှ မီးစိမ်းလေးများ လင်းလာသည်။



မက်သီဘင်မှာ စိတ်သက်သာစ ပြုလာသည်။

'ကုန်တွေ လေယာဉ်ပေါ် အကုန်ရောက်ပြီ'

'ဒါဆို ထွက်ပေတော့'

မက်သီဘင်က ကိုယ်ကိုညွတ်၍ ပြတင်းပေါက်မှနေ၍ လေယာဉ်အောက်ရှိ မြေပြင်ဝန်ထမ်းအား လှမ်းကြည့်သည်။

ထိုသူက နားကြပ်ကို ကိုင်ထားသည်။

လေယာဉ်အား ခေတ်အားသွင်းနေဆဲဖြစ်သည်။

လေယာဉ်မောင်းခန်းသို့ မော့ကြည့်နေသည်။

'ကျေးဇူးပြု၍ သူငယ်ချင်း ဝေါယာကြိုးတွေ ဖြုတ်လို့ရပြီ'

မက်သီဘင်၏အသံက တည်ငြိမ်လှသည်။

မြေပြင်ဝန်ထမ်း အီတလီလူမျိုးက မက်သီဘင်အား နားမလည်သလို ကြည့်နေသည်။

စကားပြောခွက်အတွင်းသို့ ခပ်သွက်သွက်ပြောသည်။

ကိုးရိုးကားရား အင်္ဂလိပ်စကားကပင် သူ၏ အံ့ဩမှုကို ဖော်ပြနေနိုင်သည်။

'ခရီးသည်တွေမှ မရောက်သေးဘဲ ကပ္ပတိန်၊ ဘာဖြစ်လို...'

'ရပါတယ် သူငယ်ချင်းရယ်၊ ကိုယ်တို့က စက်ပြင်ရုံကို သွားရဦးမှာပါ'

အောက်မှဝန်ထမ်းက ခေါင်းကုတ်၍ ခရီးသည်များ နားခိုဆောင်သို့ လှမ်းကြည့်သည်။

ဇကြိမ်ရသဖြင့် ဇကူအညီလိုလားနေပုံ ရှိသည်။

'လုပ်မနေနဲ့ဗျာ၊ မောင်းသာ မောင်းတော့'

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ကာက စိတ်မရှည်စွာ ဝင်ခဲ့ပြောသည်။

'နောက်က ဓါတ်အားပေးစက်ကား တန်းလန်းနဲ့ လေယာဉ်ထွက်ချင် သံသယဝင်စရာ ဖြစ်လာလိမ့်မယ်လေ'

လေယာဉ်များ တန်းစီရပ်ထားရာဘက် လုံခြုံရေးကားတစ်စီးက ဗွီ(၁၁) လေယာဉ်ကြီးတစ်စင်းအောက်တွင် ဝင်ရပ်သွားသည်။

ကျန်တစ်စီးက အခြားလေယာဉ်တစ်စင်းဆီသို့ သွားသည်။

လော့(ခ)ဟီးဒရိုင်စတား လေယာဉ်ကြီးကို လုံခြုံရေးတပ်ဖွဲ့ဝင်တို့ မြင်တော့မည်။

ဓါတ်အားပေးစက်ကား စက်နှိုးထားမှုကိုလည်း သတိပြုမိလိမ့်မည်။

ဓါတ်ဆီတစ်ယောက်က မြေပြင်ဝန်ထမ်းဆီသို့ ကပ်သွားသည်။ ပခုံးကို ပုတ်သည်။

ဝန်ထမ်းက လှည့်သည်နှင့် ဓါတ်ဆီက စကားပြော နားကြပ်ကို ဆွဲဖြုတ်၍ မျက်နှာ ပစ္စတိုနှင့်ထိုးချိန်သည်။

ရှင်းသို့ လေယာဉ်ကိုယ်ထည်အောက် ရောက်သွားခါမှ ရိုက်ကာက စိတ်သက်သာသလို အက်ပြင်းချလိုက်သည်။

'ကဲ... သွားကြစို့'

ရိုက်ကာထံမှ အသံတိုးတိုး ထွက်လာသည်။

ရိုက်ကာက လေယာဉ်နောက်ခန်းသို့ ပြန်သွားသည်။

ပထမတန်း အရာရှိခန်းကို ဖြတ်ကျော်ကာ ကြောင်လိမ်လှေကားမှ အောက်ထပ်သို့ ဆင်းသည်။



အောက်ထပ်မှာ ခရီးသည်လေးရာကျော် ဆံ့သည့် ထိုင်ခုံများရှိသည်။

ဤလေယာဉ်မျိုး၏ အရွယ်အစားနှင့် အချိုးအစားကို သူမြင်တွေ့ခဲ့သတိုင်း အံ့ဩမိသည်သာ ဖြစ်သည်။

လူမရှိသည့် ထိုင်ခုံများကို အဆုံးသတ်နိုင်ဖွယ် မရှိသလို သူမြင်နေရသည်။

မျက်နှာကြက် မြင့်မြင့်က လေယာဉ်ထက် ကပ်မွဲရှိသေးသေး တစ်ခုနှင့် ပိုတူလှသည်။

ဂျွန်နှင့် မီလန်နာတို့အနီးသို့ ရိုက်ကာ ရောက်သွားချိန်မှာပင် အီးဘလိုနှစ်ဦး လေယာဉ်ပေါ်သို့ တက်လာကြသည်။

သူတို့၏ မျက်နှာများတွင် ချွေးပျံ့နေသည်။

ရှေ့သွားများ အယိခဲ့ရ၍ အစိမ်းရောင်ရောင်ဖက်အောက် ဆက်လျက် ဝတ်စုံတို့မှလည်း ချွေးနှင့် ကပ်နေသည်။

'မာရီရှိုကော'

ရိုက်ကာက အောင်မေးလိုက်သည်။

သူတို့က လေယာဉ်လှေကားဆီသို့ လက်ညှိုးထိုးပြကြသည်။ ဘာရှိနိုက သွားကြည့်သည်။

မြန်လာပြီး ခေါင်းယမ်းပြသည်။ ရိုက်ကာက ဆဲလိုက်မြီး နံရံရှိ လေယာဉ်ကွင်းပြော ဖုန်းကို ဆွဲယူသည်။

'မက်သီဇာင် သူတို့အတော်နီးလာကြပြီလား'

'ထရိုင်စကားပေါ်ကို တက်သွားကြပြီ နောက်ကားတစ်စီးကတော့ စက်နှိုးနေပြီ'

ရိုက်ကာ ငြိမ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



နား‌ထင်တွင် သွေးတိုးက မြန်လာသည်။

လှေကားဆီသို့ လက်ညှိုးထိုးပြရင်း ဖုန်းထဲသို့ အော်ပြောလိုက်သည်၊

'ထွက်တော့မကာသီဘင်၊ အမြန်ဆုံးသာလုပ်'

လေယာဉ်စက်သံက ချက်ချင်း ကျယ်လောင်လာသည်။

ထိုအချိန်မှာပင် မီလန်နာက လက်ညှိုးထိုးပြကာ ခပ်သွက်သွက် ပြောလိုက်သည်။

'သူ လာနေပြီ'

အမှောင်ထုတွင်းမှ သဏ္ဌာန်တစ်ခု ပေါ်လာပြီး တံခါးပေါက်မှ ယိမ်းထိုးကာ ဝင်လာသည်။

သွေးသံရဲရဲနှင့် ဆီဂရစ် ဖြစ်ကြောင်း သိလိုက်ကြသည်။

တုန်လှုပ်မှုဖြင့် ငြိမ်နေကြသည်။

ရိုက်ကာက မဲ့ပြုံး ပြုံး၍ ခြေလှမ်းပြင်သည်။

ဆီဂရစ်က စတာလင် စက်သေနတ်ကို ယမ်းပြကာ ငြိမ်နေရန် အချက်ပြသည်။

သတိမေ့နေသည့် ကိုရီ၏ဘေးတွင် ထိုင်နေသော သူ့ဆန်နီမှာ ဆီဂရစ်အား မယုံကြည်နိုင်စွာ ငေးကြည့်လျက် ရှိသည်။

ဆီဂရစ်၏ပုံမှာ လူသေတစ်ယောက်နှင့် ပိုတူလှသည်။

'တံခါး... တံခါးကိုပိတ်လိုက်'

ဆီဂရစ်၏ အက်ကွဲကွဲ အသံ ထွက်လာသည်။

မီလန်နာက လှေကားဆီသို့ သွားသည်။

လှေကားကို တွန်းဖယ်၍ ခလုတ်နှိပ်ကာ တံခါးပိတ်သည်။



လေယာဉ်က ချက်ချင်းပင် ရွေ့လျားလာသည်။

အရှိန်ပြင်းပြင်းနှင့် ကုန်တင်စခန်းမှ ပြေးလမ်းသို့ သွားရာ လမ်းအတိုင်းထွက်သည်။

အီတလီရဲနှစ်ဦးနှင့် မက်(ခ)၏ လူတစ်ယောက် ပါသည့် လုံခြုံရေးကား ဗီစီ(၁၁)လေယာဉ်အမြီးသို့ ကျော်လာချိန်မှာပင် ရိုက်ကာတို့၏ ဘိုးအင်း (၇၄၇)ဘီ လေယာဉ်ကြီးက စတင်ရွေ့လျားအခြင်းဖြစ်သည်။

အခြားကားနှင့်အတူ ရပ်ထားသည့်လေယာဉ် ၂၆ စီးကို ဆယ်မိနစ်မျှ စစ်ဆေးပြီးနောက် ကုန်တင်စခန်းမှ လေယာဉ် တစ်စီး ထွက်တော့မည်ကို ၎င်းတို့ တွေ့သွားကြသည်။

ကုန်တင်စခန်းတွင် အလုပ်မရှိသော စင်းလုံးငှားလေယာဉ် တစ်စင်းအား ဖလေကြောင်း ထိန်းသိမ်းရေးအဖွဲ့က ဂရုစိုက်မည် မဟုတ်မှန်း ရိုက်ကာသိထားခဲ့ပါသည်။

မီးသတ်သမား (၂၅)ယောက်က မီးလောင်နေသည့် လေယာဉ်ကို မီးငြိမ်းနေသလို အခြား ခြောက်ယောက် ကလည်း လေယာဉ်တက်ဆင်း အဆောက်အအုံတွင် မီးငြိမ်းနေရသည်။

သူနာတင်ကားများမှာ ပျားပန်းခတ်မျှ လှုပ်ရှား၍ ကြက်ခြေနီများနှင့်အတူ ဒဏ်ရာရသော လုံခြုံရေး တပ်ဖွဲ့ဝင်တို့အား အန္တရာယ်ကင်းရာသို့ ရွှေ့နေကြသည်။

ဤအရှုပ်အထွေးတို့က ရိုက်ကာနှင့် ရွှေများကို လည်းကောင်း၊ လေယာဉ်ပြေးလမ်းဆီသို့ အရှိန်ပြင်းပြင်းနှင့်သွားနေသည့် (၇၄၇)လေယာဉ်ကြီးကိုလည်းကောင်း ဂရုစိုက်နိုင်စရာမရှိလေပါ။

www.burmeseclassic.com

www.burmeseclassic.com



လေကြောင်း ကွပ်ကဲရေးမှူး၏ရှေ့ရှိ ဖုန်းက သုံးမိနစ်မျှကြာအောင်ဆက်တိုက်မြည်နေသည်။

သူက စိတ်တိုတိုနှင့် ဆွဲယူလိုက်သည်။

'ခဏနေဦး....ခဏနေဦး'

'ခဏနေတာကို အသာထားဦး၊ ခင်ဗျားအတွက် (၇၄၇) တစ်စင်းနဲ့ ရှေ့တွေ့လက်လွတ်ရဖို့ ဖြစ်နေပြီဗျ'

ကွပ်ကဲရေးမှူးမှာ မက်(ခ) ၏ ကား ကြောင့် မျက်စိပေကလပ် ပေကာ မ်ိ ဖြစ်သွားသည်။

ထိုင်ခုံမှ ကိုယ်ကိုကြွ၍ လေယာဉ်ကွင်းဆီသို့ လှမ်းမျှော်ကြည့်သည်။

အဝေးဆီဝယ် လေယာဉ်အစီးစင်းကပြေးလမ်း ချင်းဆက်စပ်ရာလမ်းတစ်ခုမှ ပျံတက်ရမည့်လမ်းဆီသို့ ဖြတ်ထွက်နေသည်။

လမ်းဘေးမှ အချက်ပြမီးများကိုပင် ဂရုမစိုက်၊ လုံခြုံရေးကားနှစ်စီးကလည်း ပြေးလမ်းကို ပိတ်ဆို့ရန် အပြင်းမောင်းနေကြသည်။

'ကဲ ဘယ်လိုလုပ်မလဲ'

မက်(ခ)က မေးလိုက်သည်။

'ဆီညော်၊ ကျွန်တော်တို့ ဘာမှမတတ်နိုင်တော့တာ အမှန်ပဲ'

'ပြေးလမ်းကို ပိတ်လို့ရတယ်ဗျ၊ ဟိုကားနှစ်စီးကို ပြေးလမ်းအလယ်မှာရပ်ပြီး လူတွေဆင်းရှောင်ဖို့တော့ ကျွန်တော် လုပ်နိုင်တယ်'



'မဖြစ်ဘူး မဖြစ်ဘူး၊ ကျွန်တော် ခွင့်မပြုနိုင်ဘူး၊ လေယာဉ် မရပ်ရင် နောက်ထပ် ပြဿနာဆိုးတစ်ခု ကပ်ဖြစ်လိမ့်မယ်'

'ဒါကတော့ သူတို့ပြဿနာပဲ'

'မဟုတ်ဘူး ဆီညော်၊ ကျွန်တော့်အတွက် ပြဿနာပဲ ဖြစ်မှာပ၊ ခု ပေ(၂၂၀၀၀)အမြင့်မှာ ကွင်းကိုဆင်းဖို့ စောင့်နေတဲ့ လေယာဉ်(၃၃)စင်းရှိနေပြီ ဆီညော်၊ ခု (၇၄၇)သာ ပြေးလမ်းမှာပျက်ရင် ဒီလေယာဉ်ကွင်းကို တစ်ညလုံး သုံးလို့ရတော့မှာ မဟုတ်ဘူး'

မက်(ခ)က ဖုန်းကိုဆောင့်ချလိုက်သည်။

ဆေးပြင်းလိပ်ကို တမြုံ့မြုံ့ ခဲရင်း ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။

အဝေးဆီဝယ် (၇၄၇)က ပြေးလမ်းထိပ်တွင် ပျံတက်ရန် အဆင်သင့်ရှိနေသည်။

ရှေ့မိုင်တစ်စိတ်ခန့်တွင် လုံခြုံရေးကားနှစ်စီးကလည်း ရှိသည်။

ရေဒီယိုဖုန်းက မြည်လာသည်။

ဝေးမှ လမ်းလျှောက်ထွက်ခဲ့ရသူပမာ ဖြစ်နေသည့် လုံခြုံရေးဌာန ညွှန်ကြားရေးမှူးမှာ မက်(ခ)၏ ဖုန်းကိုင်ရန် စိုးရိမ်ကြီးစွာ ကွက်ကြည့်ကွက်ကြည့် လုပ်နေသည်။

(၇၄၇)၏ စက်များက ဆူညံလာကာ ရှေ့သို့ရွေ့ပြီးသည်။

မက်(ခ)က စိတ်မပါလက်မပါ လှည့်လာ၍ ဖုန်းကို ကောက်ကိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာလား'

ဟယ်ရီဖြစ်သည်။ လေသံက ခါတိုင်းနှင့်မတူဘဲ စူးရှ၍ မြန်နေသည်။

'အချိန် စက္ကန့်သုံးဆယ်ပဲ ရတော့မယ်'

'ကောင်းပြီ ဟယ်ရီ၊ ဖယ်ပေးလိုက်ပါ'

မက်(ခ)က ဖုန်းကိုချ၍ ပြတင်းပေါက်ဆီသို့ မြန်လျှောက်သွားသည်။

လုံခြုံရေးကားများက ပြေးလမ်းမှဖယ်ပေးပြီး ဘိုးအင်း (၇၄၇)က ကမ္ဘာဦး ငှက်ကြီးတစ်ကောင်နှယ် ကောင်းကင်ယံသို့ တိုးတက်သွားသည်ကို ကြည့်နေမိသည်။

ထိုလေယာဉ်ပေါ်တွင် ကိုရီရှိနေပါလား ဟူ၍ တွေးကာ ဒေါသစိတ်ကို ချိုးနှိမ်ရသည်။

ဟင်နီဗင် ပျောက်သွားခြင်းသည် ကိုရီအတွက် ဇဝေဇဝါ ဖြစ်နိုင်သည်။

သို့တိုင် သံရုံးသို့ ဖလပ်များကို ပို့နိုင်ခဲ့သေးသည်။

သို့သော် ရိုက်ကာသည် ထိုအဖြစ်ကိုသိ၍ပင် ကွက်ကျော် ရိုက်နိုင်ခဲ့သည်။

မက်(ခ)တို့ မျှော်လင့်ထားသည်မှာ အကြမ်းဖက်သမား (၄)ဦးသာ ဖြစ်သည်။

(၁၀)ဦးမဟုတ်။ မြေတင်လေယာဉ်ကို ရိုက်ကာတို့ ထိန်းသိမ်းမည်။ ကုန်လှောင်ရုံ သို့မဟုတ်....



အယ်(လ်)ဂျီးယားမှရသည့်သတင်းအရ အဖွဲ့နှစ်ဖွဲ့လုံးသည် လေယာဉ်ကွင်း၏တောင်ဘက်သို့ ကားများနှင့် ရောက်လာကြမည်။

ဤအချက် မှားယွင်းကြောင်း၊ ယခုတော့ သူ သိခဲ့ရပြီ။ ရိုက်ကာအား အယ်(လ် ဂျီးယားမှနေ၍ ပြစ်မှုကျူးလွန်ရာ ရောမသို့ ပို့ပေးရန် တောင်းဆိုရေးမှာလည်း ခိုင်လုံသော သက်သေ မပြနိုင်ပြီကိုပါ သူသိနေပါသည်။

ကောင်းကင်ပြင်သို့မော့ကြည့်ရင်း ကိုရီအား ပျစ်ပျစ်နှစ်နှစ် ဆဲရေးလိုက်မိသည်။

ရိုက်ကာသည် ယခုနည်း၌ တိုက်ပွဲသစ်ကို စခဲ့ပြီ။ အာဏာပိုင်တို့အတွက် ပေးဆပ်ရန် တန်ဖိုးကြီးလှသည်။

နည်းဗျူဟာတစ်ရပ်ကို ရိုက်ကာ ကျင့်သုံးလိုက်ပြီ။

မက်(ခ)က ပြတင်းပေါက်မှခွာ၍ ဦးထုပ်နှင့် အပေါ်အင်္ကျီရှည်ကြီးကို ယူသည်။

လုံခြုံရေးဌာန ညွှန်ကြားရေးမှူးက မျက်နှာအိုအိုနှင့် ကြည့်သည်။

'လေတပ်ကိုအကြောင်းကြားပြီး တိုက်လေယာဉ် နှစ်စင်း လိုက်ခိုင်းရပါတယ်'

'ဘာထူးမှာမို့လဲ၊ (၇၄၇)က ပေ ၄၅၀၀၀ အမြင့်မှာ နေ မိုင် ၇၀၀၀ ကို တောက်လျှောက် သွားနိုင်တာဗျ၊ ဒီလောက်မှောင်နေတဲ့ညမှာ နိုင်ငံတကာလေကြောင်းလမ်းထဲ တိုက်လေယာဉ်နှစ်စင်းဝင်ရှာလို့ ဘယ်ရမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ခေတ်ဆီမီးလောင်နံ့၊ မီးသတ်စေတုဆေးရည်နံ့တို့ လွှမ်းမိုးနေသည်။

အေးစက်စက်ညချမ်းထဲသို့ မက်(ခ)ထွက်လိုက်သည်။

တဖြည်းဖြည်း လျှောက်လာရင်း မလဲမသေ့ လက်ခံရမည့် အမှန်တရားကိုသဘောပေါက်လာသည်။ ရိုက်ကာတစ်ယောက် အောင်ပွဲခံသွားပြီ။

* * *

ထိုအချိန်ဝယ် ဘိုးအင်း(၇၄၇)၏ ကျယ်ဝန်းလှသည့် မင်းလမ်းမကြီးရှိ ထိုင်ခုံပေါ်တွင် ရိုက်ကာက စိတ်မသက်မသာ နှင့်ပင် ဆီးဂရစ်အား ရင်ဆိုင်နေရသည်။

ဆီးဂရစ်မှာ ကောင်းကောင်းပင်မတ်တတ်ရပ်နိုင်စွမ်း မရှိ။ ပခုံးနှင့်နံဘေးမှ သွေးများက စီးကျနေသည်။

မျက်နှာက သွေးဆုတ်၍ မဲ့ပြုံး ပြုံးထားသည်။

မီးဝင်းဝင်းတောက်နေသည့် မျက်လုံးများကမူ ရိုက်ကာထံမှ မခွာ။

'ငါတို့ ဘာလိုလုပ် သိနိုင်မှာလဲကွ၊ မင်းတို့လူတွေဆီက သတင်းပေါက်ကြားတာပဲ ဖြစ်ရမယ်'



ရိုက်ကာက ထိုစကားကို တတိယအကြိမ်မြောက် ပြောလိုက်ခြင်းဖြစ်သည်။

'မဖြစ်နိုင်ဘူး၊ အသေးစိတ်ကို ကား(လ်)နဲ့ ကိုဒက်ပဲ သိတာ'

ရိုက်ကာ၏ဝမ်းဗိုက်အား ချိန်ထားသည့် သေနတ်ပြောင်းက အနည်းငယ်မှ မရွေ့၊ သေနတ်မှောင်းကို ကိုင်ထားသည့် လက်ညှိုးမှာ ဖြူဖွေးလျက်ရှိသည်။

ရိုက်ကာက ခြောက်သွေ့လာသည့် နှုတ်ခမ်းကို လျှာနှင့် သပ်လိုက်သည်။

မျက်နှာပေါ်သို့ ချွေးများက ပူခန္ဓးသောမိုးရေများနှယ် စီးကျလာသည်ဟု ထင်မိသည်။

'ဒီမှာ မင်းဒဏ်ရာတွေကို တို့အရင် ဆေးထည့်ပေးပါရစေဦးကွာ၊ မင်း သွေးလွန်ပြီး သေလိမ့်မယ်၊ နောက်မှ တို့စကားပြောကြတာပေါ့'

'မလိုချင်ဘူး၊ ဒီလိုဖြစ်အောင် ဘယ်သူလုပ်တယ်ဆိုတာ ဘာကြောင့် လုပ်တယ်ဆိုတာ ခုပဲ သိချင်တယ်'

လေယာဉ်မင်းလမ်း တစ်ဖက်မှ လှုပ်ရှားသံ ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ကာက လှမ်းကြည့်သည်။

ကိုရီ သတိရစပြုလာနေပြီ ဖြစ်သည်။

စိတ်မကောင်းစွာနှင့် သေးဆုတ်နေသည့် ဆူဆန့်နီမှာ ကိုရီ၏မျက်နှာကိုသာ ငေးကြည့်နေရှာသည်။

‘နေကောင်းပြီလေ ဆီးဂရစ်’

ရိုက်ကာက လေသံတွင် ကြောက်ရွံ့မှုမပေါ်အောင် ကြိုးစားဖုံးကွယ်သည်။

‘မင်း သိရမှာပေါ့ကွာ၊ ကိုရီဟာ အက်(ဖ)ဘီအိုင်ကလို့ ငါသိခဲ့တယ်၊ ခုလိုဖြစ်အောင်လုပ်တာ သူပဲ’

ကိုရီက ထထိုင်နိုင်ရန် ကြိုးစားသည်။

ခေါင်းနောက်သို့ လက်နှင့်ဖိကာ မျက်နှာက ရှုံ့မဲ့နေသည်။

ပတ်ဝန်းကျင်သို့ တဖြည်းဖြည်း လှည့်ကြည့်သည်။

မျက်လုံးများက ရီဝေနေသေးသည်။

ရိုက်ကာကိုတွေ့သွားပြီး အသိပြန်ဝင်လာသည်။



‘ရှင် ဘယ်တုန်းက သိတာလဲ’

ဆီးဂရစ်၏ အသက်ရှူပုံက မှန်းလာသည်။

ကိုယ်လုံးသွယ်သွယ်ကလည်း သိသာစွာပင် ယိမ်းထိုးနေသည်။

ဆီးဂရစ် သေသွားခဲ့လျှင်ပြီးရောဟူသည့် စိတ်ဖြင့် ရိုက်ကာက ကြည့်သည်။

အခြားအချိန်သာဆိုမူ ဤမျှသွေးရဲရဲမြင်ကွင်းသည် သူ့အား စိတ်ကျေနပ်မှုကို ပေးပါလိမ့်မည်။

ယခု သူကိုယ်တိုင် သေမင်းနှုတ်ခမ်းဝ ရောက်နေချိန်မျိုး၌မူ ရှင်ပျစရာ မဟုတ်ပါ။

‘မင်းတို့ တိုက်ပွဲစချိန်မှ သိရတာ’

‘သူညာနေတာ ဆီးဂရစ်’

ကိုရီက ဝင်ပြောလိုက်သည်။ သူမဘက်သို့ ကိုယ်ကိုလှည့်ထိုင်သည်။

‘မနေ့ကတည်းက သူသိတာ၊ သူ့အကွက် မင်းတို့အားလုံးကို သူ အသုံးချခဲ့တာပဲ’

www.burmeseclassic.com

www.burmeseclassic.com



ဆီးဂရစ်က ကိုရီအား မျက်ရည်ဝဲနေသည့် မျက်လုံးအစုံနှင့် ကြည့်သည်။

စကားနှစ်မျိုးကို နှိုင်းယှဉ်ကြည့်သည်။

စက်သေနတ်ကိုင်ထားနိုင်လောက်သော အသက်သာ သူမထံတွင် ရှိတော့ကြောင်း ဆီးဂရစ် သိသည်။

သူမ မြင်နိုင်လောက်သည့်နေရာမှ မီလန်နာ တိတ်တဆိတ်နောက်ဆုတ်လိုက်ကြောင်းကို ဆီးဂရစ် သတိမမူမိ။

'ဒါကို ရိုက်ကာသိတယ်မဟုတ်လား ကိုရီ'

ကိုရီ၏စကားကို ဆီးဂရစ် နားထောင်စပြုလာသည်။

'ခွေးမသားက လိမ်နေတာကွ'

ရိုက်ကာက အော်ပြောသည်။

'သူ့စကားကို မယုံနဲ့'

ကိုရီက ထရပ်၍ သူမဘက်သို့ လှည့်လိုက်သည်။

'ကောင်းပြီ၊ ငါပြောမယ်၊ မင်းတို့ရဲ့ဆန့်ကျင်ဘက်က ငါ လှုပ်ရှားခဲ့တာပဲ၊ ဒါကို ရိုက်ကာက သိပြီး အစီအစဉ်ကို ဖြေ ပစ်တာ'



ကိုရီ၏စကားတို့ကို ဆီးဂရစ် လက်ခံလိုက်သည်။

အားယူ၍ သေနတ်ကို ရိုက်ကာရင်ဘတ်ဆီသို့ ပြောင်းချိန်သည်။

သေနတ်မောင်းပေါ်မှ လက်ညှိုးက ကွေးလာသည်။

'နေဦး၊ နေဦး၊ ငါပြောတာ နားထောင်ဦး၊ ငါရှင်းပြ'

'တော်စမ်း'

ဆီးဂရစ်၏မျက်နှာမှာ ဒေါသနှင့် မုန်းတီးမှုတို့ကြောင့် ရှုံ့မဲ့နေသည်။

မီလန်နာ ဆတ်ခနဲ ရှေ့သို့တိုးလိုက်သည်။

ဓားမြှောင်လေးတစ်လက်ကို ကျွမ်းကျင်စွာကိုင်ရင်း ဆီးဂရစ်၏ တတိယမြောက် နံရိုးကြားနှင့် ပဉ္စမမြောက် နံရိုးကြားသို့ ထိုးထည့်လိုက်သည်။

နှလုံးဆီသို့ ဦးတည်ထားသည်။

ဆီးဂရစ်ထံမှ ရှိုက်သံတစ်ချက် ပေါ်ထွက်လာသည်။

သေနတ်ခလုတ်ကို ဆွဲလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သေနတ် မောင်းရိုက်သံက ဖြောင်းခနဲသာ မြည်သွားသည်။

ကျည်ကာပ်ထဲတွင် ကျည်ဆန်ရှိမနေတော့ပေ။

အားလုံးမှာ ငြိမ်၍ ရပ်နေကြသည်။

လေယာဉ်ကိုယ်ထည် စုတ်ပြတ်၍ လေဖိအားဝင်လာကာ ပေါက်ကွဲတော့မည့်အရေးကို တုံကိုဘာဝေ စောင့်မျှော်နေမိကြခြင်းပင် ဖြစ်သည်။

ကြမ်းပေါ်သို့ ဆီးဂရစ် တဖြည်းဖြည်း ခွေကျသွားသည်။

မီလန်နာမှာ မလှုပ်မယှက် ရပ်နေသည်။

လက်ထဲမှခါးမြောစ်တွင် သွေးတို့ဖြင့် နီရဲတောက်ပလျက်ရှိသည်။

ထို့နောက် ရိုက်ကာက ချာခနဲလှည့်ကာ ဒေါသဖြင့် ကိုရီ၏မျက်နှာကို ထိုးထည့်လိုက်သည်။

ကိုရီက တုံ့ပြန်ရန်ကြိုးစားသည်။

သို့သော် ရိုက်ကာမှာ သူ့ရှေးတစ်ပေါက်နှယ် တိုက်ခိုက်နေသည်။



ကိုရီ၏မျက်နှာကို အဆက်မပြတ်ထိုးသည်။

ကိုရီက လက်ကောက်ဝတ်ကို ဖမ်းဆွဲသည်။

ရိုက်ကာ၏ကိုယ်က အငိုက် ဘာရှနိုက ကိုရီ၏ခေါင်းအား နောက်မှ ထိုးလိုက်သည်။

ရိုက်ကာ ကိုယ်ကိုပြန်မတ်ကာ ရပ်သည်။

အသက်ကို ပြင်းပြစွာ ရှူနေသည်။

ထို့နောက် တခြားဘက်သို့ ဒယီးဒယိုင်နှင့် လျှောက်သွားသည်။

ဆူဆန်နီက ရိုက်ကာထွက်သွားသည်ကို ကြည့်နေသည်။

ဘေးတွင်ငုံ့လဲနေသည့် ကိုရီအား သတိမပြုနိုင်။

ကိုရီ၏မျက်နှာတွင် ဒဏ်ရာဒဏ်ချက်တို့ မနည်းလှချေ။

ပေသုံးသောင်းမျှအောက်ရှိ မည်းနက်သော တိမ်တိုက် များအစွန်းဝယ် နေလုံးက ထွက်ပြူနေသည်။

ဆဟာရ သဲကန္တာရ၏ ကောင်းကင်ယံတွင် ရွှေချည်မျှင်များ ဖြန့်ကြဲထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချတ်နှင့်နိုင်ဂျာတို့ဒေသ လှစ်များကိုပတ်ကွေ့၍ သဲကန္တာရ
ဝင်နှစ်ခသောင်ကို မြောက်ဘက်ချိုးပြီး အယ်လ်ဂျီရီးယားသို့
ကက်သီဘင်က ဦးတည် လိုက်သည်။

ဤအမြင့် ဤဒေသဝယ် ရေဒါဖမ်းမိနိုင်စရာ မရှိကြောင်း
သူသိပါသည်။

ကိုရီ တွေးလိုက်မိသည်။

ရိုက်ကာအား အမှန့်ခြေရန် ကြိုးစားမှုကို ချီးကျူးမိသည်။

ပြုံး၍ ခေါင်းယမ်းလိုက်သည်။

ကိုရီပေးလိုက်သော ဖလင်ကို ဆူဆန်နီက ရိုက်ကာအား
သွားပေးခဲ့ကြောင်း၊ ထိုတစ်ညလုံး ရိုက်ကာက အစီအစဉ်သစ်
ဆွဲပြီးမှ သိရှိုးသို့ ဆူဆန်နီအား သွားပို့စေကြောင်း၊ ကိုရီသာ
သိပါမူ ရေမှသို့ စိတ်ပါလက်ပါ ကိုရီ လိုက်နိုင်ခဲ့မည် မဟုတ်
ပါ။

ရိုက်ကာသည် ဤအချက်အား လီယိုနာဒိုဒါဗင်စီ လေဆိပ်
ရောက်ခါနီးအထိ မက်သီဘင်အား အသိမပေးခဲ့ပါ။

လေယာဉ်ကို စက်ပြင်ရုံအပ်ပြီး သူထွက်လာချိန်မှ လေ
ယာဉ်မှူးဝတ်စုံပါသည့် ပစ္စည်းအိတ်ကိုကိုင်ပြီး မီလန်နာ စောင့်
နေသည်အား တွေ့ခဲ့ရသည်။



မက်သီဘင်က ရေအိမ်ထဲဝင်၍ အဝတ်အစား လဲရသည်။

ထို့နောက် နေမင်း စင်းလုံးငှားဝတ်စုံ ဝတ်ပြီးသား ဖြစ်
နေသည့် မီလန်နာ၊ ဘရူနို၊ ဆူဆန်နီတို့နှင့်အတူ ယခု လေယာဉ်
ပေါ်သို့ တက်ကြသည်။

မူလ လေယာဉ်ဝန်ထမ်းတို့ကိုမူ နောက်တစ်နေ့မှ ခရီးထွက်
ရန် အစီအစဉ်ပြောင်းကြောင်း ဟိုဘယ်သို့ ဖုန်းဆက်ကာ လေ
ကြောင်းဌာနမှ တစ်ဆင့် ပြောခဲ့ပုံရသည်။

ဆောရှဲကျွန်းစု နိုင်ငံသို့ အလည်ထွက်မည့်ခရီးသည် အီတလီ
လူမျိုး (၁၈၀ တို့ ဖော်ဆိပ်တွင် လည်ဘဆန့်ဆန့် ဖြစ်နေမည့်ပုံ
ကို တွေးပြီး မက်သီဘင် ပြုံးလိုက်သည်။

နေမင်း လေယာဉ်စင်းလုံးငှား ကုမ္ပဏီကိုတော့ ထိုခရီး
သည်များ တစ်သက်လုံး ခွင့်လွှတ်ကြတော့မည် မဟုတ်ချေ။

လေယာဉ် မောင်းခန်းထဲသို့ ရိုက်ကာရောက်လာသည်။

ပြာလွင်သော ကောင်းကင်ပြင်ကြီးသာ မြင်နေရသည့်
ရှေ့သို့ လှမ်းကြည့်သည်။

ကြယ်အချို့ကို မြင်နေရဆဲရှိသည်။

ဘာဒင်္ဂါသာယာမှုတွင် ရိုက်ကာ နစ်မွန်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မက်သီဘင်က လှည့်၍ မျက်ခုံးချီကြည့်ကာမှ ပစ္စုပ္ပန်ကို သတိရစေသည်။

'ဘယ်လောက်ကြာဦးမလဲ မက်သီဘင်'

'နောက်တစ်နာရီလောက် အော်တိုပိုင်းလော့နဲ့ မောင်းပြီးရင် အောက်ဆင်းရတော့မယ်'

ရိုက်ကာ ခေါင်းညိတ်သည်။

'ဒီလေယာဉ်ကြီးက အတော် မောင်းရခက်တာပဲ'

'ကျွန်တော်က မောင်းနေတာမှ မဟုတ်ဘဲ၊ လူယေ်ချင်း ဘာမှ အမှားအယွင်းမရှိမချင်း သူ့ဘာသာသူ ပျံနေတာပဲ။ ပြဿနာရှိရင်တော့ ဝန်ထမ်းသုံးယောက် လိုလိမ့်မယ်'

ရိုက်ကာက စိတ်မသက်သာစွာကြည့်ပြီး မြောက်မြားလှသည့် ဒိုင်ခွက်များအားပြသည်။

'ဒါတွေကို နားလည်ရဲ့လား'

'ဘာဘိအကျအနော့ မသိဘူး၊ နှစ်ဆယ်ရာခိုင်နှုန်းပဲ ကောင်းကောင်းသိတယ်'

'အောက်ဆင်းအောဝ်တော့ ခင်ဗျားလုပ်လို့ရတယ် မဟုတ်လား'



မက်သီဘင်က ခပ်တိုးတိုးရယ်လိုက်သည်။

'နယူတန်ရဲ့ နိယာမအကြောင်း ခင်ဗျား မဖတ်ဖူးဘူးဆိုတယ်၊ အခုပေါ် မြောက်သွားတဲ့အရာ မှန်သမျှ အောက်ပြန်ကျရမှာပဲ'

ရိုက်ကာက မကျေမနပ်ကြည့်ကာ နောက်ခန်းသို့ ပြန်လှည့်သွားသည်။

ကော်ဖီသောက်လိုလျှင် ရှိကြောင်း၊ မက်သီဘင်အား လှမ်းပြောခဲ့သည်။

မက်သီဘင်က သမ်းဝေကာ အော်တိုပိုင်းလော့ ခလုတ်ကို အကဲခတ်ကြည့်သည်။

ထို့နောက် ထိုင်ရာမှ ထသည်။

လေယာဉ်အလယ်ပိုင်းရှိ ပြတင်းပေါက်အဘေး ထိုင်ခုံတစ်လုံးတွင် ကိုရီထိုင်နေသည်။

၎င်းနှင့် ထိုင်ခုံ လေးခုံမျှ အကွာတွင်တော့ ကုပ်ကုပ်ကလေး ထိုင်နေသည့် ဆူဆန်နီရှိသည်။

မက်သီဘင်က မီလန်နာဆီမှ ကော်ဖီခွက်ကိုယူ၍ ဘရှိနိုးနားသို့

www.burmeseclassic.com

www.burmeseclassic.com



ဓါတလီနှစ်ယောက်ကို ဖြတ်ကျော်ကာ ကိုရီ၏ဘေးတွင်ဝင်ထိုင်သည်။

'သိပ်တော့ သက်သာမယ် မထင်ဘူးနော်'

'တစ်ချိန်မဟုတ် တစ်ချိန် သေရမှာကို လူတိုင်းကြုံရမှာပဲ'

'မှန်တာပေါ့….၊ ဒါပေမယ်…. အဖြေချင်းကတော့ တူမှာမဟုတ်ဘူး'

ကိုရီက မပွင့်တပွင့်ပြုံးသည်။

'ခုထိတော့ သေမှ မသေရသေးဘဲဗျာ'

'ဒါကိုပဲ ကျွန်ုပ်တော် စိုးရိမ်တာပေါ့ သူငယ်ချင်းရယ်၊ ရှိက်ကာက ခင်ဗျားကို ခုထိ မသတ်ရသေးတာ ဒီထက် ဆိုးဆိုးရွားရွားခံစားရအောင် လုပ်ချင်လို့လို့ ကျွန်တော်မြင်မိတယ်'

ဆူဆန်နီက သူတို့အား ကွက်ခံနဲ တစ်ချက် လှမ်းကြည့်သည်။

မျက်နှာထားက တင်းမာနေသည်။

ကိုရီက သူမအား အေးစက်စက်နှင့် စိုက်ကြည့်ကာပြောသည်။



'ဒါဆိုရင်လဲ သူ့သက်သက် အချိန်ဖြုန်းနေတာပဲ၊ အဆိုးဆုံးဆိုတာ သိပြီးသွားပြီပဲ'

မက်သီဘင်က ရယ်လိုက်သည်။

ဆူဆန်နီအား ကြည့်သည်။

အခြေအနေကို သဘောအကျကြီးကျနေသည်။

သူမက ကိုရီဘက်သို့ ကိုယ်တစ်ခြမ်းလှည့်သည်။

မျက်နှာက နီးမြန်းနေသည်။

'ကျွန်မကို ရှင်ဒီလို အသုံးချလို့မရဘူးရှင့်'

'ဟုတ်တာပေါ့လေ၊ ဒါကို ကိုယ်သိဖို့ ကောင်းတယ်၊ ရှိက်ကာနဲ့ မီလန်နန်လို လူနှစ်ယောက်နဲ့တွေ့ပြီးတဲ့ ဘယ်မိန်းကလေးမဆို ဘယ်မှ မခွာနိုင်တော့ဘူး'

'ဘာကြောင့် ခုလိုလုပ်ရတယ်ဆိုတာ ရှင်သိပါတယ်လေ'

ဆူဆန်နီက နာကြည်းသောလေသံနှင့် ပြောသည်။

'မင်း ဘယ်လိုတွေးပြီး ဘယ်လိုလုပ်တယ်ဆိုတာကို သိပါတယ်၊ ဒါပေမယ့် မင်းနဲ့ နမူးတွေ ဒူးတွေ ဆွဲတဲ့အခါ မင်း

www.burmeseclassic.com

www.burmeseclassic.com



မှာ အစ်ကိုတစ်ယောက်ရှိတယ်ဆိုတာ သတိမရနိုင်အောင် ခံစားရမယ်လို့ လောင်းကြေးထပ်ဝံ့ပါကယ်’

ကိုရီ၏စကားကြောင့် ဆူဆန်နီမှာ တွန့်ခနဲ ဖြစ်သွားသည်။

ဒေါ်သတကြီး ခွန်းတုံ့ မပြန်နိုင်မီမှာပင် ဘေးသို့ရိုက်ကာ ရောက်လာသည်။

ရိုက်ကာက ကိုရီအားတစ်ချက်ကြည့်ပြီး ဆူဆန်နီ၏ ပခုံးကို အသာဆုပ်နယ်နေရင်းပြောသည်။

‘မစိုးရိမ်ပါနဲ့ကွာ၊ မစ္စတာကိုရီအတွက် အချိန်တွေ အများကြီး ရှိဦးမှာပါ၊ သူတွေ့ကြည့်လိုရာဘာတက်ကို ခံစားရတဲ့ အချိန်တွေ အများကြီးကြုံရမှာ သေချာလာပါလိမ့်မယ်’

ကိုရီက ရိုက်ကာအား ခံစားမှုကင်းမဲ့ဟန်နှင့် ကြည့်သည်။

မှုမမှန်သောမျက်လုံးတို့၏တောက်ပပုံက ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်သွားပေသည်။

‘သူသိနေတာ ဘယ်လောက်ကြာပြီလဲ’

ကိုရီက ဆူဆန်နီထံသို့ မေးဆတ်ပြကာ မေးလိုက်သည်။

‘အိမ်ကို ကျွန်တော် ပြန်ခေါ်လာကတည်းကပဲ သူ့အတွက် ရွေးစရာက ရှင်းရှင်းလေးပဲ၊ သူ့အစ်ကိုအပါအဝင် အခုကြောင်း



အရာ အတော်များများကို နှုတ်ဆက်ထွက်သွားမလား၊ သူတို့ မောင်နှမနှစ်ယောက်စလုံးအတွက် ဖြောင့်ဖြူးတဲ့အနာဂတ်ကို ယူမလား၊ ဒါပဲပေါ့’

‘လေယာဉ်အပိုင်စီးဖို့ကတော့ မသွယ်ပါဘူးလေ’

ရိုက်ကာက ပခုံးတွန့်သည်။

‘မက်သီဘာင်နဲ့အတူ လေယာဉ်ကိုသွားဖို့ ဝန်ထမ်းဆိုတာမျိုး ကျွန်တော် လိုအပ်တာယ်လေ၊ လေယာဉ်မောင်နဲ့လေယာဉ်မယ် မပါရင် လူတွေသံသယဝင်ကုန်မှာပေါ့’

‘ဒီကိစ္စဟာ ကျွန်တော့် အစီအစဉ်မှာ အလွယ်ဆုံးဖြစ်သလို အရေးအကြီးဆုံးလဲ ဖြစ်နေတယ်၊ ဒီတော့ ဒီလိုပဲ လုပ်ရတာပေါ့၊ ဆူဆန်နီကလဲ တောင်အမေရိကားသွား လေယာဉ် လက်မှတ်နှစ်စောင်ရမယ်၊ ကံမကောင်း အကြောင်းမလှရှင် သုံးဖို့ ငွေလေးဘာလေးရမယ်ဆိုတော့ သဘောကျတာပေါ့လေ’

ရိုက်ကာ၏လက်က ဆူဆန်နီ၏ပခုံးအား မှန်မှန်ပင် ဆုပ်နယ်နေသည်။

သူမက မျက်နှာငယ်ငယ်နှင့် ရှေ့သို့သာကြည့်လျက်ရှိသည်။

သူမအား အကူအညီမပေးနိုင်တော့ကြောင်း သိကာ ကိုရီလည်း စိတ်မကောင်းစွာကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမအဖို့ ရွေးနိုင်စရာသော တစ်ခုတည်းသော လမ်းကို ရွေးခဲ့သည်။

သို့တိုင် တန်ရာတန်ကြေးက မရှိသေးပါ။

'သူ့ကို အယ်(လ်)ဂျီးယားကနေ ခင်ဗျား မြန်မလွှတ်ပ အား ရိုက်ကာ၊ ဒါကို ကျွန်တော်တို့ နှစ်ယောက်စလုံး သိပါ တယ်'

ဆူဆန်နီ၏ပခုံးကို နှိပ်နေသည့် လက်က ရုပ်သွားသည်။

ဒေါသဖြင့် အံကိုကြိတ်သည်။

တက်ခနဲ တစ်ချက်ချယ်ကာ လေယာဉ်နောက်ပိုင်းသို့ ထွက် သွားသည်။

ဆူဆန်နီက ကိုရီအား တစ်ချက်ကြည့်သည်။

သူမ၏မျက်လုံးများတွင် သံသယအရိပ်တို့ ယှက်သန်းနေ သည်။

ထို့နောက် ထရပ်ကာ မီလန်နာထံသို့ လျှောက်သွား သည်။

ကိုရီက စဉ်းမြိုင်လုပ်ကာ အပေါ်အင်္ကျီအိတ်ထဲသို့ လက် နှိုက်သည်။



မက်သီဘင်၏ဆေးအိတ်ကိုထုတ်ယူကာ လှမ်းပေးသည်။

'ကျွန်တော်တို့ တစ်လိပ်လောက်သောက်လိုက်ရင် ဘယ်လို နေမလဲ'

မက်သီဘင်က ရွှင်ပျအားရစွာ ပြုံးလိုက်သည်။

'သိပ်ကောင်းတဲ့ စိတ်ကူးပေါ့ဗျာ'

မက်သီဘင်က အိတ်ကို ခပ်သွက်သွက်ခါ၍ လက်ဖဝါးထဲ သို့ ဆေးမှုန့်များထည့်သည်။

ကိုရီအား အိတ်ကိုပြန်ပေးပြီး စက္ကူညိုညိုနှင့် ဆေးကို လိပ်သည်။

နှစ်ပေါင်းများစွာ အတွေ့အကြုံအရ မကြာမီပင် နှစ်လိပ် ပြီးသွားသည်။

တစ်လိပ်ကို ကိုရီအား လှမ်းပေးသည်။

မက်သီဘင်က မီးမညှိမီ လေယာဉ်နောက်ပိုင်းသို့ တစ်ချက် လှမ်းကြည့်သည်။

'ရိုက်အော ပြန်လာဦးမယ်ထင်သလား'

'မထင်ဘူး၊ ဒါပေမယ့် ပိုစိတ်ချရအောင်...'

ကိုရီက လက်ကိုမြှောက်၍ လေထုတ်သည့်ပေါက်ကိုအပြည့် ဖွင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မက်သီဘင်က ရယ်၍ တစ်ချက်ရှိုက်ဖွာကာ မီးနစ်ဝက်မှ မျက်စိမှိတ်ထားသည်။

ကိုရီကမူ ဂရုတစိုက်ဖွာ၍ ချက်ချင်းပင် မီးခိုးငွေ့ ကိုမှုတ်ထုတ်သည်။

မက်သီဘင်မှာ မီးခိုးကို နှာခေါင်းမှ ခပ်ငွေ့ငွေ့ သာထုတ်ရင်း အပေါ်သို့ စိတ်ကျေနပ်စွာ ငေးကြည့်နေသည်။

'လေယာဉ်မောင်းခန်းထဲမှာပဲ လက်ကျန်ကို ပြန်ရှိုင်းဝါလား၊ အဲဒီမှာဆို ခင်ဗျားကို ဘယ်သူမှ မနှောင့်ယှက်နိုင်တော့ဘူး'

'ဟုတ်ဘယ်၊ ခင်ဗျား စိတ်ကူးကောင်းတယ် ကိုရီ၊ ခင်ဗျားလူတော်ပဲ'

မက်သီဘင်က ကိုရီအား စိတ်မကောင်းဟန်တစ်ချက်ကြည့်ပြီး ထရပ်သည်။

မက်သီဘင် မရှိတော့မှ ကိုရီက သူ၏ဆေးလိပ်ကို မီးငြိမ်းသည်။

(၇၄၇)လေယာဉ်ကြီး ဆင်းသက်ရေးမှာ အခက်အခဲမလွယ်လှ။

ဦးဒန့်ထက်ကြည့်နေစဉ်မှာပင် မလွှယ်လျှင် ယခုအခါခြေအနေမျိုးဆိုပါက ...



ကိုရီက မဲ့ပြုံးလေး ပြုံးမိသည်။

ခက်သီဘင်တစ်ယောက် စိတ်ရှင်းရှင်း ခေါင်းကြည်ကြည်နှင့် လေယာဉ် ဆင်းသက်မည်ကိုတော့ သူ မလိုလားပါချေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ကိုး)

အင်္ဂလိပ်ဗိုလ်လီယာ၏ အနောက်ဘက် မိုင်နှစ်ဆယ်အကွာရှိ မြ
မြို့သို့ ဘိုးအင်း (၇၄၇) လေယာဉ်ကြီးက နံနက် (၇း၁
နာရီတွင် ရောက်လာပါသည်။

နေရောင်ခြည်က သဲပြင်ကို ပူပြင်းခြောက်သွေ့ နေ
ငြိမ်သက်နေသည့် လေထဲသို့ တလှုပ်လှုပ်မှုများကို တောက်ပ
ရှိနေသည်။

ရေမစက်ကြီးများ၏အသံက မိုးကုပ်စက်ဝန်းစွန်း တ
တင်ခုသို့တိုင် ပဲ့တင်ထပ်နေစေဟန် ရှိသည်။

ကျောက်တောင်များကြား ငိုက်မျဉ်းနေသည့် မျှ
မြေပြင်များမှလွဲ၍ မည်သည့် ကိုမျှတော့ အနေအထားအယုက် မ
ပေ။



ကိုရိုက ထိုင်ခုံခါးပတ်ကို ချပ်တင်းတင်း မတ်ထားလိုက်
သည်။

လေယာဉ်အဆင်းတွင် ကုလားထိုင်မှ ဆတ်နိုင်သမျှ လူက
လွင့်စဉ်ထွက်သွားနိုင်မည်ကို သိထားသည်။

ရိုက်ကာက လေယာဉ်မောင်းခန်းသို့ ဝင်သွားသည်။

နောက်ဘက်တွင် မီလန်နာနှင့် ဆူဆန်နီတို့အား အီတလီ
နှစ်ယောက်က ညှပ်၍ ထိုင်နေသည်။

ဘာရှူနီသာလျှင် ကိုရို၏ တစ်ဖက်ကုလားထိုင်တွင် ခါးကြား
သေနတ်ထိုး၍ နေရာယူထားသည်။

လေယာဉ်က မသပ်မရပ် ချိုးကွေ့သွားသည်။

အောက်ရှိ သဲတောင်ပို့များကို ပြတင်းပေါက်မှ ကိုရို
ရှမ်းမြင်သည်။

လေယာဉ်ကို မြှန်မတ်လိုက်သည်။

ဆတ်ခနဲဆောင်းသွားသည်။

ကိုရိုက မဲ့ပြုံးလေး ပြုံးလိုက်မိသည်။

လေယာဉ်မောင်းခန်းထဲတွင်တော့ ရိုက်ကာမှာ မက်သီဘာင်

www.burmeseclassic.com

www.burmeseclassic.com



အား ဒေါသကြောင့် စကားမပြောနိုင်ဘဲ မျက်လုံးအပြူး သားနှင့်သာ စိုက်ကြည့်နေသည်။

မက်သီဘင်မှာ ထိုင်ခုံပေါ်တွင် ယိမ်းယိုင်ရင်း ပြုံးနေသည်။

'ခွေး...ခွေးမသား၊ မင်းကြောင့် တို့အားလုံး သေရတော့မယ်ကွ'

ဘုဥ်

ရိုက်ကာက ဒေါသကြွားမှု အသံကိုသွင်းထုတ်ကာ အော် ပြောလိုက်သည်။

'ခေါက်ထားလိုက်စမ်းပါ တော့ရာ'

မက်သီဘင်က 'ရိုက်ကာအား' မတည်ငြိမ်သော လက်နှင့် တံခါးဆီသို့ လက်ညှိုးထိုးပြသည်။

'ဘာတွေများ ခင်ဗျားက ဒီလောက်ထောင် ဖြစ်နေရတာလဲ၊ ကျွန်တော်တော့ နားမလည်တော့ဘူး၊ ကျွန်တော်တော့ အိပ်ကို သေချာနေပြီ'

'လေယာဉ်ကိုမတ်စမ်း၊ ပြန်ထိန်းစမ်း'

မက်သီဘင်က ငြိမ်၍ ရိုက်ကာ၏စကားကို အတန်ကြာ တွေးနေသည်။ ထို့နောက် ခေါင်းယမ်းသည်။



'မဖြစ်နိုင်ဘူး သူငယ်ချင်း'

'ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ'

'တစ်အချက်ကဆိုမရှိတော့လို့၊ နောက်အချက်ကကျွန်တော် မဟန်နိုင်တော့လို့ဘဲ'

လှွင်ပြင်ကို ကျော်ဖြတ်လာပြီဖြစ်သည်။

လေယာဉ်က ဘေးစောင်းပျံသန်းနေသည်။

လေပူစီးကြောင်း တို့ကြောင့် လေယာဉ်မှာ တုန်ခါနေသည်။

ရိုက်ကာမှာ အခန်းနံရံကို ဆုပ်ကိုင်ထားရသည်။

မက်သီဘင်က လေးတိလေးလံနှင့်ခလုတ်များကို ဟိုနှိပ်သည်နှိပ် လုပ်သည်။

ပေတစ်ထောင်အောက်ရှိ သဲကန္တာရလွင်ပြင်ကို မြင်ရင်း ရိုက်ကာမှာ ချွေးစေးများ စီးကျလာသည်။

ဖြစ်ပျက်နေပုံကို သူမယုံကြည်နိုင်။

လေယာဉ် ဆင်းသက်ရေးမှာ စစ်ဆင်ရေး တစ်ခုလုံး၏ အန္တရာယ်အကြီးဆုံးကဏ္ဍဖြစ်သည်။

ဤအတွေ့အကြုံမျိုး သူမရှိခဲ့။

ရိုက်ကာက မက်သီဘင်၏ခေါင်းနောက်သို့ သေနတ်နှင့် ထေ့လိုက်သည်။

'လေယာဉ်ကို ချက်ချင်း အပေါ်ပြန်မတက်ရင် ပစ်ထည့် လိုက်မယ်'

www.burmeseclassic.com

www.burmeseclassic.com



မက်သီဘင်က ရယ်၍ နှုတ်ခမ်းနှင့်လက်ဖျားထိပ်ကို တော့ကာ မိုးစွေ့သနမ်းလေး ပေးလိုက်သည်။

'ဒီကိုခုံမှာ ခါပြုပ်ပတ်ထိုင်နေတာ အကောင်းဆုံးပဲ သူငယ်ချင်း ကဲ ဆင်းတော့မယ်ဗျို့'

မက်သီဘင်က ထိုင်ခုံအားရှိ မောင်းတံတစ်ခုကို ဖိချလိုက်သည်။

လေယာဉ်ဘီးများကျလာသံကို ကြားရသည်။

မက်သီဘင်၏လက်များက ခလုတ်များဆီသို့ ရွေ့လျားနေသည်။

ရိုက်ကာဘက တစ်ချက်ကြည့်ကာ လေယာဉ်နောက်ခန်းသို့ ခပ်သွက်သွက် ပြန်သွားသည်။

ရိုက်ကာမရှိတော့မှ မက်သီဘင်က ကိုယ်ကိုမတ်၍ လေချွန်နေသည်။

ရိုက်ကာအား သူ ခြောက်လှန့်လိုက်ရ၍ ကျေနပ်သွားသည်။

သို့သော် အေးအချိန်က မပြယ်သေး။

လက်များက ပေါ့ပါးနေသည်။

ရှေ့တွင် လွင်ပြင်က မြင်ညှို့ဘစ်ဘန်းဘည်း ရှိလာသည်။

မောင်းတံကို နောက်သို့ ဖြည်းဖြည်းဆွဲသည်။

လွင်ပြင်စပ်ချောက်သည်နှင့် အောက်သို့ နိမ့်ဆင်းသည်။

မက်သီဘင်က ခပ်တိုးတိုး ရယ်လိုက်သည်။



သွေးကြောများထဲတွင် အပူရှိန် တိုးလာသလို ခံစားရသည်

စိတ်အား တက်ကြွလာသည်။

လေယာဉ်က သဲကန္တာရအပေါ် ပေတစ်ရာမျှသာ မြင့်တော့သည်။

မြေပြင်လမ်းပေါ်တွင် သဲအခောင်များများဘင်ကာ လွင့်မျှောနေသည်ကို သတိပြုမိကာ ထိတ်သန့်သွားသည်။

ဆဲရေးလိုက်မိသည်။ လွန်ခဲ့သည့်ရက်က သဲမုန်တိုင်း တိုက်သွားပုံ ရသည်။

မြေပြင်လမ်းပေါ်တွင် သဲပုံခစ်မြင့်မြင့်များ နေရာအနှံ့ ရှိနေသည်။

မက်သီဘင်က မြုံး၍ မောင်းတံကို တွန်းချလိုက်သည်။

မြေပြင်လမ်းပေါ်သို့ လေယာဉ်က လျှောကိုက် မြေးဆောင့်သည်။

စက်ကိုချက်ချင်း ပြောင်းပြန် မြန်လည်စေသည်။

မောင်းတံကို ရှေ့သို့တွန်းသည်။

စက်သံ၊ ဘယာသံ၊ သတ္တုသံများသာ ဆူညံလျက်ရှိသည်။

မက်သီဘင်က လေယာဉ်ကို တည့်ခအောင်ထိန်းနေရသည်။ မြေပြင်လမ်းကိုလွန်လျှင် ဘီးကိုဘင်ရန် မောင်းတံကို အသင့်ကိုင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်က ဘေးသို့ အနည်းငယ်စောင်းသွားသည်။

ညာဘက် လေယာဉ်ဘီး အုံလိုက်ပြုတ်ထွက်သွားသည်။

စက်က ပြေးလမ်းနှင့် ပွတ်တိုက်နေသည်။

တောင်ပံတစ်ခုလုံး ပြုတ်ထွက်သွားသည်။

ဒုတိယမြောက်ဘီးတွဲက ပြုတ်သွား ပြန်သည်။

ထို့ကြောင့် ညာဘက်စက်က ပြေးလမ်းနှင့်တိုက်သည်။

ပြေးလမ်းကိုကျော်၍ သဲပြင်ကိုရွှေ့သွားစဉ် လေယာဉ်အရှိန်က တစ်နာရီ မိုင်တစ်ရာနှုန်းမျှ ရှိသေးသည်။

ကျန် တောင်ပံဘစ်ဖက်ပါ ပြုလ်ထွက်သွားသည်။

ကိုယ်ထည်ကြီးသာလျှင် သဲပြင်ထဲသို့ ထွန်တုံးတစ်ခုမြှောတိုးဝင်လျက်ရှိသည်။

မက်သီဘင်က ရှေ့သို့ကြည့်နေသည်။

ကျောက်တုံးများ ဝန်းရံနေသည့်ကြားရှိ သဲပြင်က ပေ (၅၀)မျှ မြင့်သည်။

လေယာဉ်အတွင်းပိုင်းတစ်ခုလုံး ငရဲကျသလို ဖြစ်နေသည်။

ကျောက်တုံးများနှင့် ဝင်ဆောင့်တော့မည်ကို မက်သီဘင် သိလိုက်သည်။

ကျောက်ဆောင်တန်း ထိပ်ဖျားမှာ မြေပြင်မှ ပေသုံးဆယ်မျှ အမြင့်တွင်ရှိသည်ဟု မက်သီဘင် ခန့်မှန်းမိသည်။

သူ အတွက်မမှားပါမူ သူထိုင်နေရာအောက်ဘက် အတောင်နှိမ့်နိမ့် အမြင့်နှင့်သာ ဝင်ဆောင့်နိုင်စရာရှိသည်။



သူ နောက်ဆုံးသိလိုက်သည်မှာ လေယာဉ်ခေါင်းခန်း တစ်ခုလုံး သူ့အပေါ် ပြိုကျလာသည်သာ ဖြစ်သည်။

အော်သံတစ်ချက် ကြားလိုက်သည်။

ဆူဆန်နီဖြစ်ကြောင်း ကိုရီသိသည်။

ခါးပတ်ကိုဖြုတ်၍ မင်းလမ်းမအတိုင်း ထရပ်သည်။

ဘရှုနီမှာ ထိုင်ခုံခါးပတ်ကို ဖြုတ်၍မရသေး။

ကိုရီကပ်လာသည်ကို တွေ့သည်နှင့် ခါးမှပစ္စတိုအား ဆွဲထုတ်သည်။

သုံးကြိမ်မျှ စမ်းပြီးမှ ခါးတွင် သေနတ်မရှိကြောင်း သိသည်။

ကိုရီက လေယာဉ်နောက်ပိုင်းရှိ ကြမ်းပြင်တွင် အပေါက်ကြီးတစ်ခု ပေါက်နေကြောင်း တွေ့လိုက်သည်။

အခွင့်အရေးပင် ဖြစ်သည်။

အပေါက်ဆီသို့ ပြေးကာ သံပြာသံချွန်များ မထိခိုက်မိရန် ဂရုတစိုက်ရှောင်၍ ခုန်ဆင်းလိုက်သည်။

ပူပြင်းသောနေရောင်ခြည်အောက်မှာပင် ကျောက်ဆောင်များရှိရာသို့ ဒယီးဒယိုင် ပြေးတော့သည်။

နှစ်မိနစ်မျှကြာမျှ လေယာဉ် နောက်ပိုင်း အရေးပေါ်ထွက်ပေါက်မှ အီတလီတစ်ယောက် ဆူဆန်နီနှင့်နှိုမိလန်နာတို့ ထွက်လာသည်။

မကြာမီ ရိုက်ကာ ထွက်လာသည်။

နေရောင်ထဲတွင် သူ့လက်မှ သေနတ်မှာ တောက်ပြောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှ ဘရူနိုနှင့်ဒုတိယအီတာလီတို့ လေယာဉ်ပေါ်မှ ဆင်းလာသည်။

စုရုံး၍ တစ်ခုခုကို အချေအတင် ပြောနေကြပုံရသည်။

ရိုက်ကာ့က ဘရူနိုအား ပစ္စတိုလှမ်းပေးသည်။

ဘရူနိုက ကျောက်ဆောင်များဆီသို့ လျှောက်လာသည်။

အီတာလီနှစ်ယောက်က ကုန်တင်ပေါက်တံခါးကို သွားဖွင့်ကြသည်။

မီလန်နာကမူ သဲပြင်ပေါ်မှ ခွတ်ကြောင်းအတိုင်း ပြန်လျှောက်သွားသည်။

အဝေးဆီဝယ် အာရပ်များအသုံးပြုခဲ့သည့် ထရပ်ကားက ပြေးလမ်းထိပ်တွင် ရှိနေသည်။

ကျောက်တုံးများကြားမှ ကွေ့ပတ်လာနေသော ဘရူနိုအား ကိုရီ စီးမြင်နေရသည်။

လေယာဉ်မောင်းခန်း အပျက်အစီးများကို ကြည့်လိုက်သည်။

အထဲတွင်ရှိနေသူအဖို့ အသက်ရှင်စရာမရှိကြောင်း စိတ်မကောင်းစွာ သဘောပေါက်မိသည်။

ကိုရီ၏နောက်ဘက် မိုင်ဝက်ခန့်တွင် ကျောက်တုံးကျောက်ဆောင်တန်းတစ်ခု ရှိသည်။

ထိုနေရာတွင် လူတစ်ယောက်အား အယောက်တစ်ရာနှင့် တစ်ပတ်မျှ ရှာယူရမည်ဖြစ်သည်။

ဆင်ခြေလျှောမှ ညည်းညည်းညူညူနှင့် ချေးအရွှဲသား ဘရူနို တက်နေသည်။ ကိုရီက ပြုံးလိုက်သည်။



ကိုရီက တစ်ဖက်မှ ပြန်ဆင်းသည်။

ကျောက်တုံးများကြားမှလျှောက်ရင်း ကိုက်နှစ်ရာမျှမဝေးသည့်နေရာတွင် ဂူတစ်ခုကို တွေ့လိုက်သည်။

အရိပ်တွင်နွားကာ စောင့်နေသည်။

ကျောက်တောင်ထိပ်သို့ ဘရူနိုရောက်ပြီး ကိုရီအား မတွေ့ရသည့်မျက်နှာကို မြင်လိုက်ချင်စမ်းပါဘိတော့။

ကျန်တစ်မနက်ခင်းမှာတော့ လေယာဉ်အနီးတွင် လှုပ်လှုပ်ရှားရှား ရှိနေကြသည်။

ပြေးလမ်းထိပ်မှ ထရပ်ကားကိုယူ၍ ရွှေသေတ္တာများ တင်နေကြသည်။

ကျောက်တုံးများကြားမှ အပူရှိန်မှာ မြင့်ထန်လှသည်။

မွန်းတည့်ချိန်ဝယ် ကိုရီမှာ ရေငတ်လာသည်။

လေယာဉ်ပျက်အနီးတွင် မီလန်နာနှင့်ဆူဆန်နီတို့ အရိပ်ထဲ၌ထိုင်နေကြသည်။

ကျန်လူများက ရွှေသေတ္တာများကို ကားမှပေါ်သို့ တင်နေကြသည်။

ရိုက်ကာသည် ဤနေရာတွင် လိုအပ်သည်ထက် ပိုနေလို့မရပ။

ထို့ကြောင့် မိမိအားရှာဖွေရန် မကြိုးစားတော့ဟု ကိုရီ မှတ်ယူလိုက်သည်။

ဘီယာသောက် ဝိုက်မျဉ်းနေ့ဥ်မှာပင် ရိုက်ကာ၏အသံကြောင့် ဆတ်ခနဲ ခေါင်းထောင်ထမိသည်။

www.burmeseclassic.com



ကိုက်နှစ်ရာမျှအဝေးရှိ ကျောက်တုံးကြီးထိပ်တွင် ရိုက်ကာ ရပ်နေသည်။

'ဟေ့... ကိုရီ...ခင်ဗျားကို ကျွန်တော်ကိုယ်တိုင် မပြုစုနိုင်တာတော့ စိတ်မကောင်းပါဘူး၊ ဒါပေမယ့် ရှေ့ဆက် ခင်ဗျား ခံစားရမှာကတော့ အတူတူပါပဲ၊ ခင်ဗျားဟာ လူရှိရာနဲ့ မိုင်နှစ်ရာလောက် အဝေးမှာ ရှိနေတယ်၊ အပူချိန်ကလဲ ၁၃၅ ဒီဂရီလောက်ရှိတယ်၊ လေယာဉ်ကိုလဲ တို့မီးတင်ရှို့ခဲ့မှာမို့ ခင်ဗျား ဘာမှရှာရဘော့မှာ မဟုတ်ဘူး'

ရိုက်ကာက စကားကိုဖြတ်၍ ပတ်ဝန်းကျင်သို့ လှမ်းမျှော်ကြည့်သည်။

သူ့အား ကိုရီက လက်ဖြေ့ယမ်းပြမည်ဟု မျှော်လင့်လေရော့သလား မသိ။

'ခင်ဗျားဟာ သေလူပဲ ကိုရီ၊ အစာမရှိ ရေမရှိဘဲနဲ့ ခင်ဗျား နေနိုင်ရင် တစ်ရက်ပဲ၊ ခင်ဗျားသေရှပုံကို မမြင်နိုင်တာ ဝမ်းနည်းမိတယ်'

ကျောက်တုံးထိပ်မှ ရိုက်ကာ ပျောက်သွားသည်။

မကြာမီ စက်နှိုးသံနှင့် အတူ မြောက်ဘက်သို့ ကားက စ ထွက်သည်။

တစ်ချိန်တည်းမှာပင် လေယာဉ်ပျက်၏ ပေါက်ကွဲသံနှင့် အတူ မီးခိုးလုံးကြီးက ကောင်းကင်ယံသို့ ထိုးတက်သွားသည်။

နောက် ဆယ့်ငါးမိနစ်ကာလမှာ မီးလောင်သံ၊ လေယာဉ် အတွင်းမှာစွည်းများကို မီးတောက်တို့ဝါးမျိုသံ ပေါက်ကွဲသံများကိုသာ ကြားရသည်။



ထို့နောက်ပိုင်းတွင် ကားစက်သံကိုပင် မကြားရတော့။

တိတ်ဆိတ်၍ ပူပြင်းသော လောကကြီးတစ်ခုထဲဝယ် ကိုရီသာလျှင် အထီးတည်း ကျန်ရစ်ခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်ဆယ်)

မိုးကုပ်စက်ဝန်းတွင် နေလုံးက မေးတင်ပြီး သဲကန္တာရ တစ်ခွင်အား အနီနှင့်အညို ရောင်တို့ဖြန်းပက်ထားစဉ် ခိုအောင်းရာမှ ကိုရီ ထွက်ခဲ့သည်။

ညနေခင်း နေအပူရှိန်က ကျဆင်းသွားသည့်တိုင် လေထဲတွင် အပူရှိန်က ကျန်ရစ်နေအေးသေးသည်။

နှုတ်ခမ်းတစ်ခုလုံး ခြောက်သွေ့၍ ကွဲအက်နေသည်။

ရေကို ဆာလောင်မွတ်သိပ်လှသည်။

ပတ်ဝန်းကျင်ကိုကြည့်ရင်း အသက်ရှင်နိုင်စွမ်း မရှိသည်ကို သိနေသည်။



ဖာင်နရီမှာ ဝါရှင်တန်သို့ မဆက်သွယ်နိုင်မီ အဖမ်းခံခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုမှ ကိုရီသဘောပေါက်မိသည်။

သို့ဆိုလျှင် သဲကန္တာရအတွင်းရှိ ဤလေယာဉ်ပြေးလမ်းကို စီ-တူး မသိနိုင်တော့။

ဆဟာရသဲကန္တာရသည် ကျယ်ဝန်းလှသည်။

ရိုက်ကာတို့အဖို့ သဲကန္တာရကို အသုံးပြုမည်ဟု မက်(ခ) ခန့်မှန်းမိလာသည့်တိုင် လေယာဉ်ပျံကို ရှာရန် လနှင့်ချီကြာပါလိမ့်မည်။

သူ့အတွက် တစ်ခုတည်းသော မျှော်လင့်ချက်မှာ မြောက်အရပ်ရှိ ရေတွင်းတစ်တွင်းတွင်း တွေ့နိုင်ရေးသာ ဖြစ်သည်။

ရေ သို့မဟုတ် အစာမရှိလျှင် ခွန်အားရှိသည့်တိုင် မိုင်တစ်ရာမျှဝင် သွားနိုင်မည် မဟုတ်။

ပြင်းပြသော ဝေဒနာနှင့် သေရုံသာ ရှိတော့သည်။

လေယာဉ်ပျံမှာ မီးသွေးတုံးကြီးပမာသာ ရှိတော့သည်။

ထိုင်ရာမှ ထ၍ ကျောက်တုံးကြီးများ၏ အရိပ်အောက်သို့ ပြန်ရန်ပြုစဉ် မျက်စိထောင့်တွင် အပြာရောင်တစ်ခုကို ရိပ်ခနဲ တွေ့လိုက်သည်။

တွန့်လိမ်ကောက်ကွေးနေသည့် အမြီးပိုင်းအလှန် ကျောက်တုံးနှစ်တုံးကြားတွင် ညပ်နေသည့် ခေါင်းစည်း ပဝါတစ်ခု ဖြစ်သည်။

မီလန်နှင့် ဆူဆန်နီတို့ သုံးခဲ့သော လေယာဉ်မှပြုတ်စုံမှ လည်စည်းဖြစ်သည်။

ကိုရီ အမြေးသွားကြည့်သည်။

www.burmeseclassic.com

လည်စည်းနှင့် ထုပ်ထားသည့် ပလတ်စတစ်အိတ်မည်းထဲက ဘီယာဘူး၊ ဘီစကစ်နှစ်ထုပ်နှင့် လူဂျ ါသေနတ်ကို အံ့ဩမင်းမြော ၍ ကြွေသိုက်ရသည်။

"စိတ်မကောင်းပါဘူး ကိုရီ၊ ဒီဘက်မှာက ကျွန်မ လုပ်ပေးချင်ပါတယ်၊ ကံကောင်းပါစေ ဆူဆန္နီ"

အထုပ်တွင်းမှ စာရွက်ခေါက်လေးမှ လက်ရေးသေ့သေ့ကို ကိုရီကြိမ်ဖန်များစွာ ဖတ်နေမိသည်။

ဂရုတစိုက် ခေါက်၍ ရှပ်အင်္ကျီရင်ဘတ်အိတ်ထဲတွင် ထည့်လိုက်သည်။

ဘီယာကိုဖောက်၍ သောက်လိုက်သည်။

ပူနွေးသော အရည်နှင့်အတူ စိတ်ခွန်အား လန်းဆန်းလာသည်။

ဆူဆန္နီသည် သူ့မ မျှော်လင့်သည်ထက် ပို၍ ကူညီနိုင်ခဲ့သည်။

ပလတ်စတစ်ဘူး မည်းမည်းသည့် အောမြသည့် ညဥ့်သေကို နေ့ပူဖြင့် ရေစက်ရေပေါက်တို့ကို ရနိုင်ပါလိမ့်မည်။

ကိုရီက လေယာဉ်စက်ဖျက်ဆီသို့ သွားကာ ဆီပိုက်တစ်ခုကို ခေါက်လိုက်၊ လှန်လိုက် လုပ်သော နှစ်ပေမျှ ချိုးယူသည်။

ထို့နောက် မြောက်ဘက်သို့ ခရီးစပြီဖြစ်သည်။

တစ်နာရီမျှ အကြာတွင် လှမိုက်သော၍ လျှောက်ရသည်မှာ အသင့်ပြေသွားသည်။

မြေလှမ်းကိုတွက်ရင်း တစ်နာရီ လေးမိုင်နှုန်း ခရီးပေါက်



မည်ဟု မှတ်ယူမိသည်။ တစ်နာရီကြာတိုင်း ငါးမိနစ် နားသည်။

အချက်ကျချိန်တွင် မိုင်လေးဆယ်မျှ ခရီးပေါက်လိမ့်မည်။

ဤနှုန်းအတိုင်းဆိုလျှင် နောင်အယ်လ်ဂိုလီယာသို့ ငါးရက်တိုင်တိုင် ခရီးဆက်ရလိမ့်မည်။

သို့သော် အနီးရှိ မြောက်သို့ မသွားဘဲ မြောက်အရှေ့ဘက်စူးစူးသို့ သွားပါမူ အကတလတ် (စ) တောင်တန်းနှင့် ဆက်စပ်ရာ တောင်တန်းလေးများသို့ ရောက်မည်။

သုံးရက်နှင့် ရောက်မည်၊ ၎င်းတောင်ခြေတွင် ရေတွင်းများ ရှိသည်။

သူ့အတွက် အခက်ခဲဆုံးမှာ နေ့ပိုင်း ခရီးထွက်ရေးပင်ဖြစ်သည်။

စိတ်ကူးတစ်ခု ရလိုက်သည်။

သဲကိုတူး၍ တစ်ကိုယ်လုံး ဝင်အိပ်သည်။

မျက်နှာကို လည်စည်းမာ ါဖုံး၍ ဆီပိုက်ကို ပါးစပ်တွင်ထမ်ကာ အသက်များ ပြန်ရှူသည်။

ပထမပိုင်းတွင် အသားမကျ၊ နောက်မှ အသားကျသွားသည်။

ပူပြင်းသော နေရောင်ခြည်က သူ့ထံတိုက်ရိုက် မရောက်တော့။

သဲအတွင်းပိုင်း အအေးက နေရထိုင်ရ သက်သာစေသည်။

မကြာမီ ကိုရီ အိပ်ပျော်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤဖော်းစဉ်အတိုင်း ဆိုးရက်မြောက်နေ့တွင်အက်တလတ်(၈)
တောင်ခြေသို့ ရောက်လာသည်။

ရေတွင်းများကို ရှာသော်လည်း မတွေ့ရ။

လူကလည်း မှုန်းမှုန်းလဲပြီ ဖြစ်သည်။

မည်မျှ သတိလစ်သွားသည် မသိ။

ထူးခြားရှသော အသံနှင့်အတူ သူ သတိရလာသည်။

တောင်ကြားဆီသို့ လှမ်းကြည့်သည်။

ကုလားအုပ်များကို တွေ့ရသည်။

ထိုထိုင်းသော အာရုံနှင့်အတူ ကုလားအုပ်များ ဟုတ်၊
မဟုတ် ငါးမိနစ်မျှ စိုက်ကြည့်နေမိသေးသည်။

လေထဲသို့ သေနတ်သုံးချက် ပစ်ဖောက်လိုက်သည်။

ကုန်းရှန်းထ၍ ဒယီးဒယိုင်နှင့် လျှောက်သည်။

အပြာရောင် ဝတ်ရုံရှည်ဝတ် တူရကီ အာရပ် လူမျိုးတစ်
ယောက်က ကုလားအုပ်နှင့် သူ့ထံသို့ အပြေး စိုင်းလာသည်။

သူ နောက်ဆုံး သတိရလိုက်သည်မှာ ဆိတ်သားရေအိတ်
အတွင်းမှ ရေများကို သီးလုမတတ် သောက်ရခြင်း၊ ဝိုင်ထမ့်
အရသာရှိခြင်းပင် ဖြစ်သည်။

နောက်နှစ်ရက်အကြာတွင်မူ အယ်(လ်)ဂျီးယားမြို့လယ်သို့
တောင်ပေါ်သွားဘတ်စကားစုတ်စုတ် တစ်စီးနှင့် ကိုရီရောက်
လာသည်။

မျက်နှာက ယောင်၍ ကွဲအက်နေဆဲ ရှိသည့်တိုင် အဖျားရှိန်
သေးက မရှိတော့။



မှောင်မည်းသော လမ်းများအတိုင်း ရိုက်ကာ၏အိမ်သို့
လျှောက်သွားသည်။

နောက်ဖေးပေါက်မှ အိမ်ထဲသို့ ဝင်လိုက်သည်။

ညဉ့်ဆယ်နာရီမျှပင် မရှိသေးသော်လည်း တစ်အိမ်လုံး
ထူးဆန်းစွာ တိတ်ဆိတ်နေသည်။

ဧည့်ခန်းနှင့် ထမင်းစားခန်းတွင် လူမရှိ။

အိမ်တွင် ရိုက်ကာမရှိ ဟူသောအသိဖြင့် စိတ်မကောင်းစွာ
အပေါ်ထပ်သို့ တက်ခဲ့သည်။

နာကျင်စွာ ညည်းညူနေသံကို ကြားလိုက်ရသည်။

လူဂါကိုကိုဇရင်း အိပ်ခန်းဆီသို့ ကပ်သွားသည်။

ရှူးရှူးရှယ်သံထွက်လာသည်။

ရိုက်ကာ၏ အသံပင်ဖြစ်သည်။

ကြောက်ရွံ့တကြား ငိုရှိုက်သံက နောက်မှ ကပ်ပါလာ
သည်။

တံခါးကို အသာတွန်းဖွင့်၍ ဝင်လိုက်သည်။

ရှေ့မှ မြင်ကွင်းက ဒေါသကို ပွက်ပွက်ဆူလာစေသည်။

ရိုက်ကာက ကျောပေးရပ်ကာ ခုတင်ပေါ်မှ ဘာရှုံးနှင့်
ဆူဆန်နီတို့ ရှိန်းကန်နေပုံကို မျက်လုံးတောက်တောက် အမြိုး
စနှင့် ကြည့်နေသည်။

အားမှ မီလန်နာ၏ လက်တွင် ဆူဆန်နီ၏ ပါးစပ်ကို ချည်း
အဝတ်စတစ်ခု ကိုင်ထားသည်။

ဆူဆန်နီ၏ ပါးစပ်ကို အဝတ်စည်းပြီးသွားသည့် မီလန်နာ
က ခပ်ဖွဖွရယ်ရင်း ဆူဆန်အား မှတ်သပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မီလန်နွာက ရိုက်ကာအား သုညိုကြည့်သည်။

ကိုရီကို မြင်ကာ တုံ့သွားသည်။

ရိုက်ကာ ခေါင်းကို လှည့်ပြီး နံရံကို လက်ထောက်ထား လိုက်စမ်း

ဘာရှနိုက ဆူဆန်နီကို လက်လွှတ်၍ ဘေးဖယ်သည်။

ဆူဆန်နီက ကိုရီအား မျက်လုံးအပြူးသားနှင့် ကြည့်နေသည်။

ကိုရီသာ ဂရုမစိုက်၊ နံရံသို့လှည့်ကာ လက်ထောက် ရပ်နေသည့် ရိုက်ကာကိုသာ ကြည့်ထားသည်။

ဘာရှနိုကလည်း ကိုရီလက်မှ သေနတ်ကို မျက်စိမခွာ။

'ကိုရီ ခင်ဗျားကြိုက်သလောက် ပိုက်ဆံ ပေးမယ် ဗျာ။ ခင်ဗျားလိုချင်တာ အကုန်ရစေမယ်'

ရိုက်ကာ၏ တုန်ယင်အက်ကွဲသော လေသံက ထွက်လာသည်။

'လာ လာ ဆယ် ကျွန်တော် အလုပ်ချင်ဆုံးကတော့ ခင်ဗျားကိုယ်ထဲကို ကျည်ဆန်တစ်တောင့် ပစ်သွင်းလိုက်ချင်တာဘဲ။ ဘာမှ လုပ်မနေနဲ့တော့'

ရိုက်ကာက ချာခနဲလှည့်ကြည့်သည်။

တောက်ပြောင်သော မျက်လုံးတို့တွင် ကြောက်ရွံ့မှုက လွှမ်းမိုးနေသည်။

ကိုရီက သေနတ်ကို မြှောက်ချိန်သည်။

မျက်လုံးထောင့်ဘက်မှ ဘာရှနိုအိပ်လက် ခုံ ...... ထွက်လာသည်ကို ရိပ်ခနဲ တွေ့လိုက်ရသည်။



ဘာရှနိုအိပ် လက်ထဲမှ ဘရောင်နီပစ္စတိုကို အချိန်နှောင်းမှ တွေ့လိုက်ရသည်။

ဆူဆန်နီက သေနတ်ကိုင်လက်ကို ဖမ်းဆွဲသည်။

ကိုရီပစ်သည်။

ဘာရှနို၏ ရင်ဘတ်ကို ထိသည်။

လက်မှ သေနတ်ကလည်း ဆက်ပိုက်ထွက်လာသည်။

ဆူဆန်နီအား မှန်သည်။

ရိုက်ကာနှင့် မီလန်နွာတို့လှုပ်ရှားလိုက်ကြသည်။

ကုလားထိုင်နှင့် ရိုက်ကာက ရိုက်သည်။

မျက်နှာကိုသာ ကိုရီကွယ်လိုက်နိုင်သည်။

ပစ်လိုက်သည်။

ရိုက်ကာက အံခါးဆိုသို့ ပြေးသည်။

ကိုရီက သေနတ်ကို လက်နှစ်ဖက်နှင့် စုံကိုင်ကာ လှမ်းပစ်သည်။

ဓားကိုင် မီလန်နွာကို ရင်ဆိုင်ရသည်။

သူမက ခုံးမြှောင်ကိုမြင်ရုံ လှဲသည်။

သူမ၏ ကျွမ်းကျင်မှုကို ကြုံတွေ့ဖူးသည့်ကိုရီက မညှာနိုင်တော့။ ဓားကိုင်လက်ကို ပစ်သည်။

မီလန်နွာ နောက်သို့ ပစ်လဲသွားသည်။

နောက်သို့ ချာခနဲ ကိုရီလှည့်သည်။

ရိုက်ကာကို မတွေ့ရ။

ပြေးဆင်းသွားသံကိုသာ လှေကားမှ ကြားရသည်။

အခန်းတွင်းသို့ ကိုရီပြန်လှည့်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



နံရံကို ကျောမှီ၍ လျှောကျကာ အသက်ပျောက်သွားသည့် အရုပ်ကိုသာ သွေးဆုတ်သည့်မျက်နှာနှင့် မီလန်နှာ ကြည့်နေသည်။

ကိုရီက ဆန်နီထံသို့ လျှောက်သွားပြီး ပါးစပ်မှ အဝတ်ကို ဖယ်ရှားမှာပင် သူမ၏ခုင်ဘတ်မှ ဒဏ်ရာကို တွေ့လိုက်ရသည်။

မျက်လုံးမျှားက ရီဝေ၍ ပါးစပ်ဟကာ အသက်ကို လုရှူနေသည်။

ကိုရီက ခေါင်းကို ထူပေးလိုက်သည်။

ကိုရီအားတွေ့ကာ စကားပြောရန် ကြိုးစားသည်။

'ငြိမ်ငြိမ်သာနေ'

သူမက စိုက်ကြည့်နေသည်။

သူမ ပြောလိုသည်များ၊ ရှင်းပြလိုသည်များ များစွာရှိပါသည်။

သို့သော် သူမ ပြောလိုက်မှာ တစ်မျိုးဖြစ်သည်။

'ရိုက်ကာ ရွှေတွေ ဘာရီဇီနာ အိုးအစစ်'

'မစိုးရိမ်ပါနဲ့ကွာ'

ဆူဆန်နီ သတိလစ်သွားသည်။

ကိုရီက သူမ၏ ဒဏ်ရာအား အိပ်ရာခင်းကိုဖြဲ၍ ပတ်တီးစည်းပေးပြီး ဖုန်းရှိရာသို့ လျှောက်သွားသည်။

သံရုံးရှိ မက်(ခ)အားခေါ်သည်။

'ခင်ဗျား ဘယ်ရောက်နေတာလဲဗျ'

'ရိုက်ကာရဲ့ အိမ်မှာပါ'



'ဟောက် ဒီကို ဘာဖြစ်လို့မလာတာလဲ၊ ထို့မှာ ခင်ဗျားတစ်ယောက်ပဲ သက်သေရှိတာ'

'သူ့ကို ခင်ဗျား မိပြီးပါပြီဗျာ၊ ဘာရီဇီနာ အိုးအစစ်ကို သွားတဲ့ဘောင်ပေါ်လမ်းမှာ သူရောက်နေပြီ။ ရွှေတွေကော့ပဲ'

မက်(ခ)စကားမပြန်နိုင်မီပင် ကိုရီ ဖုန်းကိုချသည်။

သတိလစ်နေသည့် ဆူဆန်နီထံသို့ ပြန်လာသည်။

မီလန်နှာက စကားပြောရန် ကြိုးစားသော်လည်း သူ့ကို ဂရုမစိုက်။

ကျွဲအခန်းသို့ ဆူဆန်နီ အဘယ်ကြောင့်ရောက်နေကြောင်းကိုသာ တွေးနေမိသည်။

သူ့နှာပြူကားပေါ်သို့ တင်စဉ် ဆူဆန်နီ သတိတစ်ချက်လည်လာသည်။

ကိုရီ၏မျက်နှာပေါ်မှာ ဂရုတစိုက်ရှိသည့် ဟန်ကို တွေ့ပြီး မျက်ရည်ဝိုင်းသွားသည်။

ရိုက်ကာနောက်သို့ လိုက်ချင်စိတ်ကို ဖျောက်လာ သူ့နှာပြူကားပေါ်သို့သာ တက်လိုက်သည်။

ခွဲစိတ်ခန်းမှ ဆူဆန်နီအား ထုတ်လာချိန်မှာ သန်းခေါင်ယံ ရှိလေပြီဖြစ်သည်။

တွန်းလှည်းပေါ်မှ ဆူဆန်နီမှာ မျောယောင်းရှုပ်ကလေးနှင့် တူလှသည်။

အစိမ်းရောင်ဝတ်ရုံနှင့် ခွဲစိတ်ဆရာဝန်က ကိုရီ အနီးသို့ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'မစိုးရိမ်ရတော့ပါဘူး၊ကျညီဆန်က သေလောက်တဲ့နေရာကို မထိဘူး၊ အမာရွတ်တစ်ခုပဲ ကျန်နေလိမ့်မယ်'

ကိုရီ ခေါင်းညိတ်သည်။

အခြားသော ဒဏ်ရာဒဏ်ချက်တို့ကမူ တစ်သက်လုံး အနာကျက်နိုင်တော့မည် မဟုတ်ဟု တွေးမိသည်။

သူက ဆေးရုံမှ ထွက်ခဲ့သည်။

အရက်ဆိုင်တွင် ဝီစကီတင်လုံးကို လေးနာရီကြာသောက်ပြီး ဆေးရုံသို့ ပြန်သည်။

မင်(ခ)ထံမှ သတင်းများ ရောက်နေသည်။

မက်(ခ)၏ သတင်းသုံးခုလုံးတွင် အရေးကြီးကြောင်း အမှတ်အသား ပြုထားသည်။

ကိုရီက လျှင်လျှင်မြန်မြန်ရှုကာ သူဆန်နီကိုသာ တွေ့လိုကြောင်း ပြောသည်။

သူမမှာ သတိရနေပြီ ဖြစ်သော်လည်း မေ့ဆေးအရှိန် ကောင်းစွာ မပျယ်သေးချေ။

'ရိုက်ကာအော'

သူမက မေးလိုက်သည်။

'ခုလောက်ဆို သူ့ကို မိလောက်ပြီကွာ၊ မင်းရဲ့ ကျေးဇူးပါပဲ'

သူမက ပြုံး၍ ခေါင်းခါသည်။

'ကျွန်မကျေးဇူးကြောင့် မဟုတ်ပါဘူး'

နှစ်ယောက်သား ငြိမ်နေမိကြသည်။

အမှန်တရားကို ရှာဖွေကြည့်ကြသည်။



သူတို့၏စိတ်အား ရိုက်ကာ၏ အရိပ်က မိုးနေဆဲဖြစ်သည်။

'မင်း ရှေ့ဆက် ဘာလုပ်မလဲဟင်'

နောက်ဆုံးတော့ ကိုရီ မေးမိသည်။

သူမက စိတ်မကောင်းဟန်ဖြင့် ငေးကြည့်နေသည်။

'ကျွန်မအတွက် မပူပါနဲ့ရှင်၊ ကျွန်မ အဆင်ပြေသွားမှာပါ'

သူနာပြုဆရာမ တစ်ယောက် ဝင်လာကာ ပြန်ရန်အချိန် တန်ပြီဟု ကိုရီအား ပြောသည်။

ကိုရီမှာ တွန့်ဆုတ်ဆုတ်ဖြစ်နေသည်။

ပြောလိုသည့် စကားလုံးကို မှန်မှန်ကန်ကန် ရွေးချယ်၍ မရ။

သူ့ကိုယ်စား သူမက ပြောလာသည်။

'အတိတ်ဆိုတာ ဘယ်တော့မှ ပြန်သွားလို့မရပါဘူး ကိုရီ၊ ဘယ်သူမှ ပြန်မသွားနိုင်ပါဘူး၊ ကိုယ်ကြိုက်ရာ ကိုယ်ရွေးပြီး ကိုယ့်ဘဝကို ကိုယ်ဖန်တီးရတာပါ၊ အနာဂတ်ဟာ အတိတ်နဲ့ ဘယ်တော့မှ မတူနိုင်ပါဘူးရှင်'

ဆေးရုံမှ သူ ထွက်လာချိန်ဝယ် အယ်(လ်)ဂျီးယား၏ ခေါင်မိုးများပေါ်မှ ဝတ်ပြုသံက လွင့်ပျံလာသည်။

သတင်းစာတစ်စောင်ကို ဝယ်လိုက်သည်။

နိုင်ငံတကာမှ အလိုရှိသော ရာဇဝတ်ကောင်နှင့် ဒေါ်လာ သန်းငါးဆယ်ဖိုး ရွှေချောင်းများကို ပြန်လည်ရရှိကြောင်း တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ကာ၏အိမ်မှ အကြောင်းများကမူ မပါချေ။

ကိုရီက မဲ့ပြုံးပြုံးကာ အငွေ့ကားတစ်စီးကို တားသည်။ တိတ်ဆိတ်အေးချမ်းသော ဟိုတယ်ငယ်လေးတစ်ခုသို့ ပို့စေသည်။

## အခန်း (တစ်ဆယ့်တစ်)

ထရိုင်းဒင့် လေယာဉ်ကြီးက ပြေးလမ်းအတိုင်း ဆက်တာလတ်(၈) တောင်တန်းဆီသို့ ထိုးတက်သွားစဉ် အာဖရိက နေလုံးကြီးမှာလေယာဉ်ကွင်းအား အပူရှိန်ဖျန်းပက်ထားလျက်ရှိသည်။

ပြတင်းပေါက်မှ ငေးကြည့်နေသည့် ကိုရီမှာ လေယာဉ်သည် မြောက်ဘက်သို့ ချိုးကွေ့ပြီး သဲကန္တာရကို မြင်ရတော့မည်ကို သိနေသည်။

ဘေးမှ လှုပ်ရှားမှုကြောင့် လှည့်ကြည့်လိုက်သည်။

မက်(ခ)က ဝင်ထိုင်သည်။

စိတ်ကျေနပ်သည့်အသွင်ဖြင့် နောက်သို့မှီနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆံရိုးကို ခင်ဗျားသတင်းပို့ဖို့ကောင်းတယ်'

'နေ့ခင်းတစ်ပတ်ကျမှ ပို့တာပေါ့ဗျာ'

'အင်း ... စိတ်ဝင်စားစရာတစ်ခုက သိုးရိုးမှာ ကျွန်တော်ရှိမယ်လို့ ဘာကြောင့်တွက်တာလဲ ကိုရီ'

'တစ်ခု ထူးခြားလာမလားဆိုပြီး ချိုက်ကာ၏ ပတ်ဝန်းကျင်မှာ ခင်ဗျားရှိနေမှာကို ကျွန်တော်သိတယ်လေ'

မက်(ခ)က ပြုံးလိုက်သည်။ ကြည်သင်သန့်စင်နေသည့် လက်သည်းများကို ကြည့်နေသည်။

'ကောင်မလေးကတော့ နောက် နှစ်ပတ်လောက် ဆိုရင် ဆေးရုံက ဆင်းနိုင်လိမ့်မယ် ထင်တယ်'

'အဲဒီတော့ ...'

'ခုကိစ္စမှာ သူနဲ့ပတ်သက်တဲ့အပိုင်းကို ခင်ဗျား အစီရင်ခံစာ တင်ရမှာ အတော်လေး ရှုပ်ထွေးနေတယ်'

ကိုရီက မက်(ခ)အား မနာကျမနပ်နှင့် စိုက်ကြည့်သည်။

'ရွှေထွေသည်း ပြန်ရပြီ၊ ချိုက်ဘာတို့လဲ မိပြီ၊ ဆမ္မတကြီးရဲ့ အချိုးကျူးကိုလဲ ခံရပြီးပြီ၊ ဒါနဲ့တောင် နောက်ထပ်ဘာများ ခင်ဗျားက လိုချင်သေးလို့လဲ'



'တစ်လုံးဆာတွင်း ဘာဆုစီးကို ခင်ဗျား သွားစေချင်တယ်'

'ခင်ဗျားကိုတော့ ကျွန်တော်က ငရဲသွားစေချင်တယ်၊ ဒါပေမဲ့ ခင်ဗျားကို လက်ခံချင်မှာ မဟုတ်ဘူး'

မက်(ခ)က ခပ်သဲ့သဲ့ ပြုံးလိုက်သည်။

ပြီး

www.burmeseclassic.com